ဇာနည်အောင် (ရမ္မာဝတီ)

# နရသိန်မြစံအိမ်

(ရန်ကုန်ရေဆန်သွား ထောင်လား)



If ever a fool's advise is good, a prudent man must carry it out.

*Lessing*

လူမိုက်တစ်ယောက်ပေးတဲ့ အကြံဉာဏ်ဟာ ကောင်းတာပဲရှိစေဦး။ ဆင်ခြင်တုံတရားရှိသူတစ်ဦးအနေနဲ့ အဲဒီအကြံဉာဏ်ကို သုံးသပ်ဖူပြုသင့်ပါတယ်။

## နရသိန်

## မြစံအိမ်

## ကြောင်းရာ မှတ်တမ်း (အမှာ)

ဒီနရသိန် မြစံအိမ်ရဲ့အကြောင်းဟာ ၁၉-၄-၂၀၀၇ ခုနှစ်က ရေးထားခဲ့တယ်။ လေးတွဲထိ ရေးထားခဲ့တယ်။ နှစ်တွဲထိ စီထားခဲ့တယ်။ လက်ရေးဆိုးတဲ့ မိမိဟာ ရိုက်ပေးသူ မိတ်ဆွေကို ကျေးဇူးတင်ခဲ့တယ်။ ငွေတွေကိုပေးခဲ့တယ်။ ဒါပေမဲ့ ခု ၄-၆-၂၀၁၃ ထိ ယခင်အုပ်မှာ အချော ထွက်မလာခဲ့ပါဘူး။ ဒါကြောင့် နဂို (ဂမ္ဘီရ မြစံအိမ်) ကိုပဲ (နရသိန် မြစံအိမ်) နာမည်ဖြည့်ပြီး တခြားတစ်နေရာမှာ ရိုက်ပြီး ထုတ်ဖို့ ကြိုးစားလိုက်ရပါတယ်။ ငွေတွေလည်း အကုန်ဆုံးခဲ့ရပါတယ်။

တစ်နေ့မှာ ပူလောင်လှတဲ့ မိမိဟာ ဆရာကြီးတစ်ယောက်ဆီရောက်တော့ 'မိမိဟာ ဘယ်တော့မှ မအေးချမ်းဘူး အမြဲပူလောင်ပြီး သူများကျေးစွတ်တာ ခံရတယ် ဆရာ၊ အဲဒါ ဘာကြောင့်လဲ' မခံရပ်နိုင်လို့မေးတော့။ 'အဲဒါ ရှေးဘဝက ဝဋ်ကြွေး၊ သားမယားလည်း မရှိ။ ဒါဟာ ဟိုဘဝက ဇနီးမယားနဲ့ မိသားစုအပေါ်မှာ တာဝန်မကျေခဲ့လို့ သူတို့က ကျိန်စာတိုက်တာ ခံနေရတယ်။ သောက်တော်ရေချမ်း လေးခွက်၊ တစ်နေ့ နှစ်ကြိမ် နေ့တိုင်းလဲပြီး ဆုတောင်း။ မကြာခင် ဘဝအေးချမ်းလာလိမ့်မယ်' ဆိုတဲ့ မိမိ အဖြေရှာမရတဲ့ ဘဝပြဿနာကို အဖြေရှာရလာခဲ့ရတာ ကျေးဇူးအောင် ဖြေသိမ့်ခဲ့ရပါတယ်။ ပြီးတော့လည်း- ဒါကြောင့်လည်း ဒီစာအုပ်ထွက်နိုင်

ခဲ့သလား မသိတော့ပါ။ ဒုက္ခကြီးကြီးပေးလေ ပါရမီ မျိုးများရင့်လေ မိမိ မှတ်ထင်ထားပါတယ်။

ပြီးတော့ လုပ်ရဲသူရှိကာလည်း ခံရဲမှာက သတ္တိရှိသူရှိုင်းရဲ့ တာဝန်ပါ။ ရှောင်လွှဲမှု မရခဲ့တာပါ။ မိတ်ဆွေ စာရေးဆရာ၊ ကွန်မြူတာပညာရှင်ရဲ့ ကောင်းမှုကြောင့် ဂမ္ဘီရတစ်ခေတ်ပြောင်းပြီး ထောင်စနစ်ပါ အတော်ပြောင်းနေတဲ့အခါမှာမှ ဗီဇဏ္ဍကို ခါတော်မီရုံလေး ထွက်လိုက်နိုင်တာ ကျေးဇူးတင်လိုက်ရပါသေးတယ်။ ပြီးတော့ ဦးကျော်ဓမ္မရဲ့ ကျင့်ထုံးကဗျာလေးကို သတိရတယ်။

အမှန်ရှာသော်
ပညာနဲ့ရွေး
ချိန်ခွင်ညှာ
လျှာမစောင်းအောင်
စိတ်ကောင်းကိုမွေး။

အားလုံးကို ကျေးဇူးပါ။
ဇော်နီအောင် (ရမ္မာဝတီ)

*

You see, when one wields power, and when one has it for a long time, one ends up thinking one has a right to it.

*Hymery Kissenger*

လူတစ်ယောက်မှာ အာဏာရှိနေတယ်၊ ဒီအာဏာကို ကိုင်စွဲထားတာလည်း ကြာပြီဆိုရင် သူဟာ အာဏာကိုင်စွဲပိုင်ခွင့်ရှိတဲ့လူလို့ နောက်ဆုံးကျရင် သူ့စိတ်ထဲမှာ ထင်မြင်ယူဆချက် ဝင်လာတော့တာပဲ။

*အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း*

*

ဇာနီအောင် (ရမ္မာဝတီ)

နရသိန့်သွား နတ်နဲ့ဆန်းကြွယ် ဂန္ဓာရီ ဂမ္ဘီရ

ရေးသမားမှ ကြောင်းရာဆန်း

# နရသိန့် မြစံအိမ်

(ရန်ကုန်ရေဆန်သွား ထောင်လား)

*Only the actions of the just, smell sweet and blossom in the dust.*

*Shelley, James*
*(1596-1666)*

"တရားသောသူတို့ရဲ့ လုပ်ဆောင်ချက်တွေသာပဲ မြေသို့ ကြွေတော့တိုင် ထာဝရ မွှေးကြိုင်လန်းဆန်းနေလေ့ရှိပါတယ်။

'ဝတ္ထုလိုဖတ်မလား ဝတ္ထုပဲ၊ ဒဿနလို ဖတ်မလား ဒဿနပဲ၊ သုတရသလိုဖတ်မလား သုတရသပဲ၊ တက်ကျမ်းလို ဖတ်မလား တက်ကျမ်းပဲ၊ အက်ဆေးလို ဖတ်မလား အက်ဆေးပဲ အပိုမပြောပါ၊ ပြီးတော့ အာဘာညာညာ အစုံပါတယ် ဖတ်ကြည့်ပါ၊ ခေတ်ပေါ် မော်ဒန် ဂန္ဓာရီ ဂမ္ဘီရ နရသိန့်ပွဲ ဖြစ်မလားဘဲ။

"ဥပဒေစိုးမိုးမှုရှိမှ ပြည်သူတွေဟာ ဥပဒေရဲ့ အကာအကွယ် အမှန်တကယ် ရနိုင်ပြီး လွတ်လပ်မှုရဲ့ အရသာကို အမှန်တကယ် ခံစားနိုင်ကြမှာ ဖြစ်ပါတယ်"

(ဒေါ်အောင်ဆန်းစုကြည်)

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ်

၂၀၁၃-ခုနှစ်၊ အောက်တိုဘာ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၇၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဒေါ်စာဇာဝင်း

ကြယ်စင်လင်းပုံနှိပ်တိုက်

(ယာယီ-၉၉၄၄)

အမှတ်-၂၉၊ ၅၃-လမ်း

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၁၅၉၁

ထုတ်ဝေသူ - ဒေါ်စာဇာဝင်း

စတားလိုက်စာပေ (ယာယီ-၁၉၄၄)

အမှတ်-၂၉ (မြေညီထပ်)၊ ၅၃-လမ်း

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ရွှေကျပင်ပေါက်စာစဉ်ဖြန့်ချိရေး

အမှတ်-၃၃၆၊ ၇-လမ်းသွယ်၊

ဗဟိုရိလမ်းမ-အပိုင်း (၄)

ဓမ္မိရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၉၃၁၅၆၇၃၈၀

If cancerns the state that evil deeds shall not remain unpunished.

မတရားမှုကို မလွှတ်တမ်းပြစ်ဒဏ်ပေးတာဟာတော့ အများအကျိုးအတွက်သာ ဖြစ်ပါတယ်။

## ဂန္ဓာရီ လေးချိုးကြီး

၁။ (ဩဘာ) စံဌာနီ စံဌာနီနှင့်
သံသရာလည်ခဲ့တဲ့
မြန်မာပြည် ဘာရုတ်ဘာရက်ရဲ့
ပြုတ်ပြုတ်ပျက်ပျက်နန်းဆီက
ဂန္ဓာရီရဲ့ရုတ်တရက်ကြွင့်နန်းဆီသို့
နှုတ်ဆက်စမ်းမယ်လို့ ကမ္ဘာ့ဌာန်းရတနာတိုင်ပေကိုး
(အိုးဝှယ်) ရုတ်တရက် လှမ်းခဲ့ပါတဲ့
ဘန်းတရာ မှိုင်းရွှေကိုယ်
၂။ (ဩ) ယဉ်စစ အနူးတွေပေါ့
သခင်ဘဦး သခင်လွင်ရဲ့မြင်
ခင်လှကလေး တပြောင်ပြောင်ဖွန်းသူနဲ့
မောင်ထွန်းမြင့်ဆိုသူ အမတ်တရှင်းရဲ့မြင်
ဒြပ်လင်းသဟာ ဒဂုန်တာရာနှင့်
မဖြူနှံရန်တကာ မအောင်မြင်မှုတင်းမဟုဲ့ဆိုတဲ့
မောင်လှဝင်း တက္ကသိုလ်ဇာနည် တို့ရဲ့
တို့ဗမာပြည် ဝေဟင်ယံမှ
လေယာဉ်ပျံ ကောင်းကင်စခန်းပေပ
ဒေါင်းယာဉ်ပမာလို မောင်းနှင်ကာ မြန်းခဲ့
စခန်းသာမျှို့ သာသာယာယာနှင့်
တို့ဗမာအလံ အောက်ပေပ

ဘန်ကောက် တအိတ်ဆင်းပြီး
အင်္ဂလိပ်ပိုင် ရွှေဟောင်ကောင်မှ
ထိုနေ့ခင်သော် တလော်တဖုံခေတ်ဆိုတဲ့
အိုတကဲ့ကျောင့်မှူရာဇ် တစ်ခါဝင်တဲ့ပြင်
ရာဇာဘုရင် အလီလီ သနင်းတွေရဲ့
ပီကင်းမိုလ်ခင်ခံကြပြီး
ယိုအရင်ယမန် လူတစ်ခွင်လွှမ်းလောက်တဲ့
ဗဟိုပလ္လင်မှာ မူခဒင်စခန်းရဲ့ပြင်
လူသဘင် တနန်း တည်ရန့်ထင်လောက်သည့်
တီယန်မင် တထောက်မြန်းပြီး
ချောက်ကမ်းကမ္ဘယံဝင်းတွေနှင့်
မြောက်နန်းအလံခင်းမည်ဟု
နန်းကင်း တစ်ဖန်ဆိုင်းပါလို့
ရှုံးပိုင်း သာနဂိုရ်ရဲ့ပြင်
ရာဇဂြိုလ် ယမန်အဟောင်းကဲ့သို့သော
ဟန်ချောင်းမှာ တအားကိုးမဟဲ့လို့
ဘုရားပုထိုး ရှိရှင်မိုးပြီး
ကျွန်မျိုးတော်တခါ မကြုံဖို့ရှိ
ပထ္တနှာ အစုံညွှတ်ကာ ပျောင်းတဲ့ပြီး
မော်စီတုန်း ဆိုတာ ထိုရာဇာဟာ
မဟော်အရည်တန္ထန်းလိုသာ ကောင်းပါစေလို့
အောင်သပြေညောင်ရေလောင်းကြတဲ့ပြင်
ဒေါင်းရဲ့တူ မြန်မာဟိုမှာနော်ကွဲ့ယ်
အပေါင်းအစု အကြောင်းကြောင်းရှုံ့ပြီး
တောင်းဆုပန်ဆို...
၃။ အနီစံရာ ဘေးမကင်းတကင်း
အရောက်နော် မြန်းခဲ့သော်လဲ့
ပြည်ဂန္ဓာ သွေးချင်းပေါက်ဖော်တို့ လွမ်း ရာက

နှမ်းဆက်၌တနေခို ရွှေဘိုနှင့် ရှတနာပုံအဆင်း
(အိုကွယ်) နေညိုညိုမှာဖြင့် ဆရာအာရုံမကောင်း။
၄။ သို့ရာတွင်
တို့ဗမာ စာတာခွင်၌
ဒသာအမြင့် ကောင်းချိန်သင့်ပြီမို့
ခေါင်းအရှိန် တစ်သောင်းဝတိန်ကိုတောင်ဝင့်ပေမည့်
သခင် ရာဇယုဂ်ကာယ်နှင့်
အချည်အနှောင် ပြုခဲ့ကြတဲ့ ပြည်ထောင်စုမြန်မာမှာ
ညီအောင်တစ်ခုသာ လုပ်ကြပေတော့
(အမယ်မင်း) အနုတ်စုတ်ဂုတ်စုတ် အပြည်ပြည်လှုခဲ့တဲ့
ထာဝရ တသင်းတည်း ဟူသော ကမ္ဘာ့ဒမြရှင်းပေမည့်
(ဩော်) ကျွန်ုပ် အကြည်တစ်စုတို့နှင့်တကွ
တရုတ်ပြည်သူ့ မဟာသမ္မတမင်း…

(ဒဂုန်တာရာရဲ့ ဂန္ဓာရာဇ်) မှ

(၁၉၅၂ ခုနှစ်ထဲမှာ ဆရာကြီး ခေါင်းဆောင်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ တရုတ်ပြည်သို့ ငြိမ်းချမ်းရေး ချစ်ကြည်ရေး ခရီးထွက်ခဲ့တယ်။ ဒီလေးချိုးကြီးမှာ အဲဒီခရီးကို မှတ်တမ်းတင်ထားတဲ့ လေးချိုးကြီးပဲ ဖြစ်ပါတယ်)

◆ ◆ ◆

'စာရေးဆရာတစ်ယောက်ဟာ သူ့စာပေတွေရဲ့ လွတ်လပ်ခွင့် အခွန့်ရှည်စွာတည်တံ့အောင် လုပ်ကိုင်ရမယ်'

*အယ်လ်ဘေးနီးယန်းစာရေးဆရာ*

အသိဈကြီးက မကောင်းကျိုးရ

ယေဘုယျေန၊ ဟိသတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ

(အဋ္ဌသာလိနီ)

ဟိသစ္စံ-မှန်လှပါပေ၏။ ယေဘုယျေန-များသောအားဖြင့် သတ္တာ-ပုထုဇဉ်သတ္တဝါတို့သည်၊ တဏှာယ- လောဘတဏှာကြောင့်၊ ပေတ္တိဝိသယံ-ပြိတ္တာဘုံသို့၊ ဥပပဇ္ဇန္တိ- ကပ်ရောက်ကြရကုန်၏။ ဝါလောဘ အသိဈ အလွန်ပွားတော့ ပြိတ္တာဘုံသား ဖြစ်တတ်ပါပေသတည်း။

(သာဓု… သာဓု… သာဓု)

## အနှစ်ကို အကာထင်၍

လောကကြီးမှာ အနှစ်သာရ ဘာတစ်ခုမှမရှိတဲ့ တိတ္ထိဝါဒ တိတ္ထိတရားတွေကို၊ တကယ့်ကို အနှစ်သာရရှိတဲ့ တရားတွေလို့ အယူရှိသူ၊ ယုံကြည်ကိုးကွယ်သူတွေ ရှိနေကြတယ်။

တကယ့်ကို အနှစ်သာရ အပြည့်အဝရှိတဲ့ သူတော်ကောင်းတရားတွေကိုတော့ ဘာမှ အနှစ်သာရမရှိတဲ့တရားတွေ အယူတင်လို့ တွေးတောကြံစည်နေကြတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဘယ်သောအခါမှ သီလ သမာဓိ ပညာဆိုတဲ့ အနှစ်သာရ အစစ်အမှန်တွေ မရနိုင်။ (ဗုဒ္ဓ)

## ဆရာကြီးလုပ်သူတို့ သတိထားရေး

၁။ မိမိကိုယ်တိုင်က မယဉ်ကျေးသေးပါဘဲနဲ့ သူတစ်ပါးတွေကို ယဉ်ကျေးအောင် လုပ်ပေးမယ် ဆိုတာ အလကားပြောတာ။

၂။ မိမိကိုယ်တိုင်က သိက္ခာသုံးပါး ကိုယ်ကျင့်တရားကို မကျင့်ရသေးပါဘဲနဲ့ သူတစ်ပါးတွေလို ကျင့်စာတ်အောင် လုပ်ပေးမယ်ဆိုတာ အလကားပြောတာ။

၃။ မိမိကိုယ်တိုင်က ကိလေသာအပူမီးတွေ မငြိမ်းအေးပါဘဲနဲ့ သူတစ်ပါးတွေကို ကိလေသာအပူမီး ငြိမ်းအောင်လုပ်ပေးမယ် ဆိုတာ အလကားပြောတာ။ (အဋ္ဌကထာ)

ပြီးတော့ ဂမ္ဘီရတက်ကျမ်းဆိုတဲ့ စာတစ်ပုဒ်မှာလည်း ဖတ်ခဲ့ရတာ ရှိပါသေးတယ်။

လောကမှာ လူတွေဟာ ကြီးပွားချမ်းသာတာကို အလိုရှိကြပါတယ်။ မချမ်းသာ မကြီးပွားချင်သူရယ်လို့ မရှိကြပါဘူး။ လူရယ်လို့ ဖြစ်လာရင် အလုပ်လုပ်ရမှာကို နားလည်ကြပါတယ်။ အဲဒီလို လုပ်မှ ရပ်တည်နိုင်မှာကို လူလားမြောက်စ လူ့ကစပြီး သက်ကြီးရွယ်အိုထိ နားလည်ကြပါတယ်။

ဒါကြောင့် 'လူဟာ အလုပ်လုပ်ရမယ်' ဆိုတာ နိယာမဖြစ်ပါတယ်။ လူနဲ့ လုပ်ကိုင်မှု ဆိုတဲ့ အက္ခရစ္စဝိဝေဒ္ဒကမှာ ရပ်တည်မှုပြုထားပြီး လုပ်နဲ့ လုပ်တယ် နှစ်ချောင်းငင်နဲ့ တစ်ချောင်းငင်ပသတ်ထားတာ ကွာပါတယ်။ လူဟာ တလူလူ တလှုပ်လှုပ်နေ၊ လုပ်နေမှ လူဖြစ်တယ် ဆိုတဲ့ အက္ခရာ ပညတ်ရဲ့ သင်္ကေတကို ပြဆိုနေပါတယ်။

အလုပ်လုပ်မှ လူတစ်လုံး သူတစ်လုံး ဖြစ်တယ်။

သေချာလုပ်တာကိုလည်း ပညာရှင်တွေက သာဓကပြုကြတယ်။ အဲဒါကတော့ အသေအချာလုပ်တာပါပဲ။

ဒီဂမ္ဘီရ မိစ္ဆာအဝိဘူတ ဆိုတာပါလာတယ်။ အသေအချာလုပ်မယ် ဆိုတဲ့ စိတ်ဓာတ်က အဓိကပဲ။

(၁) ထိန်းချုပ်တာ (သမာဓိက ဝိယုတ္တိ)

(၂) ရှုးစိုက်တာ (သမာဓိက ဝိသပ္ပဟာနဟောဿ)

(က) ထိန်းချုပ်တာ

(ခ) နိုင်မြဲတာ (နိကသံသဝိဘူတ) ဖြစ်တယ်။

လူဖြစ်လာပြီး ကြီးပွားချင်ရင် သေချာတာကို ဘေးဖယ်လို့ မရဘူး။

❖ ❖ ❖

Knowledge without investment is like a virgin produces nothing.

*Unknown Philosopher*

ရင်းနှီးမြှုပ်နှံခြင်းမပြုတဲ့ သုတဟာ သားမမွေးတဲ့ အပျိုစင်မနဲ့ တူတယ်။

*အမည်မသိပညာရှိ*

## စကြာရှင် မောင်နှမ ပုံပြင်

ရှေးအခါက တိုင်းပြည်တစ်ပြည်မှာ ဘုရင်တစ်ပါး အုပ်စိုးခဲ့တယ်။ အဲဒီဘုရင်မှာ သားတော်တစ်ပါးနဲ့ သမီးတော်တစ်ပါး ရှိတယ်။ ခမည်းတော်ဘုရင်မင်းဟာ အမြဲမပြတ် တောသို့သွားပြီး ဥပုသ်ဆောက်တည်လေ့ရှိတယ်။ တစ်နေ့မှာတော့ တောသို့ ဥပုသ်ဆောက်တည်ဖို့ သွားခဲ့တယ်။ အဲဒီမှာ တောနက်လွန်သွားခဲ့တယ်။ အဲဒီအခါ ဘီလူးတို့နေရာကို ရောက်သွားခဲ့တယ်။ ဘီလူးရဲ့ ဖမ်းစားတာကို ခံလိုက်ရတယ်။

ဘီလူးကြီးဟာ ဘုရင်ကြီးကို ဖမ်းစားပြီးတော့ ဘုရင်ကြီးရဲ့ အဝတ်တန်ဆာတို့ကို ဝတ်ဆင်လိုက်တယ်။ အဲဒီနောက် ဘုရင်မင်းအသွင်ကို ဆောင်လိုက်တယ်။ ပြီးတော့ နန်းတော်ထဲ ဝင်လာခဲ့တယ်။ နန်းတော်ထဲရောက်တော့ မိဖုရားကြီးက ဘုရင်မင်းအသွင်ဆောင်လာတဲ့ ဘီလူးတုကြီးကို အရိပ်အကဲ ခွတ်မိတယ်။ လှေလာကြည့်တယ်။ မိမိရဲ့ အရှင်သခင်နဲ့ မတူကွဲပြားတဲ့ အမူအရာကို တွေ့ရတာကြောင့် ဘီလူးကြီးကို ယုံမှားသံသယမကင်း ထပ်ဖြစ်ရခဲ့တယ်။

မိဖုရားကြီးဟာ မယုံသင်္ကာကို ဖော်လိုလှတာကြောင့် တစ်နေ့မှာတော့ သူ့ရဲ့ သားနဲ့ သမီးကို 'သားတို့ သမီးတို့၊ မင်းတို့ တွေ့နေရတဲ့သူဟာ ငယ်မင်းတို့ရဲ့ ဖခင်ရင်းချာ ဟုတ်ဟုတ်မတူဘူးကွဲ့'

'ဒါကြောင့် ဖခင် အစစ်အမှန် ဟုတ်မဟုတ် သိရဖို့အတွက် ခုလိုပြောကြကွဲ့'လို့ သင်ပေးခဲ့တယ်။

'ဖခမည်းတော်ဟာ ရှေးအခါက မြင်းပျံကလေးတွေကို လုပ်ပေးလေ့ ရှိခဲ့ပါတယ်။ သူတို့တွေနဲ့ သားတို့ သမီးတို့ဟာ ကစားပျော်ပါးခဲ့ကြရတယ်။ ယခု မြင်းပျံကလေးတွေကို လုပ်မပေးတာ ကြာပြီဖြစ်တာကြောင့် နေရတာ ပျင်းစရာကောင်းလှပါတယ်။ ဒါကြောင့် ကစားရအောင် လုပ်ပေးပါ' လို့ ပြောဖို့ သင်ပေးတယ်။

သူတို့မယ်တော် သင်ပေးထားတဲ့အတိုင်း တစ်နေ့မှာ သားသမီးတို့က ဘီလူးကြီးကို ပြောပြတောင်းဆိုကြတယ်။ ဒီတော့ ဘီလူးကြီးက 'သားတို့ သမီးတို့ လိုရာလုပ်ပေးမယ်' ပြီးတော့ အရင် ဘုရင်ကြီးနည်းတူပဲ ဘီလူးကြီးလည်း တောထဲကိုသွားပြီးတော့ ဥပုသ်ဆောက်တည်ဟန် ပြုပြန်တယ်။ ဥပုသ်ဆောက်တည်ရာက ပြန်လာဟန်ပြုတယ်။ သားသမီးတို့က ယုံကြည်ဖို့အတွက် ပြုလုပ်တာပဲ ဖြစ်ပါတယ်။

ဒါပေမယ့် မယ်တော် မိဖုရားကြီးတော့ ဘယ်လိုမှ ယုံစားမှု မရှိနိုင်ခဲ့တော့ပါဘူး။

ပြီးမိဖုရားကလည်း ဘီလူးကြီးအကြောင်း တစ်နေ့တခြား ပိုမို သိလာခဲ့တယ်။ ဘီလူးကြီးဟာ ပကတိလူသားနဲ့ မတူတဲ့ သူ့မျက်စိထဲမှာ မျက်သားငယ် ပြောင်းပြန်ဖြစ်နေတာလည်း တွေ့ရတယ်။

အဲဒီလိုနဲ့ ကာလကြာနေလာခဲ့ကြတယ်။ ဘီလူးကြီးဟာ တောထဲ ဥပုသ်ဆောက်တည်ဖို့ သွားဟန်မပြုမီ တစ်နေ့-

'ငါ့ရဲ့သားတော် သမီးတော်တို့ ဒီနေ့ အရှေ့ဘက်ကို မသွားကြနဲ့၊ ကြောက်စရာကောင်းလှတယ်ကွဲ့' လို့ မှာကြားခဲ့တယ်။

အဲဒီလို မှာခဲ့ပေမယ့် သားနဲ့ သမီးတို့က 'ဘာကြောင့်ပါလဲ'၊ စူးစမ်းစိတ်နဲ့ သွားကြည့်ကြတယ်။ ကြည့်တော့ အဲဒီအရှေ့ဘက်မှာ ရေမှုတ်တစ်ခုကို တွေ့ရတယ်၊ အဲဒီရေမှုတ်ကို ကောက်ယူပစ်ချမိတော့ ခုနစ်ယူဇနာရှိတဲ့ မြစ်ကြီးအထိ ဖြစ်သွားခဲ့တယ်။

သူတို့ အဲဒီရေမှုတ်ကို ပြန်ကောက်ယူလာခဲ့ကြရင်း ဘီလူးကြီး ပြန်မလာမီ စောစောပဲ နန်းတော်ဆီ ပြန်လာခဲ့ကြတယ်။ ပြီးတော့ နတ်မြင်းပျံနဲ့ ကစားမြဲ ကစားနေခဲ့ကြတယ်။

နောက်တစ်နေ့မှာလဲ ဘီလူးကြီးက တောထဲသို့ မသွားမီမှာ ဆိုပြန်ပါတယ်။

'ဒီကနေ့ အနောက်ဘက်အရပ်ကို မသွားကြနဲ့ ကြောက်စရာကောင်းလှတယ်ကွဲ့' ပြောဆိုမှာကြားခဲ့ပြန်တယ်။

ဒါပေမယ့် ဘိုးလူးကြီးသွားရင်တော့ သားနဲ့သမီးတို့ အနောက်အရပ်ကို သွားခဲ့ကြပြန်တယ်။

အဲဒီအခါ ကြိမ်ခြမ်းစိတ်တစ်ခုမှာ ကမ္ဘည်းစာထိုးပြီးထားတာ တွေ့ရတယ်။ အဲဒီကြိမ်ခြမ်းကို မြေပြင် ပစ်ချလိုက်မိတော့ ခုနစ်ယူဇနာအထိရှိတဲ့ ကြိမ်ဖျစ်တောကြီး ဖြစ်သွားပြန်တယ်။

ဒီလိုနဲ့ သူတို့ဟာ ကြိမ်ခြမ်းယူလာစီး ပြန်လာခဲ့ကြပြီး ကောင်းစွာ ဝှက်ထားခဲ့ကြပြန်တယ်။

နောက်တစ်နေ့မှာလည်း ဘိုးလူးကြီးက သွားခါနီးမှာ ဆိုပြန်တယ်။

'ဒီကနေ့ တောင်အရပ်ကို မသွားကြနဲ့ကွဲ့' ဆိုပြန်တယ်။ သားသမီးတို့ကလည်း အဲဒီအရပ်သို့ သွားကြည့်ကြပြန်တော့ ကျောက်သွားခြမ်း တစ်ခုကို တွေ့ကြရပြန်တယ်။ အဲဒါကို မြေပြင်ပစ်ချကြည့်လိုက်တော့ ခုနစ်ယူဇနာမြင့်တဲ့ ကျောက်ဆောင်ကြီးတစ်ခု ဘွားဘွားကြီး ပေါ်ပေါက်လာတာကို အထင်းသား တွေ့မြင်ကြရတယ်။ ဒါကြောင့် ကျောက်သွားခြမ်းကို ကောက်ယူဆောင်ခဲ့ကြပြီး ဘိုးလူးကြီး မပြန်မီမှာ နန်းတော်ပြန်ခဲ့ကြပြန်တယ်။

ထုံးစံအတိုင်း နန်းတော်သို့ရောက်ပြီး မြင်းပျံကလေးနဲ့ ကစားနေခဲ့ကြတယ်။

နောက်တစ်နေ့မှာလည်း တောထဲသို့ မသွားမီမှာ ဘိုးလူးကြီးက 'ဒီကနေ့ မြောက်အရပ်ကို မသွားကြနဲ့ ကြောက်စရာကောင်းလှတယ်ကွဲ့' ဆိုပြန်တယ်။

ဒီလိုပြောပြီး ဘိုးလူးကြီး သွားခဲ့ရင်တော့ မောင်နှမ နှစ်ယောက်တို့ဟာ အဲဒီအရပ်ကို သွားခဲ့ကြပြန်တယ်။ အဲဒီအခါမှာ စင်ကြီးတစ်စင်ကို မြင်ကြရတယ်။ အဲဒီစင်ကြီးကို ကြည့်လိုက်တော့ ချာလပတ်လည်နေတဲ့ စကြာတစ်ခုကို တွေ့ရတယ်။ အဲဒီစကြာကို စီးကြည့်တော့ အထက်ကို ပျံတက်သွားတယ်ဆိုတာ သိရတယ်။ ဒါကြောင့် ပြန်ဆင်းခဲ့ကြပြီး အဲဒီစကြာကို ယူခဲ့ပြီး နန်းတော်သို့ ပြန်ခဲ့ကြတယ်။

တစ်နေ့မှာတော့ ဘိုးလူးကြီးဟာ သွားနေကြအတိုင်း တောထဲသို့ သွားတဲ့အခါ မင်းသားနဲ့ မင်းသမီး မောင်နှမတို့ဟာ မယ်တော်ကြီးကို ကွယ်ရာခေါ်ယူ တိုင်ပင်ကြတယ်။

"မယ်တော်ဘုရား သားတို့ သမီးတို့ဟာ ဘီလူးကြီးကို နှိမ်နင်းနိုင်တဲ့ လက်နက်တွေ ရရှိထားပါပြီ။ မယ်တော်ကြီး ခွင့်ပြုပါက ဒီကနေ့ပဲ စမ်းသပ်ဖို့ သွားကြမယ်။ မယ်တော်ကြီးသာ လုံခြုံစွာ နေခဲ့ပါ"

မယ်တော်ကြီးမှာလည်း ဘီလူးရန်က အေးရေးအတွက် ခွင့်ပြုလိုက်ရတယ်။ ဒါကြောင့် သားနဲ့သမီးတို့ဟာ ဘီလူးတောသို့ သွားခိုက်မှာ သူတို့စီမံစရာရှိတာ စီမံကြတော့တယ်။ မယ်တော်အတွက် မသိုးထမင်း မသိုးဟင်းကို စီစဉ်ကြတယ်။ ပြီးတော့ မှန်တိုက်တစ်ခုကိုလည်း စီမံကြတယ်။ ပြီး သံကွန်ချာ ခုနစ်ထပ်ပါ ကာရံကြတယ်။ အစီအစဉ်ပြီးကြတော့ မိခင်ကြီးကို သံကွန်ချာ ခုနစ်ထပ်မှာ လုံလုံခြုံခြုံထားစေတယ်။ အစာရေစာ လုံလုံလောက်လောက်နဲ့ ထားခဲ့ကြတယ်။ ပြီးတော့မှ မောင်နှမနှစ်ယောက်ဟာ စကြာယာဉ်ကို စီးပြီးတော့ ပျံပြေးထွက်ခွာသွားခဲ့ကြတော့တယ်။

မကြာမီမှာ ဘီလူးကြီး ပြန်လာခဲ့တယ်။ သားသမီးတွေကို ရှာမတွေ့ရဘူး။ အဲဒီအခါမှာ ဘီလူးကြီးရဲ့ တန်ခိုးနဲ့ ကြည့်လိုက်တော့ရာ စကြာယာဉ်ပျံသွားနေတာ တွေ့လိုက်ရတယ်။ ဒါကြောင့် အပြေးလိုက်ခဲ့တယ်။

သူတို့လည်း 'ဘီလူးကြီး လိုက်များလာခဲ့ရင်' ဆိုတဲ့ စိုးရိမ်စိတ်နဲ့ နောက်သို့ လှည့်ကြည့်ကြတယ်။ ဟော မကြာမီမှာဘဲ ဘီလူးကြီးကို ကင်းဗုံသီးခန့် ဝေးဝေးက မြင်ရတယ်။ နောက်မကြာမီမှာဘဲ ကျီးကန်းသာသာ မြင်လာရတယ်။ အဲဒီလိုနဲ့ ဘီလူးကြီးဟာ အားတင်းပြီး ချီလိုက်လာခဲ့တယ်။ မိုလုမိုခင် နီးလာခဲ့တယ်။ အဲဒီအခါမှာ သူတို့ဟာ ရေမှုတ်ကို အမိဋ္ဌာန်နဲ့ ပစ်ချလိုက်တယ်ဆိုတော့ ချက်ချင်းပဲ မြစ်ကြီးအတိ ဖြစ်သွားခဲ့တယ်။ ဒါပေမယ့် ဘီလူးကြီးဟာမြစ်ပြင်ကို ပင်ပန်းကြီးစွာ ကူးခတ်ပြီး လိုက်လာခဲ့ပါတယ်။ အဲဒီမြစ်ကြီးကို လွန်မြောက်ပြီး မိုလုမိုခင်မှာတော့ ကျောက်သွားကို တစ်ဖန် မိဋ္ဌာန်ပြီး ပစ်ချလိုက်ပြန်တယ်။ ကျောက်ဆောင်ကြီးအတိ ဖြစ်သွားခဲ့တယ်။ ကျောက်ဆောင်ကြီးကိုလည်း မရမနေ သူက ကျော်ဖြတ်ပြီးလာခဲ့တယ်။

မြင်ကွင်းထဲမှာ သူတို့ဟာ ပထမ ကင်းဗုံသီးလောက် မြင်ရတယ်။ ပြီးတော့ ကျီးကန်းသာသာ မြင်ရတယ်။ ခပ်လှမ်းလှမ်းရောက်လာတော့ ကြိမ်ခြမ်းစိတ်ကို အမိဋ္ဌာန်နဲ့ ပစ်ချလိုက်တယ်။ ဒီတော့ ကြိမ်ဖျစ်တောကြီး

အတိ ဖြစ်သွားခဲ့ပြန်တယ်။ ဒါပေမယ့် ဘီလူးကြီးဟာ မရမနေ ဖောက်ခွဲလိုက်လာနေခဲ့တယ်။

တစ်ကိုယ်လုံးမှာ သွေးချင်းချင်းနဲ့ နီရဲနေတယ်။ ကြိမ်ဆူးခြစ်ရာတွေကြောင့် အသားတုံးတွေ မြွတ်ကျပြီး သွေးများ နီရဲနေခဲ့တယ်။ ဟောတဖြည်းဖြည်းနဲ့ အားလျော့လာခဲ့ပြီး ဘီလူးကြီးဟာ မာန်လျှော့နောက်ဆုတ်ပြီး ပြည်တော်ပြန်သွားခဲ့တော့တယ်။

စကြာရှင်မင်းသားမောင်နှမတို့ဟာ ဘီလူးလက်က လွတ်ခဲ့ပြီးတော့ ဝဲယာကြည့်လိုက်ရာ ရွာကလေးတစ်ရွာကို မြင်ကြရတယ်။ အဲဒီမှာ စကြာယာဥ်က သက်ဆင်းကြတယ်။ ရွာလို့ဆင်ပြီး ကြည့်ကြရာ လူတစ်ယောက်မှ မတွေ့ကြရဘူး။ ရွာအစွန်မှာရှိတဲ့ ဇရပ်တစ်ခုထက်မှာ ရပ်တန့်နားနေကြတယ်။ အဲဒီလို နားနေကြတော့ မောပန်းလွန်းတာကြောင့် ငိုက်မြည်းပြီး အိပ်ပျော်သွားကြတယ်။ အဲဒီအခါမှာတော့ စိမ်းတော်နံ့လိုက်တာဆိုတဲ့ အနံ့တစ်ခုရပြီး အသံတစ်ခုကို ကြားရတယ်။ အဲဒီအသံဟာ ဘီလူးတွေ အချင်းချင်း ပြောကြတဲ့အသံပဲ ဖြစ်တယ်။

အကြောင်းကတော့ လူမင်းသား မောင်နှမတို့ အိပ်ပျော်သွားခဲ့ကြတဲ့ ဇရပ်ဟာ ဘီလူးတို့ရဲ့ဇရပ်ပဲ ဖြစ်နေတယ်။ လူသားတွေ ရောက်လာတာသိပြီးတော့ လူနံ့ကို ရရာက သူတို့ချင်း ပြောကြတာပဲ ဖြစ်တယ်။

အဲဒီမင်းသားမောင်နှမတို့ဟာ ဘီလူးတို့နဲ့ ပြောသံဆိုသံ ကြားရတာကြောင့် အိပ်ရာက လန့်နိုးခဲ့ကြတယ်။ အဲဒီနောက် စကြာယာဥ်ပျံရဲ့အစွမ်းနဲ့ ဘီလူးတို့ကို တိုက်သတ်နှိမ်နင်းကြတော့ ဘီလူးတို့က အညံ့ခံပြီးတော့ 'အသက်ချမ်းသာပေးပါ၊ ပြီး အသေလက်နက်ကိုလိုကလည်း ပေးပါ့မယ်၊ အရှင်လက်နက်ကိုလိုကလည်း ပေးပါ့မယ်။ ထွက်ကရ ဝင်ကရအိုး လိုကလည်း ပေးပါ့မယ် အသက်ကိုသာ ချမ်းသာပေးကြပါ' လို့ တောင်းပန်ကြတယ်။

အဲဒီတော့ အသက်ကို ချမ်းသာပေးတာကြောင့် ဘီလူးတို့လည်း မိမိတို့ကတိပေးပြောဆိုခဲ့တဲ့အတိုင်း အသေလက်နက်နဲ့ အရှင်လက်နက်၊ ပြီး ထွက်ကရအိုးတို့ကို မင်းသားမောင်နှမတို့ကို ပေးခဲ့ကြတယ်။ မင်းသားမောင်နှမမှာ ဝမ်းသာအားရနဲ့ ပြည်တော်ပြန်ခဲ့ကြတယ်။

အဲဒီမင်းသားမောင်နှမတို့ ပြည်တော်သို့ မရောက်မီ အရင်ပြန်ရောက်နှင့်နေခဲ့ပြီဖြစ်တဲ့ ဘီလူးကြီးဟာ အစာငတ်ခဲ့တာ ကြာခဲ့တာကြောင့် မြို့သူမြို့သားတို့ကို ဖမ်းယူပြီးတော့ စားနေခဲ့တော့တယ်။ ဒီလိုနဲ့ နေ့စဉ်မပြတ်ဖမ်းစားခံရတာကြောင့် လူများတွေရဲ့ အရိုးတွေဟာ နန်းတော်ခေါင်ထိုင်တဲ့အထိ အရိုးပုံကြီး ဖြစ်နေခဲ့တယ်။

ဒါပေမယ့် မိဖုရားကြီးကိုတော့ ဖမ်းမရတာကြောင့် မစားနိုင်ဘဲထားခဲ့ရတယ်။

မကြာမီမှာဘဲ အဲဒီမင်းသားမောင်နှမတို့ဟာ ပြည်တော်ပြန်ရောက်ခဲ့ကြတော့။ ဘီလူးကြီးက ဖမ်းစားဖို့ ရောက်လာခဲ့တယ်။ အဲဒီတော့ မင်းသားမောင်နှမတို့က ဘီလူးကြီးကို အသေလက်နက်နဲ့ ပစ်လိုက်တော့ ချက်ချင်းသေသွားခဲ့တယ်။

အဲဒီနောက် ဘီလူးအစားခံခဲ့ပြီး နန်းတော်ခေါင်တိုင်ထိနေတဲ့ စားကြွင်းလူရိုးပုံကြီးကို ရှင်စေတဲ့ လက်နက်နဲ့ ပစ်လိုက်တော့ အားလုံး အသက်ရှင်လို့ သွားကြတယ်။ ပြီး ထွက်ကရအိုးနဲ့ စားဖို့ ဖန်တီးလိုက်ပြီးတော့ အစားစားရင်းက အဲဒီလိုရှင်လာကြတဲ့သူတို့ဟာ "ငါတို့ ကောင်းကောင်းကြီး အိပ်ပျော်သွားခဲ့ကြတယ်" ရယ်လို့ ဆိုပြီး နိုးထလာခဲ့ကြတယ်။

ဒါကြောင့် သူတို့ကို အကျိုးအကြောင်း ပြောပြတော့ အလွန်ကိုပဲ ဝမ်းသာအားရနဲ့ မင်းသားမောင်နှမကို နန်းတော်ဆီ ပိုက်ပွေ့ချီ ရွက်ဆောင်သွားခဲ့ကြတယ်။ နန်းတော်သို့ ရောက်တဲ့အခါ မယ်တော်မိဖုရားကြီးကို မှန်တိုက်က တစ်ဖန် ထုတ်ယူခဲ့ကြရတယ်။ အဲဒီလို ဘီလူးရန်ကို နှိမ်နင်းအောင်မြင်ပြီးတော့ အဲဒီမင်းသားမောင်နှမတို့ဟာ ထီးနန်းတက်ခဲ့ပြီးတော့မှ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီးတော့ ချမ်းချမ်းသာသာ မင်းစည်းစိမ်ကို ခံစားစံစားသွားခဲ့ကြရတယ်။ ဒါဟာ ဝမ်းသာစရာ မောင်ချစ်နှမချစ် ပုံပြင်ပါပဲ။ အောင်နိုင်သူ ပုံပြင်ပါပဲ။

× × ×

ခု မိမိပြောချင်တာလည်း မိမိတို့ မောင်နှမ ပုံပြင်ပါ။ ဒိုးတူပေါင်ဖက်ရုန်းကန်ခဲ့ကြတဲ့ မောင်နှမပုံပြင်ပါ။ သိပ်ချစ်ခဲ့ကြတဲ့ မောင်နှမပုံပြင်ပါ။

ခုတော့ မိမိတို့ ဘာဖြစ်လာမလဲ။ ဘယ်လိုဖြစ်လာမလဲ ဆိုတာ ဆက်လက် ဖတ်ရှုသွားဖို့ပါ။

ပြီးတော့ လူနဲ့ လူမှုပတ်ဝန်းကျင်မှာ ထူးခြားဆန်းပြားရတဲ့ ဂမ္ဘီရ ဆန်းကြယ် ဇာတ်လမ်းလေးတစ်ပုဒ်ရယ်ပါ။ ဒီလိုနဲ့ ကာလကြာတဲ့အခါ ကဲ ဘယ့်နှယ်ဖြစ်လာ၊ ဘယ်လိုဖြစ်လာမလဲ ဆိုတာပါလေ။

× × ×

*စိတ်ဓာတ်ကလည်း မတည်၊ သူတော်ကောင်းတရားလည်း မရှိ၊ ယုံကြည်ချက်ကလည်း ဗလာ၊ ယုံကြည်မှုဆိုတဲ့ သဒ္ဒါကလည်း နှစ်ခွ၊ အဲဒီလိုလူတွေဟာ ဘယ်အခါမျှ လောကုတ္တရာပညာ မပြည့်စုံနိုင်။ (ဗုဒ္ဓ)*

ကိုယ့်ပေါင်ကိုယ် လှန်ထောင်းတယ်ပဲ ဆိုရမလား မသိဘူး။ ဒီ အကြောင်းကို မရေးမဖြစ် ရေးရတော့မယ်။

အဓိကက ညီမလေး မရွှေစာ အကြောင်းပဲ ဖြစ်ပါတယ်။ ညီမလေး မရွှေစာအကြောင်း၊ ပတ်ဝန်းကျင်အကြောင်း၊ ဆွေမျိုးတွေအကြောင်း၊ မိမိ ဒေသက လူအကြောင်း၊ မိမိနေတဲ့ ပတ်ဝန်းကျင်တွေအကြောင်း၊ လူတွေ အကြောင်းဟာ မပါမဖြစ် ပါကြမှာပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ဘယ်သူတွေ တရားပျက်ပျက် မိမိ သိက္ခာမပျက်စေဖို့ရာ အတွက် တတ်နိုင်သလောက် အမည်နာမ၊ နေရပ်ဒေသတွေကိုလည်း တည့်တည့်ရေးမထားပါဘူး။

အကြောင်းအရာနဲ့ အပြုအမူ အကျင့်အကြံတွေကိုလောကီသာ အများပြည်သူကို တိုင်တည်ရေးသားတင်ပြရမှာပဲ ဖြစ်ပါတယ်။

တစ်ခု ထူးခြားတာက စာရေးသူဟာ စာရေး အင်မတန် နည်းခဲ့ ပါတယ်။ ရေးခွင့်လည်း မကြုံအောင် အမျိုးမျိုး ကြုံဆုံခဲ့ရတယ်။ စာမရေး ရရင် သေသွားမယ် ထင်ခဲ့ပေမယ့် မရေးရဘဲ အကြာကြီး နေခဲ့ရတယ်။ ထုတ်ဝေဖို့ဆိုတာတော့ ဝေးရောပဲ။ ဒီထက် ဆိုးတာက ဖတ်ဖို့ အခွင့်အရေး တောင် မရခဲ့တာလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုပဲ ရှင်သန်နေခဲ့ရတာပဲ။

ထူးခြားတာက လူဟာ တော်ရုံနဲ့ မသေနိုင်ဘူး၊ မရူးနိုင်ဘူး။ ထူးခြားတာက ၂၀၀၇ (ခုထိ) တစ်လျှောက်လုံး ပြင်ပကမ္ဘာကြီးနဲ့ မိမိ

ကင်းနေခဲ့ရတယ်။ ဒါပေမယ့် အထဲကမ္ဘာမှာ (ထောင်ထဲ)မှာ လေ့လာစရာ တတ်သိစရာအတိတွေနဲ့ လေ့လာလို့ မကုန်နိုင်ခဲ့ပါဘူး။

အဲဒီလိုနဲ့ ထောင်အပြင်ရောက်လာတဲ့အခါမှာလည်း ပြင်ပကမ္ဘာဟာ အထူးစိတ်ဝင်စားစရာ ကောင်းနေခဲ့လှပါတော့တယ်။ မိမိကို ကျော်ဖြတ်သွားသူတွေ၊ ဥပေက္ခာပြုသူတွေ၊ ရိုင်းပျသူတွေ၊ မထိမဲ့မြင်ပြုသူတွေ တလှေကြီးပါ။ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။

အဲဒီထဲမှာ စိတ်ဝင်စားစရာကောင်းတာက ဂမ္ဘီရဆန်လှတဲ့ လောကကမ္ဘာပဲ။

မိမိတို့ဟာ မိမိတို့ မရှိလို့ ကမ္ဘာကြီးဟာ ဘာမှတော့ မဖြစ်သွားပါဘူး။ မိမိတို့က ကမ္ဘာကြီးနဲ့ လိုက်ပါရောနှောကာ ပါဝင်အကျိုးပြုနေသင့်ခဲ့ကြတာတစ်ခုပဲ ဖြစ်ပါတယ်။ မဟုတ်ရင် နေရာမဲ့မယ်။

ဒီကနေ့ တောင်ကိုရီးယားဇာတ်လမ်းတွေဟာ ပရိသတ်နဲ့ သဟဇာတမျှတအောင် ကြံဆောင် ဖန်တီးထားကြတာတွေပဲ ဖြစ်ကြပါတယ်။

မိမိဟာ ရုပ်ပြအတွက် ဇာတ်လမ်းရေးခဲ့တယ်။ မိမိ အတတ်ပညာနဲ့ စားဝတ်နေရေးအတွက် တတ်နိုင်သလောက်တော့ လိုက်ရေးခဲ့တာပဲ။ သူ့အကြိုက် ကိုယ့်အကြိုက် ညှိပြီးတော့ပေါ့။

အားလုံး ကိုယ့်အကြိုက်ချည်း မရနိုင်သလိုဘဲ သူ့အကြိုက်ချည်း သက်သက်ချည်း ရေးမယ်ဆိုတာမျိုးထိတော့လည်း မလုပ်ဖြစ်နိုင်ခဲ့ပါဘူး။ အသိပညာရှင် အတတ်ပညာရှင် အချင်းချင်း တစ်စုံတစ်ရာ နားလည်လေးစားမှုနဲ့ ပူးပေါင်းလုပ်ခဲ့ကြတာတွေပဲ ဖြစ်ပါတယ်။

ယေဘုယျကတော့ အဆင်ပြေပါတယ်။ အဆင်ပြေအောင် လုပ်ခဲ့ကြပါတယ်။ အားလုံးနဲ့ အဆင်ပြေလား ဆိုတာတော့လည်း အကုန် မပြေပါဘူး။ မပြေသူနဲ့ လမ်းခွဲ၊ ပြေသူနဲ့ လက်တွဲခဲ့ရုံပဲပေါ့။ ဒါဟာ နိယာမပါဘဲ။

ခု မိမိ ရောက်စ ၂၀၁၇-၂၁ ပြင်ပကမ္ဘာဟာ ဂမ္ဘီရကမ္ဘာဖြစ်နေခဲ့တယ်။ မိမိလည်း လူတွေအကြောင်း ပြင်ပကမ္ဘာအကြောင်းဟာ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ အထူးသဖြင့် နရသိန်မြစ် ဂန္ဓာရီ ဂမ္ဘီရကမ္ဘာအကြောင်းအရာတွေပါ။

ဒါပေမယ့် ခု မိမိရေးတဲ့အကြောင်းအရာဟာ ပယောဂဘက်ကိုတော့

နှယ်လိမ့်မယ် ထင်ပါတယ်။ ပယောဂလေလား သွေးလေလွှား ဆိုတာလည်း ရှိတာပဲလေ။

ထောင်ထဲမှာ မိမိ စာတွေ တအားဖတ်ခဲ့တယ်။ ဘုရားတရားဘက်တွေ လိုက်စား လေ့လာခွင့်ကြုံခဲ့တယ်၊ လုပ်ခဲ့တယ်။ ဘဝပေးပါပဲ။ ပေးတာကို ယူရမှာပဲလေ။

လေ့ကျင့်ပညာပေးသူတွေလည်း အများကြီးပဲ ရှိခဲ့တယ်။ ထောင်ထဲက ဘဝကျောင်းတော်မှာ ဘိုးတော်တွေလည်း အများကြီးပဲ၊ ပညာရှင်တွေလည်း အများကြီးပဲ ကြုံခဲ့ ဆုံခဲ့ရတယ်။ ဘဝဟာ လေ့လာလို့ မကုန်နိုင်ပါဘူး။

ဖတ်စရာ မကုန်နိုင်သလို လေ့လာသင်ယူစရာလည်း မကုန်နိုင်ပါဘူး။ ပြီးပြောစရာလည်း မကုန်နိုင်ပါဘူး။ ဒါဟာ ဘဝပါပဲလေ။ အဲဒီထဲမှာ မိမိဟာ ဘာသာရေးစာပေနဲ့ ကျင့်ကြံအားထုတ်မှု၊ ဖတ်မှတ်လေ့လာမှု၊ သင်ယူကျက်မှတ်မှုကို တတ်အားသလောက် ပြုမူနိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ ၂၁ ရာစု ပြင်ပကမ္ဘာရောက်တော့ ရဟန်းဘဝ ဝတ်ဖြစ်ခဲ့တယ်။ သဲအင်း (၂၀၀၇ ခု)မှာ တရားထိုင်ဖြစ်ခဲ့တယ်။ ဒါဟာ မိမိအတွက် မိသားစုတွေအတွက် ပေးဆပ်ခဲ့ပါတယ်။ ကြည်နူးရပါတယ်။

ပြီးမိတ်ကောင်းဆွေကောင်းတွေ တွေ့ခဲ့ရတယ်။ မိတ်ဆွေစာပေသမားတွေနဲ့ ကြုံဆုံဆွေးနွေးခဲ့ရတယ်။ စားရေးဖို့ရာ လိပ်ပြာဝင်စား ခိုနားလာစေခဲ့ရပါတယ်။ အဲဒီမှာ နံရသိန်း ဂမ္ဘီရစာရေးဆရာအကျော်တွေနဲ့ ပေါင်းမိကာ ဂမ္ဘီရလိပ်ပြာကို ခိုဝင် ပါဝင်လာခဲ့ရပါတယ်။

ပြီးတော့ မိမိဟာ စိတ်ဝင်စားစရာတွေထဲမှာ မိမိရဲ့လိပ်ပြာ၊ မိမိရဲ့ မိသားစု၊ မိမိရဲ့ ပတ်ဝန်းကျင်၊ မိမိရဲ့ မိတ်ဆွေတွေ၊ မိမိရဲ့ လုပ်ငန်းတွေ၊ မိမိအပေါ်မှာ ပတ်ဝန်းကျင်ရဲ့ အမြင်တွေ၊ မိမိ မသိ နားမလည်တာတွေ၊ မိမိက မိတ်ဆွေထင်ပြီး ရန်သူဖြစ်နေသူတွေ၊ မိမိကို မလိုမုန်းထားသူတွေ၊ မိမိက အကူအညီ တောင်းခံခဲ့မိပြီး မိမိဟာ ကျားရှေ့ မှောက်လျက်လဲ ဖြစ်ခဲ့ရတာက ဘယ်သူ့အမှားလဲ၊ ဘာ့ကြောင့်လဲ၊ ဘယ့်နှယ့်လဲ၊ ပယောဂလား၊ စုန်းလား၊ နတ်လား၊ ကဝေလား၊ လူလား၊ နှာနာဘာဝလား၊ ဘာလဲ ဘယ်လဲ၊ ရှုပ်ထွေးစွတကား။

❖ ❖ ❖

## ဘယ်လိုပင်ဆဲသော်လည်း

*ဤသူသည် ငါ့ကို ဆဲသည်၊ ငါ့ကို ညှဉ်းဆဲသည်၊ ငါ့ကို နိုင်သည်၊ ငါ့ဥစ္စာကို နှားမလည်း စသည်ဖြင့် စိတ်ထဲမှာ အမှတ်မထား၊ ရန်ငြိုးမဖွဲ့သူများသည် အမြဲတမ်း ရန်ငြိမ်းနေသူများ ဖြစ်သည်။ (.....)*

ညီမလေးရွှေစာဟာ မိမိတို့ ညီအစ်ကိုမောင်နှမ လေးယောက်ထဲမှာ အထွေးဆုံးနဲ့ တစ်ဦးတည်းသော ညီမလေးဘဲ ဖြစ်ပါတယ်။ မိမိဟာ သားအကြီးဆုံးနဲ့ ၁၆ နှစ်လောက် ကွာတော့ ညီမမက သမီးမကြာ ချစ်ခဲ့ရတယ်။

မိမိဟာ ရခိုင် ကိုယ့်ဒေသနဲ့ ကင်းကွာပြီး ရန်ကုန်မှာ ကိုယ့်ယုံကြည်ချက် ကိုယ်လုပ်နေတဲ့အခါ ညီမလေးကို မထိန်းသိမ်းနိုင်ခဲ့ဘူးလို့ ခံယူပါတယ်။ (အမှန်ကတော့ တခြားမိဘမောင်ဖွား) အကုန်အစုံအညီ ရှိကြတာပဲ ဖြစ်ပါတယ်။

ဒါပေမယ့် မိမိ တာဝန်ရှိတယ် ခံယူပါတယ်။ အဲဒီလိုနဲ့ ညီမက ကျောင်းနေရင်း ဆယ်ကျော်သက်မှာ ယောကျ်ားနောက်လိုက်ပြေးခဲ့တယ်။ မိဘတွေက ရှက်ပြီး မိမိရှိရာ ရန်ကုန် အရပ်ဆီ ရောက်လာခဲ့ကြတယ်။ ဗိုက်တစ်လုံးနဲ့ မိမိတို့အိမ်ကို ညီမလေး ရောက်ချလာခဲ့ပြန်တယ်။ သူ့ယောကျ်ားပါ ပါလာခဲ့တယ်၊ မိမိ ကလေးကို မွေးပေးခဲ့ရတယ်။ တူမလေး တစ်ယောက် ရခဲ့တယ်။ ညီမယောကျ်ားကို ပန်းတိမ်သင်ပေးရာက ငရဲမီးလောင်ရင်းနဲ့ ဆေးရုံအကြာကြီး တက်ခဲ့ရတယ်။ အဲဒီကမှ ရန်ကုန်မှာ မနေနိုင်ခဲ့ကြလို့ ဒေသပြန်သွားခဲ့ကြပြန်တယ်။

အဲဒီကာတစ်ခါ ယောကျ်ားနဲ့ ကွဲခဲ့ပြန်ပြီး ညီမလေးဟာ မိမိရှိတဲ့ ရန်ကုန်ဆီ ရောက်လာခဲ့ပြန်တယ်။ သူ့သမီးလေးကို မိမိတို့ မိဘများက ခေါင့်ရှောက်ထားခဲ့ကြတယ်။

ခုညီမလေး အိမ်က ထွက်လာတာကို မိမိ ဂုဏ်ယူမိပါတယ်။ ပြီး မိမိနေတဲ့ ရန်ကုန်မြို့ထဲမှာပဲ အတူနေခဲ့ကြတယ်။ ပြီး သူ့ကိုလည်း စွန့်စား ခဲ့တယ်၊ ပြီး ရဲရင့်ခဲ့တယ်၊ သတ္တိရှိခဲ့တယ် အဲဒီလိုပဲ သဘောထားပြီး သူသင်ချင်တဲ့ လက်မှုပညာသင်ဖို့ မိမိ ကြိုးစားအားပေးခဲ့တယ်။

အဲဒီကနေ ၈၈ မှာ တစ်နေရာမှာ ခွဲခွာပြီး ဘော်ဒါထားပေးခဲ့ရတယ်။ မိမိ ထောက်ပံ့ပေးကမ်းခဲ့တယ်။ အဲဒီလို နိုင်ငံရေး ကာလဒေသ မတည်ငြိမ် တော့ တကွဲတပြားစီ တစ်ဖန် နေခဲ့ကြရပြန်တယ်။ အဲဒီလိုနဲ့ အခြေအနေ တည်ငြိမ်စ ပြုလာတဲ့အခါ ဆင်ခြေဖုံးရပ်ကွက်တစ်ခုကို ပြောင်းခဲ့ကြတယ်။ မိမိက အပြောင်းအရွှေ့ကို ကြိုက်တဲ့သူလည်း ဖြစ်တယ်။ စွန့်စားလှုပ်ရှား ရုန်းကန်ရတာကိုလည်း ကြိုက်တဲ့သူဖြစ်တော့ ကိစ္စမရှိဘူး ပျော်ပါတယ်။

မြို့ထဲမှာ အခန်းကျဉ်းကျဉ်းမှာ မောင်နှမနှစ်ယောက်နေလို့လည်း မသင့်တော်ဘူး မဟုတ်လား။

ဒီလိုနဲ့ ဆင်ခြေဖုံးရပ်ကွက်မှာ ကျယ်ကျယ်ဝန်းဝန်း နေခဲ့ရာက ညီမလေးမရွှေစာလည်း သူတတ်ချင်တဲ့ လက်မှုပညာ စက်ချုပ်သင် တတ် မြောက်ခဲ့တယ်။ ပြီး လုပ်ငန်းစေ့လည်း မှီခဲ့တယ်။ အခကြေးငွေလည်း သူ ရခဲ့တယ်။

အဲဒီကနေတစ်ဆင့် အိမ်ပြောင်းဖို့ဖြစ်လာတယ်။ ကျယ်ဝန်းတဲ့ တိုက် ခန်းတွဲထဲကနေ ရပ်ကွက်ထဲက အိမ်တစ်ခန်းကို ငှားဖြစ်ခဲ့ကြတယ်။ ဒါ ဘာဖြစ်လဲ နည်းနည်းတော့ ကျပ်တယ်။ အတွေ့အကြုံ အပြောင်းအလဲတော့ ဖြစ်တာပေါ့။

ရပ်ကွက်ထဲမှာ ဟိုဘက်ဒီဘက် နှစ်ဖက်လုံးမှာ အိမ်တွေ ယာတွေ ပြည့်ကျပ်နေတယ်၊ လူတွေလည်း ပြည့်ကျပ်နေတယ်။

တစ်နည်းဆိုရင် ပျော်စရာပဲပေါ့။ စာရေးဆရာတစ်ယောက်အဖို့ ကုန် ကြမ်းတွေချည်းပဲပေါ့။ ပြီးတော့ ဂုဏ်မရှိ၊ ပကာသန မရှိ၊ ဘဝတူချင်း ဆင်းရဲနွမ်းပါး ရိုးသားကြသူတွေချည်းပဲ နေဖြစ်နေကြတော့တယ်။

အများအားဖြင့် ပေးတာကို ယူကြတယ်။ ကျွေးတာကို စားကြတယ်။ မရှိရင် တောင်းကြတယ်။ မိမိဟာ ဒါမျိုးကို လိုချင်သူ ဖြစ်တယ်။ အခြေခံ လူတန်းစားသဘောတရားကို လက်ခံထားသူ မိမိဟာ ဒီလို လူမှုဘဝကို သဘောကျလှတယ်။

အဲဒီထဲက ညီမလေးမရွှေစာရဲ့ မိုးကောင်းကင်ဟာလည်း ကျယ်ပြန့်လာခဲ့တယ်။ အလုပ်မှာ ပညာကျွမ်းလာတော့ အလုပ်မှာလည်း မျက်နှာသာပိုပေးလာကြတယ်။ လက်ရာလည်း ကောင်းတယ် ပြောကြတယ်။

အဲဒီလိုပဲ (ရခိုင်) အသင်းအပင်း တချို့မှာ ဝင်ဆန့်လာခဲ့တယ်။ ဝတ်တာစားတာ ပြောင်းလဲလာခဲ့တယ်။ မိမိဝမ်းသာပါတယ်။ လူဆိုတာ ကာလဒေသအရ လိုက်ပါပြောင်းလဲနေကြရမှာပဲ မဟုတ်လား။

အဲဒီထဲက ရခိုင် အသင်းအဖွဲ့တစ်ခုထဲက သန့်သန့်ရွှေ ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ အထူး ရင်းနှီးလာတာ တွေ့ရတယ်။

"အစ်ကို အဲဒါ သန့်သန့်ရွှေပဲ ညီမတို့နဲ့ ဟိုမှာတစ်ရပ်ကွက်ထဲလည်း နေခဲ့ကြတယ်။ ခုလည်း အသင်းမှာ အတူလုပ်ကြတယ်။ ပြီးတော့ ညီမ အလုပ်မှာ ပါဝင်ကူလုပ်ဖို့ ပြောနေတယ်"

တစ်နေ့မှာ ညီမဖြစ်သူက မိမိကို မိန်းမရွယ်တစ်ဦးနဲ့ မိတ်ဆက်ပေးလာပါတယ်။

သူမက ဥပဓိရုပ်မှာ မကောင်းလှပါဘူး။ ပြီးတော့ နာမည်ပျက်နေတဲ့ ယခင် (ပုလိပ်) ဌာနတစ်ခုက မိသားစုဝင်တစ်ဦးရဲ့ သမီးဖြစ်ကြောင်းလည်း ညီမက ပြောပြပါတယ်။

မိမိသိရသလောက်ဆိုရင် အဲဒီပုလိပ်ဌာနက လူတွေဟာ မျိုးရိုးလိုက်သလား မသိဘူး။ သူတို့ဟာ လူအဖွဲ့အစည်းထဲမှာ၊ ပေါင်းသင်းဆက်ဆံမှုပိုင်းမှာပဲဖြစ်ဖြစ်၊ စာရိတ္တပိုင်းမှာပဲဖြစ်ဖြစ် အင်မတန် ညံ့ဖျင်းကြတာ တွေ့ရတယ်။ ကောက်ကျစ်တယ်၊ ယုတ်ပတ်တယ်၊ အတို့အထောင်လုပ်တတ်တယ်၊ တွန်းထိုး ကုန်းတိုက်တတ်တယ် ဆိုတာ သိထားရပါတယ်။

ဒါပေမယ့် ခင်ရာဆွေမျိုး မိန်ရာဟင်းကောင်း ဆိုတော့လည်း မတတ်နိုင်ဘူး။

မိမိရဲ့ သဘာဝက လူတစ်ယောက်ရဲ့ လူ့အခွင့်အရေးကို အထူးလေးစားတတ်သူပဲ ဖြစ်ပါတယ်။ ညီမပဲဖြစ်ဖြစ်၊ ညီပဲဖြစ်ဖြစ် သူ့လုပ်ရပ်ကာ သူ့နယ်ပယ်ကို ပါဝင်စွက်ဖက်၊ ဖါဝင်မပတ်သက်ချင်တတ်ဘူး။ ကိုယ့်အသိစိတ် သူ့အသိစိတ်နဲ့ လွတ်လွတ်လပ်လပ်ပြုမူ နေထိုင်ကြဖို့ကိုသာ လိုလားသူပဲ ဖြစ်ပါတယ်။

မိမိဟာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အများစုစရိုက်ကို အထူး စိတ်ဝင်စားတတ်သူပဲ ဖြစ်တယ်။

ညီမဟာ အလုပ်သဘော၊ အများသဘောနဲ့ ရောဝင်ဆက်ဆံရတာများတော့ နယ်မယ်ထည်း ကျယ်ဝန်းလာတယ်၊ ကျယ်ဝန်းသလောက်လည်း ဒီအကြောင်းအရာတွေကို စိတ်ဝင်စားသူဖြစ်တတ်တဲ့ မိမိဟာလည်း အားလုံးကို ကုန်ကြမ်း အကြောင်းအရာလို့ပဲ သဘောထားခဲ့ပါတယ်။

ဆိုးတာပဲဖြစ်ဖြစ် ကောင်းတာပဲဖြစ်ဖြစ် ကိုယ်ကောင်းရင် ခေါင်းဘယ်မရှေ့ဘူး ထင်ထားခဲ့တယ်။ ဘယ်သူဖျက်ဖျက် ကိုယ်မပျက်ရင် ပြီးတာပဲ သိထားတယ်။

ဒါကြောင့် တစ်နေ့မှာတော့ အပြုသဘောနဲ့ပဲ ပြောဖြစ်ခဲ့တယ်။

"အေး အေး နင်တို့ချင်း ပြေပြေလည်လည် ဆက်ဆံကြ၊ အကြောင်းရှိရင် ပြောနော်"

"ဟုတ်ကဲ့"

"ပွင့်ပွင့်လင်းလင်း ဆက်ဆံကြ၊ အချင်းချင်း စိတ်ဝမ်းမကွဲကြစေနဲ့၊ အမျိုးကို စောင့်ကြ"

"ဟုတ်ကဲ့ စိတ်ချပါအစ်ကိုကြီးရဲ့"

"အေး အေး ငါ့ကိုလည်း ပွင့်ပွင့်လင်းလင်း ဆက်ဆံကြ၊ ပွင့်ပွင့်လင်းလင်းပြောကြ ဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

❖ ❖ ❖

*

The true is not always verisimilar.

အမှန်တရားဟာ အမြဲမှန်နေတယ်ဆို့ အမှန်မပြောနိုင်ပါ။

*

## မကောင်းမှုပြုလုပ်တဲ့သူ

*မကောင်းမှုလုပ်တဲ့သူများသည် အခုလည်း စိုးရိမ်ရသည်။ နောင်လည်း စိုးရိမ်ရသည်။ ပစ္စုပ္ပန်သံသရာနှစ်ဖြာစလုံး စိုးရိမ်နေရသည်။ မိမိကိုယ်တိုင်လုပ်ထားတဲ့ မကောင်းမှု အကုသိုလ်ကံတွေကို တွေးပြီး အမြဲတမ်း စိုးရိမ်နေရသည်၊ ပင်ပန်းနေရသည်၊ စိတ်ဆင်းရဲနေသည်။ (ဗုဒ္ဓ)*

သန့်သန့်ရွှေအကြောင်း ညီမဆီက တစ်စတစ်စ သိလာရတယ်။ မိမိတို့ မောင်နှမဟာ အများအားဖြင့် ပွင့်လင်းကြတယ်။ သန့်သန့်ရွှေဟာ အလိုရမ္မက်ကြီးတဲ့အကြောင်း၊ ယောကျ်ားရူပ်တဲ့အကြောင်းတွေ၊ ယောကျ်ားလေးတွေကို ကိုယ်တိုင်လိုက်ကြိုက်တတ်တဲ့အကြောင်းတွေ၊ နောက်ဆုံးသူ့အတွင်းရေး ဇာတ်လမ်းတွေ၊ ကိုယ်ဝန် ခဏခဏဖျက်ချရတဲ့အကြောင်းတွေအထိ ပြောဖြစ်လာတယ်။

ထူးထူးခြားခြားလည်း သူ လောကီပညာတတ်တာ၊ သူကြိုက်တဲ့သူကို ဆေးခတ်တတ်တာတွေလည်း ပါလာတတ်တယ်။ မိမိ သိထားတာက ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေ့ဘူးဘဲ သိတယ်။ ပတ်ဝန်းကျင်ဆိုတာ ကောင်းသူ မကောင်းသူ ရောနေတတ်တာပါပဲ။

လူ့ဘဝမှာ ပတ်ဝန်းကျင်အရမ်းကောင်းနေရင်၊ မိမိက အရမ်းညံ့နေရင်လည်း သဟဇာတမဖြစ်နိုင်ဘူး ဆိုတာပါပဲ။

ဒီလိုနဲ့ တစ်စတစ်စနဲ့ ညီမလေး မရွှေစာနဲ့ သန့်သန့်ရွှေတို့ဟာ ရင်းနှီးသထက် ရင်းနှီးလာခဲ့ကြတယ်။ သန့်သန့်ရွှေ စရိုက်တွေ တဖြည်းဖြည်း

ညီမလေးဆီ ကူးစက်လို့ လာခဲ့တယ်။ မိမိနဲ့ ပွင့်လင်းပြောဆိုခဲ့တဲ့ ညီမလေးက တဖြည်းဖြည်း လျှို့ဝှက်လာတာတွေ့ရတယ်။

သူတို့နှစ်ယောက်ဟာလည်း တိုးတိုးတိတ်တိတ် ကျိတ်ကျိတ်နဲ့ ဖြစ်ဖြစ်လာခဲ့တယ်။ ပျာရီးပျာယာ နိုင်လာကြတယ်။ မိမိ နားစွင့်မိတဲ့စကားတွေထဲမှာ ဗေဒင်တွေ လက္ခဏာတွေ ပါလာတယ်။ အထက်လမ်း အောက်လမ်းတွေ ပါလာတယ်။ ယတြာတွေ၊ ဘိုးတော်တွေ၊ ဝိဇ္ဇာတွေအကြောင်း ပါလာတယ်။

မိမိဟာ ညီမကို ယုံတယ်။ မိမိလည်း စရိုက် မဖောက်ဖြန်ခဲ့သလို ညီမကိုလည်း ယုံကြည်တယ်။

မိမိတို့ဒေသ(ရခိုင်)မှာက နတ်ကတော် (နတ်ကနွား) ဆိုတာ မရှိမဟုတ် ရှိပါတယ်။ နေမကောင်းတဲ့သူကို နတ်ဖမ်းကြည့်လို့ (နတ်ကိုင်တယ်) ပြောတဲ့အခါ အဲဒီလိုဝါသနာပါသူ၊ ယုံစားသူကို နတ်ကပြီး ကုသရတာရှိတယ်။ အဲဒါက များသောအားဖြင့် မျိုးရိုးအရ ဝါသနာပါတဲ့ မိသားစုတွေထဲမှာပဲ ဖြစ်ကြပါတယ်။

ဆိုလိုတာက မိမိတို့ မိသားစုဟာ အဲဒီထဲမှာ မပါဘူး။ နောက် မိမိဟာ စာရေးဆရာ၊ ညီမလေးဟာလည်း စာအရမ်းဖတ်ခဲ့ပါတယ်။ ဘာမဆို ပိုင်းခြားတတ်မယ်လည်း ထင်ထားခဲ့ပါတယ်။ မိမိရဲ့ ပင်ကိုသဘာဝအရလည်း လူတစ်ဖက်သားကို လျှော့မတွက်တတ်ပါ၊ အထင်ကြီးပြီး အကောင်းမြင်ဝါဒနဲ့ ပိုမိုပြီး အကောင်းဘက်က တွက်ထားတတ်သူမျှသာ ဖြစ်ပါတယ်။

မိမိအပေါ် ယုံစားပွင့်လင်းရာက တစ်စတစ်စ လျှို့ဝှက်လာခဲ့တယ်။ သန့်သန့်ရှေ့ ဩဇာ ပိုမို သက်ရောက်ပြီး သူ့စရိုက်နဲ့ ပိုမိုတူညီလာတယ်။

ကြည့်ရတာ ပုလင်းတူဗူးဆို့ပမာ ဖြစ်ဖြစ်လာတယ်။ ဒါပေမယ့် မိမိဟာ တစ်ဖက်သားအပေါ်မှာ အထင်မသေးတတ်သလို ပြစ်ပြစ်ခါခါလည်း မပြောတတ် မလုပ်တတ်ပါဘူး။ ပြီး နန်းထိုင်တွေ၊ နန်းရုံတွေဆိုတဲ့ ဥစ္စာစောင့်တွေအကြောင်းလည်း ပြောဆိုတတ်လာခဲ့တယ်။

မိမိတို့ (ရခိုင်) ဒေသမှာက ဥစ္စာစောင့်ဆိုတာလည်း မရှိပါဘူး။ မျိုးရိုးမှာလည်း မရှိဘူး။ ရာဇဝင်မှာလည်း မရှိပါဘူး။ သိုက်ဘာညာဆိုတာတော့ ကြားဖူးတယ်။ သိုက်ဆရာက သိုက်ကျတဲ့နေရာကို တူးဖော်တယ်။ ဘာညာဆိုတာကို ကြားဖူးတယ်။

ပြီးသိုက်ပေါက်တယ်၊ ဘာညာလည်း ကြားဖူးတယ်။ အဲဒါက သိုက်တူးရာမှာ လောဘဇောကြောင့် အချင်းချင်း သစ္စာဖောက်လို့၊ နှုတ်စည်း မစောင့်လို့၊ မြေပြင် ရေထင် ကူးရတာတို့တွေလည်း ကြားဖူးတယ်။ တော်လဲ မှန်တိုင်းကျတာလည်း ကြားဖူးတယ်။

နောက်တစ်ခုက သိုက်ကလာတာတို့၊ ဥစ္စာစောင့်တို့၊ ဘာညာဆိုတာ မိမိ သိရသလောက်၊ ဖတ်ရသလောက်မှာ သူတို့ကို အပြင်လူ့ဘဝမှာ လူတန်းစေ့မှီအောင် မထားဘူးလို့ သိရပါတယ်။

လူတန်းစေ့မှီရင် ယောကျ်ားဆို သာသနာ့ဘောင်ထဲ ဝင်သွား လွတ်မြောက်သွားနိုင်တယ် မဟုတ်လား။

မိန်းကလေးဆိုရင် မယ်သီလရင် လုပ်ရင်း သာသနာ့ဘောင်ထဲ ဝင်သွား လွတ်မြောက်သွားနိုင်တယ် မဟုတ်လား။

ဒါကြောင့် တစ်ခုခုချို့ငဲ့နေတဲ့သူ လူတန်းစေ့မမှီသူအဖြစ် ဖန်တီးထားတတ်တယ်လို့ ကြားသိဖတ်မှတ်ထားခဲ့ရတယ်။ တကယ်လည်း အကြားအမြင် ဘာညာ၊ အဟောအပြော လုပ်နေတဲ့အိမ်တွေမှာ မိသားစုထဲမှာ လူတန်းစေ့မမှီသူ တစ်ယောက်ယောက် ရှိနေတတ်ကြတာလည်း သတိထားမိခဲ့ပါတယ်။

ညီမလေးဟာ တဖြည်းဖြည်း ပိုက်ဆံတွေ အရမ်းသုံးလာတယ်။ အဝတ်အစားတွေ အရမ်းကို ဝတ်ဆင်လာခဲ့တယ်။ ဒါပေမယ့် မိမိ မတုန့်လှုပ်ခဲ့ပါဘူး။ သံယောဇဉ်ကြောင့်၊ ချစ်စိတ်ကြောင့်ရယ် ပြီးတော့ မိမိဟာ စိန်ခေါ်ချက်ကို လက်ခံတတ်တဲ့သူပဲ ဖြစ်တယ်။

ဒါက သူ သုံးရဲရင် ငါလည်း ရှာရဲရမယ်။ ရှာ နိုင်ရမယ်။ ဒါဟာ ငါ့တာဝန် ငါ့သိက္ခာရယ် တွက်ထားမိခဲ့တယ်။ အဓိကမှာ မိမိတို့ လူတန်းစေ့ရေးပါပဲ။

ပြီး ညီမလေးက တဖြည်းဖြည်း ဘဝင်ပါမြင့်လာတယ်။

သူက သိုက်ကလာသူ၊ ဥစ္စာစောင့်၊ ဘုန်းသမ္ဘာရှိသူမို့ သူ့စားသောက်နေထိုင်ရေးဟာ အလိုလို ဖန်တီးပြီးသား၊ ပြီးမြောက်ပြီးသား ဖြစ်ဖြစ်လာရတာယ်လို့ ထင်မြင်ယူဆပုံလည်း ရလာပါတယ်။ မိမိကပဲ သူ့ကို မှီခိုနေရသူလိုလို၊ မိမိကပဲ သူ့ကို ပါရမီဖြည့်ပေးနေသူလိုမျိုး တွေးထင်လာပုံရလာပါတယ်။

ဒါပေမယ့် ဒါကို အကျယ်တဝင့် မိမိမပြောဖြစ်ပါ။ လွတ်လပ်စွာ သူ့အယူအဆနဲ့သူ ရှိပါစေဆိုတဲ့ စိတ်ဆန္ဒပဲ မိမိမှာ ရှိပါတယ်။ အချိန်တန် မှားပိန်ကန် ဆိုသလိုပဲ သူဟာ အသိဉာဏ်ရှိတဲ့သူဖြစ်လို့ အချိန်တန်ရင် သူ့အမှား၊ သူ့အပြစ်၊ သူ့ကိစ္စကို သိလာလိမ့်မယ်။ ယုံကြည်ထားခဲ့တယ်။

ခက်တာက ညီမလေးရယ် မဟုတ်ဘူး၊ တချို့က၊ လူတွေအများစုက ပြောတာ ဝေဖန်တာ လက်ခံတဲ့ကြတာ မဟုတ်ဘူး။

ပြောဆိုဝေဖန်မှုကို မလိုလားကြဘူး၊ သူတို့တွေဟာ ဒီလို အာရုံ တပ်မက်မှု တစ်ခု၊ စွဲထင်မှုတစ်ခု၊ မြှောက်ပင့်ခံရမှုတစ်ခု၊ ဘဝင်ခေါင်ခိုက်မှု တစ်ခုပေါ်မှာ သာယာယစ်မူးနေတတ်ကြသူတွေလည်း ဒုနဲ့ဒေးပဲ။

ခက်တာက စာရေးဆရာနဲ့ စာရေးဆရာပြင်ပက မိသားစု ဆက်ဆံရေးမှာ အတော်ခွကျတယ်။ သူတို့ကလည်း စာရေးဆရာကို အတွေးခေါင် သူလို့ မြင်တယ်။ စာရေးဆရာကလည်း သူတို့ကို နုံအ ဒုံးဝေးလွန်းသူလို့ မြင်တယ်။

တကယ်တော့ ပြေးနေသူနဲ့ ထိုင်နေသူ၊ ရွှေ့လျားနေသူနဲ့ ငြိမ်သက် နေသူ၊ စူးစမ်းလေ့လာသူနဲ့ မျက်စိမှိတ် နားပိတ်ထားသူ၊ သင်ယူလေ့လာ သူနဲ့ မသင်ကြား မလေ့လာသူ။ လူတော့လူ မတူမတူ… မတူရေးချ မတူကြပါလေ့။ စိတ်ပျက်အားလျော့ဖွယ်ရာပါ။

❖ ❖ ❖

*

Ambition! powerful source of good and ill.

ရည်မှန်းချက်ပန်းတိုင်ဆိုတာဟာ ကောင်းမှု၊ မကောင်း မှု နှစ်မျိုးစလုံး ဖြစ်ပေါ်ရာ စွမ်းအားရှိတဲ့ အရင်းအမြစ်ပဲ ဖြစ်ပါတယ်။

*

## မိမိအကျင့် သင့်–မသင့်

*မိမိ၏ အမူအကျင့် သင့်မသင့် တော်မတော်ကို နှိုင်းယှဉ်၍ ပြောဆို ဆုံးမတတ်သော ပညာရှိကို မြေကြီးခဲ မြှုပ်ထားသည့် ရွှေအိုးကို ထုတ်ဖော် ပြောကြားသူကဲ့သို့ သဘောထား ဆည်းကပ်ရာ၏။ အကျိုးများလေသည်။ ဘယ်အခါမျှ အကျိုးမဆုတ်ယုတ်နိုင်။ (ဗုဒ္ဓ)*

မိမိအထဲက ပြန်ထွက်လာတဲ့အခါ အထဲမှာ ဘယ်လိုနေရလဲ ဘာညာ မေးကြပါတယ်။

မိမိက အပြင်အောင်ခြင်းအပြင် အတွင်းအောင်ခြင်းကိုပါ အောင်မြင် ခဲ့ကြောင်း နောက်ပြောင်သလိုနဲ့ အတည်ပြောခဲ့ပါတယ်။ မနိုင်းအပ် မနှိုင်းရာ ပါဘဲ။ ဒါပေမယ့် တကယ် မိမိတို့ဘဝမှာလည်း အတွင်းနဲ့အပြင် အောင်မြင် နိုင်ဖို့ကတော့ တကယ့်ကို အရေးကြီးလှပါတယ်။

အပြင်အောင်ခြင်းဆိုတာကတော့ လူမှုပတ်ဝန်းကျင်နဲ့ သဟဇာတ ဖြစ်ရေးပါပဲ။ ရာသီဥတု၊ လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေး၊ စားသောက်နေထိုင် ပျော်ဝင် ဝင်ဆံ့နိုင်ရေး၊ လူတန်းစေ့ရေးပဲ ဖြစ်ပါတယ်။

အတွင်းအောင်ခြင်း ဆိုတာကတော့ လောကဓံတရားနဲ့ ရင်ဆိုင်ရတဲ့ အခါ စိတ်ပိုင်းဆိုင်ရာရဲ့ ဖိစီးနှိပ်စက်မှု အထုအထောင်း၊ လောကဓံရဲ့ အလိုမကျမှုကို ခုခံ တွန်းလှန်ခံနိုင်ရည်ရှိမှု ဆိုတာတွေပဲ ဖြစ်ပါတယ်။ ဒါဟာ အပြောလွယ်သလောက် လက်တွေ့မှာ မလွယ်ပါဘူး။ မိမိတို့ဟာ ရပ်တည် ထုထောင် ကျော်လွှား အောင်မြင်ဖြတ်သန်းသွားနိုင်ကြရမှာပဲ ဖြစ်ပါတယ်။

× × ×

**စိတ်ကိုနိုင်လျှင်**

*လောကၡ စိတ်တစ်ခုကိုသာ နိုင်နင်းအောင် ထိန်းသိမ်းနိုင်ပါလျှင် ဒုက္ခအားလုံးမှ လွတ်မြောက်နိုင်သည်။ (ဗုဒ္ဓ)*

**အပြင်အောင်ခြင်းရှစ်ပါးပါဠိ**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗာဟုံသဟဿ အဘိနိမ္မိတ သာဝုဓန္တံ
ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါမုနိန္ဒော
တံတေဇသာ ဘဝတု မေဇယမင်္ဂလဂ္ဂံ။

၂။ မာရာတိရေကံ အဘိယုဇ္ဈိတသဗ္ဗရတ္တိံ
ဃောရံပနာဠဝကမက္ခမထဒ္ဓယက္ခံ
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါမုနိန္ဒော
တံတေဇသာ ဘဝတုမေဇယမင်္ဂလဂ္ဂံ။

၃။ နာဠာဂိရိ ဂဇဝရံ အတိမတ္တဘူတံ
ဒါ ဝဂ္ဂိ စက္က မသနီ ဝ သုဒါရုဏန္တံ
မေတ္တမ္ဗု သေက ဝိဓိနာ ဇိတဝါမုနိန္ဒော
တံတေဇသာ ဘဝတုမေဇယမင်္ဂလဂ္ဂံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိ ဟတ္ထသုဒါရုဏန္တံ
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ
ဣဒ္ဓီဘိသင်္ခတမနော ဇိတဝါမုနိန္ဒော
တံတေဇသာ ဘဝတုမေဇယမင်္ဂလဂ္ဂံ။

၅။ ကတွာနကဋ္ဌမုဒရံ ဣဝဂဗ္ဘိနီယာ
စိဉ္စာယ ဒုဋ္ဌ ဝစနံ ဇနကာယမဇ္ဈေ
သန္တေန သောမ ဝိဓိနာ ဇိတဝါမုနိန္ဒော
တံတေဇသာ ဘဝတု မေဇယမင်္ဂလဂ္ဂံ။

၆။ သစ္စံ ဝိဟာယ အတိသစ္စကဝါဒကေတုံ
ဝါဒါ ဘိရောပိတ မနံ အတိအန္ဓဘူတံ

ပညာပဒီပ ဇလိတော ဓိတဝါမုနိန္ဒော
တံတေဇသာ ဘဝတုမေဇယမင်္ဂလဂ္ဂံ။
၇။ နန္ဒောပ နန္ဒိ ဘုဇဂံ ဝိဝိခံ မဟိဒ္ဓိံ
ပုတ္တေန ထေရ ဘုဇဂေနဒမာပယန္တော
ဣဒ္ဓူပဒေသ ဝိဓိနာ ဓိတဝါမုနိန္ဒော
တံတေဇသာ ဘဝတုမေဇယမင်္ဂလဂ္ဂံ။
၈။ ဒုဂ္ဂါဟဒိဋ္ဌိ ဘုဇဂေန သုဒဋ္ဌအတ္ထံ
ဗြဟ္မံသုတံ ဇုတိမဟိဒ္ဓိ ပကာဘိဓာနံ
ဉာဏာဂဒေန ဝိဓိနာ ဓိတဝါမုနိန္ဒော
တံတေဇသာ ဘဝတုမေဇယမင်္ဂလဂ္ဂံ။

## အပြင်အောင်ခြင်းရှစ်ပါးအနက်

၁။ ယောမုနိန္ဒော- အကြင်မြတ်စွာဘုရားသည်၊ ဂိရိမေခလံ ဂိရိမေခလာ အမည်ရှိသောဆင်ကို၊ ဥဒတံ- တက်စီးထသော၊ အဘိနိမ္မိ တသာဝုဓန္တံ-အလွန် ထက်ဆင်းအပ်သော လက်နက်နှင့်တကွဖြစ်သော၊ ဗဟဟုံ သဟဿံ- တစ်ထောင်သော လက်ရုံးရှိထသော၊ ဃောရံ- ကြမ်းတမ်းစွာ ထသော၊ သသေနမာရံ- စစ်သည်နှင့်တကွသော မာရ်နတ်သားကို၊ ဒါနာ ဒိဓမ္မဝိဓိနာ- ဒါနပါရမီ အစရှိသောတရားတည်းဟူသော အစီအရင်ဖြင့်၊ ဓိတဝါ- အောင်တော်မူလေပြီး၊ တံတေဇသာ- မာရ်နတ်သားကို အောင် တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ- အကျွန်ုပ် အား၊ အဂ္ဂံ- မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒော- အကြင်မြတ်စွာဘုရားသည်၊ မာရာတိရေကံ- မာရ်နတ်သားထက်အလွန်၊ သဗ္ဗရတ္တိံ- ညဉ့်သုံးယံပတ်လုံး၊ အဘိယုဇ္ဈိတံ- အလွန်စစ်ထိုးနိုင်ထသော၊ ဃောရံ- ကြောက်မက်ဖွယ်ရှိထသော၊ အက္ခမံ- သူတစ်ပါးတို့သည် သည်းခံနိုင်ခဲထသော၊ ထဒ္ဓံ- ကြမ်းတမ်းခက်မာစွာ ထသော၊ အာဠဝကံ- အာဠဝက အမည်ရှိသော၊ ယက္ခံ- ဘီလူးကို ကား၊ ခန္တီ သုဒန္တဝိဓိနာ- သည်းခံတော်မူခြင်း ကောင်းစွာ ယဉ်ကျေး

ခံတော်မူခြင်းတည်းဟူသော အစီအရင်ဖြင့်၊ ဇိတဝါ- အောင်တော်မူလေပြီ၊ တံတေဇသာ- အာဠာဝက ဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ- အကျွန်ုပ်အား၊ အဂ္ဂ- မြတ်သော၊ ဇယမင်္ဂလ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

၃။ ယောမုနိန္ဒော- အကြင်မြတ်စွာဘုရားသည်၊ ဒါဝဂ္ဂိ စက္ကမသနီဝ တောမီး-မိုးကြိုးစက်ကဲ့သို့၊ သုဒါရုဏန္တံ- အလွန်ကြမ်းကြုတ်ထစွာသော၊ နာဠာဂိရိံ- နာဠာဂီရိ အမည်ရှိသော၊ ဂဇဝရံ-မြတ်သောမင်းစီးဆင်ကို၊ မေတ္တမ္ဗုသေကဝိဓိနာ- မေတ္တာတော်ရေကို ဖျန်းခြင်းတည်းဟူသော အစီအရင်ဖြင့်၊ ဇိတဝါ- အောင်တော်မူလေပြီ၊ တံတေဇသာ- နာဠာဂီရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ- အကျွန်ုပ်အား၊ အဂ္ဂ- မြတ်သော၊ ဇယမင်္ဂလ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော- အကြင်မြတ်စွာဘုရားသည်၊ ဒုက္ခိတ္တ ခဂ္ဂ မဘိ ဟတ္ထသုဒါရုဏန္တံ- ချီအပ်သော သံလျက်လက် ရှိသည်ဖြစ်၍ အလွန်ကြမ်းကြုတ်စွာထသော၊ တိယောဇနပထ- သုံးယူဇနာရှိသော ခရီးကို၊ ဓာဝံ- တယ်ဟုန်တည်း ပြေးစွမ်းနိုင်ထသော၊ အင်္ဂုလိမာလဝန္တံ- လက်ညှိုးတည်းဟူသော ပန်းရှိသော သူခိုးကို၊ ဣဒ္ဓါဘိသင်္ခတမနော- တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍၊ ဇိတဝါ- အောင်တော်မူလေပြီ၊ တံတေဇသာ- အင်္ဂုလိမာလအမည်ရှိသော သူခိုးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

၅။ ယောမုနိန္ဒော- အကြင်မြတ်စွာဘုရားသည်၊ ကဋ္ဌံ- သစ်သားကို၊ ဂဗ္ဘိနိယံ- ကိုယ်ဝန်ဆောင်သော၊ ဒရံဣဝ- ဝမ်းကဲ့သို့၊ ကတွာန- ပြုလုပ်၍၊ ဇနကာယမဇ္ဈေ- တရားနာပရိသတ်ဖြစ်သော လူရဟန်းအပေါင်းတို့အလယ်၌၊ စိဉ္စာမဏ- စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမညစ်၏၊ ဒုဋ္ဌဝစနံ- စွပ်စွဲသောအားဖြင့် ပြက်ဆိုးသောစကားကို၊ သန္တေန- ငြိမ်သက်စွာထသော၊ သောမဝိဓိနာ- ဖြူစင်စွာသော အစီအရင်ဖြင့်၊ ဇိတဝါ- အောင်တော်

မူလေပြီ၊ တံတေဇသာ- စိဥ္စာမာဏဝိကာ အမည်ရှိသော မိန်းမညစ်၏ ဝှပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

၆။ ယောမုနိန္ဒော-အကြင်မြတ်စွာဘုရားသည်၊ သစ္စံ- မှန်သောစကားကို၊ ဝိဟာယ-စွန့်၍၊ အတိသစ္စကဝါဒကေတု- မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒတည်းဟူသော မှန်ကင်းရှိထသော၊ ဝါဒါဘိရောပိတမနံ- မိမိဝါဒဖြင့် သူတစ်ပါးတို့အား နှိမ်နင်းလိုသောစိတ်ရှိသော၊ အတိအန္ဓဘူတံ- အလွန်မိုက်လှစွာသော ကူဠဒန္တ အမည်ရှိသော ပစ္စကပရိဗိုဇ်ကို၊ ပညာပဒီပဇလိတော- ပညာတော်တည်းဟူသော ဆီမီးတန်ဆောင်ကို ထွန်းညှိတော်မူသည်ဖြစ်၍၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံတေဇသာ- ကူဠဒန္တ အမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

၇။ ယောမုနိန္ဒော-အကြင်မြတ်စွာဘုရားသည်၊ ဝိဝိဓ- အထူးထူးအပြားပြား ရှိသော၊ မဟိဒ္ဓိ- ကြီးသောတန်ခိုးရှိသော၊ နန္ဒောပနန္ဒဘုဇဂံ - နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို၊ ထေရဘုဇဂေန ကြီးမြတ်သော နဂါးမင်းဖြစ်တော်မူသော၊ ပုတ္တေန-သားတော် အရှင်မောဂ္ဂလ္လာန်ကို၊ ဒမာပယန္တော- အခိုးအလျှံကို ထွက်စေလျက်၊ ဣဒ္ဓူပဒေသ ဝိဓိနာ- တန်ခိုးတော်ဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေကို ပေးသော အစီအရင်ဖြင့်၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံတေဇသာ- နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

၈။ ယောမုနိန္ဒော- အကြင်မြတ်စွာဘုရားသည်၊ ဒုဂ္ဂါဟဒိဋ္ဌိ ဘုဇဂေန- မကောင်းသောအယူ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော မြွေသည်၊ ယုဒဋ္ဌဟတ္ထံ- ပြင်းစွာကိုက်အပ်သောလက်ရှိထသော၊ သုတ- ကျော်ဇောစွာ ထသော၊ ဇုတိမဟိဒ္ဓိ- တောက်ပသော ကြီးသော တန်ခိုးရှိထသော၊ ဗကာဘိဓာနံဗက

အမည်ရှိသော၊ ဖြဟ္မ- ဖြဟ္မာမင်းကို၊ ဉာဏ်ဂဒေန- ဉာဏ်တော်တည်းဟူသော အဆိပ်ကို ဖျောက်တတ်သောဆေးဟု ဆိုအပ်သော၊ ဝိဓိနာ အစီအရင်ဖြင့်၊ ဇိတဝါ- အောင်တော်မူလေပြီ၊ တံတေဇသော၊ ဗက- အမည်ရှိသော၊ ဖြဟ္မာမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု- ဖြစ်စေသတည်း။

**(အပြင်အောင်ခြင်းရှစ်ပါး အနက်ပြီး၏။)**

❖ ❖ ❖

Dare to do your duty always; this is the height of true valour.

သင့်ရဲ့တာဝန်ကို အစဉ်အမြဲ ရဲရဲရင့်ရင့်ဆောင်ရွက်ပါ။ ဒါဟာ အမြင့်မားဆုံးသော တကယ့်ရဲစွမ်းသတ္တိပဲ ဖြစ်ပေတယ်။

*

## မိမိကိုယ်ကို ဆုံးမဖို့ အခက်ဆုံး

*မိမိကိုယ်ကို ဆုံးမပြီးမှ သူတစ်ပါးကို ဆုံးမရမယ်။ လောကကြီးမှာ မိမိကိုယ်ကို ဆုံးမဖို့ဆိုတာ လွယ်သည်မဟုတ် အခက်ဆုံးအလုပ် ဖြစ်သည်။*

*(ဗုဒ္ဓ)*

### အတွင်းအောင်ခြင်းရှစ်ပါးဝါဠ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဝိဇ္ဇာ အဏ္ဍတော သမ္ဘိ သဏ္ဌေ တဏှာ-ဇလာဘုဇေ
တမှာဌာနာ နိက္ခမေသိ ဒေသနာ ဉာဏတေဇသာ
ဧတေန သံစ္စ ဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

၂။ မဟာ မောဟန္တ ကာရေန အဘိဘူတော၊ မဟာဇနေ
ပညာစက္ခုံ လဘာပေသိ ဉာဏာလောကေန သော ဇိနော
ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

၃။ ရာဂါဒိ အဂ္ဂိဇာလေဟိ ဍယှ ကာယံ မဟာဇနံ
နိဗ္ဗာပေသိ နုရ နာထော အဋ္ဌမဂ္ဂင်ဂ ဝါရိနာ
ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

၄။ စတုရောဂေဟိ ဝုယှန္တံ ဂမ္ဘီရေ သံသာရဏ္ဏဝေ
ဥတ္တာရေသိ မဟာဝီရော မဂ္ဂနာ ဝါယနာ ယကော
ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

၅။ သံသာရ ဓာရကံ လောကံနိဿံ ဒုက္ခေန ပိဋ္ဌိတံ
နိဗ္ဗာနံ ပုရံ ပါပေသိ ယာနတ္တံ ယောနိ သောဇီနော
ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

၆။ တဗ္ဗမုဒါဒိ သပ္ပေဟိ ဥဋ္ဌကာယံ မဟာဓနံ နိဗ္ဗာပေသိ အဟာဝီရော
နာထော တိလော ကပေဇေနော
ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

၇။ သံသာရ ဒုက္ခ ကန္တာရာ ကိလေသစေရံပိဋ္ဌိတံ
ခေမန္တ ဘူမိတာရေသိ သတ္တဝါ ဟောတိ နာယတော
ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

၈။ ပဉ္စသာလီသာဝသာနိ၊ ဥတ္တာလောကံ သဒေဝတံ ပိဝယိတွာ
ဓမ္မရသံ၊ နိဗ္ဗုတော သောဘသ ဘာဝကော
ဧတေန သစ္စ ဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

**အတွင်းအောင်ခြင်း ရှစ်ပါးအနက်**

၁။ အဝိဇ္ဇာ အဏ္ဍကောသမှိ-အဝိဇ္ဇာ တည်းဟူသော ဥခွံတွင်း၌ တဏှာဇလဗုဇေ- တဏှာတည်းဟူသော သားအိမ်၌ဖြစ်ကုန်သော၊ သတ္တေ- သတ္တဝါတို့ကို၊ ဒေသနာဉာဏတေဇသာ- ဒေသနာဉာဏ်တည်း ဟူသော တန်ခိုးဖြင့်၊ တမှာဥဒ္ဓရာ- ထိုအဝိဇ္ဇာဥခွံ တဏှာ သားအိမ်ရပ်မှ၊ ငိုက္ခာပေသိ- ထွက်မြောက်စေတော်မူပြီ၊ ဧတေန သမီဝဇ္ဇေန- ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာ သည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၂။ သောဇီနော- ထိုမြတ်စွာဘုရားသခင်၊ ဉာဏာလောကာန- ဉာဏ် တော်တည်းဟူသော အလင်းရောင်ဖြင့် မဟာမောဟသည်၊ အဘိတူတေ- အလွန်နှိပ်စက်အပ်ကုန်သော၊ မောဟန္ဓကာရေန- ကြီးစွာသော အမိုက်တည်း ဟူသော၊ မဟာဇနေသတ္တေ- များစွာကုန်သော သတ္တဝါတို့ကို၊ ပညာစက္ခုံ- ပညာတည်းဟူသော စက္ခုကို၊ လဘာပေသိ- ရစေတော်မူပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်စေသတည်း။

၃။ နဂနထော- လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိ အဂ္ဂိဇာလေဟိ- ရာဂ အစရှိသော မီးလျှံတို့ဖြင့်၊ ဍဍ္ဎကာယံ- မှုလောင်သောကိုယ်ရှိသော၊ မဟာဇနံ- များစွာသော သတ္တဝါတို့ကို၊ အဋ္ဌမဂ္ဂဝါရိနာ- မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ဖြင့်၊ နိဗ္ဗါပေသိ-ငြိမ်းတော်မူပြီး၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်း မင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၄။ မဟာဝီရော- ကြီးမြတ်သော လုံ့လရှိတော်မူသော၊ နာယကော- လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ဂမ္ဘီရေ- နက်စွာသော သံသာရဏ္ဏဝေ- သံသရာတည်းဟူသော သမုဒ္ဒရာ၌၊ စတုရော- လေးပါးသော ရေအယဉ်တို့ဖြင့်၊ ဝုယှန္တေ- မျောကုန်သော သတ္တဝါတို့ကို၊ ဓမ္မနာဝါယ- တရားတည်းဟူသော လှေဖြင့်၊ ဝုတ္တာရေမိ- ကယ်တင်တော်မူပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၅။ သောဘိနော- ထိုမြတ်စွာဘုရားသည်၊ သံသာရစာရကာ- သံသရာ၌ ကျင်လည်ထသော၊ ဒုက္ခေန ဇာတိ- အစရှိသော ဒုက္ခဖြင့်၊ နိစ္စံ- အမြဲ၊ ပိဠိတံ- နှိပ်စက်အပ်ထသော၊ လောကံ-လူ့အပေါင်းကို၊ ယာနတ္တယေန- မာန်သုံးပါးတို့၏ အပေါင်းဖြင့်၊ နိဗ္ဗာနပုရံ- နိဗ္ဗာန်ပြည်မြတ်သို့၊ ပါပယေသိ- ရောက်စေတော်မူပြီး၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့သော သစ္စာ စကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

၆။ မဟာဝီရော- ကြီးမြတ်သော ပညာရှိတော်မူထသော၊ တိလောကဝေဇ္ဇကော- လူသုံးပါးတို့၏ ဆေးသမားသဖွယ်ဖြစ်တော်မူထသော၊ နာထော - မြတ်စွာဘုရားသည်၊ ကဏ္ဍမုခါဒိ သံပွေဟိ- ကဏ္ဍမုခ အစရှိသော မြွေလေးစင်းတို့သည်၊ ဒဋ္ဌကာယံ- ကိုက်အပ်သောကိုယ်ရှိသော၊ မဟာဇနံ- များစွာသော သတ္တဝါကို၊ နိဗ္ဗာပေသိ- ငြိမ်းစေတော်မူပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်စေသတည်း။

၇။ သတ္တဝါယော- ယာဉ်မှူးသဖွယ်ဖြစ်တော်မူသော၊ ဝိနာယကော၊ သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် ကိလေသစေရပိဋ္ဌိတံ- ကိလေသာတည်းဟူသော ခိုးသူတို့သည် နှိပ်စက်အပ်သော သတ္တဝါအပေါင်းကို၊ သံသာရ ဒုက္ခကန္တာရာ- သံသရာဆင်းရဲ တည်းဟူသော ခရီးခဲမှ၊ ခေမန္တဘူမိ- ဘေးမရှိရာ နိဗ္ဗာန်သို့၊ တာရေသိ ပို့ဆောင်ထုတ်ချောက် ကူးမြောက်စေတော်မူပြီး၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်စေသတည်း။

၈။ သော - ထိုဆိုအပ်ခဲ့ပြီးသော ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ ပဉ္စကာလိဝသသာနိ- လေးဆယ့်ငါးဝါတို့ ပတ်လုံး၊ ဌတွာ- တည်တော်မူ၍၊ သဒေဝကံနတ်နှင့်တကွသော၊ လောကံ- လူအပေါင်းကို၊ ဓမ္မရသံ- တရားတည်းဟူသော အမြိုက်အရသာကို၊ ပိဝယိတွာ-သောက်စေတော်မူပြီး၍၊ သကာဝကော- တပည့်သားသံဃာတော် အပေါင်းနှင့်တကွ၊ နိဗ္ဗုတော- ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ဧတေန သစ္စဝဇ္ဇေန- ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်ခြင်းမင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

**(အတွင်းအောင်ခြင်း ရှစ်ပါး အနက်ပြီး၏။)**

မိမိတို့ဘဝမှာ ခံနိုင်ရည်ရှိ လုပ်ကိုင်မှ အောင်မြင်မှု ရကြမှာပဲ ဖြစ်ပါတယ်။

ခံနိုင်ရည် မရှိသူတွေဟာ ရှုံးသွားကြတယ်။ ဘဝပျက်သွားကြ တယ်။ သေသွားကြတယ်။ ခံနိုင်ရည်ရှိသူအဖို့မှာတော့ ဒါဟာ ရင့်ကျက် အောင်၊ စွမ်းဆောင်ရည်ရှိအောင် မြေတောင်မြှောက်ပေးမှုပဲ မဟုတ်ပါလား။

ဒါပေမဲ့ အလိုက်အထိုက်နဲ့ ဝန်နဲ့အား၊ မြားနဲ့လေးပမာ လိုက်ပါ ဆောင်ရွက်တတ်ဖို့တော့ လိုပါတယ်။

သတ္တဝါနဲ့ လက်နက်၊ တွက်ချက်ချိန်ဆ တုံ့ပြန်လုပ်တတ်ကြရမယ် ဆိုတာပါ။ ဒါမှသာ လောကအရေးမှာ ဗျူဟာမြောက် ထိရောက်စွာ စွမ်းဆောင်နိုင်ကြမှာ ဖြစ်ပါတယ်လေ။

❖ ❖ ❖

## ဖွက်ထဲမကျအောင်လုပ်

*ကိုယ်တိုင် ဗွက်ထဲမကျအောင် လုပ်ရမည်။ ကိုယ်တိုင် ရွံ့ဗွက်ထဲ မကျမှ သူတစ်ပါးကို ဗွက်ထဲက ဆွဲထုတ်နိုင်မည်၊ ကယ်တင်နိုင်မည်။*

*(ဗုဒ္ဓ)*

မိမိရဲ့ လူ့ဘဝ ထောင်အမှောင်ထဲရောက်ဘဝမှာ စိန့်မှုနာယူလော်ကီ သူတစ်ယောက် တွေ့ခဲ့ရတယ်။ ဦးခင်မောင်ဆန်း ဆိုတဲ့ လူပါ။ သူဟာ လူကြီးတစ်ယောက်အနေနဲ့ ဘယ်သူနဲ့ပဲ ဆက်ဆံတဲ့အခါမှာပဲဖြစ်ဖြစ် ဘယ်တော့မှ တစ်စက်သား အခက်ပြောပြချက်ကို ခေါင်းရှောင်လေ့ မရှိပါဘူး။

အမြဲ ရှေ့ဆောင် ဦးရွက်ပြုလျက်နဲ့ ရှိနေတတ်ပါတယ်။ ဘယ်တော့မှ၊ ဘယ်သူ့ကိုမှ သာစေ နာစေ မထား မရှိတတ်ပါဘူး။ အားလုံးကို အာတူ ညီမျှဖြစ်ဖို့ ကြိုးစားတတ်တယ်။ လိုအပ်နေတာကို အကူအညီပေးတတ် ပါတယ်။

သူဟာ ဘယ်ပြဿနာကိုမဆို ရင်ဆိုင်ဖို့၊ ဖြေရှင်းဖို့ ကြိုးစားနေတတ် တယ်။ ဘယ်တော့မှ ခေါင်းရှောင်ဖို့ မကြိုးစားတတ်ဘူး။ ပြီး ပါးနပ်မှု၊ ထိုးဖောက်မှုလည်း ရှိတယ်။ သဘောထားလည်း မှန်တယ်။

မိမိ သူ့ကို သဘောကျတယ်။ ရင်းနှီးဆွေးနွေး တိုင်ပင်ဖြစ်ခဲ့ကြတယ်။ လိုအပ်တဲ့အခါ သူ့ရဲ့ မစ ကူညီမှုကို ယူခဲ့ရတာ၊ ပီတိဖြစ်ခဲ့ရတာ ရှိတယ်။

နောက် ဦးဘချစ် ဆိုသူတစ်ဦးနဲ့လည်း ကြုံခဲ့ရတယ်။ သူ့ကိုလည်း လေးစားတယ်။ သူလည်း မိမိဆီက ဘာမှ မျှော်လင့်ချက် မထားဘဲ

ကူညီခဲ့တယ်။ အရေးကြီးဆုံး ၅-ည အချုပ်ခံ တိုက်ပိတ်ဘဝမှာ စားသောက်စရာကိစ္စတွေမှာ သူ့အဖို့ကို လုံးဝလျှော့ပြီး မိမိ့အသက်ရှင် စားသောက်ရေးကို ကူညီခဲ့တယ်။ ဒါအတွက် မျက်နှာတစ်ချက် မပျက်ဘဲ မိမိစိတ်ကို နွေးထွေး အေးမြစေခဲ့တယ်။

သူ့ရဲ့ အပြုအမူ အလေ့အထ အတက်အကြွတွေဟာ တကယ့် အတုယူစရာ စံနမူနာပါ။ အဲဒီတုန်းက မိမိဟာ တကယ့်ဒုက္ခဆိုမှ ဒုက္ခဝဲဂယက်မှာပါ။ ကမ်းမမြင် လမ်းမမြင်ဘဝမှာပါ…

မိမိ ဆောက်တည်ရာမရ ဖြစ်ခဲ့ရတယ်။ ဒီလောက်ထိလည်း မှန်းလည်း မထားခဲ့ဘူး။ ခံလည်းမခံခဲ့ဖူးတော့ မိမိ သဘောတရားပိုင်းမှာ အသိ ဘယ်လောက်ရှိရှိပါ လက်တွေ့ဘဝမှာ ဟန်ချက်မညီနိုင်ခဲ့ပါ။ မိခင်ကြီးနဲ့ ညီမလေးမိသားစုအတွက် ရတက်ပွေခဲ့ရတယ်။ ဒါကို အချို့က ကဲ့ရဲ့ကြတယ်။ တချို့ကတော့ ကရုဏာဒေါသောနဲ့ အားတင်းဖို့ ပြောကြတယ်။

လောကဘဝ အသိဉာဏ် အဆင့်အတန်း ဆိုတာလည်း ရှိသေးတာပဲလေ။ အားလုံးဟာ ဘယ်မှာ သာတူညီမျှ ဖြစ်နိုင်ကြမှာတုံး။ အဲဒီလို ကာလမှာ သူက မိမိကို ဥပမာ တစ်ခုစုပေးခဲ့ပါတယ်။ သူ့ဘဝ သူ့ဒုက္ခ အတွေ့အကြုံတွေကို တလှေကြီး ပြောဖြီးတဲ့အခါ…

"ခင်ဗျားသိထားရမှာက ဘဝဆိုတာ ရေတွင်းထဲကျတဲ့ လူလိုပဲဗျ။ ရေနစ်တဲ့အခါ ရေတွင်း ဘယ်လောက်နက်နက် နောက်ဆုံး အောက်ဆုံး မြေကြီးနဲ့ ခြေထောက်ထိတဲ့အခါ မြေကြီးကို ဆောင့်ကန်ပြီး လူဟာ ရေပေါ် ပြန် ပေါ်လာရတာပဲဗျ" ဘဝမှာ လက်တွေ့ဘဝထဲက သင်ခန်းစာခွန်အား ပေးသနားပြီးလည်း သူ ကူညီခဲ့တယ်။

နောက်တစ်ယောက်က ဝင်းထွဋ်၊ မိမိ့ထက် ငယ်တယ်။ ဒါပေမယ့် အပေါင်းအသင်းလည်း ဆန့်တယ်။ လူရည်လည်း လည်တယ်။ စိတ်ဓာတ်ကလည်း မာသလားမမေးနဲ့။ မိမိရဲ့ ယိမ်းယိုင်တုန့်လှုပ် ချောက်ချားမှုအပေါ်မှာ စိတ်ဓာတ် တစ်ချက် မပျက်မကွက် ထိန်းသိမ်းရှိန်းပင်း ကူညီခဲ့တယ်။

ဘဝထဲကလူ၊ လူထဲကဘဝတွေ မိမိဟာ သူတို့တွေကို စံနမူနာယူရင်းက ဘဝကို ရှင်သန်အားသစ်ခဲ့ရပါတယ်။ အသက်သခင် ကျေးဇူးရှင် ဆိုလည်း မမှားဘူး။ မိမိ ဒီစာရေးဖြစ်အောင် ဘဝတစ်ဖန် ရှင်သန်လာအောင်

ဒုတိယအသက်ကို စောင့်ရှောက် အသက်သွင်းလာခဲ့တဲ့သူတွေဆိုလည်း မမှားပါဘူး။

တကယ်က ဘဝဆိုတာ လှိုင်းပေါ်က လှေလား…

ဘဝဆိုတာ မီးပင်လယ်ထဲက ပဒုမ္မာဆိုတာလား…

ဘဝဆိုတာ မုန်တိုင်းဇာတ်ဖွဲ့ထဲက ပုံပြားပင်လေလား…

ဘဝဆိုတာ လှိုင်းလေပင်လယ်ပြင်ထဲက မားမတ်ထောင်နေတဲ့ ကျောက်ဆောင်လေးလား။

တကယ်တော့ အားလုံးဟာ အားကျစရာ၊ စံနမူနာနဲ့ ရုပ်တည် တော်လှန် စွမ်းမာန် ပြသနေကြသူတွေပဲ မဟုတ်ပါလား။

အားကျစရာ၊ ဘဝမှာ ဘာလဲ၊ လောကဘဟာ ဘာလဲ၊ ဘဝဟာ တစ်ကိုယ်တည်းနဲ့ပြီးရောလား၊ အဖော်သဟဲပါရင်ရော ဘယ်လိုလဲ။ မိမိဘဝ ထဲမှာ ညီမလေး မိရွှေစာပါ ပါခဲ့ပြီ၊ မိမိဟာ မိန်းမတွေနဲ့ ကင်းကွာခဲ့ပါ တယ်။ မိမိဆန္ဒ၊ မိမိဒုက္ခတွေကို ဘယ်သူ့မှ မျှဝေမပေးချင်ခဲ့လို့ပါ။ မိမိဘဝနဲ့ မိမိ ကံဆိုး ကံကောင်းစံ ဖန်တီးရင်း ရင်ဆိုင် ကျော်ဖြတ်ခဲ့ရတာလဲ မငြိမ်သေး လို့ပဲ ဆိုပါတော့။

ဒါပေမယ့် ခုတော့ မိမိဟာ လူတစ်ယောက်ဖြစ်တော့ကာ လူဆိုတာ လူ့မှုကိစ္စကတော့ ရှိတတ်ကြရတာပဲ။ မိမိလည်း ဘယ်လိုမှ ရှောင်လွှဲလို့ မရပါ။

ခုတော့ ကျရောက်လာခဲ့ရပါပြီ။ မိန်းကလေးတစ်ယောက်၊ အားနွဲ့တဲ့ သူပေပဲ၊ မိခင် ပြီးတော့ ညီမလေးဘဝ ရှင်သန်ရေး၊ ရုပ်တည်ရေး၊ သာရေး နာရေး လူမှုရေးတွေ…

ပြီးတော့ ဆန္ဒရှိသူကို မြေတောင်မြှောက်ပေးရမယ်။ မိမိနဲ့ လူမျိုးရေး အတွက်၊ ဒေသအတွက်၊ အမျိုးအတွက်၊ ဝိဇ္ဇာသိက္ခာအတွက်၊ မိသားစု အတွက်တာ ဒါ တာဝန်ပဲ။ ဒီတာဝန်ကို လက်ဆင့်ကမ်း ဝေရမယ်။ မိမိဟာ ဖယောင်းတိုင်ပမာ ဖြစ်သင့်တာပေါ့။

ဖယောင်းတိုင်ဟာ သူ့ဆီက ကူးယူပြန့်ပွား အလင်းရောင်ပေးသွား လို့ ရသလို သူကလည်း အလင်းရောင်ပေးဝေ အမှောင်ကို လင်းလက်စေ တယ်လေ။

သဘောတရားနဲ့လက်တွေ့ဘဝမှာ လက်တွေ့က သဘောတရား ထက် အဓိကကျတယ်။ ခုတော့ မိမိ လက်တွေ့လုပ်ဆောင်ခွင့်ရခဲ့ပြီ။ မိန်းမ သားတစ်ဦး၊ မိန်းကလေးတစ်ဦးဆီက လေ့လာစရာ၊ ပညာယူစရာ၊ ပြုစရာ၊ ပြင်စရာနဲ့ ပေးဆပ် စံနမူနာပြသူ၊ မိန်းမမြတ်ဘဝ ဖန်တီးထုဆစ်ရေးပါ။

ပြီး မိမိ ဘယ်လောက် စိတ်ရှည်မလဲ၊ ပြီး ဘယ်လောက် သည်းညည်းခံနိုင်မလဲ၊ ပြီး ဘယ်လောက်စွမ်းဆောင်နိုင်မလဲ။

ကဲ... လောကကြီးရေ...

စိန်ခေါ်ချက်တစ်ရပ်တော့ တိုးလာခဲ့ပါပြီ။ မိမိဟာ စိန်ခေါ်ရင် တိမ် ပေါ်အထိ လိုက်ချင်တဲ့လူပါ။ မကြောက်သင့်တာကိုပါ၊ ကြောက်တယ် ဆိုတဲ့ စကားလည်း မကြားလိုဘူး။ ဖြစ်သင့်တာကို မဖြစ်နိုင်ဘူးဆိုတာလည်း မပြောချင်ဘူး။ မပြောတတ်ဘူး။

မတတ်ဘူးဆိုတာလည်း သိပ်မခံချင်ဘူး။ တတ်အောင် ကြိုးစားချင် တယ်။

မရှိဘူး ဆိုတာလည်း မခံချင်ဘူး။ ရှိအောင် ကြိုးစားရမယ်။ ဒါတွေ ဟာ ဖြစ်ထွန်းရေးအတွက် စိန်ခေါ်ချက်တွေပဲ။

လောကကြီးဟာ စိန်ခေါ်ချက်တွေနဲ့ ပြည့်နှက်နေတာပဲ။

စိန်ခေါ်တာကို ကျော်လွှားနိုင်မှသာ သရဖူဆိုတာ ရယူပိုင်ဆိုင်နိုင် တတ်ကြတာပဲ မဟုတ်လား။

စိန်ခေါ်မှုဆိုတာ လူစွမ်းလူစရှိသူကိုမှ ခေါ်ယူယှဉ်ပြိုင် ရင်ဆိုင်တတ် ကြတာပဲ မဟုတ်လားဗျာ။

စိန်ခေါ်ပါတယ်။

လာစမ်းပါဟေ့ လောကဓံရေ။

❖ ❖ ❖

A society gets the criminals it deserves.

*Lancassage, Jean*

လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဟာ သူနဲ့ထိုက်တန်တဲ့

ရာဇဝတ်ကောင်တွေကို ရရှိမြဲပဲ ဖြစ်ပါတယ်။

*

## ကိုယ်ပြုကိုယ်ခံ

*မကောင်းမှုကို မိမိပြုမိလျှင် မိမိသာ ပူပင်ညစ်ညူးရသည်။ မကောင်းမှု မပြုမိလျှင် မိမိသည် စင်ကြယ် သန့်ရှင်းသည်။ မိမိစင်ကြယ်သည် မစင်ကြယ်သည်ကို မိမိကိုယ်တိုင်သာ သိသည်။*

*လူတစ်ယောက်က တစ်ယောက်ကို ကိလေသာအညစ်အကြေးမှ စင်ကြယ်အောင် ပြုလုပ်မပေးနိုင်။* (၄၃)

ညီမလေးနဲ့ ပတ်သက်ပြီး ခုတလော သူလုပ်နေတဲ့ ဗေဒင်မေးနတ်မေးတာ မိမိ မကြိုက်ဘူး၊ ယုံလည်း မယုံဘူး။ ကိုယ်လုပ်မှ ကိုယ်ဖြစ်တာပဲ မိမိယုံပါတယ်။

ဒါပေမယ့် စာရေးဆရာဖြစ်နေလေတော့ ဘယ်အကြောင်းအရာမဆို မိမိ စိတ်ဝင်စားရပါတယ်။ ဒါဟာ လောကအကြောင်းပဲ လူ့အကြောင်းပဲ။

မိမိတို့ဟာ လူဖြစ်တဲ့အတွက် လူမှုပတ်ဝန်းကျင်နဲ့ ကင်းကွာလို့ မရသလိုဘဲ လူမှုပတ်ဝန်းကျင်ကပဲ ပြန်လည် ပညာသင်ယူပြီး ဒီလောက လူမှုဘဝထဲ ဝင်ဆန့်အောင် ကြိုးစားကြရတာပဲ မဟုတ်လား။

မှတ်မှတ်ရရ ညီမလေးနဲ့ပတ်သက်ပြီး ပထမတစ်ချက် သတိထားမိတာက ညီမလေးဟာ ကွမ်းစားတယ်၊ မိမိက ကွမ်းလည်း မစားဘူး။ ဆေးလိပ်လည်း မသောက်ဘူး။ ဒါကြောင့် ဒါကို လုံးဝ မကြိုက်ဘူး၊ ဒီတော့ သွေးတိုးစမ်းတဲ့အနေနဲ့-

'ငါနဲ့နေရင် နင် ကွမ်းမစားရဘူး ကတိပေးရမယ်'

'ဟုတ်ကဲ့'

ညီမလေးက အလွယ်တကူပဲ ကတိပေးခဲ့တယ်။ မိမိ ဝမ်းသာသွားတယ်။ ဟုတ်တယ်လေ၊ ကွမ်းစားတာ ဘယ်လောက် အလုပ်ရှုပ်သလဲ။ တကယ်တော့ ကွမ်းစားတာဟာ ကာရိကထက များလှသနဲ့ အလုပ်မရှိတဲ့ လူတွေက အလုပ် မရှိရှိအောင် ရှာပြီး အလုပ်လုပ်ပြနေတာနဲ့ တူလှတယ်။ ဆေးလိပ်လည်း ဒီလိုပဲ။

မိမိအောင်ပွဲခံခဲ့တယ် ထင်ခဲ့တယ်။ ဒီလိုနဲ့ပဲ ကြာခဲ့တယ်။ မိမိ မိဘတွေ ရန်ကုန်ရောက်တော့မှ သူ ကွမ်းကို လျှို့ဝှက် ခိုးစားနေတာ မိမိ သိခဲ့ရတယ်။ သူ ကွမ်းခိုးစားနေခဲ့တယ်။ မိမိကို လိမ်ခဲ့တယ်။ ဒါပေမယ့် အယောဇဉ်ထားရသူ ဆိုတော့လည်း ပြုံးပြီး ခွင့်လွှတ်ခဲ့ရတယ်။

လွှစ်တံခါတ်နဲ့ အလေ့အကျင့် ဆိုတာလည်း ခက်တယ်။ ဆင်ကျိုးစားရာ ဆိတ်မခံသာ ဆိုတာမျိုး ဖြစ်တတ်တယ်။

မိမိဟာ နံရံရဲ့အခြားတစ်ဖက် ထောင်အမှောင်ကမ္ဘာထဲမှာ နေခဲ့ရတုန်းက ကြိုးစား စာသင်ခဲ့တယ်။ အဲဒီမှာ မိမိထက်ငယ်တဲ့ ဆရာတစ်ယောက်က စကားဆိုခဲ့တယ်။

"ကျွန်တော် စာသင်ပေးခဲ့တာ အများကြီး ဘယ်သူမှ စာကို သင့်ခန်းစာ ကုန်အောင် မသင်ကြဘူး။ အစ်ကိုတစ်ယောက်ပဲ သင်ခန်းစာကုန်အောင် စွဲစွဲမြဲမြဲ သင်တာရှိတယ်"

ပြီးတော့ သူက ဆက်ပြောတယ်။

"အောင်မြင်တဲ့လူတစ်ယောက် ဆိုတာ အောင်မြင်လောက်တဲ့ အလေ့အကျင့်ရှိကြတယ်။ ဒါကို သိသူနည်းတယ်။ လူတိုင်း ဒီလိုမလုပ်နိုင်လို့ ဒီလိုမဖြစ်ကြတာဘဲ"

သူသုံးသပ်ပြခဲ့တယ်။ မိမိဟာလည်း ဒီလိုပဲ၊ တစ်ဖက်သားကို ဖွတ်ဖိဖွတ်ကြမ်းတိုက်သလို ဖြစ်သွားမှာစိုးပါတယ်။

ဘာမန်လူဟာ သာမန်လိုပဲ နေကြပါတယ်။ ခေတ်ကာလကလည်း အာဏာပါဝါခေတ်လည်း မဟုတ်တော့ စည်းလုံးသိမ်းသွင်းပျော့ပျောင်း ငြင်သာကိုင်တွယ်ရတဲ့ ဒီမိုကရက်ခေတ်မှာ ပျော့ပျောင်းညင်သာနည်းကိုပဲ မိမိက ကြိုက်လှပါတယ်။

အကြမ်းဖက်တာလည်း မကောင်းပါ။ အနိုင်ကျင့် ဗိုလ်ကျတာလည်း မကောင်းပါ။

စည်းရုံးပြ၊ စံနမူနာလုပ်ပြ၊ ပညာပေး လုပ်ဆောင်စေတာကပဲ ကောင်းကြတာပဲ မဟုတ်ပါလား။

ဒီမိုကရက်တ်နိုင်ငံတွေက အမတ်တွေမှာ လူထုကြားမှာ လူထုအကျိုးလူထုကို အလုပ်အကျွေးပြုတာ လုပ်ကိုင်နေကြတာပဲ မဟုတ်လား။ မိမိလည်း ကမ္ဘာ့ရွာမှာ ကမ္ဘာ့ရွာသား၊ ပျော့ပျောင်းနူးညံ့ စည်းရုံးသိမ်းသွင်းရေးသမား၊ အနုပညာသမား၊ ပညာပေးသမားပဲ ဖြစ်လိုတယ်ပဲ မဟုတ်ပါလား။ ဒါပေမယ့် ခုလက်တွေ့မှာတော့ လျှော့လွန်းရင် ပတ်တဲ့ မိမိရဲ့ ပျော့ပျောင်းမှုက ကိုယ့်ရှူးကိုယ်ပတ် ဖြစ်ခဲ့ရပြီလား။

မိမိရဲ့ ပျော့ပျောင်းမှုက မိမိ အရှုံးပေးခဲ့ရပြီလား။ မိမိ ပျော့ပျောင်းမှုက မိမိ သစ္စာ အဖောက်ခံခဲ့ရပြီလား။ မိမိပျော့ပျောင်းမှုက မိမိ သိက္ခာ အဖတ်ဆယ် မရနေတော့ပြီလား။ တွေးတောရင်တော့ မကျေနပ်စရာပါ၊ တကယ်တော့ မိမိဟာ ငါပြောသလိုလုပ် ငါလုပ်သလို မလုပ်နဲ့ ဆိုတဲ့အထဲမှာ ဘယ်တုန်းကမှ ဝင်မပါဖို့ ကျင့်ကြံခဲ့သူပါပဲ။ ခုတော့ မိမိ ခံလိုက်ရပါပြီ။ သိလိုက်ရတော့တယ်၊ ထားတော့။ ဒါပေမယ့် မိမိ 'ဟဲဟဲ' လုပ်ခါ နားလည်ခွင့်လွှတ်ပေးလိုက်ပါတယ်။

ဟုတ်တယ်လေ ဝေရတ်ခေါင်ကို ကျော်ဖို့ ကြိုးစားသူတစ်ယောက်၊ ကုန်းကမူ ခင်တန်းကလေးလောက်မှ မကျော်ချင်သူ ဘယ်လိုလုပ် ဖြတ်သန်းမှု တူမှာလဲ။

မိမိ နားလည်ခွင့်လွှတ်လိုက်ပါတယ်။ ဟုတ်တယ်အစွန်းရောက်တာ မကောင်းပါ။ မိမိတို့ စာပေသမားအများစုဟာ အများစုကြားမှာ အစွန်းရောက်သမားတွေ ဖြစ်နေတတ်ကြပါတယ်။ အဲဒါဟာ အဲဒီ သိချင် တတ်ချင် ဖြစ်ချင်တဲ့ ဇောဆိုတဲ့ ဇောကြောင့်ပါ။ တခြား မဟုတ်မခံစိတ်ကိစ္စတွေလည်း အများကြီးပါ။

အဲဒါတွေဟာ အဲဒီ သိချင် တတ်ချင် ဖြစ်ချင်တဲ့ ဇောဆိုတဲ့ ဇောကြောင့်ပါ။ တခြားကိစ္စတွေလည်း အများကြီးပါ။ အဲဒါတွေဟာ အဲဒီဇော၊ အဲဒီလှုံ့လ ဝီရိယတွေကြောင့်ပါ။ အဲဒီ အခါမှာ အများကြား၊ မိသားစုကြားမှာ အစွန်းရောက်၊ ဘာညာပြောလာ ဖြစ်လာတတ်ကြပါတော့တယ်။

ဒါကြောင့် တတ်နိုင်သမျှ မိမိ အစွန်းရောက်သမားအဖြစ်ကို မိမိမခံလိုခဲ့ပါ။ အများစုက အစွန်းဆိုတာ လက်ဝဲစွန်း အကြမ်းဖက်မှုကို ဆိုလိုကြပါတယ်။

မိမိဟာ ဒါကို တော်လှန်ပြောင်းလဲပြစ်တဲ့အခါ၊ လျှော့လွန်းရင် ပတ်တဲ့လက်ျာစွန်းကို ကျွမ်းထိုးကျရောက်ခဲ့ရပြီလား။ လက်ယာစွန်းထဲကိုပဲ ပြန်ရောက်လို့နေခဲ့ပြန်ပြီလား။ စဉ်းစားဆင်ခြင်ရင်း ရင်မောရတယ်လေ။

တကယ်တော့ လောကအကြိုက်၊ လူအကြိုက် ဆိုတာ မလွယ်ပါ။ လူ့စရိုက် လူ့သဘာဝကို လက်တွေ့ပြုကျင့် ကိုင်တွယ်ရတာ သာတောင် မလွယ်သေးပါလား ဆိုတာပါလေ။

❖ ❖ ❖

Every nations concept of jestice to the individual is at the heart of its civilization

*Bedford, Syblic*

အဘယ်နိုင်ငံပဲဖြစ်ဖြစ် လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ်ထားရှိတဲ့ တရားမျှတတဲ့ အမြင်ဝါဒဟာ အဲဒီနိုင်ငံအသီးသီးရဲ့ ယဉ်ကျေးမှုနှလုံးသားဇစ်မြစ်မှာ ကိန်းအောင်းလျက်သာပဲ ဖြစ်ပါတယ်။

*

## ဒီလိုစိတ်မျိုးမွေးပါ

*သူတစ်ပါးတွေ ညှဉ်းဆဲမည့်နေရာမှာ ငါတို့က မညှဉ်းဆဲဖြစ်အောင် ကြဉ်ရှောင်ရမည်။ ဒီလို စိတ်မျိုးမွေးထားရမည်။ (ဗုဒ္ဓ- သလ္လေခသုတ်)*

"အစ်ကိုကြီး ညီမလေးက သိုက်ကလာတယ်ပြောတယ်။ အဲဒါ မြောက်ဦးဘက်က ရှေးဟောင်းရတနာသိုက်ကလို့ ပြောတယ်"

စကားဖော်ဖော်ရွှေရွှေပြောခဲ့တဲ့ ညီမလေးဟာ ထုံးစံအတိုင်း သူ ေကာင်းစရာရှိတဲ့အခါ၊ လိုချင်တာရှိတဲ့အခါမှာ ဒီလိုပဲ စကားစရှာ ပြောတတ်ပါတယ်။

"ဟုတ်လား"

"ဒါကြောင့် အသက်လေးဆယ်ပြည့်ရင် သိုက်ကပြန်ခေါ်မယ်ပြော လို့ ပွဲထိုးရမယ်ပြောတယ်၊ ဆရာက အသက်ဆက်ပေးမယ် ပြောတယ်"

"ဟုတ်လား"

"နောက်ပြီးတော့ အဲဒီဘက်ကို ဘယ်တော့မှ ဘုရားဖူးတို့ ဘာတို့ ပေါ့နော်၊ ယောင်မှားလို့မှ မသွားမိဖို့လည်း ပြောပါတယ်။ သွားမိရင် အသက်နဲ့ ကိုယ် အိုးစားကွဲမယ်တဲ့ ပြောပါတယ်"

"ဟုတ်လား"

"ပြီးတော့ အစ်ကိုကြီး ညီမလေးနဲ့ နေရတာ ကံကောင်းတယ်တဲ့၊ ညီမလေးဟာ ဘယ်တော့မှ မဆင်းရဲဘူး နောက်ပြီးတော့ အန္တရာယ် တစ်စုံ တစ်ရာလည်း မကျရောက်နိုင်ဘူးတဲ့၊ အမြဲအစောင့်အရှောက်ရှိတယ်တဲ့"

"ဟုတ်လား"

"ပြီးတော့ အစ်ကိုကြီးနဲ့ ညီမလေးတို့ဟာ ဟိုဘဝကတည်းက မောင်နှမတဲ့၊ ဒါကြောင့် ဒီလိုချစ်ကြတာလို့ ပြောတယ် အစ်ကိုကြီးရဲ့"

"ဟုတ်လား၊ အဲဒီသိုက်ဇာတ်ထဲမှာ ငါပါ အဆစ်ပါနေလို့လား"

"အစ်ကိုကြီးက အကြောင်းပြောရင် နောက်ပြီ။ ဒီက တကယ်ပြော မလို့ဟာ"

"ဒါဖြင့် ဆက်ပြောဗျာ"

"အစ်ကိုကြီးလည်း သိုက်ကလာတာတဲ့။ ပြီးတော့ အစ်ကိုကြီးက ညီမလေးကို စောင့်ရှောက်ဖို့လာရတာ၊ ဒါကြောင့် အိမ်ထောင်မပြုဘာမပြု နေရတာ နေနိုင်တာပေါ့"

"အင်း.... အင်း"

"ပြီးတော့ အစ်ကိုကြီးမျက်လုံးက ဘယ်သူနဲ့မှ မတူဘူး။ ထူးခြား ပြီး စူးရှတယ်၊ ရယ်ရင် လှတယ်၊ ဒါဟာ အစ်ကိုကြီးရဲ့ ထူးခြားချက်ပဲ"

"မြှောက်ပြီ ချွေးမလေး"

မိမိ ညီမလေးကို အတူးချစ်ပါတယ်။ မိမိငယ်စဉ်က ညီမလေးကို မိခင်ကြီး ကိုယ်ဝန်ရှိစဉ်မှာ မိန်းမနဲ့ပတ်သက်ပြီး လူငယ်သဘာဝ မိန်းမတစ်ဦးနဲ့ ပြဿနာဖြစ်ခဲ့ဖူးတယ်။

မိမိတို့ မိသားစု ညီအစ်ကိုသုံးယောက်ကြားမှာ အထွေးဆုံး ညီမလေး မွေးဖွားလာခဲ့တယ်။ ချစ်လိုက်ကြတာ တုန်လို့ပဲ။

မိမိဟာ ညီမလေးမွေးကတည်းက အားလုံးရဲ့ မိန်းမတွေကို မိမိ ညီမလေးလိုပဲ မိန်းကလေးတွေကိုပဲ မြင်ရင်း ဆောင်နမစိတ်တွေပဲ ထားဖြစ် ခဲ့တယ်။ ချစ်မိရင်လည်း သံယောဇဉ် မေတ္တာလောက်ပဲ ထားဖြစ်ခဲ့တယ်။ ဒီထက် မပိုဖို့ ကြိုးစားထိန်းသိမ်းခဲ့တယ်။ မိန်းမသားဖြစ်တဲ့ ညီမလေးကို ကိုယ်ချင်းစာနာတာကြောင့်ပါပဲ။

မှတ်မိသလောက် ညီမလေးမွေးတဲ့နှစ်မှာ မိမိတို့ရဲ့ လယ်တွေ ချောင်း တွေ အကုန်ကိုးပေါက်ကုန်တယ်။ တာတွေ ကျိုးကုန်တယ်။ မိမိတို့ ဒေသမှာ က မျှားသောအားဖြင့် တောင်ကျချောင်းကို တားဆည်ထားရတဲ့ ဆည်တွေ မို့ မိုးရေကြီးရင် ဒီလိုပဲ ကန်သင်းကျိုးတာတွေ ဖြစ်တတ်ပါတယ်။

ဒီလိုနဲ့ မိမိလည်း မိမိငယ်စဉ်က သူပုန်လုပ်မယ် ရည်ရွယ်ချက်နဲ့ မိမိ အိမ်က ထွက်ခွာလာဖြစ်ခဲ့တယ်။ ဒီကြားမှာ အိမ်ကို နှစ်ခေါက်ရောက် ခဲ့တယ်။ ပထမ တစ်ခေါက်မှာ တစ်နှစ်ကျော် ဖြစ်နေတဲ့ ညီမလေးက

မိမိရဲ့ မိခင်ကြီးရဲ့ ထမီကို ဆွဲပြီး မိမိကိုလာကြိုနေတာ မှတ်မိနေတယ်။ မိမိချစ်လိုက်ရတာ၊ မိမိနဲ့ ရုပ်ချင်းလည်း ဆင်လိုက်တာ။

ပြီး မိမိသွားလေရာ တကောက်ကောက် လိုက်ပါနေခဲ့တယ်။ မိမိနဲ့ ရုပ်ချင်းလည်း ဆင်တူလှတယ်။ ပြီးတော့ အကြီးဆုံးနဲ့ အငယ်ဆုံးမို့ အချစ်ကြဆုံးတွေ။ နောက်တစ်ခေါက်မှာတော့ ညီမလေးဟာ ကျောင်းနေနေခဲ့ပြီ။ ကတတ် ခုန်တတ် ကစားတတ်နေပြီး၊ ညီမလေး ပညာတတ်ဖို့၊ လူလား မြောက်ဖို့၊ အနှစ်နာခံဖို့၊ အနာဂတ်အရေးတွေးရင်း မိသားစုတွေ ပျော်ခဲ့ကြတယ်။

အဲဒီနောက်မှာ မိသားစု တောကနေ မြို့ပေါ် ပြောင်းခဲ့ကြရတယ်။ အဲဒီမှာ ညီမလေးဟာ စာမေးပွဲကျ၊ အိမ်ထောင်ကျ ဖြစ်ရတယ်။ မိမိ စိတ်မကောင်းဖြစ်ရတယ်။ အဲဒီက မိမိရှိရာ ရန်ကုန်ရောက်၊ ကလေးမွေး၊ တစ်ခါ နေရပ်အိမ်ပြန်။ အဲဒီတော့ ကလေးကို မိမိတို့ မိဘဆီထားခဲ့ပြီး ခု ရန်ကုန် ပြန်ရောက်လာ။ ညီမလေးဟာ လင်သားတကွဲ သမီးတကွဲနဲ့ ညီမလေးဘဝ သနားစရာပဲ။ မိမိလည်း မူလ သူပုန်ဘဝမှန်းရာက လူ့အတွေးအခေါ်တွေ ပြောင်းပုန်မှုတရုတ်က လူ့ရှုန်းကို သာဓကယူပြီး စာရေးဆရာ ဘဝ ရောက်ခဲ့ရတယ်။ ပြီး ချစ်ရတဲ့ မိသားစုရဲ့တာဝန် ကိုယ့်မိသားစု ကိုယ့်လူမျိုးဂုဏ်မငယ်ရေးတွေ ပြီးတော့ တာဝန်တွေ တာဝန်တွေ...

ဒါတွေအတွက်ကို မိမိ ပျိုးထောင် ကစားခဲ့ရတယ်။ လှုပ်ရှားခဲ့ရတယ်။ ခုတော့ ညီမလေးက သူ့ကိုယ်သူ အပျိုရွယ်လို ဖြစ်နေခဲ့တယ်။ မြို့ကြီးရန်ကုန်မှာ အသိစုံ အသံစုံဘဝ တကယ်တော့ သားသည်မိခင်ပါ။ ဟိုမှာကလေးကို မိမိရဲ့ အဖေအမေတွေက စောင့်ရှောက်ထားရတယ်။ ခု သူ့ကို မိမိက စောင့်ရှောက်ထားရတယ်ပဲ မဟုတ်ပါလား။

မိမိဖြစ်စေချင်တာက မိမိဟာ လှေကားဆိုရင် သူတို့က မိမိကို နင်းတက်သွားကြဖို့ပါပဲ။ ဒါပေမယ့် သူတို့ဟာ မိမိရဲ့ လှေကားပေါ်မှာ တက်လိုက်ဆင်းလိုက်နဲ့ ပျော်ပါးနေကြတော့တယ်။ ပျော်ပါစေလေ။ မိမိ ကျေနပ်ပါတယ်။ ဝမ်းသာပါတယ်ပဲ။

လူငယ်ဘဝ၊ အပျိုဘဝ၊ မေတ္တာတရားဆုံးရှုံး၊ လင်ကွဲသားကွဲ၊ ဆုံးရှုံးခံရမှုဘဝ၊ ခုတော့ အစ်ကိုကြီး အဖအရာ မိမိဘဝထဲမှာ ပျော်ပါစေလေ။ မိမိ ပေးဆပ် ကျေနပ်မိရပါတယ်လေ။

ညီမလေးက စကားဆက်ခဲ့ပြန်တယ်။

"ခုလို ညီမကို မပြောပါနဲ့။ လူလူချင်းတောင်မှပဲ ချို့ငဲ့သူ၊ နိမ့်ပါးသူ၊ ဆင်းရဲသူ၊ အားနည်းသူကို ကူညီပေးကမ်းကြရတာပဲ မဟုတ်လား။ ပြီးတော့ ဆရာဦးမြ သန်းက ညီမကို ချမ်းသာအောင် လုပ်ပေးမယ် ပြောတယ်။ သူ့ကို ကျေးဇူးမမေ့ရဘူးလည်း ပြောတယ် အစ်ကိုကြီးရဲ့"

"ဟုတ်လား အဲဒီဆရာက ဘယ်လိုလုပ်ပေးမှာတဲ့လဲ"

"ပြောတာတွေတော့ အများကြီးပဲ၊ ယွတြာချေတာလည်း ပါတယ်။ အဆောင်ပဏ္ဏာတွေ၊ ဆေးဖယောင်းတိုင်ထွန်းတာတွေလည်း ပါတယ်။ ပြီးတော့ ပွဲထိုးတာတွေလည်း ပါတယ်။ အများကြီးပဲ"

"ဟုတ်လား"

ဒီလိုနဲ့ မိမိက တအားကြီးစား။ ပြီးတော့ ညီမလေးက တစ်နေ့တခြား ပွဲလမ်းသဘင်တွေ များလာခဲ့တော့တယ်။ အဝတ်အစားတွေ ငွေတွေ တောင်းတာ များလာတယ်။ သူဟာ ပခုံးဆား ဖြစ်လာတယ်။ အပေါင်းအသင်း များလာ တယ်။ မိမိဟာ ခုတော့ အဖြည့်ခံသက်သက် ဖြစ်လာခဲ့တော့တယ်။ ငွေးစာခံ သက်သက်ဖြစ်လာခဲ့တော့တယ်။ အတိုင်ပင်ခံ မဟုတ်တော့။

အိမ်ကိုလာတဲ့ လူတွေက မိမိနဲ့ သိပ်မပတ်သက်ချင်ကြသလို ဖြစ်လာလို့ နေတယ်။

သန့်သန့်ရွှေက ညီမလေးနဲ့ ခါတိုင်းက ပြိုင်ဘက်။ ဒါမှမဟုတ်ဘဲ မိန်းမစရိုက်သဘာဝအရ အတင်းချပြောဆို ဖြောဉာတ်မှုတွေ၊ ခုတော့ ပျောက်ခဲ့သလောက်ပဲ။ သူတို့နှစ်ယောက်ကြားမှာ တိုးတိုးတိတ်တိတ်နဲ့ ကျိတ်ကျိတ် ကျိတ်နိုင်လှတော့တယ်။ အဖွင့်အပိတ် ညီလှတော့တယ်။ မိန်းမသားတွေချင်းရဲ့ ဆက်ဆံရေးက ပတ်ဝန်းကျင်မှာ သူတို့ချင်း မတည့်ရင်လည်း အေးလူမလွယ်ဘူး။ ရန်ဖြစ်တယ် နားညည်းတယ်။ တည့်ရင်လည်း အရင်းခံလူကို လှည့်စားလိမ်ညာ ညစ်ပတ်တတ်ကြတယ်ပဲ မဟုတ်ပါလား။

ထားတော့၊ သံယောဇဉ်ဆိုတာ အရှုံးပေးရတာယ်။ ရည်မှန်းချက်အတိုင်း အဆမှာလည်း သူ့အထွာနဲ့သူ ဆိုတော့ သူ့မှာ ကြီးမားတဲ့ရည်မှန်းချက်လည်း မရှိခဲ့ဘူး။ ရည်ရွယ်ချက်လည်း မရှိဘူး။ ကြီးမားတဲ့ ဝါသနာလည်း မရှိဘူးဆိုတာ မိမိ သိလာရတော့ သူ့သဘာဝနဲ့သူသာ ရှိပါစေတော့။

မိမိကို မကူညီရင်နေ၊ မနှောင့်ယှက်ရင် တော်ပြီ သဘောထားခဲ့တယ်။ ဒီအားနည်းချက်ကို ဘေးလူ မသိစေဖို့၊ ပြီး ပတ်ဝန်းကျင်မှာ မိမိတို့ချင်း အကျယ်အကျယ်မဖြစ်ဖို့လောက်ဘဲ သဘောထားခဲ့တော့တယ်။ ပြီးတော့ စာရေးဆရာအဖို့ လက်ဆောင်အဖြစ် ရေးစရာ ကုန်ကြမ်းလောက်ရရင်ပဲ တော်ပါပြီလေ သဘောထားခဲ့တယ်။

တကယ်တော့ လောကဟာ ယူတတ်ရင် လေ့လာစရာ သင်ယူစရာတွေချည်းပဲ မဟုတ်ပါလားလေ။ လာချင်တာတွေ လာစမ်းစေ...

❖ ❖ ❖

*

A wise man will make more opportunities than he finds.

*Francis Bacon*
*(1561-1626)*

လိမ္မာတဲ့ ပုဂ္ဂိုလ်ဟာ မိမိတွေ့ရှိထားတဲ့ အခွင့်အလမ်းတွေထက် ပိုပြီးအခွင့်အလမ်းတွေ ပေါ်ထွန်းအောင် လုပ်ဆောင်ပေးပါတယ်။

*

## ဒီလိုလူမျိုး

*လှုံ့လအလည်းရှိ သတိကလည်း ကောင်း အပြစ်ကင်းတဲ့အလုပ်ကိုလဲ လုပ် အရာရာ ဉာဏ်နှင့်ဆင်ခြင်လေ့လည်း ရှိတယ်။ ကိုယ်နှုတ်စိတ်ကိုလည်း စောင့်စည်းတယ်။ တရားသဖြင့် အသက်လည်း မွေးတယ်၊ မမေ့မလျော့ဘူး။ အဲဒီလူတွေဟာ ရာထူး၊ ဂုဏ်သိမ် စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာ အမြဲမြဲတိုးသည် တစ်နေ့တခြား ဒီရေအလားကဲ့သို့ အလွန်တိုးပွားလေသည်။* (၄၃)

မိမိဟာ မှန်ကန်တဲ့မာန ရှိတယ်။ ဘယ်သူ့ကိုမှလည်း အားမကိုးတတ်ဖူး။ အားကိုးလို့လည်း မရခဲ့ဘူး။ ဒီတော့ ကြိုးစားရတယ်။ နည်းလမ်းရှာရတယ်။ အိမ်ဝယ်မယ် မိဘတွေနဲ့ အတူနေမယ်။ အိမ်ငှားဘဝနဲ့ နေရတာအောက်တန်းကျလှတယ်။ ရှုန်းကန်မယ်။ မိမိ ကြိုးစားတယ်။ မိဘကျေးဇူးဆပ်မယ်။

ဒီကြားထဲမှာ ညီမလေးရဲ့ ဗေဒင်ယတြာအစွဲတွေ၊ အထက်လမ်းအောက်လမ်း အစွဲတွေလည်း အတော်နဲ့စပ်ပြည့်စုံနေပြီပဲ။

ရန်ကုန်က လူလတ်တန်းစားတွေရဲ့ အကျင့်တွေ အတော်တတ်ပွန်နေခဲ့ပြီပဲ။

ဒီလောကမှာ မိန်းမတွေက ယောကျ်ား မယားငယ်မနေဖို့၊ အငယ်တွေက အကြီးကို ကျော်ဖို့၊ အတူနေသူတွေက နောက်လူနောက် ပါမသွားဖို့၊ ရာထူးတိုးဖို့၊ ဥစ္စာရဖို့၊ ပြီး နှစ်လုံး၊ သုံးလုံး၊ ပြီး နေ့ချင်းညချင်း တိုက်နဲ့တာနဲ့

ဖြစ်ဖို့၊ ဥစ္စာပေါ ရုပ်ချော ကိုယ့်ကြိုက်သူနဲ့ရဖို့ ဘာညာတွေ စုံနေတော့တယ်။

"ဗေဒင်ဘာညာ ဆိုတာ အဓိက ဘဝမှာ အဓိက မကျလှပါဘူးကွာ၊ ပုံသေကားချမှတ်လို့ မရတဲ့ဟာတွေပါ ... မဲ"

"အစ်ကိုကြီးမှ မသိတာ၊ တချို့က ဒီဆရာနဲ့ ကြီးပွားသွားကြတာ အပုံကြီးပဲ"

"ဟုတ်လား သူတို့ရဲ့ ကုသိုလ်ကံကော မပါလို့လား"

"တချို့လည်း အဲဒီအကြားအမြင် ဆရာကြောင့်ပဲ ကြီးပွားသွားကြတာ အစ်ကိုကြီးရဲ့။ တိုက်တွေမှ ဟီးလို့၊ ကားတွေမှ သန့်လို့၊ ညီမလေးကိုလည်း အဲသလို လုပ်ပေးမယ် ပြောတာယ်။ ကန်တော့လိုက်ကြတာလည်း မနည်းမနောဘဲ"

တကယ်တော့လည်း ခုနေမှာ ညီမလေးဟာ သူ့သဘောသူဆောင်နေခဲ့လေပြီလေ။ ရောင်တော်မြန်နဲ့ ရောလွတ်နေခဲ့ပြီပဲ။

မိမိ စည်းရုံးတာ မပါနိုင်ခဲ့ပါ။ မလိုက်နိုင်ခဲ့ပါ။ လေဖမ်း ဒန်းစီးကမ္ဘာ၊ အလုပ်မရှိ အလုပ်ရှာကမ္ဘာ၊ လူဘော်ကြော့တွေကမ္ဘာ၊ အနှစ်မဲ့ကမ္ဘာကို ရောက်နေခဲ့ပါပြီကော။

ခု သီရသလောက်က လူတစ်ယောက်နဲ့ မတည့်ရင်လည်း ဟိုဆရာဆီသွား ဒီဆရာဆီသွားကြ ပိုက်ဆံကုန်။

လူတစ်ယောက်ကို ကြိုက်မိရင်လည်း ဟိုဆရာဆီသွား ဒီဆရာဆီသွားကြ ပိုက်ဆံကုန်။ ကိုယ့်စွမ်းကိုယ့်အားမပါတော့။ ပြီးတော့ သူတို့က ဖိတ်တဲ့ ဘာပွဲ ညာပွဲဆိုရင် သွား၊ ဝတ်စား ပိုက်ဆံကုန်။

ဒါပေမယ့် အတုအယောင်တွေဟာ မတည်မြဲပါဘူး။ တစ်နေ့တော့ အမြင်မှန်ရ၊ နားလည်လာလိမ့်မယ် ထင်ခဲ့တယ်။ မိမိ သတိထားနေခဲ့မိတယ်။

စိုးရိမ်ပေမယ့် မတတ်နိုင်ပါ။ ဟိုဆရာ ဒီဆရာဆီသွားခဲ့တဲ့ သူတို့ရဲ့ ဟိုဟာ ဒီဟာ ဖြစ်သူတွေဖြစ်။ တချို့ နောက်ဆုံးမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေ၊ စိတ်ဖောက်ပြန်ရောက်၊ သေသူတွေကသေ၊ မိမိ စောင့်ကြည့်ပဲနေရတော့မယ်။ လူဟာ ကိုယ့်တာဝန် ကိုယ်မကျေနိုင်ရင် တဖက်သား ဘယ်လိုမှ ထိန်းသိမ်းဖို့ မလွယ်တတ်ပါဘူး။

ခုတော့ ညီမလေးကတော့ တကယ့် သိုက်နန်းရှင် ဥစ္စာရှင် တစ်ယောက်။ သိပ်အရာရောက်လှသူ ထင်လာပုံရတယ်။ လူတန်းစေ့ဖို့ မိမိ ရှာကြံတဲ့ပိုက်ဆံတွေ အကုန်လုံးဟာ သူ့ပါရမီကြောင့် ဖြစ်တာ။ အထက် က မစတာ ထင်လာပုံရလာတယ်။ မိမိ ကိုယ်မှ သူ့လောကမှာ လုံးဝ မပါစေချင်တဲ့ပမာ ဖြစ်လာခဲ့တော့တယ်။ (ထားတော့)

ဒီလိုနဲ့ အိမ်ငှား အိမ်ငှားနေခဲ့ကြရင်း အိမ်ဝယ်ဖို့ ကြိုးစားခဲ့ရတယ်။ မိဘတွေ ခေါ်ရမယ်၊ ဇာတ်ပေါင်းရမယ်။

ခုတော့ မိမိရဲ့ အခြေအနေကြောင့် ပတ်ဝန်းကျင်က ညီမလေးကို မြှောက်စားကြတယ်။ ချဥ်းကပ်ကြတယ်။ အိမ်ဆုံးတော့မှာမို့ ရွေးပေးပါဦးတဲ့။ ဝတ်စရာ မရှိလို့ အဝတ်ဟောင်းလေး ပေးဝတ်ပါဦးတဲ့၊ အဝတ်လျှော်ပါရစေ တဲ့၊ ရေထည့်ပေးပါရစေ၊ ဟင်းလေးကျွေးပါဦးတို့တွေနဲ့ ညှော်တွေဇောင်တွေ ဝိုင်းဝိုင်းလည်လို့ပဲ။

ပြီး အထက်လမ်း အောက်လမ်း ပယောဂဆရာ ဆရာမ အောင်သွယ် ဒလံ အလံရှူးတွေ စုံတကာစေ့လှတယ်။

ဒီကြားထဲမှာ အိမ်နီးပါးချင်း လင်မယားတွေ ဖြစ်တဲ့ ဦးလှ၊ ဒေါ်ဆွေသင်း တို့နဲ့ ရင်းနှီးခဲ့ကြတယ်။ ဦးလှက လူမှုရေးကောင်းတယ်။ ဒေါ်ဆွေသင်းက ဘုရားတရား ကိုင်းရှိုင်းတယ်။ အလိုက်သိတတ်တယ်။ သူတို့ သားသမီးတွေကိုလည်း လက်တိုလက်တောင်း ခိုင်းလို့ကောင်းတယ်။

ဒီကြားထဲမှာ ညီမလေးရဲ့ သမီးလေး လီလီရော မိမိတို့ရဲ့ အဖေ အမေတွေရော ရောက်လာခဲ့ကြပြီဆိုတော့ သူတို့မိသားစုနဲ့ ပိုရင်းနှီးခဲ့ကြ တယ်။ အားလုံးကလည်း ပတ်သက်နွယ်ယှက်လို့ နေခဲ့ကြပြီလေ။ လူငယ် ချင်း လူကြီးချင်းပါပေါ့။ မောင်နှမနှစ်ယောက် နေခဲ့တဲ့အိမ်မှာ ခုတော့ လူက ငါးယောက်ဖြစ်ခဲ့ပြီလေ။

မိမိတို့လည်း အိမ်ဝယ်မှ ဖြစ်တော့မယ်။ အိမ်နဲ့လူနဲ့ ကျပ်နေခဲ့ပြီ။ ဒီကြားထဲမှာ ထူးခြားတာက မိမိ အိပ်ရင် အိပ်မက်ဆိုးတွေ မက်တတ်ခဲ့တယ်။ ကြာခဲ့ပြီပဲ။ မိမိမှာ ဘာအစွဲမှ မရှိပါဘူး။ မိမိဟာ ညဥ့် (၂) နာရီလောက်မှာ အိပ်တယ်။ နံနက် ခြောက်နာရီလောက်မှာ ထတတ်တယ်။ တစ်ညဥ့် လေးနာရီလောက်ပဲ အိပ်တယ်။ အဲဒီလို အိပ်မလို့ ကျောချလိုက်တာနဲ့

ဘီလူးစီးတာ နေ့တိုင်းခံရတတ်တယ်။ ဘာကြောင့်မှန်း မသိဘူး၊ နေ့တိုင်း တော်တော်များများ ဖြစ်နေခဲ့တယ်။

တချို့ကလည်း ဘေးအိမ်က ဒေါ်ဆွေသင်းက ဒီလိုပညာမျိုး တတ်တယ်ပြောတတ်ကြတယ်။ ဘာကြောင့်လဲ၊ ခုတော့ မိမိဟာ ညအိပ်ရာဝင်ရမှာတောင် ကြောက်ကြောက်လာခဲ့တယ်။ တစ်ခါတစ်ခါ တစ်ညဥ့်လုံး ဘီလူးစီး သံသရာထဲ ချောက်ချားချာလည်နစ်နေတတ်ခဲ့တယ်။ လူတစ်ယောက်က တစ်ယောက်ကို ဒီလိုပဲ လုပ်လို့ရသလား။

မိမိက ညီမသူငယ်ချင်း သန့်သန့်ရွှေကို ဒါကို ဖွင့်ပြောတယ်။ သန့်သန့်ရွှေက ဒီဘက်မှာ ကျွမ်းတယ်လေ၊ တစ်နေ့ သူလာခဲ့မယ်ပြောပြီး အိမ်ကို မိုးချုပ်ခါနီးမှာ လာခဲ့တယ်။

အနံ့ ဆိုးဆိုးရွားရွားနံ့တဲ့ မီးခိုးမှိုင်းတွေနဲ့ တစ်အိမ်လုံးမွှန်းခဲ့ပါတယ်။ ပါးစပ်ကလည်း အမျိုးမျိုး ရွတ်ဖတ်ပါတယ်။ မိမိအားလုံးကို လိုက်ကြည့်လို့နေပါတယ်။ ပြီးတော့ -

"အစ်ကိုကြီး စိတ်ချလက်ချအိပ်တော့၊ ပြဿနာ မရှိလောက်တော့ဘူး" ပြောခဲ့တယ်။ ဒီနေ့နဲ့ ညဥ့် အိပ်တော့လည်း ထုံးစံအတိုင်းပဲ ဘီလူးစီးမြဲ စီးဆဲပါလား။

ဘာကြောင့်လဲ ဘယ်လိုလဲ။

အတွေ့အကြုံပဲ ထားလိုက်ပါတော့လေ။

❖ ❖ ❖

*

Seek the truth from the facts.

* *Deng Xiaoping*

တကယ့်ဖြစ်ရပ်တွေကြားမှ အမှန်တရားကို ရှာဖွေပါ။

*တရုတ်နိုင်ငံခေါင်းဆောင်*

## စိတ်ဆိုတာ

*စိတ်ဆိုတာ အဝေးမှာရှိနေတဲ့ အာရုံတွေဆီကိုပဲ ပြေးသွားတတ်သည်။ တစ်ခုပြီးတစ်ခု အပြောင်းအလဲကလည်း မြန်ဆန်လွန်းသည်။ အကောင်အထည်ကလည်း မရှိ။ နှလုံးသားဆိုတဲ့ ဥမင်လိုဏ်ခေါင်းကလေးထဲမှာ အောင်းပြီးရှိနေသည်။ ဤစိတ်ကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းထားသူများသည် မာန်နတ်မင်းကြောကျွင်းဆိုတဲ့ ဆင်းရဲတွင်းမှ လွတ်ထွက်နိုင်လေသည်။* *(၄၃)*

ဘီလူးစီးတာက တော်တော်ကြောက်စရာကောင်းတယ်။ ကိုယ့်ကို လောကကြီးတစ်ခုလုံးက ရန်လိုနေသလိုပဲ။ အနားယူခွင့် အိပ်ခွင့် မပြုဘူးဆိုတဲ့ သဘောဘဲ။ နှောင့်ယှက်တယ်၊ ရန်လိုတယ်။

အိပ်မလို့ ကျောချတာနဲ့ လည်ပင်းတွေ အစ်နေတယ်။ အသက်ရှုလို့ မဝဘူး။ မရဘူး။ သေလောက်အောင် ရုန်းမှ လွတ်တယ်။ ပြန်အိပ်ဖို့ ကြိုးစားပြန်တယ်။ ပြန်ဖြစ်ပြန်တယ်။ ကြာတော့ ကြောက်လာတယ်။ ဘယ်သူ့ကို ဘယ်လိုပြန်ပြောရမလဲ။ ယောက်ျားရင့်မကြီး၊ မိမိ အိမ်ထောင်ဦးစီး မိမိ မတုန်လှုပ်အောင် ဘယ်လိုလုပ်ရမလဲ။ မိမိကိုယ် ကြိုက်နေသူ ရှိလို့လား၊ ဒီလိုလည်း မဖြစ်နိုင်ဘူး။ မိမိဟာ မိမိကိုယ် မိမိကိုယ်တိုင်ကမှ ကိုယ့်ကိုယ်ကိုယ် မကြိုက်ဘူး။

ဘာလို့လဲ။ ဘယ်သူ ရန်သူရှိလို့လဲ။ ဘေးအိမ်က ဒေါ်ခွေသင်း၊ သူ့အိမ် အပေါင်ခံုးမှာကြောက်လို့လား။ သူ့အိမ်တော့ ဝယ်ရောင်းနဲ့ စာချုပ်လုပ်ထားတာ တစ်ခုရှိခဲ့တယ်။ မိမိဆောင်းရိပ်ကျ လွတ်ဖို့ သူ့ပညာနဲ့ လုပ်တာ

လေလား။ မိမိရဲ့ညီမနဲ့ ပတ်သက်လို့လည်း လေ့လာနေတာပဲ။ သိန်းသန်းမွေ နဲ့လည်း ရင်းနှီးပြီး မေးမြန်းလေ့လာနေခဲ့တာပဲ။ မိမိမှာ မိန်းမနဲ့ပတ်သက်တဲ့ ဖံဘတ်လမ်း ဘာတစ်ခုမှ မရှိဘူး။ အချို့များ မိန်းမနဲ့ ခဏကင်းကွာတာကိုပဲ ဂုဏ်တစ်ခု၊ စောင့်စည်းမှုတစ်ခုအနေ ပြောနေကြရင် မိမိဟာ အမြဲကင်းကွာ နေသူပဲ။ ရှင်းလို့ပဲ။

မိမိဟာ ကျန်းမာရေးလည်း သာမန်လောက်တော့ ကောင်းပါတယ်။ ခုလို ဘာလို့ဖြစ်ရတာလဲ။ ဘာကြောင့်ဖြစ်တာလဲ။

မိမိဟာ ဘယ်သူ့ကိုလဲ ဒုက္ခမပေးခဲ့ပါဘူး။ ပေးစရာလည်း မလို ပါ။ စာပေအလုပ်နဲ့ အသက်မွေးတဲ့ မိမိတို့မှာ ဒီနေရာမှာ စာပေနဲ့ ပတ်သက် တဲ့ ပြိုင်ဘက်လည်း မရှိပါလား။ ဘာကြောင့်လဲ။

ပြီး ညီမနဲ့ပဲ ပတ်သက်သလား၊ သူကတော့ ထုံးစံအတိုင်း မြဲ့စိစိ၊ ဘယ်တော့မှ မပွင့်လင်းပါ။ ဒါလည်း အပြစ်ဆိုစရာ မရှိပါဘူး။ တကယ် ပွင့်လင်းသူဆိုတာလည်း အင်မတန် ရှားလှပါတယ်။ ဒါက ယုံကြည်ချက် ခံယူချက်နဲ့လည်း ဆိုင်ပါတယ်။ ခံယူချက် ယုံကြည်ချက်ရှိတဲ့သူမှသာ ပွင့်ပွင့်လင်းလင်း ပြောတတ်ကြတာကလား။ ဥပမာ- ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဥတ္တမ တို့တွေပဲ။

ပြီးတော့ အဓိကနဲ့ သာမည။ စာပေသမားရဲ့ အဓိကနဲ့ တခြားလူတွေ ရဲ့ အဓိကဟာ မတူကြပါဘူး။ အရေးကြီးကွာပါတယ်။ ဒါကြောင့် သူတို့ နယ်ပယ်ကို စော်ကားသလို ဖြစ်မသွားဖို့၊ ပြီး ကိုယ့်နယ်ပယ်ကို အမွှန်းတင် လွန်းရာ ရောက်မသွားဖို့၊ အပြောအဆိုကို အမြဲတမ်း ဆင်ခြင်ပြောဆိုရပါ တယ်။

တစ်ခုခုတော့ လုပ်ဆောင်မှု ရှိနေခဲ့တယ်။ ပယောဂလေလား၊ သွေးလေလား။ လူဟာ မိမိကံကြမ္မာ မိမိကိုယ်ကို မိမိ ဖန်တီးနိုင်တယ် ဆိုပေမယ့် ခု မိမိကိုယ်ကို တစ်ခုခုက ဖန်တီးနေတာခံနေရပါတော့တယ်။

မိမိ ဒေါသဖြစ်တယ်၊ စိတ်ဆိုးတယ်၊ မကျေနပ်ဘူး။ ဒါပေမယ့် မိမိစိတ်ကို တည်တည်ငြိမ်ငြိမ်ထား နေထိုင်ခဲ့တယ်။ အိပ်ရေးပျက်ပေမယ့် ဝါဒီ မရှားဖို့၊ စိတ်မလှုပ်ရှားဖို့၊ အလုပ်မပျက်ဖို့ပါပဲ။ ဒီလိုနဲ့ ငွေရေးကြေးရေး အဆင်ပြေတော့ အိမ်တစ်လုံး ဝယ်ဖို့ စာချုပ်ချုပ်ဖြစ်ခဲ့တယ်။

ထုံးစံအတိုင်း ရလာတဲ့ငွေ မပျောက်ပျက်ဖို့ အတွက်သာ ဝယ်လိုက်ရတယ်။ ဒီဝယ်ဖြစ်အိမ်က နောက်ကြောင်း သိပ်မရှင်း။ အဲဒီလူကြီး ဦးဝင်းသီ၊ သူက အိမ်ကို မရောင်းချင်။ သူ့ဇနီး မေဝင်းက ဖွတ်ရောင်းလို့သာ ရောင်းဖြစ်ခဲ့တယ်တဲ့။

ဦးဝင်းသီ၊ သူကလည်း ပညာသည် (အောက်လမ်း) ပြောကြတယ်။ အိမ်မှာ သရဲဘာညာ ရှိတယ်။ မသန့်ဘူးလည်း ပြောကြတယ်။ ပြီး မူလပိုင်ရှင်သေခဲ့လို့လည်း မကျွတ်ဘူးတဲ့။ ဒါက နောက်မှ ပြောကြတာပါ။ မိမိသိသလောက် နာနာဘာဝ ဝိနာဘာဝ ဆိုတာ သိပ်ကို သနားစရာကောင်းလှပါတယ်။ တချို့ ဘုန်းကြီးတွေဟာ သုသာန်သွားပြီးတောင်မှ သတ္တဝါတွေ ကျွတ်လွတ်ဖို့ ကမ္မဋ္ဌာန်းပြ သွားချုတ်နေခဲ့ကြရတာပဲ မဟုတ်လား။ လောကမှာ လူထက်ဘုန်းကြီးသူ ဘယ်သူရှိလဲ၊ မရှိပါ။ လူတောင်မှ လူတန်းစေ့မမှီသူ အပုံအပင်ပဲ မဟုတ်လား။

ဒီလိုနဲ့ အိမ်ဝယ်ဖြစ်တယ်။ ဂရမ် နာမည်ပေါက်ကျမှ ဝယ်ရောင်းစာချုပ်ချုပ်မယ်ဆိုတော့ ဒီကြားထဲမှာ ရုံးကိစ္စတွေ လုပ်ရတယ်။ ထုံးစံအတိုင်း အဝေါ်ကြီးကို လုပ်ယူရတယ်။ ပြီးမှ အမည်ပေါက်ရတယ်။ ဂရမ်ရတယ်။ ငွေချေတော့ အိမ်ရှင်ဟာ အပေါ်ပစ္စည်း မီးသီးတွေ မီးကြိုးတွေ အကုန်ယူပြီး ညဉ့်ကတည်းက ဆင်းသွားတာ မိမိ မိုးလင်းမှ သိရတယ်။ လူလိမ်လူညစ်ပါ။ လောကဟာ သင်ယူလို့ မဆုံးနိုင်ပါလား။

အိမ်၊ ဒီအိမ်ကို ဘယ်လိုဆက်လုပ်မလဲ၊ ဒီအတိုင်းတက်နေရင်လည်း ပြင်ရမှာနဲ့ မကာမိဘူး။ ဒီတော့ မိမိဟာ အိမ်ကို အုတ်ပတ်ကားဆောက်မယ်၊ တိုက်ခံ အိမ်ဆို ဘဏ်က ငွေချေးယူလို့ရတာတဲ့တယ်၊ ဒီလိုရလည်း တစ်ခါကုန်ပဲ။ ဒီစိန်ခေါ်မှုတစ်ခုကို မိမိ လက်ခံမိလိုက်ပြန်တယ်။

မိမိ တိုက်ဆောက်မယ်၊ ကိုမောင်မောင်ရဲ့ တူတစ်ယောက်ဆိုတာရှိတယ်။ သူဟာ လက်သမားပဲ။ သူအိမ်ဆောက်ချင်တယ်။ ကိုမောင်မောင်က မိမိနဲ့ နဂိုကတည်းက ပတ်သက်သူဆိုတော့ သူ့မျက်နှာနဲ့လည်း ဆောက်ခွင့် သူ့ကို ပေးရမှာပဲ။ လူရင်းပဲ။

မိမိမှာက ညီမလေးရဲ့သမီး တူမလေးက ကျောင်းနေသူ၊ မိခင်ကြီးက အသက်ကြီးလှသူ၊ လူခွဲက မရှိဘူး။ အိမ်ဆောက်ရမယ်။ ဒါပေမယ့် ဒါလည်း

စိန်ခေါ်မှုပဲ။ ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး။ အိမ်ဆောက်ဖို့ စကား ပြောပြီး သိပ်မကြာ၊ လက်သမားသိပ်လုပ်ချင်တဲ့ ကိုတင့်က အိမ်ကို ဖြိုချပစ် လိုက်တယ်။ ဒီတော့ စည်ပင်နဲ့ စကားပြောရပြန်ရော။

ဒါထက်ဆိုးတာက အိမ်ဖြိုလိုက်တော့ ပစ္စည်းတွေ လမ်းဘေးမှာ ပုံထားရတယ်။ လက်သမားဆရာ ကိုတင့်က လုံခြုံအောင်လို့ လုပ်ပေးထား တယ်။

ထူးခြားတာက ညဉ့်ဘက်ရောက်တော့ အမေဟာ ဂဏှာမငြိမ်ဖြစ်နေ လို့ လိုက်ကြည့်တော့ မိမိတို့နဲ့ပတ်သက်နေသူတွေက သစ်သားသစ်တုံးတွေ ကို အိမ်ပေါ် မတင် နိုးနေကြတာ တွေ့လိုက်ရတယ်။ အမေ့ကို ချော့သိပ်လို့ စိတ်ကို တည်ငြိမ်အောင်ထားပြီး အခြေအနေစောင့်ကြည့်ပြီးမှ လိုချင် သလောက် ယူပါစေ။ မိမိနဲ့ ထိပ်တိုက်မတိုးအောင် လှိမ္မာပါးနပ်စွာ ရှောင်ရှား ခဲ့ရတယ်။ အတူစားသောက်နေကြသူတွေ၊ လူရင်းတွေဟာ ဘယ့်နှယ်ဖြစ်တာ ပါလိမ့်။ အံ့ဩစရာပဲ။

မိခင်ကြီးဟာ စိတ်မကောင်းစရာနဲ့ မိမိတို့ရဲ့ သားသမီးပစ္စည်း နမြော တဲ့ မိခင်ကြီးမှာ ညဉ့်ဘက်တွေမှာ အရှူးမီးဝိုင်းပဓာပါပဲ။ ဒီဓာတ်လမ်းက လစ်ရင်လစ်သလို လုပ်နေခဲ့ကြတော့တာပါပဲ။

ညီမထွေးလေးမှာတော့ အဲဒီလက်သမားတွေရဲ့ အသိုင်းအဝိုင်းတွေနဲ့ ပျော်လို့ ပါးလို့ပါလားလေ။ ပြီး လမ်းထဲမှာ အိမ်ဆောက်တဲ့ကိစ္စက ဝင်လာ တယ်။ ကားဝင်လို့ လမ်းပျက်တယ် ပြောလာတာလည်း ကြုံရတယ်။

ဒေါ်ဆွေသင်းသားတစ်ယောက်က ညဉ့်ဘက်တွေမှာ တစ်ဖက်အိမ် တွေထဲကို သယ်ခိုးပေးနေတာလည်း ကြုံရတယ်။ ဒီကြားထဲ တူမလေးလီလီ က အပေါ်ထပ်က ကောင်လေးနဲ့ ဘာကလိုလိုကို ဖြစ်လို့ ရှင်းရသေးတယ်။ အားလုံး အံ့ဩစရာချည်းပါလား။ လူတွေလူတွေ ဘယ့်နှယ်ဘယ့်နှယ်ဟာ တွေလဲ။

ဒီလူအားလုံးတွေဟာ မိသားစုတွေလို ပတ်သက် စပ်ယှက်နေခဲ့ကြ သူတွေချည်းပဲ။ ဒါပေမယ့် အရေးအကြောင်းကျတော့ အကုန်လုံးဟာ အရာ ပေါ်လာပါရောလား။ ဒေါ်ဆွေသင်းသားဟာ မိမိတို့က အဝတ်အစားကအစ ပေးဆင်လို့ထားခဲ့သူက ခုတော့ အုတ်ခိုးတယ်။

အပေါ်ထပ်က အတူနေသူသားက တူမလေးကို ရည်းစားလုပ်ဖို့ ကြိုးစားတယ်။ သူ့မိသားစုတွေက အလိုတူ အလိုပါ။ ဒေါ်ဆွေသင်း သမီးက တူမလေးနဲ့ အောင်သွယ်လုပ်တယ်။ သူတို့တွေက လူကြီးတွေကို တစ်ချက် သတိမပေး၊ မတိုင်တောဘူး။ သူတို့အကြိုက်၊ သူတို့စရိုက်နဲ့အတူ၊ လုပ်ချင်ရာ လုပ်နေကြတော့တယ်။

ခုတော့ လောကကြီးထဲ ကျွဲမြီးကြီးကို စီးလိုက်ရသလိုပါပဲလေ။ ညီမလေးကလည်း မူမမှန်ချင်၊ အလုပြင်တာလည်း ရှုန်လွှန်းတယ်။ ပြီး ဆောက်ကာစအိမ်ကတစ်ဖက်၊ တူမလေး ကျောင်းကလည်းတစ်ဖက်၊ အလုပ် သမားတွေကလည်း တစ်ဖက်၊ ငွေရှာရတာလည်း တစ်ဖက်၊ ပြောဆိုရတာ တွေလည်း တစ်ဖက်နဲ့။

နွေကပူပူ၊ ဘယ်သူရန်သူလဲ၊ ဘယ်သူမိတ်ဆွေလဲ။ လူလူလူလူ လူတွေကတော့ အတူတူပဲ၊ စိတ်ကို ခွဲလို့ မရဘူး။ မသိနိုင်ဘူး။ ဘယ်သူက ရော သိနိုင်မလဲ။ ဘယ်ပညာရှင်ရော သိနိုင်မလဲ။

ကဲ... အရေးတော့ကြုံနေပြီ။ အပွဲပွဲ နွှဲလာခဲ့တဲ့မိမိ၊ စိန်ခေါ်မှုကို ကြိုက်တတ်တဲ့မိမိ၊ စိန်ခေါ်မှုကို အားမာန်အဖြစ် မွေးတတ်တဲ့ မိမိဟာ ခုတော့ အများနဲ့တစ်ယောက် အရှုံးမီးပိုင်းဖြစ်ရတယ်။ သွက်သွက်ခါလည်း မဖြစ်ရဲတမယ်ပါ။

အားလုံးဟာ မိမိအပေါ်မှာ ကိုယ်ဖက်ကိုယ်ဆွဲ အသုံးချနေကြသလို ပါပဲ။ မိမိမှာသာ ဦးနှင်းတော့ပုံ့ဆောင်၊ ပုံ့ဆောင်တော့ဦးနှင်း၊ ရှင်းလေ ရှုပ်လေပမာ ဖြစ်လို့နေပါရောလား။

ကဲဗျာ၊ အိမ်ဆိုတာ ဘာဖြစ်လဲ၊ အိမ်ဆောက်တာလည်း လူက လုပ်တာပဲ။ လူက အိမ်အတွက်မှာ၊ လူဟာ ပြဿနာဖြစ်စရာလားပဲ ကဲဗျာ။ လာချင်တာတွေ လာစမ်းလေ လာစမ်းစေတော့။

❖ ❖ ❖

## စိတ်ကောင်းစေတနာကောင်း

*ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း ဆိုတဲ့ စိတ်နဲ့ပတ်သက်သော တရားအပေါင်းတို့သည် စိတ်သာ အကြီးအမှူး ဖြစ်သည်။ စိတ်သာ ရှေ့သွား ခေါင်းဆောင်ဖြစ်သည်။ စိတ်ဖြင့်သာ ပြီးသည်။ တစ်စုံတစ်ယောက်သည် ကြည်လင်သော စိတ်ကောင်းစေတနာကောင်းဖြင့် ပြောဆိုမည်၊ လုပ်ကိုင်မည်၊ ကြံစည်မည် ဆိုပါက ထိုသို့ ကြည်လင်သော စိတ်ကောင်းစေတနာကောင်း ဖြင့် ပြောဆိုလုပ်ကိုင် ကြံစည်ခြင်းကြောင့် လူသွားရာနောက် အရိပ်လိုက် သလို ချမ်းသာသည် အစဉ်လိုက်၏။* (....)

အိမ်နဲ့ပတ်သက်လို့ မိမိမှာ ခံစားချက် ရှိပါတယ်။ အိမ်ငှားနေခဲ့ရတဲ့ ဘဝတွေ၊ အဲဒီအချိန်တွေ၊ ညစ်ညူးမှုန်းတီးလုပ်တာခံခဲ့ရမှုတွေ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ အိမ်ရှင်ရဲ့ အနိုင်ကျင့်ခံခဲ့ရပုံအစုံတွေ၊ ညစ်ပတ်ခံခဲ့ရပုံအစုံစုံတွေ အိမ်ငှားသူ လူတိုင်းကြုံဖူးသလို မိမိလည်း ကြုံခဲ့ရပါတယ်။

ပြီးတော့ လူတစ်ယောက်ဟာ လူဖြစ်လာရင် မြေတစ်ကွက် ဒါမှ မဟုတ် အိမ်တစ်လုံးတော့ ပိုင်သင့်တယ် ထင်တယ်။ နို့မဟုတ်ရင် လူ့ဘဝမှာ လူဖြစ်လာရတာ၊ လူ့လောကမှာ လူလာဖြစ်လာတာနဲ့ မတူဘဲ ယာယီ ဧည့်သည်အဖြစ် လောကကို လာရောက်တာနဲ့သာ တူတယ်လို့လည်း မိမိ ခံစားရပါတယ်။

ဒါထက် ဆရာစံနက်ကျော် (ရန်ကုန်ဘဆွေ)ရဲ့ ကဗျာတစ်ပုဒ်ကို သတိရတယ်။ ဒါကတော့ အမျိုးသားရေးပါ။

ဂျပန်ခေတ်အခါကို ပြဆိုထားခဲ့တဲ့ အမျိုးသားရေး ကဗျာတစ်ပုဒ်ပါ။ သူတို့ခေတ်ကို မိမိတို့ မမီပါ။ ဒါပေမယ့် မိမိတို့ဟာ အမျိုးသားရေး ဂုဏ်သိက္ခာကို အဖတ်ဆည် ဖော်ကျူးနိုင်ကြရမှာပဲ မဟုတ်ပါလား ဆိုတာ ပါပဲ။

စာပေသမားနဲ့ ချို့ငဲ့မှုပြဿနာ
စာပေသမားနဲ့ စားဝတ်နေရေးပြဿနာ
အဖတ်ဆည် ကျော်လွှားရေးရာ ပြဿနာ
လောကခံတွက် သရော်ချက်လက်ရာပါပဲ
ဒါစာရေးဆရာကွ တဲ့
- တစ်ချိန်က နတ်တော်လ
စာပေသမားတွေ ပျော်ခဲ့ကြ
ကဟာယ် ဆိုဟာယ် တေးသီဟာယ်
မှင်နှင့်မောင်းနှင့် ရင်ဖွင့်တယ်
မသင့်မညီကြဦး ဒီအချိန်ရောက်
အာဃာတတွေ အကုန်လုံးပျောက်
တချိန်က နတ်တော်လ
စာပေသမားတွေ ပျော်ခဲ့ကြ
အခါကတော့ ဆိုးလှမေ
ဖက်ဆစ်ဖိနှပ်ရဲ့ အောက်မှာလေ
စာပေသမားတွေ အကုန်ငတ်
သေးရော နံရော ကျပ်
အရပ်လျှောက်လို့ တခြောက်ခြောက်လယ်
တွေ့ရာရောင်းဝယ် လုပ်ရတယ်
ဒါပေမယ့်လို့ ဒီနတ်တော်လ
သူရော ငါရော က။
- တစ်ချိန်က နတ်တော်လ
စာပေသမားတွေ ပျော်ခဲ့ကြ
မလှမပ မြင်ကွင်းကျယ်
တို့တစ်ပြည်လုံး တွေ့နိုင်တယ်
ဘယ်မှာညာမှာ အပြိုအပျက်
ပတ်လည်ဝန်းကျင်မီးလောင်ကွက်။
- (သူတို့ဂျပန်) ဖက်ဆစ်သူရဲတွေရဲ့ အနှိပ်စက်ခံ
တစ်တိုင်းလုံး (တစ်ပြည်လုံး) ငပယ်ပျံ
နာလန်မထူနိုင်အောင် တို့ခံစား

တို့တာတွေ ဒီအချိန်ပြန်လို့ဟား
တဲကုပ်စုတ်စုတ် ဘယ်သူနေ
ငါတို့ပြည်သူနေ
တိုက်တွေမှန်သမျှ ဘယ်သူသိမ်း
(ဂျပန်) သူတို့တာတွေ သိမ်း
အဝတ်စုတ်စုတ် ဘယ်သူဝတ်
ငါတို့ပြည်သူဝတ်
တို့မမြင်ဖူးတာတွေ ဘယ်သူဝတ်
(ဂျပန်) သူတို့တစ်တွေချည်းဝတ်
မဝရေစာ ဘယ်သူစား
ငါတို့ပြည်သူစား
မကောင်းတာတွေ ဘယ်သူစား
ငါတို့ပြည်သူစား
အကောင်းမှန်သမျှ ဘယ်သူစား
(ဂျပန်) သူတို့အကုန်လုံးစား
တို့မကြားဖူးတာတွေ ဘယ်သူစား
(ဂျပန်) သူတို့တာတွေချည်းစား
အစုတ်အပျက်တွေ ဘယ်သူသုံး
အခိုင်းခံတွေသုံး
တို့မမြင်ဖူးတာတွေ ဘယ်သူသုံး
(ဂျပန်) သူတို့တာတွေချည်းသုံး
ငါတို့ပြည်သူ ဘာကိုသုံး
ဘာဆိုဘာမှမသုံး
အလုပ်မှန်သမျှ ဘယ်သူလုပ်
ငါတို့ပြည်သူလုပ်
ခိုင်းဖို့မှန်သမျှ ဘယ်သူခိုင်း
(ဂျပန်) သူတို့တစ်တွေကချည်းခိုင်း
ရတာမှန်သမျှ ဘယ်သူယူ
(ဂျပန်) သူတို့တွေချည်းယူ
ပြီးသူတို့က ဘယ်လိုတဲ့

တို့ကို ပြန်မပြောနဲ့ ဒါပြည်သူ့အတွက်ဟဲ့ ; တဲ့
တို့ဘာပြောခွင့် ရသေးသလဲဟေ
သူငယ်ချင်းချစ်တို့ရေ
ရပါတယ်လေ ဟောဒါမျိုး
'ရွှေဘုန်းတော် တိုးပါလို့
စိန်မိုးကျောက်မိုးတွေရွာ
တို့နိုင်ငံမှာ ဘာမမေးလေနဲ့
အလိုဗျာ အကုန်လုံး သာလှတယ်လေး'
တို့ဆိုတာမျိုး...
(ရှုပ်နဲ့) ဖက်ဆစ်သရဲတွေ လက်ထက်မယ်
ကလျက်ခုန်လျက် ပြောခဲ့တယ်
မြွက်ရယ်မြကြွ တဟားဟား
ပရိသတ်က တဝါးဝါး။
- အခုအချိန် နတ်တော်လ
စာပေသမားတွေ မရှုကြ
ကတ္တာဆိုတာ တေးသီတာ
ကလေးကလား အလုပ်တွေပါဗျာ...
ကျုပ်တို့ခေတ်ဟာ အားကြီးကောင်း
အတွေးအနယ်တွေပါပြောင်း
ဒီအကြောင်းကို ပြောရမယ်
နယ်ကို လှည့်လည်သွားလို့ရယ်
ဘယ့်နှယ်လဲကွဲ့ ရဲဘော်ကြီး
ကျုပ်တို့တတွေ ဟီးဟီးဟီး... တဲ့။

(၁၈-၁၁-၇၁ ရုပ်ရှင်ချစ်သူမဂ္ဂဇင်း)မှ

ဘယ်လိုပဲ စပျစ်သီးက ချဉ်ပါတယ်ပြောပြော အမျိုးသားရေးလက္ခဏာအရ အမျိုးသားရေး စိတ်ဓာတ်များ တန်းတူရေး၊ လူတန်းစားရေးကို သံမှိုစွဲသလို စွဲမြဲပါနေခဲ့တာဟာ အခိက အကြောင်းအရာပါပဲ။ မိမိရဲ့ ကမ္ဘာမြေမှာ အိမ်တစ်လုံးပိုင်ရမယ်ဆိုတာ စာပေဓာမ္မာရဲ့ ဩဇာပဲ ဆိုပါတော့၊ ဒါကို အပြစ်ဆိုမလားပဲ၊ ဆိုပါစေ။

❖ ❖ ❖

## ကျောက်တောင်ကြီးလို

*လောကကြီးမှာ ကိုယ်နှော စတဲ့ လောကီအာရုံ ကာမဂုဏ်တွေကို လှတယ်၊ ချောတယ်၊ တင့်တယ်တယ်လို့ သဘောမထား ရှုပွားလို့မနေ၊ အစားအသောက် အတိုင်းအရှည်ကိုလည်း သိတယ်။ ကံ ကံ၏အကျိုးကို လည်း ယုံကြည်တယ်။ ဘုရား စသော ရတနာသုံးပါးကိုလည်း မတုန် မလှုပ် ယုံကြည်တယ်။ လုံ့လ ဝီရိယလည်း ရှိတယ်။ အဲဒီလို လူမျိုးကို ကျောက်တောင်ကြီး လေတိုက်လို့ မပြိုနိုင်သလို ကိလေသာမာန် ကိုယ်တွင်း ရန်က နှိပ်စက် မဖျက်ဆီးနိုင်ပေ။ (....)*

အိမ်ထောက်ဖြစ်တဲ့အခါ လူခွဲမရှိဘူး။ ဒါကြောင့် ညီမလေး မရွှေစာ က ငွေကို ကိုင်ရတယ်။ ကျွေးမွေးရေး တာဝန်ယူရတယ်။ လိုအပ်သမျှ ဈေးဝယ်၊ ပစ္စည်းဝယ်ရန်အတွက် အကုန်လုံး တာဝန်ယူရတယ်။

မိမိမှာ၊ အပြင်ကိစ္စ၊ ငွေကြေးရှာဖွေရေးကိစ္စရှိတာကြောင့် အိမ်ထောက် တဲ့လုပ်ငန်းခွင်ထဲမှာ မပါဝင်နိုင်ဘူး။ ပြီးတော့ မိမိတို့မှာ စည်းကမ်းရှိတယ်။ တစ်ယောက်လုပ်တာ တစ်ယောက် မလိုအပ်ဘဲ ဝင်မပါဘူး။

မလိုအပ်ဘဲ ဝင်ရောက်စွက်ဖက် ပြောဆိုမှု မရှိဘူး။ တကယ်တော့ ဒါဟာ အဆင့်ရှိသူ သိက္ခာရှိသူအနေနဲ့ ဆိုတော့ ကောင်းပါတယ်။

အဆင့်မရှိ၊ သိက္ခာမဆည်သူအဲတွက်တော့ မကောင်းဘူး။ (ဒါမှ မဟုတ်) အမှောင့်ပယောဂဝင်လာစေရေးမှာ အားပေးတဲ့ဟာကွက်များ ဖြစ် ခဲ့လေသလားပဲ။ ကိုမောင်မောင့်သား ငဝေကို လက်ကတုံးတောင်မှေး

လုပ်ရတယ်။ သူကလည်း ဖော်ရွေတယ်။ ရည်မွန်တယ် ဆိုတော့ သူ့ကိုပဲ လက်စွဲပြုရတယ်။ မိမိဘာမှ မပြောလိုပါဘူး။ လုံချည်မနိုင့်တနိုင်၊ လူပျို ပေါက်ကလေး၊ ဆင်းရဲချို့ငဲ့လိုက်တာ သနားစရာပဲ။

ဒီကြားထဲမှာ ညီတစ်ယောက် ရောက်လာခဲ့တယ်။ မိမိတို့ ဝမ်းသာ ရတယ်။ ဒီညီက နည်းနည်း လည်လည်ဝယ်ဝယ် ရှိတာကြောင့် အရေးကြီး တဲ့ ဝယ်ခြမ်းရေး တာဝန်တွေကိုတော့ သူယူရတယ်။ မိမိတို့ ပျော်ကြရတယ်။

အိမ် ဆောက်ဟာယ်၊ ပြုဟာယ်၊ ရှာဟာယ်၊ ထမ်းဟာယ်နဲ့၊ ဒီကြားထဲမှာ တူမလေး လီလီ ရည်းစားထားတယ် ပြောလို့ သူ့ရည်းစား အိမ်ပေါ်ထပ်က ကောင်က ရဲစခန်းရောက်၊ တစ်ဖက်က အားပေးဖို့နဲ့ သွားတွေ့တာတို့ ဘာတို့ ဖြစ်လာခဲ့တယ်။ ဇာတ်လမ်းတွေပဲ။

ဒါကို ငဝေက ညီမကို ဖောက်သည်ချတယ်။ အဲဒီမှာ ညီမ မရွှေစာ က၊ ငဝေကို ရောမကျေးရှူးရှင် ထင်လိုက်တော့တယ်။

ငဝေနဲ့ ညီမ မရွှေစာနဲ့ပါ ရင်းနှီးသထက် ရင်းနှီးလာခဲ့ကြတယ်။ ဒါပေမယ့် အရွယ်ချင်း လူနေမှုချင်းက မိုးနဲ့မြေပမာ ကွာလှမ်းလှတယ်။ ဘာဘာညာညာ ထင်စရာမရှိဘူး၊ ဖြစ်လောက်မယ်လည်း မထင်ဘူး။

ဒါပေမယ့် မရွှေစာ အမူအရာက လုံးဝ ပြောင်းလာခဲ့တယ်။ အိမ် ဆောက်ရာပရဝဏ်ထဲ မိမိပါတာတောင် မကြိုက်ချင်ဘူး ဖြစ်လာခဲ့တယ်။ အမေ အချောင်းအညာပြေ ဝင်ကြည့်တာလည်း မကြိုက်ဖြစ်လာတယ်။ ဘာ့ကြောင့်လဲ။ ဘယ့်နှယ်လဲ။ အရာရာ အိမ်သားတွေအပေါ်မှာ ကာဆီး ကာဆီး ဖြစ်လာတယ်။ အလှတွေလည်း ပြင်သထက်ကို ပြင်လာခဲ့တယ်။ လက်သမားတွေနဲ့ကျတော့ လက်ဖက်ရည်တွေ ဝယ်သောက်ကြ၊ ကွမ်းယာ တွေ ဝယ်စားချင်တိုင်း ဝယ်စားကြ ဖြစ်လာတယ်။ လက်ဖက်သုပ်တွေ စားကြတယ်။

ဒီကြားထဲမှာ မိမိ မရှိခိုက်မှာ ဝိုင်းကူနေတဲ့ ညီနဲ့ မရွှေစာ ရန်ဖြစ်ပြီး ညီအိမ်ပေါ်က ဆင်းသွားခဲ့တယ်။ အကြောင်းတစ်ခုမြပြီး ညီမဲက ရန်လုပ် ရန်ဖြစ်ခဲ့တာလို့ ပြောတယ်။ မိမိ စိတ်မကောင်း ဖြစ်ရတယ်။

လက်ရုံးတစ်ဖက် ပြုတ်သလို ခံစားရတယ်။ ဒါပေမယ့် ဘယ်တတ် နိုင်မလဲ။ ဆက်လက် ရင်ဆိုင်၊ ဆက်လက်သွားပဲပေါ့။

တစ်ခုရှိတာက သတိရှိသူတွေက လူတိုင်းကျွေးတဲ့ ကွမ်းယာ လက်ဖက် မစားဖို့ ပြောကြတယ်။ ကွမ်းယာ လက်ဖက်ထဲမှာ မတော်မတည့် တာ ထည့်ထား ခတ်ထားလို့ရတယ် ပြောကြတယ်။ အထူးသဖြင့် ပီယဆေး တွေ၊ မိန်းမက ယောကျ်ားကို၊ ယောကျ်ားက မိန်းမကို အောက်လမ်းနည်း တွေနဲ့ ထည့်လုပ်လို့ရတယ် ပြောကြတယ်။ လုပ်နည်းတွေလည်း ပြောကြ တယ်။

ဒီလိုပဲ လက်ဖက်ရည် အအေးဖျော်ရည်နဲ့ အသုပ်တွေမှာ လုပ်နည်း ထည့်နည်းတွေ ပြောသူတွေ ရှိကြတယ်။ တဖြည်းဖြည်းနဲ့ ရပ်ကွက်မသန့် တာ၊ မြေမသန့်တာ ဘာညာ ပြောလာခဲ့ကြတယ်။ ပြီး မိမိကို ဒီအိမ်ဝယ်တာ အပြစ်တင်လာသူတွေ ဝေဖန်သူတွေလည်း ရှိလာခဲ့ကြတယ်။

တကယ်က ရပ်ကွက်မသန့်တာ မဖြစ်နိုင်ပါ။ လူတချို့ ယုတ်မာတာ၊ စိတ်ကောင်းမရှိတာ၊ သူတို့ ကြီးစိုးယုတ်မာနေတာ ဒါပဲဖြစ်ဖို့များပါတယ်။

ခု ခက်နေတာက အဆိုးဆုံးက မရွှေစာ အခြေအနေပဲ။ ငဝေလေးကို မျက်စိအောက်က အပျောက်မခံ ဖြစ်လာတယ်။ လူမြင်သူမြင် ဖြစ်လာခဲ့တယ်။ အမေ့က သတိပေးတယ်။ တူမလေးလေးကလည်း သတိပေးတယ်။ ဒါပေမယ့် ပြောလို့မရဘူး။

ငဝေလေးကို မိမိစကားအချို့ ပြောကြည့်တော့ သူ့နောက်မှာ အောက် လမ်းဆရာရှိကြောင်း ပြောဖူးတယ်။ သူက ဖင်ပေါ်တော့။ သူ့ဆရာအကြိုက် လုပ်ကိုင်ပေးတတ်တော့၊ သူ့ဆရာက သူ့ကို ကူညီမစဖို့ ကတိပေးထား ကြောင်း၊ သူ ဒုက္ခဆင်းရဲ မရောက်စေရအောင် ကူညီမစဖို့လည်း ပြောကြောင်း ပြောတာလည်း ရှိခဲ့ပါတယ်။

သိရသလောက် နောက်ကြောင်း မရှင်းသူဖြစ်နေတယ်။ သူငယ်ချင်း တွေ ပြောကြသလို ပတ်ဝန်းကျင် မသန့်ဘူး။ အောက်လမ်းဆရာတွေ၊ စုန်းတွေ၊ ပြုစားတတ်သူတွေ၊ ကဝေပညာသည်တွေ ရှိနေတယ်ဆိုတာ ဟုတ်များ ဟုတ်နေလေမလား မိမိ စဉ်းစားမိလာရတယ်။

မိမိတို့ အိမ်တွင်းရေးတွေကလည်း ပူသထက် ပူလာတယ်။ အိမ်သား အချင်းချင်းမှာ ဘယ်လိုမှ စည်းရုံး ထိန်းသိမ်းမရ ဖြစ်ဖြစ်လာခဲ့တယ်။ လက်သမားထဲက တရုတ် ဆိုသူ ထွက်သွားတယ်။ မိမိစာဝင်မကျ ဖြစ်လာ ခဲ့တယ်။

မိမိတို့ဟာ လူတန်းစား မခွဲတတ်ဘူး။ အဆင့်ခွဲတာကိုလည်း လက်မခံဘူး။

ဒါကြောင့် ဒီလိုနဲ့ ရောဝင်ဆက်ဆံခဲ့တာ၊ ခုတော့ ကိုယ့်ရှုံးကိုယ်ပတ် ကိုယ့်လူ သူ့ဘာဆိုသား၊ အသားထဲကလောက်ထွက်၊ အသည်းထဲသို့ ကျည်ဝင် ဖြစ်နေ ခဲ့ရလေပြီလား၊ ရန်သူကျော့ကွင်း လည်စင်းခံနေရခဲ့ပြီလားပဲ။

နောက်ဖွယ်ကဆရာတွေရဲ့ လက်တည့်စမ်းသပ်မှုအရ ဆေးစွမ်း ပြကာ ဝေဒနာခံစားနေခဲ့ရရှာပြီလား။ အထူးသဖြင့် မိမိနဲ့ ဒိုးတူပေါင်ဘက် လက်တွဲလာသူ မချွေစာ လုံးဝ မူမမှန်ဖြစ်လာခဲ့တယ်။

တွေးကြည့်ရင် ကြောက်စရာပဲ။ ဘယ့်နှယ်လဲ၊ အိမ်သားတွေကိုလည်း ရန်သူပမာ ဆက်ဆံပြုမူလာတယ်။ တစ်မိမ်းတွေကိုချည်း အကောင်းထင် တယ်။ မျက်နှာသာပေးတယ်။ အထူးသဖြင့် ငဝေနဲ့ပတ်သက်ရင် ဆတ်ဆတ် ထိ မခံ ဖြစ်လာတယ်။ မမြင်ရ၊ ပူးတွဲမနေရရင် မနေနိုင် မထိုင်နိုင် ဖြစ် လာတယ်။ ရှက်ရကြောက်ရမှန်းမသိ ဖြစ်လာတယ်။

မိမိနဲ့တော့ ဘာတစ်ခုမှလည်း ပွင့်လင်းမှု မရှိတော့။ ပြောဆိုလို့ မရတော့ဘူး။ အားလုံး ပြဿနာချည်းပဲ။ စိန်ခေါ်ချက်က ကြီးပေစွ။ တကယ့် အသားထဲကလောက်ထွက်၊ အသည်းထဲသို့ ကျည်စိုက်ဝင်လာခဲ့လေပြီကာပဲ။

ဒါမျိုး အတွေ့အကြုံမရှိ၊ အလေ့အထ မရှိတဲ့ မိမိတို့ မိသားစုဟာ အားလုံးပြဿနာချည်း၊ မျက်နှာချင်းဆိုင်တိုင်း သူ့ကို ကိုယ်အပြစ်ပြော ကိုယ့်ကို သူ့အပြစ်ပြောနဲ့ အားလုံးဟာ ပြဿနာချည်းပဲယုံကြည်နိုင်စရာပဲ။ ဝေဒနာက မိမိတို့ မိသားစုကို ခံစားဝါးမျိုပစ်လိုက်ပြီးကောလေ။ ဪ လောကကြီးရယ် ဘယ်လိုဖြစ်ခဲ့ပြီလဲကွယ်။

❖ ❖ ❖

Talent is nurtured in solitude; character is formed in the stormy billows of the world.

စွမ်းရည်ကို တစ်ကိုယ်တည်းနေလို့ မွေးမြူနိုင်တယ်။ အကျင့်စာရိတ္တကိုတော့ ကမ္ဘာလောကရဲ့ လေပြင်းမုန်တိုင်း ကြားမှာ ပန်တီးရပါတယ်။

## ရေးအစဥ်အလာ

*လောကကြီး၌ ရုန်ကိုသာ ရုန်တုံ့မှုနေမယ်ဆိုရင် ဘယ်တုန်မှာမှ ရုန်ငြိမ်းနိုင်မည်မဟုတ်။ ရုန်ကို ရုန်တုံ့ မမှုဘဲ နေမှသာ အမြဲတမ်း ရုန်ငြိမ်း၍နေပေမည်။*

*ဤသို့ ရုန်ကို ရုန်တုံ့မမှုဘဲ နေသဖြင့် ရုန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ မမှုတာသဘောပင်ဖြစ်သည်။ (. . . . .)*

မိမိ အရှိုက်ထိုးခံလိုက်ရပြီဆိုတာကို သိလိုက်တယ်။ မရွှေစာနဲ့ မိမိတို့မောင်နှမ အတူနေခဲ့တဲ့ကာလမှာ အများအားဖြင့် ပွင့်လင်းပြောဆိုခဲ့ကြတယ်။ သူ့ကို ပိုးသူတွေအကြောင်း၊ သူ့ကို လိုက်သူတွေအကြောင်း၊ သူ့အကြောင်းတွေ ပြောခဲ့တယ်။

ခုတော့ ဘာတစ်ခုမှ မပြောဘူး။ အားလုံး လျှို့ဝှက်လွန်းရုံမက မိသားစုတွေ အားလုံးကို သူ့အပြစ်ဖုံးကွယ်ဖို့ ရန်လုပ် ကာကွယ်တတ်တယ်။ မိသားစုကို အဆိုးမြင် ပြောဆိုတတ်တယ်၊ ဘယ်သူ့ကိုမှ ညှာတာ စာနာမှု မရှိတော့ဘူး ဖြစ်လာတယ်။ ပြီး သူ့ရဲ့ မျက်နှာမှာ ကျက်သရေ ကင်းမဲ့လာတယ်။ အရှက်အကြောက်က မရှိ။ အရိုအသေလည်း ကင်းမဲ့လာတယ်။

ဘဝတစ်ခုဟာ၊ မကြာမတင်မှာဘဲ တစ်ဘဝက နောက်တစ်ဘဝကို ပြောင်းသွားသလိုပဲ ဖြစ်သွားတယ်။

လောကဟာ ကြောက်ဖွယ်ကောင်းလိုက်တာ။ လူတွေ၊ လူတွေ၊ ကြောက်ဖွယ်ကောင်းလိုက်တာ။ လူ့ဘဝ လူ့လောကဟာ ကြောက်ဖွယ်ကောင်းလိုက်တာ။

တကယ့် အံ့ဩထိတ်လန့်စရာပါပဲလား။ ဒါပေမယ့် မိမိဟာ အိမ်ထောင်ဦးစီးပါလေ။ ကြောက်လို့၊ ရှောင်လွှဲလို့ကော ရမလားဘဲ။

ဘယ့်နှယ် နောက်ဆုတ်လို့ရမှာလဲ။ မျက်နှာလွှဲခဲပစ် လုပ်လို့ရမှာလဲ။ လက်သည်ရဲ့အခြေခံကို အဖြေမှန်ရှာရမယ်။ အဖြေရရင် ရှင်းပြီးသား ဖြစ်သွားမယ်။

လုပ်ငန်းခွင်ထဲမှာ သံတွေ ဖြုတ်ကျတာတွေ၊ ဘိလပ်မြေတွေ၊ သဲတွေ လေလွင့်နေတာတွေ အများကြီးပဲ။ မိခင်ကြီးက နှမြောလို့၊ စိုးရိမ်လို့ ဝင်ကူ ကြည့်ရှုပေးရင် မရွှေစာက ရန်လုပ်လာခဲ့တယ်။ သူဟာ အချိန်ပြည့် ငဝေနဲ့ နီးစပ်ဖို့ကို ကြိုးစားနေတာ တွေ့ရတယ်။ တစ်ခါတုန်းကမှာ ငဝေကို အတွင်း ချောင်ထဲအထိ ဘာဘာညာညာ အကြောင်းပြပြီး သူ့ကို ခေါ်တွေ့နေတာ တွေ့ရသလိုပဲ ဘာအညာညာကိုအကြောင်းပြပြီး သူနဲ့ အနီးကပ်ကို အလုပ် တစ်ခုခု လုပ်ကိုင်ပြနေတတ်တာ တွေ့ရတယ်။ ဒီကြားထဲ ငဝေနဲ့ ပတ်သက် သူ့အချို့ အလုပ်က ထွက်ကုန်ကြတယ်။ မိမိစဉ်းစားမိတာက လူတွင်ပါလို့ နွားကျားကိုက်တယ် ဆိုရမလားကိုမသိဘူး။ မရွှေစာကို လက်တည့်စမ်းကြတဲ့ အထဲမှာ ငဝေဟာ အောင်မြင်စွမ်းဆောင်သွားတယ် ထင်ရတာပဲ။

တစ်ဖက်ကလည်း မိမိဟာ ဒေါ်ဆွေသင်းကို အိမ်ဆောက်ခဲ့ရင်၊ အဆင်မသင့်ခဲ့ရင် အမှားအယွင်းဖြစ်တတ်တယ်၊ နိုက်တတ်တယ် ပြောလို့၊ အဲသလိုဖြစ်မှာစိုးလို့၊ ပွဲတင်တာတင်၊ ကန်တော့တန်တာ ကန်တော့၊ ပသသင့်တာ ပသပြီးမှပဲ အမြဲမပြတ်လည်း လုပ်စေခဲ့တယ်။

ဒါပေမယ့် ကိစ္စက မိမိတို့ ဘယ်လိုပြဿနာက ဘာတစ်ခုမှ အပြု ဘက် ပါမလာခဲ့ဘူး။ အရာရာဟာ အပျက်ဖက်ပဲ ဦးတည်နေခဲ့တယ်။ ငဝေနဲ့ ဦးလေးတော်သူ လက်သမားဆရာကိုတင့်နဲ့ မပြောမဖြစ် မိမိ စကား ပြောရပါတော့တယ်။

"ကိုတင့်၊ ငဝေနဲ့ မရွှေစာကိစ္စ ဘယ်လိုလုပ်ကြမလဲဗျ"

"ဟင် ဘာဖြစ်ကြလို့လဲ"

သူက တကယ့် လူရိုးတစ်ယောက်ပဲ။ သူ ဘာမှ သိပုံမရဘူး။ သူ့မိန်းမ မခင်ကတော့ မရွှေစာနဲ့ ငဝေ့ ဇာတ်လမ်းမှာ အများကြီး ပါနိုင်တယ် လို့ မိမိထင်ထားပါတယ်။ ဒါကြောင့် မိမိဖြစ်နေတဲ့ အနေအထားကို

ပြောပြတယ်၊ ပြောရတယ်။ ဒီတော့ ကိုတင့် ငွေကို အကြီးအကျယ် ဒေါသဖြစ်သွားတယ်။

"ဒါဆို ဒီကောင့်ကို သတ်မယ်။ ကျေးဇူးရှင် ကျေးဇူးစွပ်တယ်။ အစ်ကိုတို့မျက်နှာ ကျွန်တော် ဘယ်လိုကြည့်ရမလဲ"

"ဖြစ်နေတာတော့ ဖြစ်နေပြီဗျာ၊ ကျွန်တော် ဖြစ်စေချင်တာက ခင်ဗျား ဘက်ကလည်း တတ်နိုင်သလောက် ခင်ဗျားလူကို ထိန်းပေးပေါ့ဗျာ။ ကျွန်တော့်ဘက်ကတော့ ပြောတာ ဆုံးမတာ ကမ်းကုန်နေပြီ မရဘူး။ ကျွန်တော့်မိသားစုက မရွှေစာကို ကျွန်တော်က ပြောလို့မရကောင်းဘူးလားလို့ အပြစ်တင်ကြတယ်။ အားလုံးပြဿနာ ကျွန်တော့်ခေါင်းထဲ လွှဲချနေကြ တယ်။ ပြီး သူတို့မှာ ပိုင်းဝန်း ဖြေရှင်းနိုင်တဲ့အခြေအနေလည်း မရှိကြပါဘူး"

ပြဿနာမှာ မပေါက်ကွဲအောင် မနည်းလုပ်ဆောင်လို့ နေနေရတော့ တယ်။ ကိုတင့်က တဖွတ်ထိုးသမား။ သူ့ကို နားလည်အောင်ပြောထားပြီး မြွေမသေ တုတ်မကျိုးဖြစ်ဖို့ ကြိုးစားရတယ်။ စားပွဲဝိုင်း ဆွေးနွေးပွဲအဆင့် ရောက်ဖို့ ကြိုးစားရင်းနဲ့ ဓားတပြက် တုတ်တပြက်မဖြစ်ဘဲ လူကြီးချင်း ဆွေးနွေးလို့ရတဲ့အဆင့် ဖြစ်သွားလို့ တော်တော့တယ်လေ။

❖ ❖ ❖

*

When the cause ceases, the effect ceases.

အကြောင်းတရား ပြီးဆုံးသော် အကျိုးသက်ရောက်မှု လည်း ပြီးဆုံးပါတယ်။

*

## တပ်မက်စိတ်

*မြင်နိုင်ရန် အလွန်ခဲယဉ်းသည့် အလွန်သိမ်မွေ့၍ မျိုးနွယ် နိမ့်မြင့် သင့်မသင့် တော်မတော်ကို မချင့်ချိန်နိုင်ဘဲ တွေ့မိတွေ့ရာ ကာမဂုဏ်၌ ငမ်းငမ်းတက်ဖြစ်ထတ်သော စိတ်တလေးကို ပညာရှိများ လုံခြုံအောင် စောင့်ရှောက်ကြရသည်။ လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းထားသော စိတ်သည် ချမ်းသာကို ဆောင်နိုင်သည်။ (.....)*

မိပြောမပြီး မတီးမမြည် မိမိ ပြောရတော့မယ့် တစ်နေ့မှာ-

"ညီမလေး နင်နဲ့ ငဝေ နေတာထိုင်တာတွေ 'မဟုတ်တော့ဘူး ငါထင်တယ်"

မရွှေစာ အတော်တုန်လှုပ်သွားပုံရတယ်။

"ငါက လူကြီးဆိုတော့ တစ်မိသားစုလုံး တစ်မျိုးလုံး အခြေအနေ ထည့်တွက်ရတယ်။ နင်နေတာထိုင်တာ ဆင်ခြင်ရမယ်"

"ကျွန်မနဲ့ သူနဲ့ ဘာမှ မဖြစ်ပါဘူး။ ကျိန်ဆို ကျိန်ပါ့မယ်"

"ကျိန်တာက အကြောင်းမဟုတ်ဘူး။ နင့်မှာ နင့်သမီးနဲ့ အတူတူ လောက်၊ အသက်ကလည်း တစ်ဝက်လောက်ကွာတယ်။ ကိုယ့်သမီးထက် တောင်မှ သူက ငယ်သေးတယ်။ ဒါဟာ နင်သိရမှာ၊ ငါထုတ်ပြောရတာ တောင် ငါရှက်တယ်။ ဒီအတိုင်းဆို ငါ သူ့ကို အလုပ်က ထုတ်ပစ်တော့ မယ်"

ဒါတိုင်း ကက်ကက်လန် ရန်တွေ့တတ်တဲ့သူ၊ သူ့ဝဝေနဲ့ ပတ်သက် ပြီး ဒီတစ်ခါ အတော်စိုးရိမ်နေပုံရတယ်။ မျက်နှာအမူအရာပါ လုံးဝပျက်နေ တယ်၊ တုန်လှုပ်လည်းနေခဲ့တယ်။

"ကျွန်မနဲ့ သူနဲ့ကို ရှေးဘဝကပဋ္ဌာန်းဆက်ရှိတယ်လို့ ဆရာတွေက ပြောကြတယ်။ ညီမလည်း ဘာကြောင့်မှန်းမသိဘူး သူ့ကို သံယောဇဉ် ရှိတယ်။ သူ ဆင်းရဲတာ ဒုက္ခရောက်နေကြတာ သနားတယ်"

"သံယောဇဉ်ရှိတာ ရှိပေါ့၊ တကယ်တော့ သူတို့ဟာ နင်နဲ့ တကယ် ပတ်သက်ခဲ့တာမှ မဟုတ်ဘဲ။ ငါ့မိတ်ဆွေတွေရဲ့ မိတ်ဆက်ပေးမှုနဲ့ ရင်းနှီး ခဲ့ရတာပဲ၊ ငါလည်းတတ်အားသရွေ့ကို ငါ ကူညီခဲ့တာပဲ"

"ဟုတ်ပါတယ်၊ ညီမလည်း သူ့ကို မောင်လေးတစ်ယောက်လိုပဲ ချစ်ပါတယ်"

"မောင်လေးတစ်ယောက်လိုချစ်ရင် မောင်လေးတစ်ယောက်လို ဆက်ဆံပေါ့။ လူမှာ မိသားစုတွေ၊ ပတ်ဝန်းကျင်တွေ ရှိတယ်။ ဆက်ဆံရေး မှာ အားလုံးမျှတဖို့ လိုတယ်။ ခုဟာက နင့်ဟာ လွန်လွန်းနေတယ်"

မရွှေစာဟာ တစ်စုံတစ်ရာ ပြန်ပြောဖို့ရာ နှုတ်ဆွံ့နေရာက-

"ဟိုရှေးဘဝတုန်းက ညီမက နန်းထိုင်တဲ့ သူက နန်းရံဖြစ်ခဲ့တယ် ပြောတယ်"

"ဘယ်သူက ပြောလဲ"

"ဟုတ်ကဲ့ ညီမဆရာ ဦးမြသန်းက ပြောတယ်"

"ဆိုပါဦး"

"ဒီဘဝမှာ ဒီမှာဆုံဖို့ရာ ဖန်တီးပေးလိုက်တာတဲ့။ ဒါနဲ့ ခုလိုဆုံးဖြတ် ရတာတဲ့။ ပြီးတော့ ဦးမြသန်းကပဲ ဒီလို အိမ်နဲ့ ဘာနဲ့ဖြစ်အောင် ညီမကို ဖန်တီးပေးလိုက်တာ ပြောတယ်"

မိမိ ရုန်းကန်ကြိုးစားခဲ့ရတာတွေ၊ အိမ်တစ်လုံးရရေးအတွက် အိပ်မက် မက်ခဲ့ရတာတွေ။ တွေးရင်း ညီမပြောတာ စိတ်မကောင်းဖြစ်မိရပါတယ်။ အင်း ထားလိုက်ပါတော့လေ။

ပြီးတော့၊ အဲဒီကျေးဇူးရှင်ကိုလည်း တီဗွီတစ်လုံး ဝယ်ပေးပြီး ကျေးဇူး ဆပ်ခဲ့တာလည်း မိမိ ဘာမှ မပြောခဲ့ပါဘူးဆိုတာပါ။

"အစ်ကိုကြီး မစိုးရိမ်ပါနဲ့ သူနဲ့ ညီမက မယူလို့ မရပါဘူး။ တကယ် ယူခဲ့ရင် သူသေမယ် ပြောတယ်"

"ဘာလို့လဲ"

''ညီမက နန်းထိုင်၊ သူက နန်းရံ ဆိုတော့ ဘုန်းကံချင်း မတူဘူး။ ဒါကြောင့် သူသေမှာပဲ''

မိမိမှာ ဘာပြောရမှန်း မသိတော့ပါ။ အမှန်ကို ပြောရင်လည်း ပြောသူရဲ့ အသိစိတ်နဲ့ ရိုးသားမှု ရှိမှသာလည်း ဖြစ်ကြတာပဲ မဟုတ်ပါလား။

''အဲဒါဆိုရင်လည်း ပြီးတာပဲ။ ခု နှင့်ဥစ္စာ အလုပ်ပြီးလို့ ညဘက် တီဗွီကြည့်တာတောင်မှ သူနဲ့ ကပ်ထိုင်နေရမှ ဖြစ်တော့တာ၊ ပြီး အလုပ်မှာလည်း သူ့အနားကပ်နေရမှ နှင့်မှာဖြစ်တာ ဖြစ်နေတယ်။ တံကယ်က တို့ဟာ အားလုံးနဲ့ မျှတအောင် နေမှဖြစ်မှာ''

မိမိ အကျိုးအကြောင်း ပြောပြရတယ်။ မိမိ မပြောချင်ပါ။ ဒါပေမယ့် မလွှဲမရှောင်သာ ပြောဖြစ်ရတယ်။ ရှက်ဖို့ ကောင်းလှပါတယ်။

မရွှေစာလည်း သူ့ဘက်က ပရိယာယ်ဆင်တာလားတော့ မသိဘူး။ ဆင်ခြင်နေထိုင်သွားဖို့ရာ ပြောခဲ့ပါတယ်။

မိမိမှာ၊ ခုတော့ ဆောက်လက်စတန်းလန်းအိမ် ပြီးဖို့ရာရယ်၊ တစ်ဖက် အိမ်ငှားအိမ်က မိမိ ခု အိမ်ပေါ်ရောက်ဖို့အရေး၊ ဆက်လက် အိမ်ဆောက် လုပ်ရေး၊ ပြီး ငွေရေးကြေးရေး၊ မိသားစု မပြိုကွဲရေး၊ အရေးတွေက အများကြီးပါပဲလေ။

ဟယ် ဘယ်လို လောကကြီးလဲ။ ဘယ်လောက် ဆန်းကြယ်လိုက် လေကြသလဲ။ ပြီး ဘယ်လောက် စိန်ခေါ်နေဦးမလဲ။ ပြီးတော့ နရသိန် ဂမ္ဘီရလောက ကမ္ဘာရယ် လျှို့ဝှက်ဆန်းကြယ်နေဦးမှာပဲလေ။

❖ ❖ ❖

The proof lies upon him who affirms, not upon him who denies.

အခိုင်အမာ စွပ်စွဲပြောဆိုသူမှာ သက်သေပြရန် တာဝန်ရှိတယ်။ ငြင်းဆိုသူမှာ တာဝန်မရှိ။

*

## တွယ်တာစိတ်

*နှိမ်နင်းရန် ခဲယဉ်းသည့်၊ အဖြစ်အပျက် မြန်ဆန်သည်။ မျိုးနွယ်နှိမ့်မြင့် သင့်မသင့်ကို မချင့်ချိန်နိုင်။ တွေ့မိတွေ့ရာ ကာမဝတ္ထု၌ တွယ်တာတပ်မက်သောစိတ်ကလေးကို နိုင်နင်းအောင်မြင်အောင် ဆုံးမခြင်းသည် အလွန်ကောင်းမြတ်ပေသည်။ ဆုံးမ၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ဆောင်တတ်၏။* *(ဓမ္မ)*

အရွှေစာဟာ တစ်နေ့တခြား အလုပ်ပြင်လာခဲ့တယ်။ ပွဲနေ့ပွဲထိုင်သွားမယ့်အတိုင်းပဲ။ ပြီးတော့ မိမိကို အမြဲ ငြိုငြင် ငေါက်ငမ်း ပြောဆိုတတ်လာတယ်။ ကြည့်ရတာ မိမိကို သူ့အတွင်းစိတ်မှာ အလိုမကျနေတာ သိသာလှတယ်။

အိမ်စီးပွားရေးနဲ့ပတ်သက်ပြီးလည်း သူမဟာ တစ်သက်လုံး သုံးချင်တိုင်းသုံးနေ ဖြုန်းနေခဲ့ကာ ရသမျှသုံး၊ ပေးသမျှသုံး၊ ပေါသလောက်တောင်းသုံးနေခဲ့ရာက ခုတော့ သူမဟာ အိမ်အတွက်ပဲ သူ့ဘဝကို ရင်းနှီးမတည်ပေးဆပ်ခဲ့ရတဲ့သဘော ပြောလာခဲ့တယ်။

ပြီး သူ့ဘုန်းသူ့ကံကြောင့်ရယ် ပြီး ဆရာသခင်တို့ မစလို့ ခုလိုဖြစ်လာရတယ်လည်း ပြောဆိုလာခဲ့တော့တယ်။

ဒါမျိုး တိုက်ရိုက် မပြောပေမယ့် ဒီသဘောမျိုးတွေ ပြောလာမှုမှာ ပေါ်လွင်လာနေခဲ့ပါတယ်။

ပြီး မိမိကပဲ တစ်သက်လုံး အသုံးမကျခဲ့ပုံမျိုး၊ လူရာမဝင်ခဲ့တဲ့ပုံစံမျိုး၊ အခြေအနေမဲ့ခဲ့ပုံမျိုးပမာ ပြောဖြစ်လာခဲ့တယ်။ ပြီး သူ့ကိုပဲ ကိုးကွယ်ထားရင်ပဲ တစ်သက်လုံး မငတ်မမွတ်တော့မယ့်ပာန်လည်း ပြောဆိုပြုမူလာခဲ့တော့တယ်။

ဟယ် ဘယ့်နှယ်လဲ၊ ဘယ်လိုဖြစ်ကုန်ပြီလဲ၊ လောကကြီးရဲ့ အခြေအနေ မဟုန်တော့ဘူးလေ။ ဒီတော့ ဒေါ်ခွေသင်းကို သတိရတယ်။ သူက နေ့တိုင်း ဘုရားတရားကို အကျယ်ကြီးလည်း ရွတ်ဖတ်တတ်တယ်။ ဘုရားတရားစကားလည်း အမြဲပြောတတ်တယ်။ ပြီး သီလသမာဓိအကြောင်း၊ ကိုယ်ကျင့်သီလအကြောင်း၊ ကျေးဇူးတရားအကြောင်း၊ သစ္စာတရားအကြောင်း အမြဲပြောနေသူပဲ။ မိမိတို့က သူတို့တစ်မိသားစုလုံးကို ကူညီစောင့်ရှောက်ခဲ့ကြတာပဲ။ အိမ်ဆောက်တာမှာလည်း ပွဲထိုးပွဲတည်တာကအစ အကုန် သူ့စိတ်ကြိုက် လုပ်ကိုင်ခွင့်ပေးခဲ့သူဖဲ မဟုတ်လား။

"ဒေါ်ခွေသင်း ညီမလေး အခြေအနေကတော့ သိတဲ့မြင်တဲ့အတိုင်းပဲ"

"ဟုတ်ကဲ့ရှင့်"

"ကျွန်တော့်မှာလည်း တခြားကိစ္စတွေလည်း အများကြီးပဲ။ ခုလည်း ဘာလုပ်ရမှန်း မသိဘူး။ ဒီလို ရှုပ်ရှုပ်ယှက်ယှက် မနေချင်လို့ ကျွန်တော်ဟာ မိန်းမယူဖို့ ဆိုတာကိုထား ရည်းစားတောင်မထားခဲ့ဘူးဆိုတာ ဒေါ်ခွေသင်း သိသားပဲ ဟဲ... ဟဲ။ ဒါပေမယ့် ကြိုက်မယ့်သူမရှိလို့လည်း ဖြစ်မှာပေါ့ဗျာ ဟား... ဟား... ဟား"

မိမိ တမင်တည့်တည့်ပြောပေမယ့် ပေါ်ပါးအောင် အရွှန်းလေးပုံဖောက်လိုက်တယ်။

"ဒီပယောဂတို့၊ ဥစ္စာစောင့်တို့၊ နတ်တို့ကို ကျွန်တော်မသိဘူး။ ကျွန်တော့်မှာ လက်မှာ နာတာရှည်တစ်ခုဖြစ်တုန်းကတော့ သုဝဏ္ဏကဘုတာဝိဇ္ဇာအဖွဲ့ ဆရာတွေနဲ့ ကုဖူးတယ်"

"ဘာတူးလဲဟင်"

"သူတို့ အမိန့်နဲ့ ပြန်တမ်းတွေနဲ့ ဝေါက်ငမ်း စမ်းသပ်ကြည့်ကြတယ်"

"ဒီတော့ ဘာတွေ့လဲ"

"ဘာမှမတွေ့ဘူးဗျ၊ တကယ့်ကို ကျောချမ်းစရာ၊ ကြောက်လန့်စရာ၊ ပြောဆို အော်ဝေါက်မေးမြန်းတာ ဝန်ခံစရာပဲ။ ဒါပေမယ့် ကျွန်တော် မလိုက်လျောဘဲ ခေါင်းမာခဲ့တယ်။ ဒါကြောင့် သူတို့ အရှုံးပေးလက်မြှောက်ခဲ့ကြတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ ဒီတော့ ပယောဂမဟုတ်ဘဲ ရိုးရိုးရောဂါပဲ ဆိုပြီး ဆေးတိုက်တယ်"

"ပျောက်ရောလား"

"ပျောက်မပျောက်တော့ မသိဘူး၊ ဝမ်းတော့သွားတယ်"

"ဟင်"

"ဟုတ်တယ် ဆေးတွေက ရှိန်းခိုတွေ ဖြစ်နေတယ်။ စားပြီးတာနဲ့ ဝမ်းသွားနေတော့တာပဲ။ သူတို့ကတော့ အထဲမှာရှိနေတဲ့ မကောင်းဆိုးဝါးတွေ ပါသွားအောင် လုပ်ပစ်တယ်ပြောတာပါပဲ"

"ဟုတ်ကဲ့"

"ဒီလိုနဲ့ နေ့တိုင်းသွား ဆေးစားပြီး ဝမ်းသွားနဲ့ ကြာတော့..."

"ပျောက်ရောလား"

"လူက မခံနိုင်လို့ အဲဒီကို သွားတာရပ်လိုက်ရတယ်။ ပြီး ဝမ်းသွားသေနိုင်လို့ ဗျ အား... ဟား... ဟား"

"ဩော် ဆရာရယ်"

ဒေါ်ဆွေသင်းက ပြောရင်း ရယ်မောနေပါတယ်လေ။ ပြီးတော့မှ-

"ခု ဆရာညီမကိစ္စ ကျွန်မ ဘာလုပ်ပေးရမလဲ"

"လိုရင်းက ဒေါ်ဆွေသင်းက ဒီဘက်မှာ ကျွမ်းတယ်ဆိုတော့ ညီမလေးကို ကြည့်လုပ်ပေးပါဦး၊ သူက ဒီလောကီလိုင်းနဲ့ပတ်သက်နေတယ်။ ဒီလိုင်းက နွယ်လာတယ်ဆိုတော့ ဒီလိုင်းနဲ့ပဲ လုပ်ကြည့်ရမှာပဲ။ ကျွန်တော်က ဘာကိုမဆို တစ်ယူသန် မထားပါဘူး။ ဟိုခေါင်းဆောင်ကြီးတစ်ဦး ပြောသလိုပဲ။ ဘာကြောင်ရုပ်ပဲဖြစ်ဖြစ် ကြွက်ပြေးဖို့က အဓိကလို့ ဆိုတယ် မဟုတ်လားဗျ"

"ဟုတ်ကဲ့ရှင့်"

"အဲဒါလုပ်ဗျာ"

"ကျွန်မမှာ အသိဆရာတစ်ယောက် ရှိပါတယ်။ ကျွန်မနဲ့ ပြောမနာဆိုမနာပါ။ ဒီနဲ့ သိပ်မဝေးဘူး၊ ကျွန်မ လိုက်ပို့ပေးလို့ရပါတယ်"

"ကောင်းပြီလေ၊ လောလောဆယ်တော့ ဒီလိုပဲ လုပ်ရမှာပဲ။ နောက်တော့မှ အခြေအနေအရပေါ့ဗျာ"

မိမိမှာ ခင်ရာဆွေမျိုး မိန့်ရာဟင်းကောင်းပမာ၊ ရေနှစ်သူပမာ ကြုံရာကျရာနဲ့ ဒီလိုပဲ စခန်းသွားခဲ့ရတာ ဘဝမှာ မနည်းမနောပါလားလေ။

ဓာတ်လမ်းက တဖုံနွဲလို့ တစ်နည်း ထွက်ခဲ့ရပြန်ပြီပေါ့။

"ကျွန်မဆရာနဲ့ ကျွန်မ ပြကြည့်မယ် စိတ်ချနော်ဆရာ"

"ယှုတ်ကဲ့ အားကိုးပါတယ်ဗျာ၊ လိုအပ်တာ ပြောနော်"

"ဟုတ်ကဲ့"

အကျိုးဆောင်ခငွေနဲ့အတူ ဒေါ်ဆွေသင်းကို အကူအညီ တောင်းလိုက်ရပြန်ပါတော့တယ်လေ။ သူကယ်ဖို့အရေးရယ်ပေါ့ နော့လို့...

❖ ❖ ❖

Peace has no borders.

*Yitzhar Rabin*

ငြိမ်းချမ်းရေးမှာ သတ်မှတ်ပိုင်းခြားထားတဲ့ နယ်နိမိတ်တွေ မရှိပါဘူး။

*

## မကောင်းကံ

*မကောင်းကံ အားကြီးတဲ့သူတွေဟာ မကောင်းတဲ့ အကြံဉာဏ်သာ ရှိတတ်သည်။ အလိမ်အကောက်ထူသည်။ ကာမဂုဏ် ခံစားဖို့လောက်သာ အကြံထုတ်နေတတ်လေသည်။ ဘာမျှ စောင့်စည်းခြင်းမရှိ။ လူမိုက်မှာ ဆေးမရှိ။ ကျွေးမွေးရှင်သော ဘာသော၊ တရားသော မတရားသော မစဉ်းစား၊ မိုက်ဖို့သာ အချိန်ရှိတိုင်း ကြံစည်းစားနေတတ်သည်။*

*(သုမေဓာထေရီ-ထေရီအပါဒန်)မှ*

လောကဟာ ဆန်းကြယ်လှတယ်။ ဘဝပညာဟာ သင်ယူလို့လည်း မကုန်နိုင်ပါဘူး။ အိမ်ငှားနဲ့ နေခဲ့ရတဲ့ အိမ်ငှားဘဝ ဇာတ်လမ်းတွေလည်း တစ်လှေကြီးပါပဲ။

ခုတော့ အိမ်ပိုင်ဘဝ၊ အိမ်ဆောက်ရတဲ့ဘဝတွေ စိတ်ဝင်စားစရာကောင်းလှတယ်။ ဒီအိမ်မြေကိုဝယ်လို့ အပြစ်တင်သူတွေလည်း တစ်ပုံကြီးပဲ။ မြေမသန့်ဘူး ပြောသူတွေ၊ အိမ်ရှင်က အောက်လမ်းဆရာလိုလို ဘာလိုလို၊ သူပဲ တစ်ခုခု ပြုစားထားခဲ့သလို ပြောကြဆိုကြတယ်။ ပြီးတော့ အလုပ်သမားတွေကိစ္စ၊ လိမ်သူတွေ၊ ပတ်သူတွေ၊ သံပန်းကိစ္စ၊ တံခါးကိစ္စ၊ စုံတကာကို စေ့နေတော့တယ်။ မိမိကတော့ စိတ်ကို အရှင်ထားတယ်။ လာချင်တဲ့ာတွေလာ စမ်းစေလေ။ ကြည့်ရှုမယ်၊ ရင်ဆိုင်မယ်၊ ဖြေရှင်းမယ် ဒါပဲ။

ဟောလာပြန်ပြီ၊ မရွှေစာဟာ ဒေါ်ဆွေသင်း အကူအညီနဲ့ သူ့အသစ်ဆရာတစ်ဦး ဦးထွန်းဆီ သွားပြန်တယ်။ ညစဉ်ညတိုင်း သွားတယ်။ ဖြီး ဖယောင်းတိုင်ဖိုး၊ အမွှေးတိုင်ဖိုးနဲ့ ဉာဏ်ပူဇော်ခပါ ပါရတယ်။ ဒေါ်ဆွေသင်း

တို့ မိသားစု စားဖို့ သောက်ဖို့တွေပါ ပါရတယ်။ အပူငြိမ်းဖို့၊ အမောင့်လွတ်ဖို့ ပါပဲ။ ရောဂါကင်းစင် ဖို့ပါပဲ။ အတော်များများ ညှဥ့်နက်သန်းခေါင်မှပဲ အိမ်ပြန်လာတတ်ကြတယ်။ အဲဒီက ဆေးဖယောင်းတိုင်တို့ အမွှေးတိုင်တို့လည်း ပါလာတတ်တယ်။ အိမ်မှာကတော့ ဘာမှမထူး။ 'ဟိုမှာ ဘာလုပ်ရလဲ' မေးကြည့်တော့ ယောဂီဝတ်စုံဝတ်ပြီး ပုတီးစိပ်ခိုင်းတယ် ပြောတယ်။ 'ဒါဆိုရင် မဆိုးဘူး' လို့ မိမိသိလိုက်ပါတယ်။ အောက်လမ်း မဟုတ်ဘဲ အထက်လမ်းလောက် ဆိုရင်တော့လည်း သိပ်ပြဿနာ မရှိဘူး ထင်တာပဲ။

တစ်ခု ထူးခြားတာက ဒေါ်ဆွေသင်း အိမ်လာသမျှ အပူတစ်ခုမဟုတ်တစ်ခု ပါလာခဲ့သလိုပဲ။ သူနဲ့ပတ်သက်သမျှ ဘာတစ်ခုမှ အနှောင့်အသွားမလွတ်သလို ခံစားခဲ့ရတယ်။ သိပ်ဘဝင်မကျ၊ သဘောမတွေ့ချင်ဘူး။ ပဲများလွန်းတယ်ဆိုတာ အမှန်ပဲ။ အပေးအယူ ပြုလုပ်ပေးရတာလည်း ဘယ်တော့မှ ရှောင့်ရဲတယ် မရှိဘူး၊ အမြဲပဲ ရေလာမြောင်းပေး ပြောလျက်ပဲ နေတတ်တယ်၊ လုပ်တတ်တယ်။ ကျွတ်ချွစ်ကောင်က မိမိကို တွယ်မိသလိုပဲ။ ဘယ်တော့မှ လွတ်မသွားဘူး။ တစ်ခုမဟုတ်တစ်ခု တွယ်ချိတ်ထားသလိုပဲ ခံစားရတယ်။

ပြီး နွေရာသီက ပူသလိုပဲ။ မိမိတို့ မိသားစုအတွင်းမှာလည်း ပူလောင်လွန်းတယ်။

ခုလည်း ငဝေက ညီမလေးနောက် တကောက်ကောက် လိုက်ပါပြီး တရားထိုင်ရာမှာ အဲဒီအိမ် အောက်က စောင့်ပေးနေတယ် ကြားရတယ်။ မလွယ်ပါလား။

တရားတစ်ဖက် မားတစ်လက်တော့ ဖြစ်တော့မယ်။ 'ဒေါ်ဆွေသင်းက ဘယ်လိုလဲ' သူ့ယောကျ်ားကတော့ ဒီကိစ္စ သူမကြိုက်ဘူး ပြောတတ်တယ်။ သူမလိုလားဘူး ပြောတယ်။ သူ့ကို မိမိ သဘောကျပေမယ့် မိသားစုနဲ့ ဖနီးကို လွှန်ဆန်လို့ရပုံတော့ မပေါ်ဘူး။ လူ့လောကထုံးစံပဲ၊ ကောက်ကျစ်သူနဲ့ ရိုးသားသူဟာ ရေတိုမှာတော့ ကောက်ကျစ်သူတို့ဟာ လက်ဦးအနိုင်ယူ မင်းမူလို့ နေတတ်ကြပါတယ်။ ခုလည်း ဒီလိုပဲ။

ဒီလိုနဲ့ ဆောက်အိမ်ကိစ္စ တက်နေလို့ ရတဲ့အခြေအနေဖြစ်တဲ့အခါ အိမ်တက်ဖို့ လုံးပမ်းရတယ်။ နောက်မှ လိုအပ်တာ တဖြည်းဖြည်း ဖြည့်ဆည်းသွားမယ် ဆိုတာပါပဲ။

လက်ရှိငှားနေတဲ့ အိမ်ကစပေါ်တွေနဲ့ သူတို့နဲ့မြတ်နိုး မပတ်သက်ချင်တော့ဘူး။ ဘူမလေးနဲ့ပတ်သက်ပြီးလည်း သူတို့ သစ္စာမရှိဘူး။ ကိုယ်ချင်းမစာဘူး။ ဝိုင်းဝန်း သွေးဆောင် ဖျားယောင်းတယ် ခံစားရတယ်။ ပြီးသစ်တွေ နိုးတင်ကြတယ်။ ဒါကြောင့်ပဲ မိမိတို့ပိုင် အိမ်သစ်ပြောင်းခဲ့ကြတယ်။ အိမ်သစ်ပြောင်းလိုက်ရင် အပြောင်းအလွဲဖြစ်သွားမယ်။ စိတ်ပြောင်းစိတ်လွဲဖြစ်သွားမယ်လည်း ခံယူထားပါတယ်။ ဒီလိုနဲ့ အိမ်ပြောင်းဖြစ်ခဲ့ကြတယ်။

အိမ်ပြောင်းပြီးတော့ မိမိဟာ နှစ်ထပ်ရဲ့ အောက်ထပ်မှာပဲ နေရာယူလိုက်တယ်။ ညဥ့်ဘက်တွေမှာ အိပ်မက်တစ်ခု ညစဥ်မက်မြဲတယ်။

တကယ်တော့ အိပ်မက်နဲ့ မတူဘူး၊ တကယ်ခံစားနေရသလိုပဲ၊ မိမိဟာ တစ်ခါတလေ အုတ်နံရံတွေကြားထဲ ရောက်နေသလိုလည်း ခံစားရတယ်။ ဒါထက် ထူးတာက သင်္ချိုင်းကုန်းဟောင်း တစ်ခုကို ကျော်လွှားပြီး ပြေးလွှားနေရသလိုပဲ။ ဒါပေမယ့် သူတစ်ပါးခိုင်းလို့ မဟုတ်ဘဲ မိမိဟာကျန်းမာရေး လေ့ကျင့်ရင်း လေ့လာရင်း ပြေးလွှားနေသလို ခံစားရတယ်။

အုတ်ဂူတွေရဲ့ ကြားကို ကျော်ဖြတ်ပြီး အကြာကြီး ပြေးလွှားလည်းနေခဲ့ရတယ်။ အဲဒီမှာ သင်္ချိုင်းကုန်းလိုဟာလည်း ရှိတယ်။ မီးဖိုကြီးတွေ၊ မီးကျီးခဲကြီးတွေ ရဲရဲနီ တောက်နေတာကိုလည်း မြင်ရတယ်။ ပြီး အလောင်းကောင်တွေ၊ တအားကုန် မိမိပြေးနေရတယ်။ မမောမချင်းပြေးနေရတယ်။ အမောပြေမှ နိုးလာတတ်တယ်။ မိမိ နိုးလာတော့ အားကစားလေ့ကျင့်ထားသလိုသန်းဆန်း ရွှင်လန်းပေါ့ပါးလို့လည်း နေတတ်တယ်။

မိမိက ညဥ့် ၂ နာရီမှာ အမြဲအိပ်တယ်။ နံနက် ၆ နာရီမှာ အိပ်ရာထတယ်။ ၄ နာရီလောက်ပဲ အိပ်တတ်ပါတယ်။

အများစုက မိမိအိပ်ရာထတာနဲ့ ကြိုးခုန်ရင်း ရေဒီယို နားထောင်တတ်တယ်။ တစ်နာရီလောက် ကျန်းမာရေး လေ့ကျင့်တတ်ပါတယ်။ ဘာကြောင့်မှန်းမသိပါ။ ဒီအိပ်မက် နေ့တိုင်းမက်ခဲ့တယ်။ ဒါပေမယ့် မိမိဘာမှမဖြစ်ပါဘူး။ ဘယ်သူပြုပြု မပြုပြု မိမိလည်း မမှုဘူး။ ကြောက်လည်းမကြောက်ဘူး။ ဂရုလည်း မစိုက်ပါဘူး။ ဒီလိုပဲ နေဖြစ်ခဲ့တယ်။ 'ရေကျရင်ငရဲရည်ဆမ်းစားပစ်မယ်' ဆိုတဲ့ စိတ်ကူး အမြဲရှိပါတယ်။

ဒီလိုနဲ့ ငဝေဟာလည်း အိမ်သစ်ပေါ် ရောက်လာခဲ့ပါတယ်။ တီဗွီကြည့်ဆို ရှေ့ဆုံးက၊ ငါးခြောက်ဆို ဖုတ်ပြီးသားဖြစ်လို့ ပါဝင်လို့ နေနေပြန်ပါတော့တယ်။

မိမိတို့ မိသားစုဘဝမှာ ငဝေမှာ ရှင်ဥပဂုတ္တက မာန်နတ်မင်းလည်ပင်းမှာ ခွေးသေကောင်ပုပ် ဆွဲထားလိုက်သလိုပါပဲလားပဲ။

အဖြစ်က ဆိုးလှတော့တယ်။

❖ ❖ ❖

*

The lawyer is the gentleman, who rescuss your estate from your enemies and keeps it to himself.

*Broughan, Henry peter*

ရှေ့နေဆိုတာ သင့်ခြံမြေယာကို သင့်ရန်သူတွေရဲ့ လက်ဝယ်က ကယ်နုတ်ယူပြီးသကာလ သူ့အတွက် အရယူထားသူပဲ ဖြစ်တယ်။

*

## သူတစ်ပါးအတွက် ကိုယ်ကျိုးမပျက်စေနှင့်

*သူတစ်ပါးအကျိုးစီးပွား ပွားများရေးအတွက် ကိုယ်ကျိုးစီးပွားကို အပျက်မခံနှင့်။*

*မိမိအကျိုးစီးပွားကို မိမိကိုယ်တိုင် သိနားလည်၍ မိမိ အကျိုးစီးပွား တိုးပွားအောင်သာ ကျင့်ကြံရမည်။ လုပ်ကိုင်ဆောင်ရွက်ရမည်။ (၄၃)*

ငဝေဟာ ခုတော့ တကယ်ပဲ အိမ်ရှေ့စံမင်းသား ဖြစ်နေပြန်တော့တယ်။ မိမိတို့ရဲ့ အိမ်သစ်က နှစ်ထပ်အိမ်။ မိမိက အောက်ထပ်မှာ နေတော့ ညီမမရွှေစာတို့က အိမ်ပေါ်ထပ်မှာ နေကြတယ်။

ငဝေဟာ ငါးခြောက်ဆို ဖုတ်ပြီးသားမျိုးပဲ။ သံရိုက်တာ၊ အမှိုက်လှည်းတာ၊ တီဗွီဖွင့်တာ၊ ကုလားထိုင်ရွှေ့တာ၊ ကွမ်းယာဝယ်တာ၊ လက်ဖက်ရည် ဝယ်တာ အကုန်ပါလို့နေတယ်။ မိမိက ဒါတွေ မကြိုက်လို့ စိုက်ကြည့်ရင် မရွှေစာက မသိမသာ အကာအကွယ်ပေးတတ်တယ်။ ငဝေဆိုသူ သူသာ မရှိရင်ဘဲ မိမိတို့မှာ မဖြစ်သလိုမျိုးဘဲ ဟန်ရေးပြတယ်။

ငဝေရော အလုပြင်တယ်၊ မရွှေစာမှာတော့ ပြောစရာမရှိတော့။ ပြီး ညဘက် တီဗွီပြီးမှ ပြန်တယ်။ တဖြည်းဖြည်း ဘာနဲ့တူသလဲဆိုတော့ အိမ်ရှေ့စံကိုယ်တော်လေးက သူ့အလိုဆန္ဒ ပြည့်ဝမှ အဆောင်တော်ဆီက ကြွမြန်းသလိုမျိုး။ ငဝေပြန်ပါမှ မိမိတို့ မိသားစုတွေ သက်ပြင်းချ စိတ်အေးကြရတယ်။ ဒေါသဖြစ်ကြ၊ တက်ခေါက်ကြနဲ့ မကျေနပ်ကြဘူး။ ပြီး သူပြန်မှပဲ တံခါးပိတ်လို့ ရတယ်။ မရွှေစာက တံခါးကို ပိတ်ထားရင် မကြိုက်ဘူး၊

ဝေလာဖို့ တံခါးဖွင့်ထား ဝေပြန်မှ တံခါးပိတ်ထား ဒါပဲ။ ဒါပေမယ့် ကိုယ့်လူကပါနေတော့ ဘာမှ လုပ်လို့မရဘူး ဖြစ်နေတယ်။

မိမိဟာ မိန်းမတို့ရဲ့ ဖောက်ပြန်တတ်တဲ့ စိတ်နေ၊ ပြီး သွေးသား၊ သဘာဝအကြောင်း စာတွေထဲမှာ ဖတ်ဖူးပါတယ်။ ပြီး မပဒါအကြောင်း၊ ပဒုမပေါင်တို့ အကြောင်း၊ သူခိုးဓားရိုးကမ်းတဲ့ ဇာတ်လမ်း၊ ပါမောက္ခကြီးရဲ့ မိခင်ကြီး အကြောင်းတွေ၊ ပြီးတော့ စာရေးသမား စာပေအသိုင်းအဝိုင်းမှာ ပွင့်ပွင့်လင်းလင်း ချွေးနွေးကြည့်တယ်။ ပြီး ဗေဒင် ယတြာတတ်ပွန်သူတွေနဲ့ ဆွေးနွေးကြည့်တယ်။ အကြံဉာဏ်ရယူကြည့်တယ်။

"ဒီကိစ္စ မှတ်တော် ခက်တယ်ဗျ ကိုအောင်ကျော်ရ"

"ပြောပါဦး"

"ပထမ ခင်ဗျားညီမက သူ့ထက် အသက်တစ်ဝက်လောက်ကြီးနေတယ်။ ပညာသဘော ဩဇာအရှိန်အဝါ အားလုံးကြီးတယ်။ သူ့ကို ဖမ်းစားနိုင်တယ်။ အဲဒါက အကြောင်းတစ်ခုပဲ။ နောက်တစ်ခုက ဟိုက ကောင်လေးက အသိဉာဏ် လူတန်းစေ့သူ မဖြစ်နိုင်ဘူး။ ပျော့ညံ့ညံ့ ဖြစ်ရမယ်။ ဒီတော့ သူ့ရဲ့ ပျော့ညံ့မှု၊ သူ့မိသားစုချို့တဲ့အားနည်းမှုကို ကိုင်တွယ်ပြီး ခင်ဗျားညီမက ဩဇာလွှမ်းမိုးထားပြီး သူဖြစ်ချင်ရာဖြစ်ဖို့ ကြိုးကိုင်နေတယ်။ ကောင်လေးက မလွန်ဆန်နိုင်ဘူး ဖြစ်နေတယ်"

မိမိကို ထောက်ပြတယ်။ မိမိကလည်း ဝန်ခံရတယ်။

"ဟုတ်တယ် ခုတော့ ညီမက မိမိတို့ရဲ့ အသွေးအသားနဲ့ နှလုံးသားထဲက မဟုတ်တော့သလိုပဲဗျ။ သူနှင့် နှလုံးသားကို နုတ်ပြီး အဲဒီ သူတို့ မိသားစုရဲ့ နှလုံးသားတစ်ခုကို ထည့်လိုက်သလိုပဲဗျ။ အရင်က ကျွန်တော်နဲ့ စလို့ နောက်လို့ ပျော်လို့ပဲ။ ခု စလို့လည်းမရဘူး၊ ဘာဆိုဘာမှလည်း ပြောလို့မရတော့ဘူး။ တစ်မိသားစုလုံးကို ဝေနဲ့ ပတ်သက်ဆန့်ကျင်မိရင် အဆိပ်ခတ် သတ်ပစ်မှာတောင် ကြောက်နေရတယ်ဗျ"

"ဟုတ်တယ်၊ ဒါမျိုးက ခက်တယ်ဗျ ကိုအောင်ကျော်ရ"

"ကျွန်တော် အံ့သြတာက မိန်းမက ယောက်ျားကို ကြိုက်တယ်။ ယောက်ျားကလည်း မိန်းမကို ကြိုက်တယ်။ ပြီးတော့ ညားရင်ညားမယ်။ ကွဲရင်လည်းကွဲမယ်၊ သေကွဲရှင်ကွဲ တစ်ခုခုဖြစ်မှာပဲ။ တစ်ယောက်နဲ့

တစ်ယောက် ဒီလိုဖြစ်လို့ လိုက်သေမယ် ဘာညာဆိုတာ စာထဲမှာပဲ ရှိမှာပါ။ တော့ ဒီလို မဟုတ်တော့ဘူးဗျ။ ငွေနဲ့ပတ်သက်ရင် ငွေကို စေ့စေ့ကြည့် တို့တောင် မရဘူး ဖြစ်နေတာ။ ကြောက်ဖို့ကောင်းလိုက်တာဗျာ။ ဒါမျိုးဖြစ် တယ်ဆိုတာ ရှိမလား မဆန်းဘူးလားဗျာ"

"ဆန်းတယ်"

"ကျွန်တော်သိတာက ဒါပဲ၊ ဒါဟာ သမားရိုးကျ မဟုတ်ဘူးလို့ ခံစားရတယ်။ ပြီးတော့ဗျာ ငွေက ရုပ်လှတာလည်းမဟုတ်၊ ပညာတတ်တာ၊ ချမ်းသာတာ၊ ကြောင်ကြားတာ ဘာဆိုဘာမှ ရှိသူ မဟုတ်ဘူးဗျာ။ အဲဒီ အပေါ်မှာ ဘာလို့ ဒီလောက်တောင် ဖြစ်နေရတာလဲ"

"ဟုတ်တယ်"

"တချို့တော့လည်း ရှိကြပါတယ်။ ဗမာ ခွဲစိတ်ဆရာဝန်မက ဘားမောင်းတဲ့ ဒရိုင်ဘာ အသားမဲလူမျိုးခြားကို တန်းတန်းစွဲဖြစ်တာတို့ ဘာတို့ပေါ့"

"ဒါလည်း အဲဒီ လူမျိုးခြားက အောက်လမ်းနဲ့ လုပ်တာလည်း ဖြစ်နိုင်တာပဲဗျ"

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် ညီမလေးကို ကယ်တင် ချင်တယ် သူ လုပ်ကြံခံနေရတယ် ထင်တယ်"

"ခင်ဗျား ဘယ်လိုထင်လဲ ပြောပါဦး"

"ကျွန်တော့်အဘွားတစ်ယောက် ရှိခဲ့တယ်။ သူဟာ ပထမ အိမ် ထောင်ပျက်တယ်။ ပျက်တော့ နောက်တစ်ယောက်နဲ့ အိမ်ထောင်ပြုတယ်။ အဲဒါ တစ်ဖက် မိသားစုတွေက လက်မခံတော့ သူ့ကို တခြား တစ်နေရာ ပို့လိုက်တယ်။ အဘွားက ရုပ်ရှိတော့ အဲဒီတစ်နေရာက သူဌေးသားနဲ့ ဖြစ်ပြန်တယ်။ ဟိုကနဲ့ လူတန်းစားချင်း မတူဘူး။ ဒါနဲ့ သူ့သားကို ပြောလို့ မရတော့ အဘွားကို ဖြုတ်လိုက်တယ်တဲ့။ အဘွားတစ်သက်လုံး စိတ်မမှန် ခဲ့တော့ဘူး"

"ဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော့်မှာ ဒီခံစားချက်ရှိတယ်။ အဘွားကို ဆေးကုပေးဖို့ ရည်ရွယ်ခဲ့ပေမယ့် ကုမပေးနိုင်ခဲ့ဘူး။ အဘွားလည်း ဒီလိုနဲ့ပဲ

ဆုံးပါးခဲ့တယ်။ ခုအိမ်မှာ မရွှေစာက သူ့အရင်က ရည်းစားတွေ အိမ်ထောင်တွေနဲ့ ဇာတ်လမ်းတွေ ရှိခဲ့တော့ သူ့နဂိုဗီဇစိတ်ကကို ဒီလိုစရိုက်ပဲလို့ ကျွန်တော့်ကို ပြောဆိုစာနာတတ်တဲ့ ကျွန်တော့်ကို ပြစ်တင်ကြတယ်။ အကြမ်းပတမ်း လုပ်ပစ်ဖို့ပဲ ပြောကြတယ်။ ကျွန်တော် ဒီလိုမလုပ်နိုင်ဘူး။ မလုပ်ရက်ဘူး။ ချစ်တာလည်း ပါတယ်။ ရေနစ်သူ့ဝါးကူထိုးတာ ကျွန်တော် မကြိုက်ဘူး။ ဒုက္ခရောက်သူကို ဒုက္ခပေးတာ မလုပ်ချင်ဘူး။ ပြဿနာတခြားဆေးတခြား မလုပ်ချင်ဘူး။ အေးအေး ဖြေရှင်းအဖြေရှာတာပဲ လိုလားတယ်''

''ခင်ဗျားဟာက ကိုင်တွယ်ရ အလွန်ခက်တယ်။ ရခိုင်လိုက ဘဝင်ကိုင်တယ်၊ ဘဝင်ချုပ်တယ် ဆိုပါတော့။ ဆိုလိုတာက သူ့စိတ်ကို ဖမ်းချုပ်ထားတယ်''

''ဟုတ်တယ် တစ်ဖက်သားက သူ့ဘဝတစ်ခုလုံးကို ချုပ်ကိုင်ထားလိုက်နိုင်ပြီဗျ။ ဘာနဲ့တူသလဲဆိုတော့ အသည်းနှလုံးကို ပြန်ပြေးဆွဲခံရသလိုပဲဗျ။ မလွယ်ဘူး ကြောက်ဖို့ကောင်းတယ်''

''ဟုတ်တယ်နော်''

''ညီမလေးက ဓားစာခံ ပြန်ပေးဆွဲခံဖြစ်နေပြီ။ ဒါပေမယ့် ပြန်ပေးတင်မဟုတ်တော့ဘူး။ ခု ဒီထက် လေးနက်တယ်။ အသည်းနှလုံးကို ပြန်ပေးဆွဲခံထား ရတယ်။ အဲဒီအသည်းနှလုံးကို ပြန်ရအောင် ကျွန်တော် လုပ်ချင်တယ်။ သူပိုင် သူ့အသည်းနှလုံးနဲ့သူ လွတ်မြောက်သွားနိုင်အောင် ပြန်လုပ်ပေးချင်တယ်''

''အားစမ်းမှုဟာ ကြောက်စရာပဲဗျ။ ခင်ဗျားခံနိုင်ရည်ရှိအောင် ဉာဏ်ရည်သာအောင် ကြိုးစားရမယ်။ ဘာပဲဖြစ်ဖြစ် ဖြတ်လမ်းသမား လူယုတ်မာတွေက တစ်နပ်စားဉာဏ်တွေ အောက်တန်းစားစိတ်တွေနဲ့ လုပ်တဲ့ လက်ဦးမှုကို ခံနေရတာတော့ သေချာတယ်ဗျ။ ခင်ဗျားဟာ စိတ်ရှည်ပညာသားပါကိုင်တွယ်ရမယ်''

''ဟုတ်တယ်။ ဒီလိုမျိုး တစ်ခါမှ မကြုံဖူးဘူး။ ခု ရာစ်အိမ်သားလုံးကို ပြဿနာ လုပ်တယ်၊ ချစ်လို့ မိမိက ကြည်စားရင်တောင်မှ သူက တကယ် လုပ်တယ်။ ဓားနဲ့ထိုးမယ်ဆို တကယ် ဓားနဲ့လိုက်ထိုးတယ်။ တကယ့် ဘီလူးသဘက်အတိုင်းပဲဗျ။ ဘယ်သူ့ကိုမှ မညှာဘူး။ ရပ်လည်း

နဂိုရုပ် မဟုတ်တော့ဘူး။ အမှောင့်တစ်ခု ပူးကပ်နေသလိုပဲ။ ဥပမာဗျာ လူကတခြား စိတ်ကတခြားပဲ။ သူ့ကိုယ်နဲ့ သူ့စိတ် မဟုတ်တော့ဘူး။ သူ့ကိုယ်နဲ့ သူများစိတ်ပဲ။ တစ်ယောက်က ကြိုးကိုင်ခိုင်းနေသလို တစ်ယောက်ယောက်ရဲ့ အလိုကျ လုပ်နေပေးရသလိုပဲဗျ''

''ဟုတ်တယ်နော်''

''ဟုတ်တယ်၊ တကယ့် အထိမခံ အကိုင်မခံ စနက်တံ တစ်ခုကို ထိန်းနေရသလိုပဲ''

''အံ့သြစရာပဲဗျာ''

မိမိတို့ ပြောဆိုဖြစ်ခဲ့တယ်။ မိမိ မိတ်ဆွေတစ်ဦးကလည်း သူယူမိတဲ့ မိန်းဘက်က မိသားစုတွေက အမွေရလိုမှုကြောင့် သူတို့ ဝိုင်းဝန်းလုပ်ကြံကြတာ ခံရတဲ့အကြောင်းနဲ့ ဘုရား တရား များများလုပ်ပြီး ရူးမသွားအောင်နဲ့ မယိမ်းမယိုင်အောင် စိတ်ကို ခုထက်ထိ ကြိုးကြိုးခဲ ရုပ်တည်နေခဲ့ရတဲ့ အကြောင်းတွေ ပြောပြရှာခဲ့ပါတယ်။

နောက်တစ်ယောက်ကလည်း မိန်းမတွေကို ကိုင်တွယ်ရခက်တဲ့ အကြောင်း၊ မကိုင်တွယ်တတ်ရင် ကိုယ့်ကို တစ်သက်လုံး လူရာမဝင်အောင် ကုပ်သွားအောင် ပြန်လုပ်ပစ်တတ်တဲ့ လောကီနည်းတွေ အများကြီးရှိတဲ့ အကြောင်း မိန်းမတွေကို ကြောက်ရတဲ့အကြောင်း အလိုက်အထိုက်နဲ့ တည့်အောင် ပေါင်းရတဲ့အကြောင်းတွေ ပြောပြခဲ့ကြပါတယ်။

မိမိဟာ အရာရာကို စိတ်ဝင်စားသူပါ။ ဒါထက် ထူးခြားအောင်ထိ၊ ဆောင်လွန်အောင်ထိ ကြံဆောင်ပြသနေသူတို့ဘဝကြမ္မာဆိုတော့၊ လောကဘမ္ဘာသစ်ကိုတော့ အံ့သြလှတယ်၊ ကြုံရတဲ့ မိမိကိုယ်ကိုလည်း အံ့သြတယ်။ လူတွေကိုလည်း အံ့သြတယ်။ ပတ်ဝန်းကျင်ကိုလည်း အံ့သြတယ်။

ဘယ်သူ့ကို ယုံလို့ လောကကို ပုံရမလဲ။ ဘယ်သူ့ကို အပြစ်ဆိုရမလဲ။ ဘယ်သူ့ တရားခံလဲ။ ဘယ်သူက လုပ်ရက်သလဲ။ လောဘကြောင့်လား။ မစ္ဆေရ စိတ်ကြောင့်လား။ တစ်ဖက်သားတွေရဲ့ စိတ်ဟာ တကယ် အံ့ဖွယ်သရဲပါပဲ။ ကြောက်ဖွယ်ပါလား။ လူသားဆိုသူတွေရဲ့ စိတ်နေသဘောထားတွေလေ။ မိုက်မဲမှုတွေပေါ့နော့။

◆ ◆ ◆

## လူယောက်မ

*ဟင်းမွှေသောယောက်မသည် အချိန်ရှိတိုင်း ဟင်းမျိုးစုံ မွှေနေသော်လည်း အပေါ့အငန်၊ အဖန်အခါး စသော ဟင်းအရသာများကို မသိနိုင်သကဲ့သို့ လူမိုက်များသည်လည်း အသက်ရှည်သမျှ ပညာရှိတို့ အနားတွင် မှီဝဲဆည်းကပ်သော်လည်း သူတော်ကောင်းတရားကို မသိနိုင်။ (.....)*

ခုတော့ အိမ်ဟာ အကြွမ်းဖျဉ်း ပြီးသွားတော့တယ်။ ဖြစ်သလိုပဲ အိမ်တက် လုပ်တယ်။ ဘုန်းကြီးဆွမ်းကျွေး ကမ္မဝါသုပ် ပရိတ်နာတယ်။ လမ်းတော့ ကျွေးလည်းမကျွေးနိုင်ဘူး။ ကျွေးလည်း မကျွေးချင်ဘူး။ အိမ်ငှားဘဝက အိမ်ပိုင်ဖြစ်သွားတယ်။ ပေအစိတ် ပေငါးဆယ် အုတ်ပတ်ကားတိုက်ခံ ၃၉ ပေ အမြင့်ရှိတဲ့ အိမ်တစ်လုံးဆောက်ဖြစ်သွားတဲ့အခါတော့ မိမိနဲ့ပတ်သက်ရာ လူတွေရဲ့ လူနေမှုပတ်ဝန်းကျင်ဟာလည်း အားလုံးပဲ ပြောင်းလဲသွားတယ် ခံစားရပါတယ်။

ဒါပေမယ့် မိမိကတော့ ဘာမှ မပြောင်းလဲဘူး။ မိမိတို့ဟာ ဒီအိမ်လောက်သာ မကဘူး မြို့တော်ကြီးထိ ပိုင်ဆိုင်နေသူတွေ၊ ဝန်ကြီးချုပ်တွေ၊ သမ္မတတွေအထိ ဖြစ်နေတာ ရှိကြတာပဲ၊ ဘာဖြစ်လဲ။ ပြောင်းလဲစရာ ဘာမှ မရှိပါဘူး။

ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးပဲ။ ထပ်ဆင့်ဖြည့်ဆည်းစရာတွေ၊ သင်ယူစရာတွေ ဒုနဲ့ဒေးပဲ။ ကျော်ကြားနေပြီး ဘာမှမတတ်သူတွေနဲ့ အောင်မြင်နေပြီး ဘာမှ မသိသူတွေလည်း ဒုနဲ့ဒေးထဲမှာ မိမိမပါလိုသူပါ။ မိမိဟာ မကျော်ချင်နေ တကယ်တော်ချင် တတ်ချင်စိတ်ပဲ ရှိတယ်၊ ပညာသာ ခရာ ဆိုတာပါပဲ။

ပြီး မိမိ ရှင်းပြရတာ ရှိလာခဲ့ပါတယ်၊ ဒီအိမ်မှာနေတာကိုပါပဲ။ မိမိ ဒီနေရာအိမ်မှာနေတာ အပြစ်တင်သူ ရှိလာကြတော့ 'မိမိ ဘာလို့ ဒီမှာနေတာလဲ ဆိုတော့ ဒီနေရာဟာ ဆင်းရဲသားရပ်ကွက် အခြေခံလူတန်းစားတွေကို မိမိ ကြိုက်တယ်။ ပြီးတော့ ဒီနေရာမှာ မိမိမှာ ပြိုင်ဘက်မရှိ။ ရန်ဘက်မရှိဘူး။ ပြီး မြို့နယ်မှာ မိမိကို နားလည်တဲ့လူကြီးတချို့ ရှိတယ်။ ပြောရင်ဖြစ်တယ်။ သိတယ်။ ဒါဆိုရင်တော်ပြီ' လို့ ပြောပြမိတယ်။

ပြီးတော့ ညီမ ရှိတယ်၊ တူမ ရှိတယ်။ လုံခြုံတယ်။ ပြီး မိမိတို့ကို ဘယ်သူမှ ရန်ပြု နှောင့်ယှက် ပြိုင်ဆိုင် ယှဉ်ပြိုင်မယ် မထင်ခဲ့ဘူး။ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်ရုံပဲ ထင်ခဲ့တယ်။

ဒါပေမယ့် မိမိ အိမ်တစ်ဆောင် မီးတာပြောင်ဖြစ်လာတဲ့အခါ၊ မိမိအပေါ်မှာရော၊ မိမိတို့မိသားစုတွေအပေါ်မှာရော၊ မိသားစုထဲက အချို့ရော' ပုံသဏ္ဌာန်တွေ ပြောင်းလဲသွားခဲ့တယ်။

လူဆိုတာ၊ အလှည့်အပြောင်း၊ လောကဓံ၊ ခံနိုင်ခဲသားပဲ။ အထူးသဖြင့် ဆင်းရဲတာပဲဖြစ်ဖြစ်၊ ချမ်းသာတာပဲဖြစ်ဖြစ်၊ အများအားဖြင့် ချမ်းသာတာကိုပဲ ဖြစ်ပါတယ်။

အဲဒီထဲမှာ မြှောက်ပင့်လာမှုပါပဲ။ မိမိတို့ဟာ အများစုက ရှေ့က ရောက်လာမယ့် ရန်သူကို ရင်ဆိုင်ဖို့ ယှဉ်ပြိုင်ဖို့ပဲ အားပြင်ထားတတ်ကြတယ်။ အပျော့ဆွဲနဲ့ အနုနည်းနဲ့ နောက်ကောက်ချလာမယ့် ရန်သူကို မသိတတ်ကြဘူး။ ခုလည်း ဒီလိုပဲ။ တချို့က လူချင်းပေါင်း လုံးသပ်တာခံရတော့တယ်။

ပတ်ဝန်းကျင်ကလည်း၊ တစ်လမ်းလုံးကို၊ လူနေမှု တစ်တတ်တအား ပြောင်းလဲဖို့ကို၊ မိမိက ကြိုးစားပေမယ့်လည်း စပျစ်သီးက ချဉ်ပါတယ် ပုံစံ တချို့ရှိခဲ့တယ်။ မဆန်းပါဘူး။ လူ့သဘောပါ။ 'မနေ့တစ်နေ့က ရောက်လာပြီး လူပါးဝတယ်။ ဗိုလ်ကျတယ်။ လမ်းနာတယ်။ ဇွက်ထတယ်။ ကားမဝင်ရ၊ ဝင်ကြေးပေးရမယ်' အိမ်ဆောက်ရာ ဘာညာလုပ်ကြတာတွေ အများကြီးပဲ။ ဒါကို ရပ်ကွက်သားချင်း လက်သမားဆရာ သူဟာသူရှင်းရင်း ပြေလည်သွားစေခဲ့တယ်။ စည်ပင်က အိမ်ဆောက်ခွင့်ပြုတာ၊ တရားဝင် ဘောင်ထဲက လုပ်ခဲ့တာပဲ။ တကယ်တော့ ဘာမှ ပြဿနာ မဟုတ်ပါဘူး။

ဒါကို ပြောသူလုပ်သူရဲ့ အတ္တနောမတိပဲ ဖြစ်ပါတယ်။ ဘယ်သူဘာဝ လုပ်လုပ် မိမိအဖို့ တည့်မတ် မှန်ကန်ဖို့ပဲ လိုတယ်။ မယိမ်းမယိုင်ဖို့ဘဲ လိုတယ် မဟုတ်ပါလား။

ခုတော့ မိမိတို့ဘက်က စာမလုံ့တာရှိခဲ့တာပဲရှိတော့တယ်။ မင်းကြီးတာက ထွက်ခဲ့တာပဲရှိလာခဲ့ရပါတော့တယ်။ ဒါက ဘာသာတရား မသိသား ဆိုးရွားမှုတွေပါပဲ။ ခုတော့ မိမိဟာ ဘုရားတရား သက်ဝင်ယုံကြည်စိတ်တွေ အထူး ဝင်လာခဲ့ပါတယ်။ ငယ်ငယ်တုန်းကတော့ အရာရာကို တော်လှန်ပြောင်းလဲ လိုစိတ်နဲ့ စိတ်ကြမ်း ကိုယ်ကြမ်း ဖြစ်ချင်ခဲ့ပါတယ်။ ဒါပေမယ့် မွေးရာပါ ဗုဒ္ဓဘာသာတစ်ယောက်ရဲ့ အခြေခံပျော့ပျောင်းစိတ်ကို ပြောင်းလွဲပစ်ဖို့ရာ မလွယ်ခဲ့ပါဘူး။

ခုတော့ ကြာနီကန်ရဲ့ မဂ္ဂဒ်န်း တရားခွေ၊ ဦးဥတ္တမသာရရဲ့ ပရိတ်တရားခွေ၊ မြို့ဦးလွင် ဆရာတော်နဲ့ အိမ်တွင်းပြုပြင်ရေး တရားတွေ၊ သာမညဆရာတော်ရဲ့ တရားခွေကို ရတဲ့အချိန်တွေ ဖွင့်တယ်။ ဘုရားဆီမီး အမွေးတိုင် ပန်းမာလ်တွေနဲ့ ပူဇော်ပါတယ်။ အထူးသဖြင့် အမေက မပြတ်ဘူး။ ဘဝအေးချမ်းဖို့၊ တရားချမ်းမြေ့ဖို့ရာပါပဲ။ ပြီး ဦးဝိစိတ္တသာရာဘိဝံသရဲ့ မေတ္တာပို့တွေနဲ့ပါပဲ။

ဒါပေမယ့် မိသားစုဘဝက ပူသထက်ပူလာတယ်။ ညီမလေး မရွှေစာဟာ သုံးနှစ်သားခန့် ကလေးငယ်တစ်ယောက်လိုပဲ မိသားစုအပေါ်မှာ တစ်ခုမဟုတ်တစ်ခုနဲ့ သူလိုချင်တာ ဂျီတိုက်ဂျီကျလို့ပဲ နေပါတော့တယ်။ သူဟာ သူ့သမီးတုန်းက ပြောဆိုစိတ်ပူခဲ့တာတွေဟာ ခုတော့ မိမိအလှည့်ရောက်တဲ့အခါ ပြောမရဆိုမရ ဖြစ်နေရပါတော့တယ်။

တစ်သက်လုံး မိမိနဲ့ အတူတွဲကာ လူကြီးလုပ်လာခဲ့သူက ခုတော့ ဘုန်းကြီးတစ္ဆေဖြစ်ကာ ပြောမရ ဆိုမရ ဖြစ်နေရပါတော့တယ်။ ဆိုက်ကိုကို သူတို့မသိကြ။ မိမိ ဘာလုပ်ရမှာလဲ၊ မိသားစုကြားမှာ မိမိက တစ်ယောက်နဲ့အများ ဖြစ်နေခဲ့ရပါပြီ။ ခုတော့ ညီတွေလည်း စုံနေခဲ့ပြီ။ ဒီမှာ အခွင့်တစ်ခုရဖို့ ဖန်ခဲ့ပြန်ပြီ။

မိမိ တစ်ခုခု ဆုံးဖြတ်မှ ရတော့မယ်။ ဒါကြောင့် ညီတွေနဲ့ တိုင်ပင်ပြီး ညီမကို ပတ်ကြမ်းတိုက်ရတော့မယ်။ အမိက ငဝေကို အိမ်က နှင်ထုတ်မှ ဖြစ်မယ်။

ဒါပေမယ့် မိမိစိတ်ရှည်ပါတယ်။ ဒီအဆင့်မရောက်ခင်မှာ ငဝေကို တူမလေး **လီလီ**ကို ကိုယ်ချင်းစာဖို့ရာလည်း ပြောခဲ့တယ်။ 'မင်းမှာလည်း နှမ အစ်မ ရှိတယ်။ အမေ ရှိတယ်။ မဖြစ်သင့်တာ မဖြစ်ဖို့' ပြောခဲ့တယ်။ ပြီးတော့ သူနဲ့ပတ်သက်သူတွေ အကုန်လုံးကို ဒီကိစ္စ တားမြစ်ပေးဖို့ ပြောဆို အကူအညီ တောင်းခဲ့တယ်။ အထူးသဖြင့် ငဝေ့အဖေ ကိုမောင်မောင်ကို သူ့သားကို ထိန်းဖို့၊ ညီမ အာရုံပြောင်းသွားအောင် တစ်နေရာမှာ ခဏရှောင်ပေးစေဖို့ (ဒါမှမဟုတ်) တစ်နေရာမှာ အလုပ်တစ်ခုသွင်းထားပေးဖို့၊ ငွေကြေးကအစ မိမိ ကူညီပေးမယ် ပြောခဲ့တယ်။ ပြီးတော့ ကိုရင်ပဲဖြစ်ဖြစ် ဝတ်ပေးဖို့လည်း ပြောခဲ့တယ်။ ဘာပဲပြောပြော ဒုံရင်း ဒုံရင်းပဲ ဖြစ်နေခဲ့တယ်။ ခုတော့ မိမိဟာ ဘာဖြစ်နေပြီလဲ၊ မိမိကို ဘာလုပ်ထားကြလဲ၊ လျှာစကားစကမ့ မိမိမှာ မရှိတော့ပါလား။ ပြောတာ ဘာမှ မဖြစ်တော့ပါလား။

အိမ်ကတော့ မီးဖိုပေါ်မှာ ထိုင်နေသလိုပဲ ပူလောင်လှတယ်။ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး နားမလည်သူတွေ၊ အပြစ်ကို တစ်ဖက်သား ပုံချနေတတ်သူတွေကြားထဲမှာ မိမိဟာ ပုရွက်ဆိတ်ခေါင်းကြီးပမာ ဘွားဘွားကြီး ထင်ပေါ်လို့နေသလိုပါပဲ။ အားလုံး ပါသမျှချေးတွေ ပုစွန်ခေါင်းရောက် ဆိုသလိုပဲ။ မိမိကိုယ်သာ တစ်အိမ်လုံးက အပြစ်ပုံချနေကြပါတော့တယ်။

ဘယ်သူ့ကိုမှ ဆွေးနွေးလို့မရ၊ တိုင်ပင်လို့မရ။ အချို့က ခေါင်ဦးကမိုးယိုနေတဲ့ ညီမကိစ္စပဲ။ ငဝေကို တားမရတဲ့ကိစ္စပဲ၊ ငဝေကိုလည်း မိမိက 'လူငယ်ပီပီ ဘဝသစ်တစ်ခုထူထောင်ဖို့ ငွေကြေးလိုရင် တောင်းယူဖို့ ရေရှည်မှာ မကောင်းဘူး၊ တို့မိသားစု မျက်နှာထောက်ဖို့' ဘာပဲပြောပြော ဘာပဲဆိုဆို အရာမရောက်တော့ဘူးလေ။ တစ်နည်းပဲ ရှိတော့တယ်။ ကိုစိုးမြင့်ကို အကူအညီတောင်းဖို့ပဲ ကျန်တော့တယ်။ ကိုစိုးမြင့်ဟာ မိမိတို့နဲ့ ညီအစ်ကိုသားချင်းပမာ နေခဲ့ကြသူ။ သစ္စာ သမာဓိရှိသူ။ ဒီစိတ်ဘက်ဆိုင်ရာ ရောဂါလက္ခဏာမျိုးကို နားလည်သူပဲ။ သူ့ကို အကူအညီတောင်းကြည့်ရမယ်။ သူနဲ့ အဖြေရှာရမယ် ဆိုတာပါပဲ။

❖ ❖ ❖

## မကောင်းမှု ပြုလုပ်တဲ့သူ

*မကောင်းမှုလုပ်တဲ့သူများသည် အခုလည်း စိုးရိမ်ရသည်။ နောင်လည်း စိုးရိမ်ရသည်။ မျက်မှောက် သံသရာ နှစ်ဖြာစလုံး စိုးရိမ်နေရသည်။ မိမိကိုယ်တိုင် လုပ်ထားတဲ့ မကောင်းမှု အကုသိုလ်ကံတွေကို တွေးပြီး အမြဲတမ်း စိုးရိမ်နေရသည်။ ပင်ပန်းနေရသည်။ စိတ်ဆင်းရဲနေရသည်။*

*(၄၃)*

ဒီကိစ္စကို မရွေစာကို ဖွင့်ပြောလို့ မဖြစ်ပါ။ နားလည်မှုယူပြီးတော့တဲ့ တစ်နေ့မှာ ကိုစိုးမြင့် ရောက်လာခဲ့ပါတယ်။ ကိုစိုးမြင့်က အရင် ရင်းနှီးနေကြ အတိုင်း ညီမကို လက္ခဏာကြည့်ဖို့ ဘာညာ သူ့ဆီ ခေါ်လိုက်ပါတယ်။ ညီမက မလာချင့် လာချင် လာခဲ့တယ်။

ပြီး ဘုရားစင့်ရှေ့ ရောက်လာခဲ့တယ်။ ကိုစိုးမြင့် ရောက်လာတာနဲ့ ဝေဟာ ပျာရိပျာယာ ဖြစ်လာခဲ့တယ်။ ဂဏှာမငြိမ် ဖြစ်လာခဲ့တယ်။

ဒီ့အရင် ရှေ့က ကိုစိန်ကျော် ဆိုသူတစ်ယောက် ခုလို ရောက်လာဖူးတယ်။ အဆောင့်လက်ဖွဲ့တွေ ပေးခဲ့ဖူးတယ်။ နိုင်ငံခြားက လူတွေတောင် သူ ခေါ်ယူနိုင်တယ် ပြောခဲ့သူပဲ။ လက်ဖွဲ့ရှိရင် ဘာမှ ဘယ်သူမှ ဘာမှမလုပ်နိုင်ဘူး ပြောခဲ့သူပဲ။ ဒါပေမယ့်လည်း မထူးခြားခဲ့ပါဘူး။

ပြီးတော့ မိမိနဲ့ ရင်းနှီးသူရဲ့ ဇနီးတစ်ယောက်လည်း ရောက်ခဲ့ဖူးသေးတယ်။ သူက 'မိမိတို့ မောင်နှမဟာ ပဲခူးနန်းဆက်၊ ဘာညာ ပြောခဲ့တယ်။ ပြီး နှမကြောင့် အိမ်ရှေ့စံ မိမိဟာ ဒီညီမကြောင့်ပဲ မိမိ လုပ်ကြံခံခဲ့ရကြောင်း

သူနဲ့လည်း ပဋ္ဌာန်းဆက် ရှိကြောင်း ပြောရင်း ငိုခဲ့ပါတယ်။ ထူးခြားတာက ညီမလေး ဟာ အများအားဖြင့် အိမ်ကို မကပ်ဘူး။ သူတို့လာတုန်းကလည်း တခြား အိမ်မှာ ရောက်နေခဲ့တယ်။ မိမိခေါ်တော့ ခြေခေါက်လဲပြီး တွဲထူခဲ့ရတာ မှတ်မိနေတယ်။

ဒါပေမယ့် ထူးခြားတာကတော့ အိမ်ဟာ ပူမြုပ္ပူလောင်တယ်။ မအေးချမ်းဘူး။ ခု ကိုစိုးမြင့် ရောက်လာတော့ကော

"အစ်ကိုတို့ ဘုရားစင် ရှင်းပေးပါ"

"ဘာဖြစ်လို့လဲ"

"ဘုရားစင်က ရှုပ်နေတယ်၊ ဒါရှင်းပေးမှ အလုပ်လုပ်လို့ ရမယ်" တဲ့။ ဒါဆိုရင် ပြဿနာ ဖြစ်နိုင်တယ်။ သူမ ပွဲတချို့လည်း ရှိနေတယ်လေ။

"ကိုစိုးမြင့် အဆင်ပြေသလိုပဲ လုပ်ပါ။ တဖြည်းဖြည်းတော့ ရှင်းပေးပါ့မယ်၊ ခုတော့ ခဏနေပါဦး"

အကြောင်းသိသူချင်းမို့ မရွှေစာအကြောင်း သိပြီးသားမို့ သူ လက်ခံခဲ့ရတယ်။

"အရင် အစ်ကိုတို့ ကျွန်တော်တို့နဲ့ နေခဲ့တုန်းက အိမ်မှာ ဘုရားစင်ပဲ ရှိခဲ့တယ်။ တခြား ဘာမှ မရှိခဲ့ဘူး။ ဒီတော့ ဘာပြဿနာမှလည်း မရှိခဲ့ဘူး မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်တော်ပြောမယ်၊ ဘုရားစင်မှာ ပွဲထိုးမယ်ဆိုရင် သာသနာပွဲ တစ်ခုတည်း ထိုးတာ အကောင်းဆုံးပဲ"

"အင်း ပြောပါဦး"

"သာသနာ့ပွဲထိုးတာ ဘာမှလည်း မခက်ဘူး။ ဘာမှလည်း ဒီလောက် မကုန်ကျဘူး"

"အင်း ဆိုပါဦး"

၁။ အုန်းသီးတစ်လုံး။

၂။ ငှက်ပျောဖီး ၅ ဖီး။

၃။ ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ဆေး။

၄။ သပြေပန်း။

၅။ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်။
၆။ ရွှေထီး၊ ရွှေတံခွန်၊ ရွှေကုက္ကား၊ ရွှေမုလေးပွား၊ ရွှေကြက်လျှာ အစုံ။
၇။ ဆီမီးငါးတိုင်။
၈။ ရေ ငါးခွက်။
၉။ ကိုးတောင်ပတ်လည် ရှာဇမတ်ကာပြီး သဲဖြူ ၉ ထပ်ခင်းပြီး ထောင့်လေးထောင့်မှာ ရွှေပင်ငွေပင် စိုက်ပြီး ရွှေရည်ငွေရည် လောင်းရမယ်။
၁၀။ အခြား အထူးထူး အထွေထွေ အမွှေးနံ့သာတွေနဲ့ လှူဒါန်းဖွယ် ရာတွေပါရမယ် အဓိကကတော့ ဒါပဲ”

“ပြီးတော့ရော”

“ဘုရားဝတ္တကမြေနဲ့ သာသနိကမြေမှာသာ တည်အပ်တယ်”

“ပြီးတော့ရော”

“နေ့ညမရွေး ပြုလုပ်နိုင်ပါတယ်။ ဒါပေမယ့် မြတ်စွာဘုရားရှင်ရဲ့ ဆံတော် အံတော် စွယ်တော်ဓာတ်တော်တွေနဲ့ ရဟန္တာအရှင်မြတ်တို့ရဲ့ ဓာတ်တော်တွေ ပင့်ဆောင်လာတဲ့အချိန် ကြွရောက်လာတဲ့အချိန်မှာပဲ ပြုလုပ်နိုင်တယ်တဲ့”

“ပြီးတော့ရော”

“ဘုရားရှင်ရဲ့ သာသနာတော် အစွန့်ရှည်တည်တံ့ ပြန့်ပွားစေဖို့နဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ရာ အခြေအနေအရသာ ပြုလုပ်ရမယ်”

“အင်း”

“သာသနာပွဲ ထိုးတဲ့ပုဂ္ဂိုလ်မှာလည်း ယောကျ်ား မိန်းမ ဘယ်သူပဲ ဖြစ်ဖြစ် လုပ်နိုင်တယ်။ ဒါပေမယ့် ငါးပါးသီလမြဲသူဖြစ်ဖို့ လိုတယ်တဲ့။ ဗြဟ္မစိုဟာရ ဘာဝနာအား ကျင့်သုံးအောင်မြင်ထားသူဆိုရင် ပိုကောင်းတာပေါ့ အစ်ကိုရဲ့”

“အင်း... အင်း”

“ဒီတော့ ဒီပွဲထိုးရင် ဒီအကျိုးတွေလည်း ခံစားရမယ်လေ-
၁။ အသက်ရှည်တာ

၂။ အနှာမဲ့တာ
၃။ အဆင်းလှတာ
၄။ ဓနဥစ္စာကြွယ်ဝတာ
၅။ လောကုတ္တရာ ပညာအရာမှာ အောင်မြင်တာ
၆။ လောကီ သံသရာမှာ ထင်ရှားကျော်စောစေတာ
၇။ မျက်စိအကြည်ဓာတ် မပျက်ပြယ်တာ
စတာတွေ ခံစားရတယ် ဗျ''

''အင်း... အင်း''

...ကျေးဇူးပါပဲ ဆိုပြီးတော့မှ သူက မိမိတို့ ဘုရားစင်ကို ရှင်းဖို့ ကြည့်ပြီး စိတ်မောသွားပါတော့တယ်။ ဒါပေမယ့် ခုအရေးကြီးတာက ညီမလေးကို စစ်ဆေးဖို့ကိစ္စပဲ။ ကိုစိုးမြင့်ဟာ မိသားစုအရေးဖြစ်နေတာကြောင့် အသက်ကို ဝှဝရှူလိုက်ပြီးမှ သူ့အစီအစဉ် တိုင်တည်မှုကို စတင်တယ်။

သူ့အမူအရာ ချက်ချင်း ပြောင်းသွားတယ်။ သူ့အသံက မာကျောခက်ထန်နေတယ်။ အမိန့်ပေးသံတွေက စီညံလို့နေတယ်။

မိမိတို့ဟာ ကိုစိုးမြင့်အသံမှာ နစ်မျောပါဝင်နေကြတယ်။ ပြစားထားသူ နှောင့်ယှက်သူ ဘယ်သူမဆို သူ့ခွင့်လွှတ်တဲ့ အကြောင်း နဲ့ သူလုပ်စရာ ရှိတာ ဆက်လုပ်လို့နေတော့တယ်။

ဒီအခိုက်မှာပဲ မိမိမိတ်ဆွေတစ်ဦးနဲ့အတူ တစ်ခါက ညီမလေးအတွက် ယတြာချေခဲ့တာ မှတ်မိနေမိတယ်။ သူက စာရေးဆရာ၊ ခုလုပ်လို့ မရရင် ဇာလီတောင်ဆရာတော်နဲ့ လုပ်ပေးဖို့ထိ ပြောခဲ့ပါတယ်။ ပြီး သူက ကင်ပွန်းချဉ်သားကို ညီမရဲ့ အိပ်ရာအောက်မှာ ခင်းအိပ်ခိုင်းပြီး စနေသားကို ချောင်းကို ပစ်ခိုင်းဖို့ကအစ လုပ်ခိုင်းခဲ့တာ၊ လုပ်စေခဲ့တာ သတိရမိတယ်။

မိမိဟာ အနှာသိရင် ဆေးရှိရမယ်။ လူလုပ်တာကို လူပြန်မလုပ်နိုင်ဘူးဆိုတာ မရှိဘူး ခံယူထားသူဘဲ ဖြစ်ပါတယ်။

လိုရင်ကြံဆ နည်းလမ်းရ ဆိုတာ လက်ခံယုံကြည်ထားသူပဲ ဖြစ်ပါတယ်။

လူဟာ အကောင်းပကတိက ဆိုးသွားရတာလည်း အကြောင်းတရားတစ်ခုပဲ။ ဆိုးနေရာက ကောင်းသွားရတာဟာလည်း အကြောင်းတရား

[illegible] စောင့်ပါဘူး။ ခိုးမှုနဲ့ ကောင်းမှုကြားမှာ၊ ကောင်းမှု [illegible] ကာလအပိုင်းအခြားတစ်ခု၊ ကျော်လွှားဖြတ်သန်းလွန်မြောက် [illegible] တစ်ခုကိုပဲ၊ ဒါကို စိတ်ရှည်ဖြတ်သန်းသွားကြရတာပဲ မဟုတ်လား။

ကိုစိုးမြင့်ကို ငေးစိုက်ကြည့်နေကြတယ်။ သူ့အသံတွေက လွှမ်းမိုးကြီးစိုးနေတယ်။ ဒီအခိုက်မှာ အိမ်အောက်ထပ်က ရုတ်ရုတ်ရုက်ရက် အသံတွေ ကြားရတယ်။ ငဝေ့အသံ ဖြစ်နေတယ်။

"တို့ချစ်တာကို ကွဲအောင် လုပ်ကြတယ် မရဘူး။ ဒီလူ့ကို သတ်မယ်"

"ကျွန်တော် မကျေနပ်ဘူး၊ အသေခံသွားမယ်"

ဆွဲလား လွဲလားနဲ့ဝုန်းဒိုင်းကြသံ ဖြစ်နေတယ်။ ငဝေဟာ အပြင်က အိမ်ထဲထိ ကျူးကျော်ဝင်လာရုံမက ပုလင်းတစ်လုံးကို ခေါင်းချိုးထားပြီး ကိုစိုးမြင့်ကို တက်ထိုးဖို့ ဟန်ပြင်နေခဲ့တယ်။

မိမိ အံ့ညြသွားတယ်။ ဒီကောင်ရဲ့လူချည်လား၊ ဘယ့်နှယ် ဖြစ်တာပါလိမ့်၊ ကိုစိုးမြင့်ကို မိမိအားနာသွားတယ်။ ဒါကြောင့် ငဝေ့ဆီ ပြေးသွားပြီး-

"မင်းမူးနေလား။ ငါတောင်းပန်တယ် မင်းသွားစရာရှိ အပြင်ပြန်ထွက်သွား သွား"

ညီမလေးမရွှေစာကလည်း ခုတော့ ငဝေ့ကို တွန်းထိုးပစ်လိုက်တယ်။ ပြီး ပါးကို ဘယ်ပြန် ညာပြန် ရိုက်ချလိုက်တယ်။

"အစ်ကိုလိုလူက မင်းကို တောင်းပန်ရမလား၊ မလိုချင်ဘူး သွား သွား"

တကယ့်ရင်တွင်းက ဝေဒနာ ဝေဒနာအစစ်လေလား မသိပါဘူး။

အစ်ကိုအတွက် ခံစားပြောဆိုလာတယ်။ မိမိဘဝမှာ ဒီတစ်ခါမှာ ဝမ်းသာပီတိ ဖြစ်သွားခဲ့ရတယ်။ ညီမလေး စိတ်ရင်းမှန်ကို တွေ့လိုက်ရလို့ပါပဲ။ မိမိ ညီမလေးကို သိပ်ချစ်ပါတယ်။ ဒီလိုဆိုတော့လည်း ဝမ်းသာပီတိ ဖြစ်ရပြန်တယ်။

ပြီး ကိုစိုးမြင့်ကိုတော့ မိမိ တာဝန်မကျေစော်ကားလိုက်သလို ဖြစ်သွားခဲ့ရပြန်တယ်။ ငဝေ့ကိစ္စ လုံးပန်းရင်း ညီမလေးကို ထိန်းနေစဉ်မှာပဲ ကိုစိုးမြင့်က အိမ်ပေါ်က ဆင်းသွားခဲ့တယ်။

အဲဒီအခါမှ မိမိ စဉ်းစားမိတယ်။ လက်သည်ဟာ ဒီကောင်ပဲ။ နဂိုကလည်း သူ့ပဲ ထင်ခဲ့တယ်။ ဒါပေမယ့် သူကိုယ်တိုင်က လုပ်ချင်မှ လုပ်မယ်။ တတ်မယ်။ အချင်းချင်း လက်တည့်စမ်းရာကပဲ (ဒါမှမဟုတ်) သူ့နောက်ကွယ်က လက်တည့်စမ်းနေသူတွေ ရှိနေတယ်ပဲ မိမိထင်နေမိပါတယ်။

ညီမလေးနဲ့ သူနဲ့ဟာ အကစားခံ နယ်ရုပ်တစ်ခုလိုပဲလို့လည်း မိမိထင်တယ်။ အဆင့်မထား လူတန်းစား မခွဲခြားတဲ့ သဘောကောင်းတဲ့ မိမိတို့ဟာ တချို့ကို အတွင်းစည်းထိပါ ဝင်ပေါင်းမိတော့ အရှိက်ကို ထိုးခံနေခဲ့ရတာပဲ ခံယူမိပါတယ်။

မိမိ သတိ အသိဝင်လာတဲ့အခါ အရာရာ ပြီးစီးသွားခဲ့ပါပြီ။ သူ့မိဘရဲ့မျက်နှာ အရပဲဖြစ်ဖြစ်၊ ခု မိမိ တရားခံလက်သည် မိပေမယ့် မရှင်းလင်းလိုက်နိုင်ခဲ့ပါဘူး။

မိမိ လက်လွှတ်သွားခဲ့တယ် ပြောလို့လည်း ရတယ်။ (ဒါမှမဟုတ်) ငုပ်နေတဲ့ လျှိုနေတဲ့ လက်သည်း အဲဒီ ကြောင်လက်သည်းဖွက်ဟာ ခုတော့ လှစ်ဟလာခဲ့ရပြီ ထင်လို့လည်း ရပါတော့တယ်။

ဒါဟာ အလကားဖြစ်ပေါ်လာတာ မဟုတ်ပါဘူး။ မိမိလိုချင်တဲ့ သဲလွန်စပဲ ဖြစ်တယ်၊ ဖြစ်မယ်၊ တွေ့မယ်လာ။

❖ ❖ ❖

*

Temper is a valuable possession - don't lose it.

*Buffalo News*

ဒေါသဆိုတာ တန်ဖိုးရှိတဲ့ ပိုင်ဆိုင်မှုတစ်ခုပါပဲ။ ဒါပေမဲ့ ထိန်းမနိုင် သိမ်းမရအောင်တော့ ဒေါသမထွက်လေနဲ့။

*

## ကာတိတန်ဖိုး

*လောကကြီးထဲမှာ ငါ့အသက်ကို မနှမြော ငါ့စကားနှင့် ငါ့ကတိ မျက်မှာကိုသာ နှမြောသည်။* *(ဧယဒီသမင်း)*

တစ်နေ့ မိမိ ကိုစိုးမြင့်နဲ့ သွားတွေ့တော့ ထိုနေ့က ညှိဝတ်မကျေပွန် လိုက်တာ တောင်းပန်စကားပြောရတာယ် ပြီးပဲဟိုအကြောင်းဒီအကြောင်း ပြော ရင်း သူက-

"အစ်ကို အဖြေက အဲဒါပဲ။ ကျွန်တော် ဆက်လုပ်ရင် သူနဲ့ လူချင်း ချုပ္ပဲ ဖြစ်သွားမယ်။ ဒါကြောင့် ကျွန်တော် ရှောင်လာခဲ့တာ"

သူပြောလိုက်ပါတယ်။ မိမိမှာ တခြားကိစ္စတွေလည်း အများကြီးမို့ ဒီတစ်ခုတည်းကို မဲပြီး မလုပ်နိုင်ခဲ့ဘူး ဖြစ်နေပြန်တယ်။

ညီမကတော့ ပြောရင်ခဏပဲ၊ ကြည့်ရတာ သူလည်း အရင်ရုပ် အရင်ကိုယ် မဟုတ်သလိုဘဲ။ စိတ်နဲ့ကိုယ်နဲ့ မကပ်ဘူး ထင်ရတယ်။ အရှက် လည်း မရှိ။ အကြောက်လည်း မရှိ။ စက်ရုပ်တစ်ခုလို လှုပ်ရှားနေခဲ့တယ်။ ဘာမှ အလေးမထား တန်ဖိုးမထား မှုန်တဝါးဝါးနဲ့၊ စက္ကူတစ်စလို လွင့်မျော နေတာမျိုး ဖြစ်နေတယ်။

မိမိက သတိရှိတယ်။ မိမိက တန်းတူသူ၊ ကိုယ့်ထက်မြင့်သူနဲ့မှ ရန်ဖြစ်ချင်တယ်။ ဖက်ပြိုင်ချင်တယ်။ နိမ့်သူနဲ့ မဖြစ်ချင်ဘူး။ ခုတော့ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်၊ တစ်သက်လုံးမွေးလာတဲ့ကြက် တစ်မနက်နဲ့ သတ်စားပစ်ပုံ မဖြစ်ချင်ဘူး။ ဆင်ခြင်ရတယ်။ တစ်ဘက် သူ့အမှား၊ လောကကြီးရဲ့ မလိုမုန်းထား မှောက်မှား မိစ္ဆာတိုက်မှုအမှားကို

မိမိအများဖြစ်အောင် မလုပ်ပစ်ချင်ခဲ့ဘူး။ စိတ်ထိန်းတယ်။" အိမ်ကတော့ တစ်စတစ်စ ပူပူလာတယ်။ ညီမလေးဟာ မိခင်ကြီးကို ရန်လုပ်တယ်။ သမီးလီလီကို ရန်လုပ်တယ်။ မိမိကို ဓားနဲ့လိုက်ထိုးတဲ့အထိ ဖြစ်လာတယ်။ ဒါကြောင့် မိမိ ရှေ့ခြေတစ်လှမ်း တိုးရတော့မယ်။

ညဥ့်ဘက် တစ်နေ့မှာတော့ ညီမလေးကို သည်းမခံနိုင်တဲ့အဆုံး ရိုက်ပုတ်ရတဲ့အထိ ဖြစ်တော့တယ်။ မိမိက သူ့ကို ကြိုးနဲ့ချည်တုတ်ထားဖို့ အထိ ဆုံးဖြတ်လိုက်တယ်။ မိမိ ထိုးကြိတ် ရိုက်ပုတ်ရတယ်။ ဒါနဲ့ မပြီးသေး ဘူး။ ဖေ့မိဘတွေကိုပါ ခေါ်ပြီး ဖေကို အိမ်ထဲကို လုံးဝမဝင်စေဖို့ သတိပေးလိုက်ရတယ်။ ရပ်ကွက်ကိုလည်း သိစေခဲ့တယ်။ မရွှေစာကိုလည်း လိုက်ချင်ရင် လိုက်သွားဖို့ ပြောရတယ်။ ပတ်ကြမ်းတိုက်ရတော့တယ်။

ခု မိမိလုပ်ရပ်ကို ပတ်ဝန်းကျင်က မမုန်းတဲ့အပြင် ကရုဏာသက်ကြ တယ်။ မိမိလည်း တစ်သက်နဲ့တစ်ကိုယ် မလုပ်ဖူးတဲ့အလုပ်ကို လုပ်လိုက် ရတာ စိတ်မကောင်းပါဘူး။ လူကြီးလုပ်ရတာ အသည်းနှလုံးနဲ့ချည်း ဆက်ဆံလို့ မရနိုင်ဘူး။ ဦးနှောက်နဲ့ပါ အလုပ်လုပ်ရတယ်ပဲ မဟုတ်ပါလား။

ပြီး ထွက်ပေါက်လည်း ပေးမိတယ်။ မပေးလို့လည်း ရမှာမဟုတ် ဘူးလေ။

"နင် အပြင်မှာ တွေ့ချင်ရင်တွေ့ ရတယ်။ အိမ်ထဲတော့ အဝင်မခံ ဘူး။ အိမ်တံခါး တပ်စရာတွေ၊ တခြားလုပ်စရာတွေကိုလည်း နင်လည်း မပါရဘူး။ ဖေလည်း မပါရဘူး။ နင်က ဒီအိမ်လေးဆောက်လို့ နင် ဒီလိုဘဝနဲ့ရင်းရတယ် ပြောတယ်။ တကယ်တော့ နင်က ဒီအိမ်ဆောက်မှု ပေါ်မှာ အခွင့်ရေးယူပြီး မတန်မရာတွေနဲ့ သာယာဖို့ ဖန်တီးနေခဲ့တယ်"

မိမိပြောမိတယ်။ တစ်ခါတစ်ခါ လူဟာလူပဲ။ မိမိဂုဏ်သိက္ခာမာန ကို ထိခိုက်ရင် မခံချင်ဘူး။ တစ်သက်လုံး ကုန်းရုန်း၊ ရုန်းကန် နည်းလမ်း ရှာ၊ လှုပ်ရှားလာခဲ့သူ၊ မိမိကို ခြေရာတိုင်းတာ၊ ခြေရှုတ်လာတာတော့ မိမိ မကြိုက်ဘူး။

ဒါကြောင့် အိမ်ပြင်ဆင်မှုပိုင်းကို မိမိ လုံးဝ တာဝန်ယူလိုက်ရပြန် တယ်။ လူမှာ ဘယ်မှာမဆို ဂုဏ်သိက္ခာဆိုတာရှိတယ်။ လုပ်သင့်တာ ပြီးပြတ်အောင် လုပ်ရမယ်။ သင့်တော်အောင်လည်း နေရမယ်ပဲ မဟုတ် ပါလား။

ငါဟာ နင်တို့ အစောင့်အမနဲ့ ဒီမှာ လူဖြစ်လာရတာ မဟုတ်ဘူး။ ကိုယ့်ကိုယ် ရန်းကန်လာတာ။ နင်မနေချင်ရင်လည်း ရတယ်။ ဘယ်သူ့ကိုမှ လာဖို့ခေါ်ခဲ့တာလည်း မဟုတ်ဘူး။ ဘယ်သူမှ ငါ့ကို ကူညီဖို့ လာကြတာ လည်း မဟုတ်ဘူး။ ဒုက္ခရောက်လို့ ငါ့ဆီလာခဲ့ကြတာချည်းပဲ။ ငါ့မာနကို ထိခိုက်ပြောတာ ငါမခံနိုင်ဘူး။ စိန်မခေါ်နဲ့ စိန်ခေါ်တာ ငါမကြိုက်ဘူး။ စိန်ခေါ်တာကို ငါဘယ်တော့မှမကြောက် သက်မမြောက်ဘူး''

မိမိပြောမိတယ်။

''အမုန်က နင်ကြိုက်ရင် ပိုက်ဆံပေးပြီး အပျော်နေချင်ရင်နေ၊ ငါ ပိုက်ဆံပေးမယ်။ လူတစ်မျိုးလုံး တစ်မိသားစုလုံး မကြိုက်တာ၊ဘယ်လိုမှ မဖြစ်နိုင်တာကို မရှက်မကြောက် နင်ဇွတ်လုပ်နေတာ ဆင်ခြင်ဖို့ပဲ။ ဒီလိုထိ ဖြစ်နေဖို့ မကောင်းဘူး။ လူမှာ ဂုဏ်ရှိတယ်။ သိက္ခာရှိတယ်။ အဲဒီအတိုင်း ဆင်ခြင်မနေနိုင်ရင် လူမဟုတ်ဘူး။ လူဟာ လူ့အဖွဲ့အစည်းမှာ လူလိုနေ ရတယ်။ လူလိုကျင့်ရတယ် ဒီလိုမဟုတ်ရင် တိရစ္ဆာန်ပဲ''

''ဒါဆိုရင် ဒီအိမ်မှာ မနေဘူး၊ ငွေ နှစ်သိန်းပေး။ အဲဒါဆို ဆင်းသွား မယ်''

ညီမလေးက ပြန်အော်ပြောတယ်။ မိမိလည်း ပြန်အော်မိတယ်။

''အေး ငါရှာပေးမယ်''

ဒီစကားကြောင့် ဘာပဲဖြစ်ဖြစ် မိမိ ပျော်သွားတယ်။ ခုတော့ မိမိ ခေါင်းမှာ ကြာတော့ မျောက်ခေါင်းလို ဖြစ်ခဲ့ပြီလေ။

ညီမကို ဘယ်လိုမှ ပြောလို့မရ။ ဒီဇာတ်လမ်းပဲ လည်ရိုက်နေခဲ့တယ်။ ပြီး ငွေနှစ်သိန်းပေးရင် သူဆင်းသွားမယ်။ မိမိမနှင်ချင်ပါ၊ ဒါပေမယ့် အများနဲ့တစ်ယောက်၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး အပုပ်မခံ နိုင်ပါ။ မိမိ မိခင်ကြီး၊ တူမလေးနဲ့ မရှိအတူ ရှိအတူ စိတ်ချမ်းသာစွာ နေရမယ့်ဘဝကို မျှော်တွေး ပျော်နေမိတယ်။

အိမ်မှာ ထည့်နေရတဲ့ငွေ၊ တခြားကုန်ငွေက အများကြီးပဲ။ ဒါပေမယ့် ငွေထက် လူဟာ စိတ်ချမ်းသာဖို့ အရေးကြီးတယ် မဟုတ်လား။

နိုင်ငံရေးသမားတွေ၊ ဘုရင်တွေကတော့ မကောင်းသူ ဖောက်ပြန် သူကို ရှင်းလင်းပစ်ကြတယ်။ မိမိဟာ အဲဒီလောက် မတင်းမာပါဘူး။ မရဲရင့်ပါဘူး။

ဒါပေမယ့် မကောင်းတာဆို ကိုယ့်သွေးတောင် ဖောက်ထုတ်စွန့် ရတာပဲ မဟုတ်ပါလား။

သံယောဇဉ် ဘယ်လောက်ရှိရှိ မှားယွင်းဖောက်ပြန်သစ္စာမဲ့နေတာကိုတော့ ဘယ်လို လက်ခံလို့ ဖြစ်မှာလဲ။ ခုတော့ မိမိ ကြွောင့်စူးခံနေရတဲ့ ဘဝက လွတ်မြောက်ရေး လမ်းကြောင်းကို တွေးရင်း စိတ်အေးချမ်းသာ ပျော်ရွှင်လိုက်မိပါတယ်လေ။

❖ ❖ ❖

Ancient simplicity is one of the illusions that vanish before historical criticism. The father we go back in the history of institution the more we find people enslaved by formalities wholly neglecting the substance of affair for the form.

*Pollock, Sir Frederick*

ရှေးဟောင်းလူ့အဖွဲ့အစည်းမှာ လူတို့ရဲ့နေထိုင်ဆက်ဆံပုံဟာ ရှင်းလင်းရိုးသားကြတယ်ဆိုတဲ့ အမြင်ကို သမိုင်းကြောင်းအရ လေ့လာဆန်းစစ်ကြည့်တဲ့အခါ မှားယွင်းနေတာကို တွေ့ရပါတယ်။ လူ့ဘောင်အဖွဲ့အစည်းရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်တဲ့အခါ ခေတ်ဟောင်းဆိုင်းသို့ရောက်လေလေ ထုံးပုံကျ ဆက်ဆံပုံစနစ်အတွင်းမှာ နစ်မွန်းနေခဲ့ကြတာကို တွေ့ရပြီး ပြဿနာရဲ့အရင်းအမြစ်တွေကို လျစ်လျူရှုပြီး ကျင့်ထုံးပုံစံတွေကိုသာပဲ အဓိကထားခဲ့ကြတာ တွေ့ရပါတော့တယ်။

*

## ရှောင်ကြဉ်ခြင်း

*ပစ္စည်းဥစ္စာများစွာ ပေါသော ကုန်သည်သည် အဖော်ကုန်သည် နည်းနည်းလေးနှင့် ဘေးအန္တရာယ်များတဲ့ လမ်းကို မသွားဘဲ ရှောင်ကြဉ်သလို၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်မှ ရှောင်ကြဉ်သလို၊ ပညာရှိသည် မကောင်းမှုမှ ဝေးကွာ ရှောင်ကြဉ်ရမည်။* *(၉၃)*

အားစမ်းမှုမှာ ကြီးကျယ်လှတယ်။ လောကဓံက စနစ်တကျနဲ့ တစ်ရစ်ပြီးတစ်ရစ် တင်းကျပ်ရစ်နေခဲ့တယ်။ အချစ်ဆုံး ညီမလေးက အဆိုးဆုံး၊ ထိန်းသိမ်းရအခက်ဆုံး ဖြစ်နေရတယ်။ ဘယ်လိုမှ ပြောလို့မရ။ ဆုံးမလို့မရတော့ဘူး။ ခုလည်း မကြားချင်ဆုံးဘဲ။ ငဝေနဲ့ လျှောက်သွားနေတာတွေ၊ အိမ်မှာ ဘာတစ်ခုမှ ဝိုင်းမလုပ်ဘူး၊ ရှိတာကို စားတယ်။ ပိုက်ဆံတောင်းတယ်။ မရှိရင် ပေါင်နှံသုံးစွဲတယ်။ ရန်လုပ်တယ်။ မြွေပွေးခါးပိုက်ပိုက်၊ ဒါဟာ အတွင်းထဲမှာ လောင်နေတဲ့မီးပါ တစ်မိသားစုလုံး လောင်ကျွမ်းခံနေရတယ်။ ဘယ်သူ့ကိုမှ အကူအညီတောင်းလို့လည်း မရနိုင်ဘူး။ ဖြစ်နေတာတွေကို သူများကို နားလည်ဖို့ကို မနည်းပြောပြနေရတယ်။

အိမ်သားတွေက မိမိကို ပျော့တယ်။ ညီမကို ချစ်လို့ အလိုလိုက်လို့ ဖြစ်တယ် ဘာညာ ပြောကြတယ်။ တစ်ဖက်မှာက သူတို့ကို မချစ်လို့လို့ ပြောဆိုစွပ်စွဲတာနဲ့ အတူတူဖြစ်နေသလိုပဲ။ တစ်ဖက်မှာလည်း နားလည်ရခက်တဲ့ပြဿနာက တရားခံ ဘယ်သူလဲ။ မိမိက ညီမလေးကိုချည်း

သူတို့တွေလို တရားမဲ့ အပြစ်မတင်ရက်ပါ။ ဒီလို တရားသေ တစ်ဖက်သတ် စွပ်စွဲပြောဆိုတတ်တဲ့ အဆင့်လောက်ပဲ မိမိဟာ အသိရှိသူလည်း မဟုတ်ပါဘူး။ တကယ့် ပြဿနာဇစ်မြစ်ကို ရှာနိုင်ရမယ်၊ လက်သည်ကို ဖော်ထုတ်နိုင်ရမယ်။ ဒါဟာ စိန်ခေါ်မှုပဲ၊ မိမိ ခံယူထားသူ ဖြစ်တယ်။ ဒီကြားထဲ ဆေးကုမယ်၊ ငွေရှာမယ်၊ တရားခံကို ဖော်ထုတ်ပြရမယ်။ မိမိမှာ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ ရေးဖော်ရေးဖက်တွေ၊ ပညာရှင်အသိတွေ တစ်လှေကြီးပဲ။ ဒီ ဘာမဟုတ်တဲ့နေရာမှာ၊ ဘာမဟုတ်တဲ့ ပတ်ဝန်းကျင်မှာ၊ ဘာမဟုတ်တဲ့ လူတန်းစားပျက် အောက်လမ်း ယုတ်မာသူတချို့တွေရဲ့ ထိုးနှက်ချက်အောက်မှာ ခေါင်းငုံ့ဝပ်စင်း ခံနေရမလား။ မိမိ အားသွင်း မာန်တင်း မိခဲ့ပြန်ပါတယ်။

ပြီး မိမိ ဒီအောက်လမ်းပညာကို လေ့လာမယ်။ တရားခံကို ရှာဖွေဖော်ထုတ်မယ်။ ပြီးတော့မှ အောက်လမ်း ပယောဂမဟုတ်ခဲ့ရင် ဆေးရုံပို့ ဆေးကုမယ်။ ခု ပယောဂနဲ့ စတဲ့ဇာတ်လမ်းကို ပယောဂနဲ့ပဲ တိုက်ရမယ် ခံယူထားလိုက်ပါတယ်။

စိတ်ဆိုတာ ရှည်နိုင်လေ ကောင်းလေပဲ။ ဖွဲဆိုတာလည်း ရှိနိုင်လေ ကောင်းလေပဲ။

ရှာဖွေလေ တွေ့ရှိလေပဲ။ စိန်ခေါ်ချက်ပြင်းတဲ့ကမ္ဘာ၊ ဆန်းကြယ်တဲ့ကမ္ဘာ၊ ဆန်းပြားတဲ့ ဖန်တီးမှုကမ္ဘာမှာ မိမိဟာလည်း ခုတော့ တကယ့် ခရီးသည်တစ်ယောက်ပါ။ မိမိဟာ တစ်ဖန်လိုက်ပါ ပါဝင်ခွင့် ရခဲ့ပြန်ပါပြီကောလေ။

အို... စိန်ခေါ်သော လောကကမ္ဘာ။ မိမိ ရှေ့ဆက်သွားရမှာပါ။

ကဲ လာချင်တာတွေ လာစမ်းစေလေပါ။

❖ ❖ ❖

A man cannot validly contract that he shall be irresponsible for his own fraud.

'လိမ်လည်မှုအတွက် တာဝန်မရှိစေ' ဆိုတဲ့ သဘောတူညီချက်မျိုး မပြုလုပ်နိုင်ပါ။

*

# လုပ်စရာရှိတဲ့အလုပ်ကို ဒီကနေ့သာလုပ်

*လုပ်စရာရှိတဲ့အလုပ်ကို ဒီကနေ့သာလုပ်။ (ဇွဲ)*

မရွှေစာဟာ သူ့သမီး ဩဩကိုလည်း ဘယ်တော့မှ မျက်နှာသာမပေး။ အိမ်ရဲ့ သာရေးနာရေးလည်း ဘာမှ ဂရုမစိုက်ဘူး။ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘူး။ မိမိကိုလည်းပဲ အမြဲအနိုင်ကျင့်နေတော့တယ်။ သူ့စိတ်ထဲမှာ ဆန္ဒမှာ ငွေနဲ့ တွေ့ဖို့၊ ငွေအတွက်ပဲ ဂရုထားလို့နေတယ်။ မိမိရဲ့ မိခင်ကြီးကိုဆို ပိုဆိုးသေး။ အပြောအဆို ကြမ်းတမ်းရုံမှက တစ်နေ့မှာတော့ ကိုယ်ထိလက်ရောက်ပါ ဖြစ်လာခဲ့တယ်။

ဒါဟာ သိပ်ကို အန္တရာယ်ရှိလာခဲ့ပြီ။ ဒါကြောင့် မိမိ တစ်ဆင့်တိုးရ ပြန်ပါတော့တယ်။ အဲဒီနေ့ ညဥ့်ဘက်မှာ အိမ်မှာ သူမ ဝုန်းဒိုင်းကြဲတယ်။ ဘယ်လိုမှ ထိန်းသိမ်းလို့ မရဘူး။ ဝုန်းဒိုင်းကို ကြဲနေခဲ့တော့တယ်။

မိမိ ဒါကို အခွင့်ရေးယူပြီး ညီမကို အပြင်ကို ဆွဲထုတ်ခေါ်လာခဲ့တယ်။ မိမိမိတ်ဆွေ သန်းနွယ်ဆီကိုပါပဲ။ ကိုသန်းနွယ်ဟာလည်း မိမိနဲ့ အကြောင်းသိပြီးသားမို့-

"ကိုသန်းနွယ်ရေ ကြည့်လုပ်ပေးပါဦး",

ကိုသန်းနွယ်ကို ညီမလေး ဝုန်းဒိုင်းကြဲလို့ သူ့ဆီခေါ်လာရတာ ဘာညာပြောပြရတယ်။ ကိုသန်းနွယ်က ချက်ချင်း သဘောပေါက်ခဲ့ပါတယ်။

"လာ လာ ညီမလေး လာ"

ကိုသန်းနွယ်က သုံကိုးကွယ်တဲ့နေ ဘုရားစင်က ရေတစ်ခွက်ကို သူ့နှုတ်က မန်းမှုတ်ပြီး ခပ်ယူတိုက်လိုက်တယ်။ ညီမကို သောက်စေခဲ့တယ်။

ညီမလေးက အင်တင်တင် လုပ်နေရာက နောက်တော့ ယူသောက်ပစ်လိုက်တယ်။ ခဏအကြာမှာပဲ သူ့ ညစ်ထည်းနေတဲ့မျက်နှာ ကြည်လင်လာခဲ့တယ် ပြီးမှ စကားဆိုတယ်။

"ရေက ရင်ထဲအထိ အေးသွားတာပဲ၊ အေးချမ်းလိုက်တာ"

မိမိ ဝမ်းသာသွားတယ်။ ကိုသန်းနွယ်လည်း မျက်နှာဝင်းပသွားတယ်။ ခုတော့ မိမိတို့ ဆေးတွေ့ပြီလား မသိဘူးလေ။

ပြီး ကိုသန်းနွယ်က သူ့ဆရာမဒေါ်ထူးနဲ့ မနက်ဖြန်မှာ တွေ့ပေးမယ့် အကြောင်း ပြောတယ်။ ပြီး ညီမလေးကို ချော့မော့ပြီး အိမ်ပြန်လာခဲ့ရတယ်။ အဲဒီ ညဥ့်မှာတော့ အေးချမ်းစွာ အိပ်ကြရပါတယ်။

သူ့ရင်ထဲမှာ ဒီပယောဂအစွဲတွေ၊ ဒီလောကီအမြင်တွေ ရှိနေတော့ ဒီလိုင်းကပဲ ဖြတ်သန်းချေချွတ်ရမယ်။ မိမိ ဒီလို သိလိုက်တယ်။ မိမိလည်း အပြောအဆိုကို ဆင်ခြင်ရမယ်၊ အစားအသောက်လည်း ဆင်ခြင်ရမယ်၊ အပြုအမူလည်း ဆင်ခြင်ရမယ်၊ ပြီးတော့ အရာရာကို မျက်ခြည်ပြတ်လို့ မရဘူး။ လန့်စရာပဲ။

တကယ်တော့ ဒီလောကမှာ ပွဲစားတွေ ရှိတယ်။ လူတစ်ယောက် ခေါ်လာပေးရင် ဘာလုပ်ဆောင်ပေးရင် ဘယ်လောက်ဆိုတာမျိုးတွေ၊ အလံရှူးတွေ၊ အုံဖွတွေ၊ လန့်ကြွတ်တွေ၊ ရောင်တော်ပြန် ရောလွှတ်တွေ...

မိမိ အစစ်အမှန်ကို လိုချင်ပါတယ်။ ဒါဟာ လောကီပညာပဲ။ ပညာရှင်တွေပဲ။ ဝိဇ္ဇာဆိုတာလည်း လူသားကောင်းကျိုးပြုသူတွေပဲ။ အားထားရာပဲ မဟုတ်လား။ လူမှာ စိတ်နဲ့ ရုပ်ဆိုတာ ရှိတယ်။ ရုပ်ဟာ ခန္ဓာနဲ့ ပတ်သက်တာ၊ စိတ်ဟာ ဆန္ဒနဲ့ ပတ်သက်တာ။ ဒါတွေ မိမိ စိတ်ဝင်စားပါတယ်။ ဒါတွေ လေ့လာရမယ်။ ညီမလေးကို မသမာသူရဲ့လက်က ကယ် တင်ရမယ်။ သူယုတ်မာတွေရဲ့ မြားချက်ကို ဖော်ထုတ်ရှင်းလင်းပစ်ရမယ်။ ပြီး အမှောင်နဲ့အလင်း၊ အယုတ်နဲ့အမြတ်၊ အဆိုးနဲ့အကောင်း ရှိကြတဲ့ကမ္ဘာမှာ ဒီအဆိုးကို ဘာဖြစ်လို့ မချေမှုန်းနိုင်ရမှာလဲ။ ဒီအဆိုးကို အကောင်းဖြစ်ဖို့ စောင်လှန်ရှန်းကန်ရင်းနဲ့ သေသွားရင်တော ဘာဖြစ်လဲ၊

ဒါဟာ ကြောက်စရာလား၊ မဟုတ်ဘူး ဘာကြောက်စရာရှိလဲ။ လူဆိုး လူယုတ်မာကို လူကောင်းက ကြောက်ရမှာလား။ ဒါဆိုရင် အမှန်တရား သစ္စာတရားဟာ ပျောက်ကွယ်သွားရတော့မှာပေါ့။

သရဲဘောကြောင်သူတွေ၊ အချောင်သမားတွေ၊ သူယုတ်မာတွေကို ခေါင်းငုံ့ခံလိုက်ရင် တလောကလုံးဟာ အမှောင်ကမ္ဘာ အဝိဇ္ဇာတွေ ဖုန်းလွှမ်းသွားရတော့မှာပေါ့။ လက်မခံဘူး။

လူဟာ အများအကျိုးဆောင်ရမယ်။ လောကအကျိုး ဆောင်ရမယ်။ အမှောင်ကို ပယ်ခွင်းရမယ်။ အမှောင်ပြီးရင် အလင်းလာမယ်။ အမှားပြီးရင် အမှန်လာမယ်။ သရဲဘောကြောင်သူရှိလို့လုပ်ရင် သတ္တိရှိသူလည်း ရှိရ ရှင်းနိုင်ကြရမယ်။

မိမိ ရှေ့တစ်ဆင့် တက်လိုက်တယ်။ ညီမလေးကို လုပ်တဲ့ လက်သည်တွေ ရှင်းလင်းဖော်ထုတ်ပစ်မယ်။ ဘယ်သူ တရားခံလဲ ကဲ လက်တွေ့ တွေ့စမ်းမယ်ဟေ့။

❖ ❖ ❖

*

The truth is the name of whatsoever proves itself to be good in the way of belief.

*William James*

အမှန်တရားဆိုတာ လက်ခံယုံကြည်ရာမှာ ကောင်းပါတယ်လို့၊ သူ့သဘောအရ ကောင်းပါတယ်လို့ သက်သေပြတဲ့ ဘယ်အရာကိုမဆို ခေါ်ဝေါ်တဲ့ အမည်နာမပါပဲ။

*စိတ္တဗေဒပညာရှင်*

*

## အမင်္ဂလာသဘင်

*မိမိတော်ကြောင်း တတ်ကြောင်းကိုသာ ပြလိုခြင်း၊ သူတစ်ပါးကို နှိမ့်ချလိုခြင်း၊ အများကို ထောက်ပြသောအခါ မခံချင် စိတ်ဆိုးတတ်ခြင်း စသည်ဖြင့် သူတော်ကောင်းသဘောကင်းမဲ့လျှင် အမင်္ဂလာသဘင် ဖြစ်တတ်သည်။*

*(ရှေးဆရာကြီးများ)*

မိုးလေး တစ်ဖြိုက်နှစ်ဖြိုက် ရွာခဲ့ပြီလေ။ ဒါပေမယ့် မိမိတို့ဟာ အေးချမ်းမှု အေးမြမှုကို မခံစားရပါဘူး။ အမှန်အတိုင်း ပြောရရင် မီးလောင် တိုက်သွင်းထားသလိုပဲ ပူလောင်လွန်းလှပါတယ်။

ညီမလေးကို ခေါ်မော့ခေါ်ပြီး ဆရာမ ဒေါ်ထူးဆီ ရောက်ခဲ့ကြတယ်။ ကန့်စွန်းခင်းထဲမှာ တဲလေးထိုးထားတဲ့ အိမ်ခန်းလေးနံဘေးမှာ အိမ်ရှေ့ အိပ်ခန်း အဖြစ် ဖန်တီးထားပြီးတော့ ခေါင်းရင်းဘက်မှာတော့ ဘုရားခန်းအဖြစ် ဖန်တီးလို့ထားပါတယ်။

ဒါဟာ ဆင်းရဲ ခြိုးခြံပြီး အများကောင်းကျိုး သည်ပိုးနေသူလေလား။ မိမိတို့ ဦးချထိုင်လိုက်ကြရတယ်။ ဆရာမကိုပါ ဦးချလိုက်မိသလား မသိပါ ဘူး။ မိမိ အရာရာ ကြောက်နေခဲ့တယ်လေ။ ခေါင်းထဲမှာတော့လည်း အမြဲရီဝေနေတယ်။ ဆရာတွေ ဆရာမတွေနဲ့ပဲ ချာချာလည်နေခဲ့တာ ကြာပြီပဲ။ တကယ်က မကျေနပ်စိတ်၊ ဘဝင်မကျစိတ်နဲ့ပါပဲ။

ပြီးတော့ စင်ပေါ်က လိုက်ကာကို ဖွင့်လိုက်တယ်။ ဘိုးတော်တွေ၊ ရုပ်ပုံတွေ၊ ရုပ်တုတွေ၊ ပွဲတွေ အများကြီးပဲ။ အိမ်နဲ့တောင်မှ မဆံ့မပြဲဘဲ။

ပြီး အဘအောင်မင်းခေါင်ကို လက်ဖက်ရည်ဆက်တယ်။ ပြီး အီးဂဲလ်ဆေးလိပ် ဆက်တယ်။ ဒီစဉ်မှာ ဘုရားစင်တစ်ခုလုံး လှုပ်ခါသွားတာ တွေ့လိုက်ရတယ်။ သိမ့်သိမ့်ကို တုန်သွားတာပဲ။ ပြီး အိမ်မြောင်တွေ စုတ်ထိုးလိုက်ကြတာ နားကွဲမတတ်ပါဘဲ။ မီးညှိလိုက်တဲ့ ဆေးလိပ်ဟာ မီးတဖွားဖွားလောင်ကျွမ်းပြီး ခဏလေးနဲ့ ကုန်သွားတယ်။

ပြီး ဆရာမနဲ့ တစ်စုံတစ်ယောက်နဲ့ စကားပြောနေတယ်။ တစ်ဖက်က အသံကိုတော့ မကြားရဘူး။ ဆရာမ ပြောနေသံကိုသာ ကြားနေရတယ်။ သိပ်ရင်းနှီးနေကြတဲ့ ပြောဆိုဆက်ဆံမှုမျိုးပဲ။ ဆရာနဲ့တပည့်၊ သားနဲ့အဖပုံစံပဲ။

"အေး မတရား အလုပ်ခံထားရတယ်။ ခုနစ်ရက်သားသမီး ကယ်ရမှာပေါ့။ ဆရာလိမ်တွေ အတုအယောင်တွေဟာ ဒီလိုပဲ ရက်စက်ကြတယ်။ လုပ်တတ်ကြတယ်။ ဒါပေမယ့် မပူပါနဲ့ ဖယ်ရှားပေးမယ်"

ပြီးတော့ ကိုသန်းနွယ်ကလည်း အဘအောင်မင်းခေါင်ကို သူပြောချင်ရာတွေ ပြောပါတယ်။ ဆရာမက ကြားက ဘာသာပြန်ပေးတယ်။ ပြီး တရားထိုင်ဖို့အကြောင်းတွေ၊ သီလရှိဖို့အကြောင်းတွေကို ပြောကြတယ်။ ကိုသန်းနွယ်ကို အဘက ဥပေက္ခာ ပြုမထားတဲ့အကြောင်း၊ စောင့်ရှောက်ပေးနေတဲ့အကြောင်းတွေ ပြောပြနေပါတယ်။

တကယ့် ကမ္ဘာသစ်တစ်ခုပါပဲ။ စိတ်ဝင်စားစရာပါပဲ။ ပြီး မိမိတို့ကို ပွဲထိုးရမယ် ပြောတယ်။ ပွဲက နှစ်ပွဲလား မသိဘူး။ ပြီးတော့ အမိဋ္ဌာန်ဆေးဖယောင်းတိုင်လည်း ထွန်းရမယ် ပြောတယ်။ ကုန်ကျစရိတ်က မနည်းမနောပါပဲလား။

ဒါတွေအတွက် ဆရာမက သက်သတ်လွတ် စားပေးရမယ်၊ ဥပုသ်စောင့်ပေးရမယ်။ ပြီး ယောကျ်ားနဲ့ မဆက်ဆံရဘူး။ ဒါတွေကို သူမယောကျ်ားသာ လုပ်တတ်တာမို့ သူမယောကျ်ားကဘဲ ပွဲထိုးပေးမယ်။ ပြီး ဘာတွေဝယ်ရမယ်။ ဘာညာ ဆိုတယ်။

"ခုနစ်ရက်သားသမီး ကယ်ကောင်းပါတယ်။ ရအောင်ကယ်ပါ့မယ်။ နောက်မှာ ဆရာ ရှိတယ်။ လုပ်တဲ့သူကို ဆရာမသိတယ်။ ဂရုစိုက်စရာမလိုဘူး"

"ဟုတ်ကဲ့ ကယ်ပါ ဆရာမရယ်၊ ကျွန်တော်တို့လည်း ဒုက္ခရောက်လှပါပြီ။ ဘာလုပ်လို့ လုပ်ရမှန်း မသိဘူး။ တစ်အိမ်လုံးလည်း မီးလောင်တိုက်သွင်းထားသလိုပဲ ပူလောင်နေကြတယ်။ တစ်ယောက်နဲ့တစ်ယောက်က သူက ကိုယ့်ကို အပြစ်တင်၊ သူ့ကို ကိုယ်က အပြစ်မြင်နဲ့ တစ်အိမ်လုံး လူသတ်မှုမဖြစ်ရအောင် မနည်းကြိုးစားနေကြရတယ်"

"ဟုတ်တယ် ဒီလိုပဲ ဖြစ်တတ်ပါတယ်။ အဆင်ပြေသွားမှာပါ"

မိမိတို့ဟာ ထုံးစံအတိုင်း ဉာဏ်ပူဇော်ခကို ဈေးတွေ ဆစ်သင့်သလောက် ဆစ်ပြီး၊ ပေးသင့်သလောက်ငွေပေးရင်းနဲ့ အိမ်ပြန်ခဲ့ကြတယ်။

ဆေးဖယောင်းတိုင် ဆောင့်တဲ့ရက်၊ အစိတ္တာန်ဝင်တဲ့ရက်တွေ ဆောင့်ရင်း သူတို့မိသားစုနဲ့ပါ ရင်းနှီးလာခဲ့ကြတယ်။

အဲဒီမှာ သူ့သားသမီးတွေမှာ ဆင်းရဲတဲ့အကြောင်း၊ ကျောင်းထားဖို့ အိမ်မိုးဖို့ အဝတ်အစား အလုပ်အကိုင်ကအစ ခက်ခဲကြောင်းတွေတို့ပါ ပါလာခဲ့တယ်။ ပြီး သူ တရားအလုပ်လုပ်ဖို့ ယောဂီဝတ်စုံ တဘက်တွေကအစ မရှိလို့ အလှူခံတာပါ ပါလာတာတွေ ရှိတယ်။

ဟာ ထည့်ရုံမလောက်၊ ပေးလို့မလောက်တော့ပါပဲလား။ ဒီကြားထဲ တစ်နေ့ ညဉ့်ဘက် စစ်ဆေးမေးမြန်းနေကြတုန်း အိမ်ခြံပြင်မှာ ငဝေရောက်နေကြောင်း ဆရာမက ပြောလာတယ်။ မယုံရင် သွားကြည့်ပါပြောတော့ မိမိတို့ထဲက တစ်ယောက် သွားကြည့်တော့ ဟုတ်နေတယ်။ အံ့ဩစရာပဲ ဘယ်လိုသိလဲ။ သူကတော့ အရူး အမဲသားကျွေးသလို ဖြစ်နေခဲ့ပြီလား။ အရှက်မရှိ သိက္ခာမဲ့လွန်းတာလား၊ တစ်စုံတစ်ရာက ညွှန်ကြားစေစားထားလေတာလား။

မိမိက မိမိလူကို မထိန်းနိုင်သလို သူတို့မိဘတွေဖက်ကလည်း သူတို့လူကို မထိန်းနိုင်နေတာလား။ မိမိဟာ လူလူချင်း လူမိုက်လို မရှင်းချင်ပါဘူး။ ပညာ ပညာချင်း၊ ဆရာ ဆရာချင်းပဲ ရှင်းချင်ပါတယ်။

ဒီကြားထဲ ညီမက သူ့တာတ်တာနဲ့ စက်ချုပ်ဆိုင်ဖွင့်ချင်တယ် ပြောတော့ ဆိုင်ဖွင့်ပေးရပြန်တယ်။ အမှန်က ညီမက မိမိ ဘယ်လောက် ခံနိုင်ရည်ရှိလဲ ဆိုတာ မိမိကို မောင်းနေသလိုပါပဲ။ တစ်နေကုန် အလုပ်လုပ်နေခဲ့ရတယ်၊ ပြီး အပြင်ဘက် ငွေရှာထွက်ရတယ်။ အိမ်လုပ်နေတာအတွက် စီစဉ်ရတယ်၊ မိသားစု စားဝတ်နေရေး ဖန်တီးပေးရတယ်။ ဒီကြားထဲ ညီမကို ဆေးကု

ရတယ်။ ဒီကြားထဲ စက်ဆိုင်ဖွင့်ဖို့ စက်တွေ ဝယ်ရပြန်တယ်။ ပြီး အိမ်အောက်ထပ်မှာ စီစဉ်ပေးရပြန်တယ်။

ဒါနဲ့ မပြီးသေးဘူး၊ စက်ချုပ်ကြတယ်။ ညဥ့်ဘက်ထိ ညဥ့်တစ်နာရီ နှစ်နာရီထိ၊ မိမိကို ညီမက စောင့်ခိုင်းတယ်။ မိမိ စောင့်ပေးရတယ်။ ပြီး သူ့လူတွေ အိမ်ပြန်တာ လိုက်ပို့ရတယ်။ မနက်ဖက်မှာ အထည်တွေ ညီမက သွားပို့ရတယ်။ ဒါဟာ သူ့အတွက် အကွက်ပဲ။ ငဝေဟာ အပြင်ဘက်မှာ အထုပ်ထမ်းဖို့ စောင့်နေတယ်။ သူတို့နှစ်ယောက် အထုပ်သွားပို့ဖို့ ကြိုးစားဇာတ်ပေါင်းခန်းပဲ။ ဒါဟာ ဒါဒါဝါဒ၊ ဒါဒါဇာတ်လမ်းဟာပဲဟာပဲလား။

အံ့ဩစရာကောင်းလိုက်တာ။ ညီမလေးမှာ သူ့ရင်ထဲမှာ ဘာမှမရှိတော့၊ ငဝေတစ်ခုပဲ ရှိတော့တယ်။ ဘာဆိုဘာမှ မသိ၊ ငဝေတစ်ခုပဲ သိနေတော့တယ်။ ညီမကို မိမိ အာရုံမပြောင်းနိုင်ပါလား။ ဘယ်လိုလဲ၊ ကဲ သူတို့ကပဲ စွမ်းတာလား၊ မိမိကပဲညံ့တာလား။

ဒီကြားထဲ နောက်ဆရာတစ်ယောက်နဲ့ ပတ်သက်ခဲ့တာလည်း တွေးမိတယ်။ သူက အိမ်ကို အမှောင့်ကင်းအောင် စည်းဝိုင်းပေးတယ်၊ ဝါးလုံးကို ဘယ်လောက် အရှည်နဲ့ ဘယ်လိုထောင့်မှာ ထားပြီး ဘယ်လိုရိုက်ရမယ် ပြောလို့ လုပ်ခဲ့ရတာလည်း ရှိသေးတယ်။ ထောင့်လေးထောင့် လေးဘက်လေးတန်ကပါ။

မိမိကို သူ့ရဲ့ နတ်ခမ်း ဆေးငုံထားလို့ နံ့တဲ့ပါးစပ်နဲ့ တံတွေးထွေးမန်းမှုတ်တာလည်း အကြိမ်ကြိမ် ခံခဲ့ရတယ်။ သူ့ဆီမှာလည်း ပွဲထိုးပွဲတင် အကြိမ်ကြိမ် လုပ်ခဲ့ရတယ်။ ပြီးသွားမယ်၊ ပျောက်သွားမယ် ပြောခဲ့ပေမယ့် နောက်ဆုံး သူ့စိတ်(ညီမစိတ်)ကို ပြောင်းအောင် မလုပ်နိုင်ခဲ့ဘူး။ နောက်ဆုံးမှာတော့ သူ့စိတ်က ဖြစ်နေတာတဲ့။

ဒီအဖြေကိုပဲ ပေးခဲ့တယ်။ မိမိ မကျေနပ်နိုင်ပါ။ တစ်ခါက ပြည်နယ်တစ်ခုမှာ- အဲဒီမှာ မိမိ နေခဲ့တုန်းက လူတစ်ယောက်ကို ကိုယ်တိုင် ကြုံခဲ့ရတယ်။ ကောင်မလေးတစ်ယောက်နဲ့ပတ်သက်ပြီး သူတို့ချင်း ငြိကြတယ်။ သူတို့ဘာဖြစ်ခဲ့တယ် မသိဘူး။ အဲဒီဒေသက သူတို့ ကွဲကွာလာခဲ့ကြတယ်။ အဲဒီအခါ အဲဒီလူဟာ အရူးတစ်ယောက်လိုပဲ အဲဒီရွာဘက် လွင့်မျောလျှောက်သွားနေလို့ အမြဲထိန်းသိမ်း စောင့်ရှောက်ပေးခဲ့ရတယ်။

ဒီလိုနဲ့ ကာလကြာလို့ ရန်ကုန်မှာ သူ့ကို ပြန်တွေ့တော့ သူဟာ ပကတိလူကောင်းဖြစ်နေတာ တွေ့ဖူးတယ်။ ဖြစ်တုန်းကလည်း တကယ် အရူးလို ဖြစ်နေခဲ့တာပဲ။ ကောင်းနေတော့လည်း တကယ်ကောင်းလို့ နေခဲ့တော့တာပါပဲ။

မိမိတို့မှာတော့ ဘာဖြစ်လဲ၊ တချို့က အိမ်ကြောင့်လို့ ပြောကြတယ်။ အိမ်နံပါတ်လည်း ဘာမှခိုက်တယ် ပြောစရာမရှိ။ ရပ်ကွက်တစ်ခုလုံးမှာ အိမ်တွေ အများကြီးပဲ၊ လူတွေလည်း အများကြီးပဲ။ သူများတွေမှာ ဘာမှ မဖြစ်ကြဘဲ မိမိတို့မှာပဲ ဒီလိုလာပြီး ဖြစ်ရသလား။ ဖြစ်ရင် အကုန်ဖြစ်ပေါ့။ အိမ်ကြောင့်ဆိုတာ ဒါဟာ မဖြစ်နိုင်ဘူး ယုတ္တိမရှိဘူး။

ဆရာမ ဒေါ်ထူးကတော့ ကွမ်းကြောင့်ဖြစ်တာတဲ့၊ ကွမ်းယာထဲမှာ ပြုဆေး ထည့်လိုက်တာပြောတယ်။

ဒီလိုပြောပြီး တစ်နေ့ ငဝေဝယ်လာတဲ့ ကွမ်းယာ ငါစားပြမယ်ဆိုပြီး လဲစားပြတယ်။

သူမက သူ့ကို လုပ်လို့မရဘူး။ သူမ မကြောက်ဘူး ဆိုတာ လုပ်ပြတယ်။ ပြီးတော့ အဘအောင်မင်းခေါင်နဲ့ ပြောကြပြန်တယ်။ တယ်လီဖုန်း ဆက်နေသလိုပဲ။ စကားတွေ ဖောင်ဖွဲ့လို့၊ ရယ်လို့မောလို့ ပျော်လို့ပါးလို့။ မိမိတို့မှာတော့ မရယ်နိုင်ပါ။ ဝေဒနာသည်ဆိုတာ ရယ်နိုင်ပါရိုးလား။

ချော့လိုက် ခြောက်လိုက်၊ လျှော့လိုက် တင်းလိုက်နဲ့ပဲ ခုလို ညီမ လိုက်ပါပြီး ပြောဆိုကုသခံနေတာကိုပဲ ကျေးဇူးပြန်တင်ရမလိုပါပဲ။ သူ ဝါသနာပါတဲ့ သူ့ (လောကီ) လိုင်းမို့ပဲ ကုသခံတာ တော်သေးတယ် ဆိုရမယ်လေ။

❖ ❖ ❖

The law pays regard to equity.

ဥပဒေဟာ တကယ်တော့ သာတူညီမျှမှုကို အလေး ဂရုပြုရတယ်။

*

## ကိုယ်ခန္ဓာ၏အနှစ်သာရ

*ဤကိုယ်ခန္ဓာကြီး၏ အနှစ်သာရသည် ကိုယ်ကျင့်တရား သီလများသာ ဖြစ်သည်။* *(ဗုဒ္ဓ မဟာသာရောပမသုတ်)*

ခုတော့ ဆရာမဒေါ်ထူးက အိမ်အထိ လိုက်လာကြည့်တတ်တယ်။ ဘုရားစင်ကိုပါ ရှင်းပေးမယ် ပြောပြီး ရှင်းပေးတယ်။

ယခင် ဆရာပေးထားခဲ့တဲ့ တံခွန်တွေ ကုက္ကားတွေကိုလည်း ချုံးချေပြပြီး အထဲက အင်းစာရွက်တွေဆိုပြီး ဆွဲထုတ်ပြတယ်။ ထိုသူက စေတနာနဲ့ လုပ်တာမဟုတ်ဘဲ ဒေါ်ဆွေသင်း အစီအမံနဲ့ လုပ်ကြံတာတွေလို့လည်း ပြောပါတယ်။ ဘုရား[illegible]က ဘုရားပေါ် နေ့နံမသင့် ဉာဏ်တော်ပါ မသင့် ဆိုတာကြောင့် ဘုရား ဘုန်းကြီးကျောင်း လှူပြီး သူ့အကြိုက် တစ်ပါးလဲလိုက်လုပ်လိုက် ပင့်လိုက်ရပြန်ပါတယ်။

ပြီးတော့ ညီမနဲ့ ဒေါ်ဆွေသင်း သွားလာနေခဲ့တဲ့ ဆရာကို မိမိ မသိခဲ့ပါဘူး။ သွားရောက် ဆွေးနွေးဖို့ထိ စိတ်ကူးပေမယ့် မအားတာရော၊ သူ့အထာ ဘယ်လိုရှိမှန်း မသိတာကြောင့်ပါ မိမိ မသွားဖြစ်ခဲ့။ အဲဒီဆရာက လမ်းကဖြတ်သွားပြီး မိမိတို့အိမ်ကို ကြည့်သွားဖူးကြောင်းတော့ ပြောတာကြားဖူးတယ်။

နောက် ညီမနဲ့ပတ်သက်တဲ့ ဆရာမြသန်းက "သူလုပ်ပေးလိုက်လို့ မရွှေစာကြီး ကြီးပွားနေပြီ ခု သူ့ဆီတောင် မလာတော့ဘူး ဘဝင်မြင့်သွားပြီ" ပြောနေကြောင်းလည်း ကြားရတယ်။ ဒီမှာဖြစ်နေတာတော့ သူမသိပါလား ဆရာသမားရယ်။ ကိုသန်းနွယ် ခင်ဗျာ တတော့ အကုန် လိုက်လုပ်ပေးရရှာတယ်။ အိမ်ဝမှာ ခွေးကို ဘယ်လိုအစာကျွေးပါဆိုလို့လည်း ကျွေးရတာ

တွေ အများကြီး။ ဘုန်းကြီးဆွမ်းကပ်ပါ ဆိုလို့ ကပ်ရတာတွေလည်း အများကြီးပါ၊ ကုသိုလ်ရပါတယ်။ ပြီး လှူဘဝဟာရခဲ့တယ်။ လူ့လောက် ဘာမှ တန်ဖိုးမရှိဘူးလေ။ ပြီး ဆွမ်းတော်ကြီးတင်ပါဆိုလို့ အိမ်မှာ ပန်းကန်လေးတွေ ရေခွက်လေးတွေ အပိုင်ဝယ်ပြီး ပုံမှန်တင်ခဲ့ရတာတွေလည်း မနည်းဘူး။

ဒီကြားထဲ ညဥ့်ဘက် ကွင်းပြင်ထဲကိုသွားပြီး ကွင်းပိုင်တင်ခဲ့ရတာလဲ ရှိတယ်။ ကိုသန်းနွယ်ခမျာ လုပ်ပေးရှာတယ်။ ဒါပေမယ့် အိမ်ကတော့ ပူလောင်မြဲပါ။ ညီမလေးကလည်း သောင်းကျန်းဆဲပါ။

တင်လိုက်ရတဲ့ပွဲတွေလည်း မနည်းမနောပါ၊ မိမိလည်း စာတွေ ဖတ် လေ့လာမှတ်သားနေပါ၊ ဘိုးတော်မဖြစ်ရုံတမယ်ပါ။

တစ်နေ့မှာတော့ ပွဲတော်ထိုးတာ တင်တာနဲ့ပတ်သက်ပြီး ကိုသန်းနွယ်ကို စာတစ်အုပ်မှာပါတာ မိမိ ပြောဖြစ်ပါတယ်။ 'အချဉ်ပေါက်တာတော့ မဟုတ်ပါဘူး။ အရိုးခံအတိုင်းပါ။

**ဆရာအစ တပည့်အဆုံးတဲ့ဗျ။**

"ဘာကြောင့် ကန်တော့ပွဲ ထိုးရလဲ။ ဒါကို ဖြေဖို့မလွယ်ဘူးတဲ့။ ဒါပေမယ့် ထိုးရတဲ့အဖြေ တစ်မျိုးစီတော့ ရှိတယ် ဆိုတာပဲ။"

ဒါကြောင့် တပည့်ဖြစ်သူက မိမိတို့ ကိုးကွယ်တဲ့ ဆရာဖြစ်သူကို ကန်တော့ဖို့ ထိုးရတာနဲ့ပတ်သက်ပြီး စုံစမ်းတော့လည်း ဆရာဖြစ်သူက ရှေးရိုးစဉ်လာအတိုင်း လုပ်တာပဲ ပြောတယ်။ ကန်တော့ပွဲက ပဟေဠိဆန်တယ်တဲ့။ မြန်မာ့ရိုးရာဓလေ့ ကန်တော့ပွဲ ထိုးတာဟာ ပဟေဠိဆန်ဆန် ဖြစ်နေတာတော့ အမှန်ပဲ။

ကန်တော့ပွဲဟာ အုန်းသီး ငှက်ပျောသီး မပါရင် မပြီးဘူး။ တခြား အသီးနဲ့ မဖြစ်ဘူးလား ဘာကြောင့် ဒါနဲ့ ထိုးရလဲ။ လေ့လာဆန်းစစ်ကြည့်ရင်တော့ ခက်ခဲမှာတော့ မဟုတ်ပါဘူး။ ဒီအသီးတွေက ရာသီမရွေး ဒေသမရွေး မှာဝယ်ယူရရှိနိုင်တာနဲ့ ဈေးသင့်တင့်တာကြောင့်ပဲ ဆိုတာ အသေအချာပဲ။

**ဘယ်သူ့အတွက်လဲ။**

ကန်တော့ပွဲဟာ ဂိုဏ်းဂဏ ဆရာတွေနဲ့လည်း ပတ်သက်နေတယ်။ အဲဒီဆရာတွေနဲ့ ပတ်သက်ပြီးတော့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ပညာရေး စတာတွေအတွက် ဆရာက တပည့်ဖြစ်သူကို ခိုင်းတယ်။

ဆရာဖြစ်သူ ညွှန်ကြားတာကို တပည့်က လုပ်ရတယ်။ အများစု ဆရာတွေမှာ တပည့်အတွက်လုပ်တာ မဟုတ်ဘဲ မိမိ အကျိုးအတွက်သာ လုပ်နေတာ တွေ့ရတယ် ဆိုတာပဲ။

တချို့ ဘာကယ်မတတ်ဘဲ တတ်ဟန်နဲ့ တပည့်ဖြစ်သူကို လုပ်မှားကိုင်မှားလုပ်မိတာကြောင့် အကျိုးဆုတ်ယုတ်ခဲ့ရတာတွေ ရှိတယ်လို့လည်း ဆိုတယ်။

ဒါထက်ဆိုးတာက ဘာသာရေး အကြောင်းပြုပြီး အညာရပ်နဲ့ ခြိမ်းခြောက်ပြီးတော့ အိမ်ရာမှောက်မှားတာ လူမှုရေးစည်းကမ်းမဲ့တာတွေ တချို့ ကြောင့်ပါပဲ။ ကန်တော့ပွဲထိုးတာကို တပည့်ဖြစ်သူတို့က ဆန္ဒ ဦးစားပေးတာ မျိုး မလုပ်ဘဲ ပညာစစ် ပညာမှန် ပုဂ္ဂိုလ်စစ် ပုဂ္ဂိုလ်မှန်နဲ့ လုပ်ရပ်စစ် လုပ်ရပ်မှန် တို့ကို တွေ့အောင်ရှာပြီး လုပ်ကြရမယ်။ ဒါမှ ကောင်းမြတ်တဲ့ အကျိုး သက်ရောက်မှုရမယ်တဲ့ဗျ။

ပြီးတော့ ကန်တော့ပွဲထိုးတာဟာ အကြောင်းတစ်ခုကို မူတည်ပြီး လုပ်တာပဲတဲ့။ ဒါဟာ ဆရာအတွက် မဟုတ်သလို ပုဂ္ဂိုလ်တစ်စုံတစ်ယောက် အတွက်လည်း မဟုတ်ပါဘူး။ မူလအကြောင်းအရာအတွက်ပဲ ဖြစ်သင့်တယ် ဆိုတယ်။ ဒါကြောင့် ပွဲထိုးတိုင်း ဒီလိုထိုးတာဟာ အရာရာတိုင်းအတွက် ဖြစ်သင့်တာ မဟုတ်ဘူးလည်း ဆိုတယ်။ အခြေအနေတစ်ခုအတွက်ပဲ ဖြစ်ရမယ်ဆိုတယ်။ ဒါပေမယ့် ခုတော့ အားလုံးအတွက် ပြုလုပ်နေကြတယ် လည်း ဆိုတယ်။

ထိုးတိုင်း မဖြစ်ပါ။ ပညာစစ် ပညာမှန်ကို တတ်ပြီး လုပ်ရပ်စစ် လုပ်ရပ်မှန်ကို ပြုသူ ပုဂ္ဂိုလ်မှန်တွေအတွက်သာ ကန်တော့ပွဲထိုးတိုင်းဖြစ် တယ်။ ဒါပေမယ့် ဖြစ်တိုင်း သူတို့က ထိုးပေးမှာတော့ မဟုတ်ဘူး ဆိုပါ တယ်။

ကန်တော့ပွဲမှာ တန်ခိုးသိဒ္ဓိရှိတယ်လည်း ယုံကြည်ထားကြတယ်။ တကယ်ရှိသလား၊ တကယ် မရှိပါဘူး။ ဘာကြောင့်လဲ။ အုန်းသီး၊ ငှက်ပျော သီး ဆိုတာဟာ အပင်က ခူးဆွတ်ရတာပဲ ဖြစ်တယ်။ သူထည့်တဲ့ ဇလုံက ဘာညာမှာလည်း စက်ရုံက လူသုံးကုန်အရာပဲ ဖြစ်တယ်။

အနယ်နယ် အရပ်ရပ်က အနှင်းခံတင်လာတဲ့ ဒီအသီးတွေကို အဂ္ဂမဟာသိဒ္ဓိရှိတဲ့ အုန်းသီး ငှက်ပျောသီး သတ်မှတ်နေကြတာ ယျုထာဘူတ

မကျနိုင်ဘူးတဲ့။ ပညာရှင်ရဲ့ စွမ်းပကားသာ အခရာမဟုတ်လား ဆိုတယ်။ လောကီ အတတ်ပညာပိုင်းနဲ့ဆိုင်တဲ့ ဂမ္ဘီရ ပညာရှင်ဆိုသူတွေကတော့ ဂမ္ဘီရအတတ်ပညာနဲ့ စီမံပြီးတော့ လျှို့ဝှက်သစ်ပင်အဖြစ် အသုံးပြုနေကြတယ်။

လောကီအတတ်ပညာရှင်တွေက အဲဒီအုန်းသီးငှက်ပျောသီးတွေကို လောကီရဲ့ အထူးလျှို့ဝှက်သစ်ပင်တွေ (ဒါမှမဟုတ်) ဂမ္ဘီရ ရုက္ခတွေလို့ သတ်မှတ်ထားကြတယ် ဆိုတာပဲ။ ကန်တော့ပွဲထိုးရာမှာ ကန်တော့ပွဲထိုးတဲ့ ပုဂ္ဂိုလ်နဲ့ ပတ်သက်တဲ့ စည်းကမ်း၊ ကန်တော့ပွဲသုံး ပစ္စည်းနဲ့ ပတ်သက်တဲ့ စည်းကမ်း၊ ကန်တော့ပွဲထိုးတဲ့နေရာနဲ့ ပတ်သက်တဲ့ စည်းကမ်း၊ ကန်တော့ပွဲ ထိုးတဲ့အချိန်ကာလနဲ့ ပတ်သက်တဲ့ စည်းကမ်း၊ ပြီးတော့ ကန်တော့ပွဲ နည်းပညာနဲ့ စပ်လျဉ်းတဲ့ အကြောင်းအရာတွေက အများကြီးပဲဗျ။

ဒါကြောင့် ကန်တော့ပွဲဟာ သူ့စည်းသူ့ကမ်းနဲ့ပဲ အဓိပ္ပာယ်ရှိတဲ့ ကန်တော့ပွဲ ဖြစ်မယ်တဲ့ဗျ။ ပြီးတော့ ကန်တော့ပွဲထိုးနည်းတွေက ကိုသန်းနွယ်ရဲ့ ပြောရင် ဆုံးမှာမဟုတ်တော့ပါဘူး။ ဒါကြောင့်ပါ ကိုသန်းနွယ်ရဲ့ "

"ဟိုးဟိုး ဆရာ၊ တော်ပါတော့ ဆရာအောင်ကျော်ရဲ့"

မိမိကို နှောက်လိုက်တာကို ကိုသန်းနွယ်ကလည်း မိမိ နာမည်ပါ ခေါ်ရင်း နောက်ပြောင်တားမြစ်လိုက်ရင်း အတူ ရယ်မိလိုက်ကြပါတယ်။ အား... ဟား... ဟား... ဟား။

ဘဝဆိုတာ ဒီလိုပါပဲ။ ဘာမှမဟုတ်တဲ ငိုကြရသလိုပဲ။ ဘာမှမဟုတ် ပဲနဲ့လည်း ပျော်ရွှင်ရယ်မောဖြစ်လိုက်ကြတယ် မဟုတ်ပါလားလေ။

❖ ❖ ❖

Life is tons of discipline.

*Robert Frost*

ဘဝဆိုတာဟာ အလေးချိန် တန် ပမာဏ ကြီးမားလှတဲ့ တာဝန်နဲ့ ဝတ္တရားတို့ပဲ ဖြစ်ကြပါတော့တယ်။

*

## ဝိပတ္တိတရားလေးပါး

*၁။ ဂတိဝိပတ္တိ အပါယ်လေးဘုံ၌ဖြစ်ရခြင်း၊*

*၂။ ဥပဓိဝိပတ္တိ ရုပ်ဆင်းအင်္ဂါ ချို့ယွင်းခြင်း၊*

*၃။ ကာလဝိပတ္တိ မကောင်းသောခေတ်ကာလ၌ ကြုံကြိုက်ခြင်း၊*

*၄။ ပယောဂဝိပတ္တိ အကျင့်သီလ ဖောက်ပြန်ပျက်စီးခြင်း (.....)*

ပြဿနာတစ်ခု ဖြစ်လာတဲ့အခါ ဇစ်မြစ်ကို အဖြေရှာရတာ ခက်လှတယ်။

မိမိဟာ ဘုရားတရားကို အနည်းငယ် နားလည်လာလို့သာ နေသာထိုင်သာ ရှိလာခဲ့ပါတယ်။

မြတ်စွာဘုရားက မိမိရဲ့ ခြေထောက်ကို လွှနဲ့ တိုက်ဖြတ်လာရင်တောင် သည်းခံခွင့်လွှတ်စိတ် ရှိရမယ် ပြောခဲ့တယ်။ ပြီး သည်းခံ နိဗ္ဗာန်ရောက်တတ်တယ်လည်း ဆိုခဲ့တယ်။

တရားထိုင်တဲ့အလုပ်ဟာ အပူမှန်သမျှကို တဒင်္ဂ ငြိမ်းစေပါတယ်။ မိမိ တရားထိုင်ပါတယ်။ အထူးသဖြင့် ဦးဇောတိက စာအုပ်တွေလည်း ဖတ်ဖြစ်တယ်။ မိမိ သူ့ကို ဘဝင်အကျဆုံးပါပဲ။ အရှုပ်ထဲမှာရှင်းအောင်နေမှ သတိပဋ္ဌာန်တရားတော် မေတ္တာတရား စိတ်နှလုံးရွှင်လန်းစေဖို့တို့ပါ။ ဆရာတော့်စာတွေဟာ လူမှုဘဝနဲ့ နီးစပ်လှတယ်။ ကိုယ်တိုင်ကိုယ်ကျ ကိုယ့် အနီးကပ်မိတ်ဆွေနဲ့ တကာယ့်တစ်ယောက်အနေနဲ့ ဆွေးနွေးပြောဆိုနေတာနဲ့ တူလှတယ်။

ဘဝဆိုတာ ဒီလိုပါပဲလေ။ အားလုံးကို အဆိုးချည်းမြင်လို့ မဖြစ်သလို အဆိုးထဲကလည်း အကောင်း၊ အကောင်းထဲကလည်း အဆိုးကို မြင်တတ်ဖို့ လိုတယ်ပဲ မဟုတ်လား။

## ဝိပဿနာ ရှုရန် အဏုကြည့်မှန်

မိုက်ကရိုစကုပ်ခေါ်တဲ့ အဏုကြည့်မှန်ပြောင်းနဲ့ကြည့်ရင် မသော်တဲ့ မျက်စိနဲ့ မမြင်နိုင်တဲ့ ဘက်ကီးရီးယားခေါ်တဲ့ ရောဂါပိုးတွေကို အလွယ်တကူ မြင်လာနိုင်တယ်။ တယ်လီစကုပ်ခေါ် အဝေးကြည့်မှန်ပြောင်းနဲ့ ကြည့်တော့ ဝေးလံတဲ့ ဂြိုဟ် နက္ခတ်တာရာတွေကို မပင်မပန်းဘဲ မြင်တွေ့လာနိုင်တယ်။

အဲဒီလို အစွမ်းထက်တဲ့ ကိရိယာတွေကို တီထွင်အသုံးပြုနိုင်တဲ့ သိပ္ပံပညာဟာ နေ့စဉ် တိုးတက်လို့ပဲနေပါတယ်။

ဝိပဿနာအလုပ်မှာ ခေတ်မီသိပ္ပံ ကိရိယာတွေနဲ့တောင် ကြည့်လို့ မမြင် စမ်းသပ်လို့မရတဲ့ ပရမတ်ရုပ် ပရမတ်နာမ်တွေကို ဉာဏ်နဲ့ မြင်အောင် ရှုကြည့်ရမှာ ဖြစ်လို့ သိပ္ပံကိရိယာလက်နက်လည်း လိုအပ်ပါတယ်။ အဲဒီ လက်နက်ကတော့ အဓိကက သမာဓိ လက်နက်ပါပဲ။

သမာဓိလက်နက် ထက်မြက်လာတဲ့အခါ အကောင်အထည် မရှိကြတဲ့ ပရမတ် ရုပ်နာမ်တွေရဲ့ သဘောလက္ခဏာတွေဟာ ပေါ်လွင် ထင်ရှားလို့လာကြတယ်။

ဒါကြောင့်ပဲ ဘုရားရှင်က–

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ

ဘိက္ခု ယထာဘူတံ ပဇာနာတိ (သံ–၂–၁၂ သမာဓိ သုတ္တန်)

"ရဟန်းတို့ သမာဓိ ထူထောင်နိုင်အောင် ပွားများအားထုတ်ကြ ရဟန်းတို့ သမာဓိရှိတဲ့ ရဟန်းဟာ ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိတယ်" လို့ ဟောတော်မူထားခဲ့တယ်။

## ဝိပဿနာရှုမယ်ဆိုရင်

ပညတ္တိ၊ ဥပေတွာ၊ အနိစ္စ ဂဒိအာကာရေန ဝိဝိဓံ ပဿတီတိ ဝိပဿနာ

လို့ ဋီကာဆရာရဲ့ ဖွင့်ဆိုထားချက်အရ ဝိပဿနာရှုတော့မယ်ဆိုရင် ပညတ်တရားတွေကို အေးဖယ်ပြီး ပရမတ်တရားတို့ရဲ့ အဖြစ်အပျက်ကို မြင်အောင် ရှုကြည့်ပြီး အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာတို့နဲ့ အထူးထူး အပြားပြား သိအောင်ရှုရလိမ့်မယ်။

ပညတ် အကာကို ဖယ်ရှားပြီး ပရမတ် အနှစ်ကို မြင်အောင် ရှု ကြည့်ဖို့ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ဘူး။ ပရမတ်တရားတို့မှာ အကောင် အထည်ရှိတာ မဟုတ်ဘူး။ ဘုရားသာသနာနဲ့ ကြုံကြိုက်လို့သာ ပရမတ် တရားတို့ရဲ့ အမည်တွေကို ကြားသိရတာ။

ရုပ်နာမ် နှစ်ပါးလို့ အမည်ရကြတဲ့ ပရမတ်တရားတို့က ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော စတဲ့ ရုပ် (၂၈) ပါး၊ စိတ် (၁) ပါး၊ လောဘ ဒေါသ မောဟ စတဲ့ စေတသိက် (၅၂) ပါးတို့ ဖြစ်ကြပါတယ်။

ရုပ်နာမ်ပရမတ် တရားတို့က အထည် ကိုယ် ဒြပ် နာမ် ပုံသဏ္ဌာန် တွေ မရှိကြတဲ့အတွက် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဆိုတဲ့ အခြင်း အရာ လေးမျိုးနဲ့ ပိုင်းခြားပြီးတော့ ရှုမှတ်ရတယ်။ အဲသလို ရုပ် (၁)လုံးစီ နာမ် (၂) လုံးစီ ပိုင်းခြားသိနိုင်မှပဲ၊ ရုပ်နာမ်တို့ကို ပိုင်းခြားပြီးသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ် (ခမ္မဝတ္ထာနဉာဏ်)ပဲ ဖြစ်ပါတယ်။ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ရုပ်တရား နာမ်တရား အားလုံးကို ပိုင်းခြားပြီး ရှုမြင် လာတဲ့အခါ ခန္ဓာကိုယ်မှာ ရုပ်နာမ်နှစ်ပါး (ဝါ) ခန္ဓာ ၅ ပါးပဲ ရှိတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ၊ ဇီဝ၊ အတ္တ စတာတွေဟာ မရှိကြပါဘူး ဆိုတာကို နှစ်နှစ်ကာကာ သိရှိနားလည်သွားပါတယ်။ ဒီတော့မှ ခန္ဓာ ၅ ပါး အစုကို ပုဂ္ဂိုလ် သတ္တဝါ ငါ အဖြစ် စွဲယူထားတဲ့ သက္ကာယဒိဋ္ဌိဟာ ကွာရှင်းသွားပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိအယူ စင်ကြယ်ခြင်းဟာ ဖြစ်လာပါတယ် တဲ့လေ။

## အကြောင်းအရာတွေကို သိမ်းဆည်းခြင်း

နောက်တစ်ဆင့်တက်ရမှာက ပရမတ်တရားတို့ရဲ့ အကြောင်းအကျိုး ဆက်နွယ်ကာဖြစ်ပျက်နေပုံတွေကို မြင်သိအောင် ရှုကြည့်တာပဲ ဖြစ်ပါတယ်။ အတိတ် ပစ္စုပ္ပန် အနာဂတ်တွေမှာ ရုပ်တရား နာမ်တရားတွေကို ပဋိစ္စ သမုပ္ပါဒ်နည်းအရ အကြောင်းအကျိုး ယှဉ်စပ်ကာ ဖြစ်ပျက်နေကြပုံကို ကြံစည် စိတ်ကူးပြီး သိတာမျိုးမဟုတ်ဘဲ ဉာဏ်မျက်စိနဲ့ ထင်ထင်ရှားရှား ရှုသိတဲ့ ဘာဝနာမယ အသိမျိုးဖြစ်ဖို့ အားထုတ်ရမယ်။ အဲဒီလို ထွင်းဖောက်ပြီး မြင်လာပါမှ သုတ္တန်ဒေသနာလာ ယုံမှားမှုကခ်ါ ၁၆ ပါးနဲ့ အဘိဓမ္မာဒေသနာ

လာ၊ ဝိစိကစ္စ ၈ ပါးတို့ကို လွန်မြောက်ပြီးတော့ ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းကို ဆိုက်ရောက်ပါလိမ့်မယ်။

ဒီအကြောင်းကို လယ်တီဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းကျမ်းကြီး စာ ၃၄၃ မှာ သံခိပ်လင်္ကာနဲ့ ခုလို ရေးစပ်ထားပါတယ်။

နာမရူပ သင်္ခါရ၏ ပဋိစ္စတတ် သမုပ္ပါဒ်ကို အထပ် ထင်ထင်ပိုင်ပိုင် မြင်က ကင်္ခါယုံမှား ၁၆ ပါးနှင့် ၈ ပါး ဝိစိ ဒိဋ္ဌိဖြာဖြာ ကင်းစင်ကွာ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ရုပ်တရား နာမ်တရားတို့ရဲ့ အကြောင်းတရားတွေကို စုံစုံလင်လင် ရှုသိတဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ် (ယထာဘူတဉာဏ်) လို့ ခေါ်ပါတယ်။

**မဂ်ဖိုလ်နိဗ္ဗာန်သို့**

နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ၂ ပါးတို့ ပြည့်စုံပြီးတဲ့အခါမှာသာ ရုပ်နာမ်တရားကဲ့သို့ လက္ခဏာရေးသုံးပါးတင်ပြီး ဝိပဿနာ ရှုရပါတယ်။ ဝိပဿနာရှုတဲ့အခါမှာ အတိတ်၊ ပစ္စုပ္ပန် အနာဂတ်ရှိ ရုပ်တရား နာမ်တရား အားလုံး၊ အကြောင်းတရား အကျိုးတရား အားလုံးဖြစ်ကြတဲ့ ပရမတ်တရားတို့ကို အနိစ္စတစ်လှည့်၊ ဒုက္ခတစ်လှည့်၊ အနတ္တတစ်လှည့်၊ အသုဘတစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့် လှည့်ပတ်ပြီး ရှုရပါတယ်။ ရှုရတဲ့အကြောင်း ကျမ်းဂန် အထောက်အထား အများကြီးပဲ။ ၃၁ ဘုံမှာ သတ္တဝါအားလုံး သံသရာကျင်လည်နေရပုံ အလုံးစုံကို မြဲမြဲထင်ထင် ဉာဏ်အမြင်နဲ့ ထင်ရှားအောင် ဖွင့်ဆိုနေကြတဲ့ ပရမတ် တရားတွေနဲ့ သဘောသဘာဝတွေ ကြောင်းကျိုးဆက်စပ်ပြီး ဖြစ်ပျက်နေတာတွေ ရှုသိလာတဲ့အခါ အရိယာသစ္စာ လေးပါးကို ပေါ်လွင်ထင်ရှားလာကြတယ်။ မောဟမျက်နှာဖုံး ကွာကျပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာပဲ ဖြစ်ပါတော့တယ်။

အနတ္တလက္ခဏာကို ဘုရားပွင့်ရာ သာသနာမှာ ထင်မြင်နိုင်တယ်။ သာသနာပမှာ မထင်မြင်နိုင်။ (အဘိဋ္ဌ-၂-၄၆)

ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး ဆက်နွယ်မှု သဘောကို ဉာဏ်မျက်စိနဲ့ ထိုးထွင်းပြီး ပိုင်းပိုင်းခြားခြား မမြင်သိဘဲနဲ့ သံသရာဝဋ်ဆင်းရဲဘေးဆိုးကြီးကို

လွန်မြောက်ကျော်လွှားသွားတဲ့ သူဆိုတာ အိပ်မက်ထဲမှာတောင် မရှိဘူးလို့ ဝိသုဒ္ဓိမဂ် (၂-၂၂၁) နဲ့ အဘိဓမ္မာ အဋ္ဌကထာ (၂၀၈၉) တွေမှာ အတိအလင်း ဆိုထားပါတယ်။

အရှုတ္တ ဗဟိဒ္ဓတွေမှာ ရုပ်တရား နာမ်တရားတွေကို ပိုင်းပိုင်းခြားခြား ရှုမြင်ထားကြတဲ့ ယောဂီတွေဟာ ရုပ်နာမ်ဖြစ်ပျက်အစဉ်ကို ဝိပဿနာ ဉာဏ်နဲ့ လျှောက်လိုက်ပြီးတော့ ရှေးက နေခဲ့ဖူးတဲ့ ဘဝ (ခန္ဓာ) များစွာတွေကို အောက်မေ့ သိမြင်နိုင်တယ်လို့ ခန္ဓနိယသုတ္တန် (သံ၊ ၁-၂·၇၁) မှာ ဘုရားရှင် နည်းညွှန်ပြတော်မူထားခဲ့တယ်လေ။ သစ္စာလေးပါးက လွတ်မြောက်တဲ့ သိဖွယ်တရားဆိုတာ မရှိဘူးလို့ အဋ္ဌကထာတွေရဲ့ စကားအရ သစ္စာလေးပါးရဲ့ နယ်ပယ်ဟာ အလွန်တရာ ကျယ်ဝန်းလှပါတယ်။ သစ္စာလေးပါးမှာ အကျုံးဝင်ကြတဲ့ ရုပ်နာမ်တရားတို့ဟာ ၃၁ ဘုံ အလုံးစုံကို လွှမ်းခြုံထားပြီးတော့ ၃၁ ဘုံမှာ သတ္တဝါတွေ သံသရာကျင်လည်နေကြတဲ့ ဇာတ်အိမ်အဖြစ် သရုပ်ဆောင်နေကြတယ်။

ဒါကြောင့် ပရမတ် ရုပ်နာမ်တရားတို့ရဲ့ သဘောသတ္တိတွေနဲ့ အကြောင်းအကျိုး ဆက်နွယ်ပြီးတော့ ဖြစ်ပျက်နေကြပုံတွေကို ထိုးထွင်း သိမြင်ပြီးတော့ ရှုကြည့်ရတာဟာ အလွန်တစ်ရာ နက်နဲသိမ်မွေ့တဲ့ လုပ်ငန်းစဉ်ဖြစ်ပြီး အလွန်စိတ်ဝင်စားစရာလည်း ကောင်းလှတယ်။

အဲဒါကို ရှုမြင်နိုင်တဲ့ နည်းလမ်း၊ ကျင့်စဉ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရား ရှိတယ်ဆိုတာ အလွန်အံ့ဩစရာ ကောင်းပါတယ်။

မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ပိဋကတ် ကျမ်းဂန်တွေမှာ ညွှန်ကြားထားတာနဲ့အညီ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရှုပွားနိုင်ပါမှလည်း မဂ်ဖိုလ် နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်မယ် ဆိုတာကို အလေးအနက် သတိမူကြစေရပါပဲ ဆိုတာ မိမိဘဝမှာ နားလည်သိရှိလာခဲ့ရပါတော့တယ်။ အဆိုးထဲက အကောင်းပါ။ ဆင်းရဲထဲက ချမ်းသာ ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်လေ။ ဝမ်းသာဖွယ်ရာပါနော်။

❖ ❖ ❖

## လျှာပညာရှိ

*လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်းချက်အရသာများကို မြန်မြန်ဆန်ဆန် သိသလို အသိအလိမ္မာ ဉာဏ်ပညာရှိသောသူသည် ပညာရှိသူတော်ကောင်းများကို ခဏကလေး မှီဝဲဆည်းကပ်ရုံနှင့် လျှင်မြန်စွာ တရားထူး ရနိုင်တယ်။ (ဗုဒ္ဓ)*

မိမိမှာ အဲဒီလို ပါရမီထူး မရှိမေမယ့်လည်း ဝမ်းမနည်းပါဘူး။ ဒီအသိတရား ခံစားရတာနဲ့ပဲ ကျေနပ်ပီတိဖြစ်ရပြီလေ။ ဒီက ရှေ့လျှောက် ပြုမူနေထိုင် ကျင့်ကြံသွားဖို့ရာပါပဲ။ ကျင့်ကြံ လုပ်ဆောင် ပွားများသွားဖို့ရာသာပဲ။ မဲမှောင်နေတဲ့ မိုးတိမ်တိုက်ကြီးတွေမှာလည်း လင်းလက်တဲ့ အနားသတ် အလင်းရောင်ရှိတတ် ကြတယ်ဆိုကြသလိုပဲ၊ ဘဝမှာလည်း အကုန်လုံး မဲမှောင်ပြီးမနေပါဘူး။ လူဟာ မျက်စိမှိတ်ထားရှင်လည်း အတွေးမှာ၊ စိတ်ကူးမှာ၊ ဉာဏ်ပညာမှာ ဝင်းထိန် လင်းလက်တောက်ပနေတတ်တာမျိုးပဲ မဟုတ်လား့လေ။

## တောင့်တာတိုင်း

*အကျင့်သီလနှင့် ပြည့်စုံသောသူအား စင်ကြယ်သောကြောင့် တောင့်တသလို ရနိုင်သည်။ တောင့်တတိုင်း ပြည့်စုံနိုင်သည်။ (ဗုဒ္ဓ)*

## ကိုယ်ပြုကိုယ်ခံ

*မကောင်းမှုကို မိမိပြုမိလျှင် မိမိသာလျှင် ညစ်ညူးရသည်။ မကောင်းမှု မပြုမိလျှင် မိမိသည် စင်ကြယ်သန့်ရှင်းသည်။ မိမိစင်ကြယ်သည် မစင်ကြယ်သည်ကို မိမိကိုယ်တိုင်သာ သိသည်။*

*လူတစ်ယောက်က တစ်ယောက်ကို ကိလေသာအညစ်အကြေးမှ စင်ကြယ်အောင် ပြုလုပ်မပေးနိုင်။* (၇၃)

ညီမလေးမရွှေစာကတော့ သောင်းကျန်းလို့ ကောင်းတုန်းပဲ။ မိမိကလည်း လျှော့လိုက် တင်းလိုက်နဲ့ပဲ ကစားတယ်။ ပညာလည်း ယူပါတယ်။ မိမိဟာ ဘာကိုပဲဖြစ်ဖြစ် ရေရှည်စဉ်းစားတယ်။ ကွက်ကျော်မြင်တယ်။ တဖြည်းဖြည်း ဒီလမ်းစဉ်နဲ့ ဖတ်ရည်လည်သွားခဲ့ရင်၊ မဖြစ်ခဲ့ရင် သီပွဲနည်းကျ စိတ်ရောဂါ ဆေးရုံပို့မယ်။ ဒါအပြေပဲ။ ခုဘာကြောင့် ဖြစ်တာလဲ။ ဆေးရုံတချို့ကလည်း ဒီခေတ်မှာ မိမိတို့ ပိုင်ရာပိုင်ရာ ရိုးရာနဲ့ အရင်ကုသပြီးမှ သူတို့နဲ့ လာရောက်ကုသတာ ပိုကြိုက်တဲ့သဘော ရှိပါတယ်။

ခုလည်း မိမိနဲ့ ကိုသန်းနွယ် ဆွေးနွေးပြောဆို ဖြစ်ကြပါတယ်။

"ကိုသန်းနွယ်၊ ဒီလောက် လမ်းစဉ်ဟာ မှားသလား မှန်သလားဗျ" တစ်နေ့တုန်းက မိမိက သူ့ကိုပဲမေးဖြစ်တယ်။

"အောင်မြင်တာတွေ ရှိပါတယ်။ ကျွန်တော်ဆို ဒီအိမ်ကြီးဟာ အကြွေးအပေါင်ဘဝနဲ့ ကြွေးတပုံနဲ့ ပြီး စားဝတ်နေရေး ဒုက္ခတွေ ပတ်လည်ဝိုင်းနေတယ်။ တရားစွဲမယ်၊ အိမ်ပေါ်က ဆွဲချမယ် တကဲကဲပဲ၊ ဒါကိုလည်း အဲဒါနဲ့ပဲ ထိန်းခဲ့ရတာပဲဗျ"

"ဟုတ်တာပေါ့နော်"

မိမိစဉ်းစား ဂရိုယ်ချင်းစာရင်း ပြောမိတယ်။

"ခုလည်း ခင်ဗျားလည်း ဒီလိုပဲ ထိန်းနေတာပဲ မဟုတ်လား၊ ဒါကို နောက်တော့ ကျွန်တော် ပြောပြမယ်၊ ခု အရေးကြီးပြောပြချင်တာက တစ်ခုရှိနေတယ်ဗျ"

"ဘာလဲဗျ"

"ဒီသိုက်ဓာတ်လမ်းမှာ မြစိမ်း ဆိုတာရှိတယ်။ မြစိမ်းတို့ မောင်နှမ ရယ်၊ သူချစ်သူရယ် ဒီဓာတ်လမ်းတစ်ခု၊ နောက်ပြီးတော့ နံကရိုင်းမယ်တော် နဲ့ အောင်နိုင်ဓာတ်လမ်း တစ်ပုဒ်လည်း ရှိတယ်"

"ဟုတ်လား"

"ဟုတ်တယ် ဟဲ… ဟဲ၊ ခင်ဗျားညီမနဲ့ ငဝေ ဓာတ်လမ်းနဲ့ နည်းနည်း ဆင်နေမလားပဲဗျ"

"ဟုတ်လား"

"ဟုတ်တယ်၊ သူတို့ဆရာတွေကလည်း ဒီလိုများ ဖန်တီးထားကြ သလားလည်း ကျွန်တော် စဉ်းစားမိတယ်ဗျ"

"ဒါဆိုရင် ကျွန်တော့်ကို ပြောပြပါလားဗျ"

"ဓာတ်လမ်းက နည်းနည်းရှည်တယ်၊ ခင်ဗျားအားလား"

"ရပါတယ်၊ ကျွန်တော် နားထောင်မယ်ဗျာ ပြော"

ဒါကြောင့် ကိုသန်းနွယ်က မိမိကို ပြောပြပါတယ်။

"ပဲခူးမယ်တော်-နံကရိုင်းမယ်တော်လို့ဆိုတဲ့ နာမည်တွေနဲ့ ကျော်ကြား လှတယ်၊ မွန်လူမျိုးတွေရဲ့ ရိုးရာနတ်ကို ကျွဲခေါင်းမကိုင်ရှ် ဆောင်းပြီးတော့ လက်နှစ်ဖက်မှာတော့ ငါးရံ့တစ်ကောင်စီကို ကိုင်တွယ်ထားတတ်တယ်။

နံကရိုင်းမယ်တော် နာမည်ကို မှန်နန်းတို့ တွင်းသင်းတို့ ရာဇဝင်သမိုင်း တွေမှာတော့ မတွေ့ရဘူး။ မွန်ရာဇဝင် သမိုင်းတချို့နဲ့ ဓာတ်သမိုင်းတချို့ မှာပဲ တစ်စွန်းတစ်စ ရှိကြတယ်ဗျ။

ဟံသာဝတီ၊ ပဲခူးမြို့မှာ သက္ကရာဇ် ၈၂၅ ခုနှစ်က ၈၃၇ ထိ စိုးစံ တဲ့ သမလ မင်းမှာ ဝိမလ ဆိုတဲ့ ညီတစ်ပါး ရှိခဲ့တယ်။ အစ်ကိုက ညီကို အိမ်ရှေ့အရာ ချီးမြှောက်ပြီး-

ညီတော်ကို တက္ကသိုလ်ပြည်ကြီးမှာ ထင်ပေါ် ကျော်ကြားတဲ့ ဆရာထံ သွားပြီး ပညာသင်ယူစေခဲ့ပါတယ်။ ပညာတတ်မြောက်ပြီး တိုင်းပြည်ပြန် ရောက်တဲ့အခါ နဂိုစည်းစိမ်နဲ့ အာဏာအတိုင်း ချီးမြှောက်ပေးတော်မူခဲ့ ရပါမယ် ဆိုတယ်။

ဒါကြောင့် ညီတော်က ပညာသွားရောက်သင်ယူနေခဲ့တယ်။

အဲဒီအချိန်မှာ ပဲခူးနဲ့ သထုံကြားမှာ သက်ကြီးရွယ်အို ကရင်လင်မယား နှစ်ယောက်က တောင်ယာလုပ်ပြီး အသက်မွေးနေခဲ့ကြတယ်။ သူတို့မှာ သမီးလေးတစ်ယောက် ရှိတယ်။ အဲဒီသမီးကို သမလဲ မင်းကြီးက သိမ်းပိုက် ပြီး မိဖုရားအရာမြှောက်ပြီး ခံစားစံစားနေခဲ့တယ်။

ကာလကြာတဲ့အထိ ညီတော် ဝိမလမင်းသားကိုလည်း မေ့လျော့နေခဲ့ တယ်။ ဝိမလဟာ ပညာတတ်မြောက်ပြီး တိုင်းပြည်သို့ ပြန်ရောက်တဲ့အခါ နောင်တော်ကြီးက သူ့ကို ပမာမပြုဘူး။ ဒါကို မကျေနပ်တာကြောင့် နောင်တော်ကို လုပ်ကြံပြီး ထီးနန်းကို သိမ်းယူလိုက်တယ်။

အဲဒီအခါ မရီးတော် မိဖုရားကြီးမှာ သားယောကျ်ားလေးကို ဖွားမြင် ခဲ့တယ်။ ဒါကို ဝိမလက သတ်စေဖို့ အမိန့်ပေးတယ်။ မိခင်က စိုးရိမ်ပြီး သားငယ်ကို ကျွဲကျောင်းရာနွားနီးတဲ့ တဲမှာ ဖုံးဝှက်ထားခဲ့တယ်။

သားငယ်ကို နတ်တွေက စောင်မကြည့်ရှုထားခဲ့ကြပြီး ပညာကြီးမား ခွန်အား ဗလနဲ့ ပြည့်စုံတဲ့ဘဝကို ရောက်စေခဲ့တယ်။

အဲဒီမင်းသားငယ် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်ခဲ့တယ်။ အဲဒီအခါမှာ မွန်တိုင်းရင်းသားတွေက သူ့ဒေသမှာ အလိုမရှိတာကြောင့် နှင်ထုတ်လိုက်တဲ့ ဟိန္ဒူလူမျိုးတွေဟာ ဟံသာဝတီကို ရောက်လာခဲ့ကြ တယ်တဲ့။

အရပ်ခုနစ်တောင်ရှည်တဲ့ ငလန်ဘား ဆိုတဲ့ ကုလားတာပ်မှူးကြီးကို လည်း တစ်မှူးပြုလုပ်စေခဲ့ကြတယ်။ သင်္ဘောလှေတွေနဲ့ပါ လာရောက် ဝိုင်းထားခဲ့ကြတယ်။ ပြီး ဝိမလကို စစ်မပြုဖို့ သဝဏ်လွှာ ပို့စေခဲ့တယ်။ အဲဒီအခါ ဝိမလက ပြန်ခုခံခဲ့တယ်။ ပြီး သူက လူစွမ်းကောင်းကို ထပ်မံ ရှာဖွေခဲ့ပေမယ့် ဘယ်သူ့ကိုမှ မတွေ့ခဲ့ဘူး။

အဲဒီအခါမှာ မုဆိုးတစ်ယောက်က သားကောင်ရှာဖို့ တောထဲ ရောက် ခဲ့တယ်။ အဲဒီမှာ တောကျွဲအုပ်ထဲမှာ ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ သူတစ်ယောက်ကို

တွေ့ခဲ့တယ်။ ဒါကြောင့် အိမ်ပြန်ပြီး သားမယားကို ပြောမိတယ်။ ဒါကို ဇနီးသည်က ဘုရင်မင်းမြတ်ထံကို အကြောင်းကြားဖို့ ပြောတာကြောင့် မုဆိုးက ဘုရင်ကို သံတော်ဦးတင်ခဲ့တယ်။

ဘုရင်မှာ ဝမ်းသာလှတာကြောင့် သူငယ်ကို မင်းရဲ့အမိန့်နဲ့ ခေါ်စေခဲ့တယ်။

ရှေ့တော်မှောက်ရောက်တော့ သူငယ်ကို မြင်တော့ တူတော်ဖြစ်ကြောင်း သိတာကြောင့် အထိုက်အလျောက် ချော့ကစားပြီး ရန်သူအပေါင်းကို အောင်စေဖို့ အသကုမ္မာ ရယ်လို့ နာမည်မှည့်ခဲ့တယ်။ လန်ဘားကို တိုက်စေခဲ့တယ်။

ပြီးတော့ မင်းကြီးက သူ့အမှားကို ဝန်ချတောင်းပန် ရန်ကို ပြေငြိမ်းစေခဲ့တယ်။

သူက ရန်သူကို သူ နှိမ်နင်းမယ်။ ဒါပေမယ့် ခုနစ်ရက်လောက် ဆိုင်းငံ့ပေးဖို့ ပြောပြီး မိခင်သဖွယ် နို့ချိုတိုက်ကျွေးပေးခဲ့တဲ့ မိခင်ကျွဲမကြီးထံမှာ ရန်သူကို တိုက်ခွင့်ပြုဖို့ရာကို ခွင့်ပန်ပြီး ပြန်ခဲ့တယ်။

ဒီလိုနဲ့ တိုက်ခိုက်ခဲ့ရာ ရန်သူ ကုလားဗိုလ် နံဘေးကို လှံနဲ့ထိုးခဲ့တယ်။ ပြီး သဘော်ခုနစ်စင်းနဲ့အတူ စစ်သားသုံးထောင်ငါးရာကိုပါ ဖမ်းမိခဲ့တယ်။

ဒါကို အစွဲပြုပြီး သထုံခရိုင်မှာ ကျိုက်ကသာဘွဲ့နဲ့ စေတီတစ်ဆူ တည်ခဲ့တယ်။ မင်းကြီးကလည်း အသကုမ္မာ မင်းသားကို အိမ်ရှေ့အရာ အမ်နှင်းခဲ့တယ်။ ခုတော့ အဲဒီနေရာဟာ ပဲခူးရွှေမော်ဓောဘုရားအနီးက ဟသ်ာ ကုန်းဖြစ်တယ် ပြောကြတယ်။

အဲဒီရာမညသမိုင်းနဲ့ နံကရိုင်းအကြောင်းကိုတော့ စာမှာပေမှာ သိပ် မတွေ့ရဘူး။

ဒါပေမယ့် သမလ၊ ဝိမလနဲ့ မင်းသားတွေရဲ့အကြောင်းကို ပဲခူး ရွှေမော်ဓောသမိုင်းမှာတော့ တွေ့ရတယ် ဆိုတယ်။

လူသုံးဦးတို့ရဲ့ ကိုးကွယ်ရာဖြစ်တဲ့ ရှင်တော်ဘုရားရဲ့ သာသနာတော် ၁၃၆၉ ခု သက္ကရာဇ် ၁၈၇ ခု ရောက်တဲ့အခါ သမလ၊ ဝိမလ ညီနောင်နှစ်ပါး တို့ဟာ ကုသိထမဏ္ဍလ၊ ဟံသာဝတီမဏ္ဍလ၊ မုတ္တမမဏ္ဍလ၊ သခ်ါ တေသုတီသုရာမည မဏ္ဍလလေသူ့ဆိုတဲ့ ကလျာဏီသိမ်ကျောက်စာမှာ ဆိုတယ်။

တခြားတွေမှာလည်း လိုရင်းက သထုံက အာဏာမရတာကြောင့် ထွက်ခွာလာခဲ့ပြီး ပဲခူး ဟံသာဝတီမှာ အခြေစိုက်ခဲ့ကြတာပါပဲ။ သမလ၊ ဝိမလ၊ အသာကုမ္မာ စတဲ့ အမည်တွေ တွေ့ရပေမယ့် နံကရိုင်းဆိုတာတော့ မတွေ့ရဘူး။

ပြီး နံကရိုင်း မှုကွဲလည်း ရှိတယ်။

လိုရင်းကတော့ ကျွဲမကြီးရဲ့သား မင်းသားဟာ စစ်တိုက်ဖို့အတွက် ဘုရင့်နန်းတော်သို့ ပြန်လာရာမှာ လမ်းမှာ မေခလာနတ်သမီးနဲ့ တန်ခိုးပြိုင်ရတယ်။ အဲဒီမှာ မေခလာ ညစ်တာကြောင့် မင်းသားကရှုံးရတယ်။ ရှုံးကြေးဆပ်ဖို့ကို ကတိပေးခဲ့ရတယ်။ စစ်တိုက်ရာမှာ နိုင်တော့ ဘုရင်ကြီးက သမီးတော်နဲ့ အိမ်ရှေ့အရာပေး ထိမ်းမြားပေးတယ်။ မေခလာ နတ်သမီးကိုတော့ ကတိအတိုင်း မိခင် နံကရိုင်းထံက ကျွဲတစ်ကောင်ကောင်ယူပြီး ခေါင်းဖြတ်ပြီး နတ်သမီးကို ကျွဲခေါင်းဆက်သရတယ်။ အဲဒီလို ကျွဲနတ်ဖြစ်သွားလို့ နံကရိုင်းနတ်၊ နံကရိုင်းကျွဲနတ်အဖြစ် ပသကြရာက မွန်တို့ရိုးရာ သဖွယ် ဖြစ်သွားတယ်ဆိုတယ်။

နောက်ဇာတ်လမ်းတစ်ခုမှာလည်း မွန် ကွမ်အပ်သာ နယ်ခြား။ နယ်ခြားမင်းသား၊ အသားမင်းသား ဆိုတာလည်း ဒီလိုပဲ။ သူဟာ မိခင် ကျွဲမကြီးထံက စစ်တိုက်ခွင့်တောင်းရာ မိခင်ကျွဲမကြီးက-

ရန်သူကို ဘယ်ပုံတိုက်ခိုက်ရမယ့်အကြောင်း သင်ကြားတယ်။

"ဟော့ လန်ဘား မင်းနောက်ကအဖွဲ့ရောက်နေပြီလို့ အော်လိုက်၊ လန်ဘား နောက်ပြန်လှမ်းကြည့်လို့ရှိရင် လှံနဲ့ထိုး" လို့ မှာကြားလိုက်တယ်။

သူလာရာလမ်းမှာ ဒီရေက တက်နေတယ်။ ဒီရေရပ်တန့်အောင် သူ တားမြစ်လိုက်တယ်။ ဒီရေစောင့်နတ်သမီး မေခလာ ပေါ်လာတယ်။ ဒီရေကို တားမြစ်ရတယ်လားလို့ အပြစ်တင်တယ်။ ပြီးတော့ ဒီရေကို တားမြစ်တဲ့အတွက် သင့်မှာ အပြစ်ရှိတယ်။ အချိန်တစ်မောင်းအတွင်း ဒရယ်ကျောင်ပြောင် အမြီးတစ်ထောင်ကို ရှာဖွေပေးရမယ်။ ကျွန်ုပ်က ချည်ခင်တစ်ထောင်ကို ရှာပေးမယ် ရှုံးသူက နိုင်သူခိုင်းရာ လုပ်ပေးတမ်း ပြောပြီး တန်ခိုးပြိုင်ကြတယ်။

နှစ်ယောက်လုံး စွမ်းဆောင်နိုင်ခဲ့ကြတယ်။ ဒါပေမယ့် မေခလာက အမြီးတစ်ချောင်းကို ခါးကြားမှာ ဝှက်ထားပြီး-

'အသင်တောတွင်းသား အခု တစ်ချောင်းလိုနေတာကြောင့် သင်ရှုံးပြီ။ ကတိအတိုင်း သူပြုရမှာက အသင်တောတွင်းသား ထိမ်းမြားမင်္ဂလာပြုတဲ့နေ့မှာ ဇမ္ဗူရာဇ်ရွှေစင် ကိန်းအောင်းတဲ့ ကျွဲခေါင်းကိုဖြတ်ပြီး ငါ့ကို တင်မြှောက်ရမယ်'

ဒီလို အကျပ်ကိုင်ခဲ့တယ်။ ဒီတော့ မြှောက်ဖို့ ကတိပေးလိုက်ရတယ်။ ပြီး နေပြည်တော်ပြန်ရောက်ပြီး

ထိမ်းမြားလက်ထပ်တော့ မေခလာကို ကတိတည်ဖို့ ဇမ္ဗူရာဇ်ရွှေစင် ကိန်းဝပ်တဲ့ ကျွဲခေါင်းလိုက်ရှာတယ်။ ဘယ်မှာမှ မတွေ့ဘူး ဖြစ်နေခဲ့တယ်။

ဒါကိုသိတဲ့ ကျွဲမကြီးဟာ မိမိခေါင်းမှာ ဇမ္ဗူရာဇ်ရွှေစင် ကိန်းဝပ်နေတာကြောင့် အမြန်ဖြတ်ဖို့ ပြောဆိုတယ်။ သားက မဖြတ်ရက်။ ဒီတော့ သူ့လည်မင်းကို ဓားပဲတင်ပါပြောတော့ တင်လိုက်ရာ မိခင်ကျွဲမအဓိဋ္ဌာန်ကြောင့် ခေါင်ဖြတ်ကျသွားတယ်။ ဒါနဲ့ မေခလာနတ်ကို ဆက်သနိုင်ခဲ့တယ်။

ဒါပေမယ့် မင်းသားဟာ မာတုပေတာကကံ ထိုက်ထိုက်တယ် ခံယူတာကြောင့် အဲဒီအပြစ်က လွတ်ဖို့အတွက် နံကရိုင်းမယ်တော်နတ် အမည်နဲ့ ကိုးကွယ်ခဲ့တာပဲ။ မင်းသား အဆွတ်အထိပ် ရောက်တော့လည်း ဟံသာဝတီ တစ်ခွင်လုံး ကိုးကွယ်ကြတယ်။

အသားမင်းသားကနေပြီး နံကရိုင်းနတ်ကို ကျွဲခေါင်းတင်မြှောက်ခဲ့ရာက ကာလကြာတဲ့အခါ ကျွဲခေါင်းအစား ငါး ငါးရဲ့ နဖားထိုး အစား တင်မြှောက်ပသခဲ့ကြတယ်။

နောက်တစ်နည်းလည်း -

မင်းသားဟာ မြစ်ကို ဖြတ်ကူးမရဖြစ်နေစဉ်မှာ ရေသူရဲလန်ဘားက ရွှေစင်အတိပြီးတဲ့ ကျွဲကိုသတ်ပြီး ယဇ်ပူဇော်ရင် ကူးနိုင်မယ်။

ဒါကြောင့် အားလုံး အသက်ချမ်းသာဖို့ ရွှေစင်အတိပြီးတဲ့ ကျွဲတစ်ကောင်သတ် ယဇ်ပူဇော်ဖို့ ကတိပေးခဲ့ကြတယ်။ ဒါကြောင့် လှိုင်းက ငြိမ်သွားခဲ့တယ်။ ဒါပေမယ့် ကျွဲချိုမှာ ရွှေစင်အတိပြီးတဲ့ကျွဲကို ရှာမတွေ့နိုင်ခဲ့ဘူး။ ဒီတော့ ကတိရှိတဲ့အတိုင်း ရွှေစင်အတိရှိတဲ့ မိခင်ဦးခေါင်းကို ဖြတ်ပါ ပြောတော့ မင်းသား ငြင်းဆန်တယ်။ မိခင်က အဓိဋ္ဌာန်ပြုလိုက်တော့ မိခင်

ခေါင်းပြတ်ကျခဲ့တယ်။ ကတိတည်သွားနိုင်ခဲ့တယ်။ အားလုံး ဘေးရန်ကင်း အောင် ကူညီ သစ္စာရှိတဲ့ မိခင်အတွက် စိတ်မကောင်းဖြစ်ကြရတယ်။ ဒါကို နှစ်စဉ် ကုသိုလ်ကောင်းမှုပြုကြရာက နံကရိုင်းကို နတ်အသွင် မှတ် ကျွဲကို ခေါင်းဖြတ်ပူဇော်ခဲ့ကြရာက ကာလကြာတော့ အားလုံး အခက် အခဲပြေလည်စေဖို့အတွက် ငါးရံ့တစ်ကောင်ကို သပ်လျှိုမီးကင်ပြီး ကျွဲအစား တင်မြှောက်ပသခဲ့ကြတယ်တဲ့။၊

နတ်ဂါတော်နဲ့ နတ်ဝင်သည်တွေက ပေး ပေး ငါးရံ့၊ ငါးရံ့လည်း မဟုတ်၊ ရွှေစင် ဦးချိုရှိတဲ့ နံကရိုင်းမိခင်၊ အနန္တဂိုဏ်းဝင်နို့ရည်သခင် မိခင် နံကရိုင်းကို အစဉ်အောက်မေ့သတိရလျက်ပါ အရှင့် ရွတ်ဆိုသီဆိုလာ ခဲ့ကြတယ်ဗျ။

သူ့ကို အိမ်အတွင်း မသွင်းရဘူး။ အိမ်ပြင် ခြံဝင်းအတွင်း ခေါင်းရင်း နတ်ကွန်းနန်းနဲ့ ထားရတယ်ဆိုတယ်။

ပွဲပြင်တာကတော့-

(က) အနာအဆာလွတ် ချောချောလှလှ ဖရုံသီးငယ်ငယ်တစ်လုံး၊

(ခ) ရေခံပြီးတော့ ရေကညွတ် (ဒါမှမဟုတ်) ရေကန်စွန်းညွန့် ထည့်ထားတဲ့ စဉ့်အင်တုံတစ်လုံး၊

(ဂ) သင့်တော်တဲ့ လွယ်ရာသစ်သီးတစ်မျိုးမျိုး (ဥပမာ-ငှက်ပျော၊ သဘော်၊ သခွား)

(ဃ) သောက်ရေတစ်ခွက်၊ ပန်းအိုးတစ်လုံးပဲ။

ပွဲတင်တာကတော့ ဝါဝင်ဝါထွက်ပဲ။ ဒါပေမယ့် အကြောင်းအမျိုးမျိုး ကြောင့် ပွဲတင်လေ့ရှိသူတွေအတွက်ကတော့-

(က) ကြွက်မြီးကောင်းကောင်းနဲ့ အနာအဆာလွတ် အုန်းသီး (၁)လုံး၊

(ခ) ဖီးကြမ်း (ဒါမှမဟုတ်) ရနိုင် ငှက်ပျောသီးအစိမ်း (၂) ဖီး၊

(ဂ) သပြေနှစ်ခက်၊ စံပယ်ပန်းကုံး ကွမ်းယာ၊ အမွှေးတိုင်၊

ပြီးသန့်ရှင်းတဲ့ ဇလုံထဲမှာ ငှက်ပျောသီး နှစ်ဖီးကို ဖီးဆိုင်ထည့်ပြီး အလယ်မှာ အုန်းသီးကို တည့်တည့်ထားရတယ်တဲ့။

ပြီး သပြေခက် အမွှေးတိုင်နဲ့ ကွမ်းယာတစ်ယာကို ငှက်ပျောဖီးကြားမှာ ညှပ်ထည့်ရပါတယ်။ အုန်းညှာမှာ စံပယ်ပန်းကုံးတွေကို ချိတ်ဆွဲပြီးတော့

အုန်းသီးဘေးဝဲယာမှာ လှလှပပ တွဲရရွဲနဲ့ ချထားရပါတယ်။ အမွှေးနံ့သာ ပက်ဖျန်းကြရတယ်။"

**စားပွဲကို ပြင်ရမှာကတော့-**

မယ်တော်စားဖို့အတွက် ကန်တော့ပွဲရှေ့မှာ အောက်ပါအတိုင်း တစ်ပွဲ ပြင်ရမယ်တဲ့ဆိုတယ်။

(က) မုန့်ဖြူ မုန့်နီ (၇) ချပ်စီ။

(ခ) မုန့်လုံးရေပေါ်၊ မုန့်ကြာစေ့၊ မုန့်ဖက်ထုပ်၊ ကောက်ညှင်းပေါင်း အနည်းငယ်စီ။

(ဂ) ငါးအရှင်နှစ်ကောင် (ရေရွှေ့ညှိထားတဲ့ ဇလုံတစ်လုံးနဲ့အတူပါ)

(ဃ) အမြီးစုံ ခေါင်းစုံ ကြော်ထားတဲ့ ငါးကြော်နှစ်ကောင်။

(င) ကညွတ်ရွက်သုတ်၊ လက်ဖက်ထုပ်။

(မှတ်ချက်- ငါးကြော်ရာမှာ ဓားမစွန်းရ၊ ဆားမထည့်ရ၊ အကြေး မသင်ရ၊ ဦးခေါင်းမဖြတ်ရပါ)

စားပွဲပြင်ပြီး ဖယောင်းတိုင်တစ်တိုင် ထွန်းညှိပြီးရင် ပြီးပြီ။ ကွန်းနန်း ဘယ်လိုပြင်ရမလဲ ဆိုတော့လည်း ကျွဲခေါင်းကို မကိုင်ဆောင်းပြီးတော့ ငါးရဲ့တစ်ကောင်ကို အမြီးနဲ့ခေါင်း ညီမျှနေဖို့ အလယ်က လက်နှစ်ဖက်နဲ့ မကိုင် ထားတဲ့ မယ်တော်ကို ထရော်ကင်ပွန်းနဲ့ ဆေးကြော ရေသန့်စင်ပြီး အမွှေး နံ့သာရည်နဲ့ ဖျန်းပက်ရမယ်။

ကွန်းနန်းကို ဆေးနှီးသုတ်ပြီး မုန်းဆွဲနဲ့ ယန်းဆိုင်တွေကို ဆေးဖြူသုတ် လိမ်းဖို့ပါပဲ။

**ရှောင်ရမှာကတော့-**

(က) မယ်တော် ကွန်းနန်းအနီးမှာ အမြဲတမ်း သန့်ရှင်းသပ်ရပ်နေစေဖို့ အမှိုက်လှည်းကျင်းပြီးတော့ ရေဖျန်းထားရမယ်။

(ခ) ရေအင်တုံမှာ အမှိုက်တွေ မဝင်စေဖို့ ဂရုစိုက်ပြီး ရေမပြတ်ဖို့ ရေကြည်ရေသန့် လဲလှယ်ပေးနေရမယ်။

(ဂ) ရာသီအလိုက်ဖြစ်ထွန်းတဲ့ သီးနှံတွေကို မိမိအင်အားအလျောက် ဆက်သနေစေရမယ်။

(ဃ) ကညွတ်၊ ကန့်စွန်းရွက် မညှိုးစေဖို့ အမြဲသတိထားပြီးတော့ လိုအပ်ပါက အသစ် လဲလှယ်ပေးနေရမယ် ဆိုတာပါပဲ။

**ရှောင်ရမှာကတော့**

(က) နွားနို့၊ ကျွဲနို့ အဲဒါတွေနဲ့ ပြုလုပ်ထားတဲ့ အစားအသောက်တွေ မဆက်သရဘူး။

(ခ) ကျွဲသား နွားသား ဟင်းလျာ၊ အဲဒီအဆီ အသားတွေနဲ့ ပြုလုပ်ထားတဲ့ အစားအစာတွေ မဆက်သရဘူး။

**မယ်တော်ရဲ့ တန်ခိုးတွေကတော့**

(က) အိုးမဲ့အိမ်မဲ့ မြေယာမဲ့တွေကို အိုးပိုင်အိမ်ပိုင် မြေယာပိုင် ဖြစ်စေနိုင်တယ်။

(ခ) အိမ်ပိုင်မြေပိုင် ရှိပေမယ့် ပိုပြီး ကောင်းမွန်တဲ့အိမ်၊ စီးပွားဖြစ်ထွန်းတဲ့အိမ်၊ မြေခံကောင်းတဲ့အိမ်တွေမှာ ရာသက်ပန် အခြေချနေထိုင်ခွင့်ရစေဖို့ကို မစနိုင်တယ်။

**ကွန်းနန်း ဘယ်လိုအပ်ရမလဲဆိုတော့-**

နံ့ကာရိုင်းမယ်တော် ခင်ဗျား၊ ရှင့်

မယ်တော်ရဲ့ သိဒ္ဓိတန်ခိုး အမျိုးမျိုးကို ယုံစား အားကိုးတဲ့ အနေနဲ့ ယခုကဲ့သို့ကွန်းနန်းအပ်ပွဲ ပြင်သ ပဓာန ပြုရခြင်း ဖြစ်ပါတယ်။

သားနဲ့သမီး (ပသသူနာမည် ထည့်ဆိုပါ) မှာ ယနေ့အချိန်ထိ အိုးပိုင် အိမ်ပိုင်မရှိ (အိုးပိုင်အိမ်ပိုင်ရှိပေမယ့် အမှုအခင်းဖြစ်၊ စီးပွားပျက်တဲ့ မြေဆိုးမြေကြမ်းမှာ မှီခိုနေထိုင်ရပါတယ်)၊ ကိုယ်မကျန်းမမာ စိတ်မချမ်းသာတာတွေ ဖြစ်ပြီး စိုးရိမ်ထိတ်လန့်မှုတွေနဲ့ အမြဲမပြတ် ဆုံကြုံ ခံစားနေရပါတယ်။

ကိုယ်ရောစိတ်ပါ ချမ်းသာဖို့ စီးပွားဥစ္စာတွေ ဖြစ်ထွန်းပြီး အိုးပိုင် အိမ်ပိုင် အိမ်ကောင်းမြေကောင်းနဲ့ နေထိုင်နိုင်အောင် ကြံဆောင်ချီးမြှောက်မစ လှည့်ပါ ရာမညတိုင်း မွန်တိုင်းသုံးရပ်မှာ တကယ်ကျော် အမှန်ကျော်ပါတဲ့ ပဲခူးမယ်တော်ခင်ဗျား၊ ရှင့် ။

**နံ့ကာရိုင်းဆန်းစစ်ချက်**

နံ့ကာရိုင်း ဓာတ်လမ်းဟာ သမိုင်းမှာ ခိုင်ခိုင်မာမာ အထောက်အထား မတွေ့ရဘူး။ ပုံပြင်ဆန်တယ်၊ မြန်မာ့နောက်ပိုင်းဓာတ်သဘင် ဓာတ်လမ်းဆန်တယ်ဗျ။

သူတို့ စတ်စားမှုမှာလည်း အငြိမ့်ဝတ်စုံဆန်တယ်။ ကျွဲခေါင်းဆောင်းပြီး လှုပရှားချင်စဖွယ်ဖြစ်ပေမယ့် လူ မဟုတ်တဲ့ ကျွဲမတစ်ကောင်ပဲ ဖြစ်တယ်။

တိရစ္ဆာန်တစ်ကောင်ကို လူသားတွေ ကိုးကွယ်ရာ ဖြစ်မှာစိုးလို့ ပန်းချီပညာနဲ့ ချယ်မှုန်းထားတာ ဖြစ်တယ်။

ခိုင်းရာနေ စေရာသွား သနားစရာ ကျွဲနွား သတ္တဝါကို လူသားတို့က တန်ခိုးရှင်အဖြစ် ကိုးကွယ်ပသနေကြတာဟာ လက်ဖျစ်တီးပြီး အံ့ချီးစရာ ထူးဆန်းတာတော့ အမှန်ပဲဗျ"

"အောင်နိုင် (ခ) အောင်နိုင် အကြောင်းလည်း ဆက်ပါဦးဗျ"

"သူ့ကို အောင်နိုင်လို့ပဲ အခေါ်များပါတယ်။ နံကရိုင်းမယ်တော်ရဲ့ လက်ဝဲဘက်မှာနေတယ်။ သျှောင်စောင်းနဲ့ပဲ၊ ပိုးပဝါကို ပေါင်းထားတယ်။ ခမောက်ဆောင်းထားတယ်။ လည်ပင်းမှာ ချိတ်ထားတဲ့ လွယ်အိတ်ရှိတယ်။ နွားရိုက်နှင်တံ ချိုင်းကြားမှာ ညှပ်ထားတယ်။ ပုလွေမှုတ်ပြီး ကျွဲစီးနေတဲ့ ရုပ်တုတစ်ခုကို မယ်တော်ရဲ့ ကွန်းနန်းကိုင်းမှာ အမြဲတမ်း ဒီလိုပဲ တွေ့ကြရပါတယ်။

သူဟာ ကျွဲကျောင်းရင်း သေဆုံးသွားတဲ့ နတ်အောင်နိုင် ဆိုတာ ပါပဲ။ သမိုင်းအထောက်အထားတော့ စာမှာပေမှာ မရှိပါဘူး။

ကျွဲကျောင်းရင်း သေတယ် ဆိုတာလည်း ဘာကြောင့်ရယ်လို့ အတိအကျ မရှိပါဘူး။ သူ့နတ်ချင်းမှာတော့ ဖုဆိုးစွန့်တောင် ဘယ်ပေါင်ထောနင်း ဆိုပြီး တွေ့ရတယ်။ ကျွဲကျောင်း၊ နွားကျောင်းသားသဘာဝ သစ်ဖင်တက်၊ ပျားဖွတ်၊ ငှက်ဥနှိုက်ရင်းက သစ်ပင်ပေါ်က လိမ့်ကျပြီး ဘယ်ဘက်ပေါင် သွင်သွင်ကျိုးပြီး နတ်ဖြစ်သွားတာလား မသိဘူးဗျ။ ဒါမှမဟုတ် မိန်းမပျို လေးတွေကို ပိုးကြေးပန်းကြေးနဲ့ ပန်းတက်ခူးပေးရင်း သစ်ပင်အောက်က ပန်းကောက်နေတဲ့ မိန်းမပျိုလေးတွေပေါ် ခါချဉ်ထုပ် ဖြုတ်ချမိလို့ အကျီ ထမီ ချွတ်ခါရာမှာ မိန်းမပျိုလေးတွေရဲ့ မိမွေးတိုင်း အသွင်မြင်ရရာက သတိလစ်ပြီး နွားဘူးကျ ပြုတ်ကျသေခဲ့ရသလား မသိဘူးဗျ။ ရှုပေါပေါတော့ နိုင်တယ်။

သူက အဲသလို ခြေထောက်ထောနင်း အင်္ဂါချို့ယွင်းနေတဲ့ အောင်နိုင် ကျွဲနွားတွေမှာ ဖြစ်ပွားတတ်တဲ့ ခွာနာလျှာနာ ဒေါင့်သန်းနာတွေကို

ပျောက်အောင် ကူညီတတ်တယ်။ ကျွဲပျောက် နွားပျောက်ကို တွေ့အောင် ရှာပေးတတ်တယ်။ ကျွဲနွား သူခိုးတွေရဲ့ ဘေးရန်ကလည်း ကာကွယ်ပေးတတ်တယ်လို့ အောက်ပိုင်းဒေသနဲ့ နတ်ယုံသူတွေက ယုံကြည်ကြတယ်။

ကျွဲမအာစကေ နတ်ဖြစ်သွားတယ် ဆိုတဲ့ နံကရိုင်းမယ်တော်နဲ့ ကျွဲကျောင်းသားသေပြီး နတ်ဖြစ်သွားတယ်ဆိုတဲ့ အောင်နိုင်တို့ကို နတ်ကွန်းတစ်ခုထဲမှာ အတူထား ကိုးကွယ်တာဟာ အထူးသဘာဝကျတဲ့ စိတ်ကူးတစ်ရပ်လည်း ဖြစ်တယ်။ ဒါပေမယ့် ထော့ကျိုးအောင်နိုင် ဘယ်လို ကျွဲပျောက်နွားပျောက်ရှာပြီး ဆေးကုနိုင်ပါသလဲဆိုတာပါပဲ။

ပြီး အောင်နိုင်ရဲ့ အဆောင်အယောင်ကတော့ ဘာမှ မကြီးကျယ်လှပါဘူး။ သူ့မှာ

(၁) လွယ်အိတ်၊
(၂) ခမောက်၊
(၃) ဗူးခါးရေဘူး၊
(၄) နွားရိုက်ကြိမ်၊
(၅) နွားနဖားကြိုး၊
(၆) နွားချည်ကြိုး၊
(၇) လှေနဲ့လှော်တက်၊
(၈) လောက်လေးခွ၊
(၉) လောက်စာလုံး၊
(၁၀) ပြောင်းဖူးဖက်ဆေးလိပ် ၇ လိပ်၊
(၁၁) မုန့်ဖက်ထုပ် (ဒါမှမဟုတ်) ကောက်ညှင်းထုပ် ၇ ထုပ်၊
(၁၂) ဝါးပုလွေ
(၁၃) ယက်သဲ့ (ငါးဖမ်းကိရိယာ)တို့ ထားရပါတယ်။

နတ်ကွန်းမှာတော့ အဲဒါတွေ အားလုံးပါဖို့ မလိုပါဘူး။

ကျွဲနွားပျောက်ခဲ့ရင် အချို့ဒေသတွေမှာ ကျွဲနွားတွေကို သီးခြားမထိန်းကျောင်းတော့ဘဲ ဘားမဲ့လွှတ်တတ်ကြတယ်။ ဒီလိုနဲ့ မိုးဦးကျ လုပ်ငန်းခွင် ရောက်ခါနီးမှ သူတို့ရဲ့ ပင်ကိုအသိနဲ့ တိရစ္ဆာန်တွေ ပြန်လာတတ်ကြတယ်။ တချို့က ပြန်မလာကြဘူး။ အပျော်ကြူး နယ်လွန်နေကြတာတွေ ရှိတယ်။

အဲဒီလိုဆိုရင် လူတစ်ယောက်ကို အောင်နိုင်လိုဝတ်ဖြီးတော့ သူ့ ဆောင်အဆောင်တွေအစုံနဲ့ ဆေးပေါ့လိပ် မီးခြစ်ပါတဲ့ လွယ်အိတ်နဲ့ တံစဉ် းထိုး ပြီးတော့ နွားရိုက်ကြိမ် ချိုင်းကြားညှပ်ပြီး နွားပျောက့်ချည်တဲ့ ရှတိုင်ကို ဘယ်ခြေထောက်နဲ့ နိမ့်ဆင်းလျှောက်ဟန်ပြုပြီး နတ်လုပ်သူနဲ့ းပျောက်သူတို့ တစ်ပတ်ပြည့်အောင် ပတ်ပြီးတိုင်း သီချင်းတစ်ပုဒ်ဖြီး းတိုင်း ပုံလွှေမှုတ်ရတာတဲပါတယ်။

**ကျွဲပျောက်သူက** ‘ပုဆိုးစွန့်တောင် စွန့်တောင် ဘယ်ပေါင်က နိမ့်နှင်း င်း မောင်ငအောင်နိုင် ဘယ်အခင်းကြောင့် လာရတာယ်မငီး...’

**နတ်လုပ်သူဆို** ‘ပုဆိုးစွန့်တောင် စွန့်တောင် ဘယ်ပေါင်က နိမ့်နှင်း နှင်း မောင်အောင်နိုင် ကျွဲ (နွား)ပျောက်ရှာရင်း လာရတာယ်မင်း...’

အဲဒီလိုလုပ်ဖြီး နတ်လုပ်သူထံက အဆောင်အယောင် (၁၃) မျိုးကို ပြီး ဂုရုတိုင်မှာ ချိတ်ပြီး တွေ့နိုင်မယ့်နေရာရှာရင် တွေ့နိုင်တယ် ဆိုတယ်။ မဟုတ် ဘယ်မှာ ရောက်နေကြောင်း သိရတာယ် ဆိုတယ်။ သတင်း ားကိုလည်း ကြားရတယ်ဆိုတယ်။ တချို့ ဗေဒင်နတ်မေးဖြီး အောင်နိုင် ဝင်ပူးပြီး ပြောတာတယ်လည်း ဆိုတယ်။

ပြီး ကျွဲနွားရောဂါဖြစ်ခဲ့ရင်လည်း နွားပျောက်တုန်းကလို တစ်ယောက် ဝတ်စားပြီး ကျွဲနွားရှင်နဲ့ နတ်လုပ်သူတို့ အတိုင်အဖောက်လုပ်စေပြီး ဆိုကြရတယ် ဆိုတယ်။

**ကျွဲနွားပိုင်ရှင်ဆို** ‘ပုဆိုးရယ် စွန့်တောင် စွန့်တောင် ဘယ်ပေါင်က နှင်းထော့နှင်း နတ်အောင်နိုင် ဘယ်အခင်းကြောင့် လာရသလဲမင်း’

**နတ်လုပ်သူဆို** ‘ပုဆိုးရယ် စွန့်တောင် စွန့်တောင် ဘယ်ပေါင်က နှင်းထော့နှင်း ကျွဲနွားရောဂါ ပျောက်အောင်ကုရင်း ကရတာယ်မင်း’ င်း အထက်ပါအတိုင်း လုပ်ကြရတယ် ဆိုပါတယ်။

ပြီးတော့ ကန်တော့ပွဲ ဘယ်လိုပြင်လဲဆိုတော့ သူ့ကို သပ်သပ်ပြင်ဖို့ ဘူး။ သောက်ရေတစ်ခွက်၊ ပဲလှော်တစ်ဆုပ်၊ ကွန်းနန်းအတွင်း အမြဲ းပေးရင် ဖြစ်တယ်။ တချို့ကလည်း ပွဲပြင်ဇလုံထဲကို ရခိုင် (ဒါမှမဟုတ်) မ်းငှက်ပျောအစိမ်း နှစ်ဖီးဖီးဆိုင်ထည့် အလယ်မှာ အုန်းသီးတစ်လုံး မတ်ထား၊ သပြေနှစ်ခက်၊ အမွှေးတိုင်နှစ်တိုင်၊ ကွမ်းယာနှစ်ယာ၊ ငှက်

ပျော့သီးဖီးလုံးကြားညှပ်၊ အုန်းတော်ထိပ် စံပယ်ပန်းတင် တွဲလွဲချထားပြီးတော့ နံ့သာငါးပါးရည် တစ်မျိုးမျိုးနဲ့ဖျန်းရင် ပွဲပြင်တာ ပြီးတာယ်တဲ့။

ပြီးတော့ ပွဲဆက်တာကတော့-

အောင်နိုင်ပွဲပြီးတာနဲ့ တစ်ဆက်တည်း အောင်နိုင် စားတော်ခေါ် အောက်ပါပစ္စည်းတွေနဲ့ စားပွဲတစ်ခု ဆက်သရပါသေးတယ်။

(က) အရက် (ဒါမှမဟုတ်) ထန်းရည်တစ်မြူ (ဒါမှမဟုတ်) အရက် တစ်ပုလင်း (ဒါမှမဟုတ်) တစ်ခွက်၊

(ခ) ပဲကြီးလှော်တစ်ပန်းကန် (အခွံမခွာဘဲ)၊

(ဂ) သောက်တော်ရေတစ်ခွက်၊

(ဃ) ထွန်းညှိပသထားတဲ့ ဖယောင်းတိုင်တစ်တိုင်ပဲ။

အောင်နိုင်ဘာလဲ။

အောင်နိုင်ဟာ အများအကျိုးသယ်ပိုးမယ့်သူမှာ တကယ့် အရည် အချင်း လိုတယ်။

ခုတော့ အောင်နိုင်မှာ ကျန်းမာရေးလည်း မကောင်းဘူး။ ဝညာရည် လည်း မရှိဘူး၊ ဘယ်လိုလုပ်မလဲ။

ကျွဲပျောက်နွားပျောက်ကို ရှာဖွေပေးမယ့် နတ်အောင်နိုင်မှာ အများထ ယုံကြည်အားကိုးနိုင်အောင် ခြေလက်အင်္ဂါ ကောင်းမွန်ပြီး အားခွန်ဗလ ပြည့်ဝဖို့လည်း လိုအပ်တယ်။ ခါးတောင်းကျိုက်ပြီး ပုလွေမကိုင်ဘဲ မြနေတဲ့ ဓားတစ်ချောင်းကို မာန်ဝင့်ကိုင်ပြဖို့လည်း လိုတယ်။

တက်ကြွသွက်လက် ထက်မြက်ချက်ချာတဲ့ နတ်ရုပ်ပုံတူ ထုလုပ် ရောင်းချတဲ့ ပန်းပုဆရာတွေက အားမာန်တက်တက်ကြွကြွနဲ့ ဖော်ထုတ် လုပ်ဆောင် ရောင်းချရင်တော့ သိပ်ကောင်းမယ် ဆိုတာပါပဲဗျာ၊ အား... ဟား... ဟား... ဟား"

❖ ❖ ❖

What ought to be done is easily presumed.

ပြုလုပ်သင့်တဲ့ အကြောင်းအရာကို ပြုလုပ်ခဲ့ရင် တရားဝင်တယ်လို့ မှတ်ယူရတယ်။

## အလှဆေး

*လွန်လေပြီးတဲ့ အတိတ်ကိုလည်း မစိုးရိမ်၊ လာမည့် အနာဂတ်ကိုလည်း မတောင့်တ၊ ပစ္စုပ္ပန်တွင် ရသမျှနှင့် မျှတနေတတ်တဲ့အတွက် ရုပ်ရေအဆင်းလှပကြည်လင်ခြင်း ဖြစ်တယ်။ (အလောင်းတော် တေမိမင်း)*

ခုထိ ညီမလေးနဲ့ စိတ်ကို ပြောင်းလွဲအောင် လုပ်လို့ မရဘူး။ ဒီထက် ဆိုးရွားမသွားအောင်သာ စောင့်ရှောက်လို့နေခဲ့ရတယ်။ ဆရာမ ဒေါ်ထူးလည်း သိပ်စွမ်းဆောင်နိုင်ပုံ မရတော့ ကိုသန်းနွယ်လည်း အားရပုံ မပေါ်ဘူး။

"ဒေါ်ထူးရဲ့ ဆရာတစ်ယောက်တော့ နယ်မှာရှိတယ်ဗျ၊ မရရင် သူ့ဆီကို သွားကြမယ်ဗျာ"

ကိုသန်းနွယ်က ဆိုလာတယ်။ မိမိလည်း လိုက်မယ် သွားမယ်ပေါ့ပဲ။ အဲဒီအတွက် ယူသွားရမယ့် ညီမရဲ့ အင်္ကျီတချို့ မိမိ ခိုးယူထားရတယ်။

ဓာတ်ပုံအချို့ ခိုးယူထားရတယ်။ ဆန်တွေ ဖယောင်းတိုင်တွေ အုန်းသီးတွေ ပါရမယ့်အကြောင်းတွေနဲ့ ကုန်ကျမယ့် ငွေကြေးအကြောင်းပါ ပြောပြတယ်။

ဒီကြားထဲမှာ စွမ်းလှတယ်ဆိုတဲ့ ကပြားဆရာတစ်ယောက်ဆီ ကိုသန်းနွယ်နဲ့ သွားကြသေးတယ်။ ဒေါ်ထူး မသိအောင်ပါ။ သူတို့က တခြားတစ်ယောက်နဲ့ သွားလုပ်တာ မကြိုက်ကြဘူးလေ။

ထိုသူ့အိမ်ရောက်တော့ လူတွေလူတွေ စည်ကားနေလိုက်တာ၊ ဆရာ့အနားမှာလည်း လူတွေချည်းပဲ ဝိုင်းဝိုင်းကို■ည်လို့။ ပြီးတော့ အိပ်ရေးပျက်တဲ့ဟန်နဲ့ ဆရာက ငိုက်မြည်းနေတယ်။ မိမိမှာလည်း တခြားသွားစရာက

ရှိနေခဲ့တယ်။ ဘယ့်နှယ် လုပ်ရပါမလဲ။ ကိုသန်းနွယ်ကို ပြောရတယ်။ ဒီလိုနဲ့ ဖွတ်နေရာယူပြီး ဆရာ့ကို ညီမတော်ပုံ ထုတ်ပြရတယ်။ လွယ်လွယ်ကူကူပဲ 'သူဟာ ဘာမှမဖြစ်ပါဘူး' လို့ ပြောလိုက်တယ်။ တစ်ခါ မိမိတို့ အလှူငွေ ထည့်ရတယ်။ အဲဒီမှာ သူတာပည့် ဆရာမက မိမိကို ဟောလိုက်တာကတော့ 'ဘာကိုမဆို တန်ဖိုးရှိအောင် လုပ်တတ်တဲ့သူ၊ အမှိုက်တို့ ကိုင်လိုက်ရင်တောင် ရွှေဖြစ်စေမဲ့လူပဲ။ ဖွဲ့တော့ သိပ်ကောင်းတယ်တဲ့။

ဒါပါပဲ မိမိတို့ ပြန်ခဲ့ကြရတယ်။ ဒီနောက်တော့ ဘုရားသွား ယတြာတွေ ချေရတာလည်း အများကြီးပဲ။ နောက်ထပ် နောက်ထပ်ဆရာတွေ ဆရာမတွေ စုံစမ်းရတယ်။ ပိုက်ဆံတွေ ရှာသထက် ရှာရတယ်။ ပြောဆို ဆွေးနွေးတိုင်း ဒါနဲ့ ဒီအကြောင်းအရာတွေချည်း ဖြစ်နေတော့တယ်။

အိမ်သားတွေက မိမိပါ ရူးမယ်၊ နောက်ကွယ်မှာ ကောင်းချည်ညာ ပေးကြတယ်။ နှာခေါင်းရှုံ့ကြတယ်။

ပတ်ဝန်းကျင်တစ်ခုလုံးကလည်း စောင့်ကြည့်နေသလိုပဲ ဘာဆက်ဖြစ်မလဲ။ ဘယ်လို စခန်းသွားကြမလဲ၊ ဝယ်ခဲ့တဲ့အိမ်ရဲ့ မူလပိုင်ရှင်ကလည်း ဒီဘက်(အောက်လမ်း)မှာ စွမ်းတယ်တဲ့။ သူမရောင်းချင်ဘဲ ရောင်းခဲ့ရတဲ့ အိမ်ကို အခဲမကျေဘဲနဲ့ ပညာစွမ်းပဲပြနေသလိုလို။ ပြီး သူမွေးထားခဲ့တဲ့ ဘာညာ တစ္ဆေတွေ၊ ဖုတ်တွေ၊ သူ့ရဲ့တွေကပဲ မိမိတို့ကို ဒုက္ခပေးနေသလိုလို ပြောကြပုံအစုံစုံပဲ။

တကယ်တော့ သရဲပဲဖြစ်ဖြစ်၊ တစ္ဆေပဲဖြစ်ဖြစ်၊ ဖုတ်ပဲဖြစ်ဖြစ် မကျွတ်လွတ်သူတွေဘဝပါ။ အကြီးအကျယ်ကိုပဲ သနားစရာကောင်းလှတယ်။ သူတို့ဟာ လူကို လုပ်ဖို့ကိုတော့၊ သူတို့မှာ နေစရာမရှိ၊ စားစရာမရှိတွေ၊ သူတော်ကောင်းတွေ ဘုန်းကြီးတွေက သူတို့ချက်စားရာ သင်္ချိုင်းကုန်းမြေတွေမှာ ထိပ်တိုက်သွားပြီးတော့တောင်မှ ကျွတ်လွတ်အောင် လုပ်ကြရသေးတယ်ပဲ။ သေသူက သနားစရာပဲ။ ဘာကြောက် စရာရှိလဲ၊ ညဟာမှောင်မယ်။ မှောင်တာ သဘာဝအမှောင်ဟာ ကြောက်စရာမှ မဟုတ်တာဘဲ၊ လူကို ပြုစားတတ်သူ လူလိမ်လူညာ လူမိုက်ဆိုသူတွေအထိဟာ လူတန်းစေ့ကြသူတွေ မဟုတ်ကြပါဘူး။ သူတို့က သူ့ရဲ့ဘောကြောင်သူတွေ မရိုးသားသူတွေဘဲ ဖြစ်ကြပါတယ်။

ပြီး အမှန်တရားအတွက် သိက္ခာအတွက် လုပ်ရင်းက သေသွားရင်ကော ဘာဖြစ်လဲ၊ လူဟာ တစ်နေ့တစ်ခါမှာ သေကြရမယ့်လူချည်းပဲ၊ အဲနာမည်မသေဖို့ဘဲ လိုတယ်၊ သိက္ခာ မသေဖို့ဘဲ လိုတယ် မဟုတ်လား။

လောကမှာ ယုတ်သူရှိရင် ယုတ်သူကို နိုင်သူလည်း ရှိရမှာပဲ။ အမှန်နဲ့ အမှားလို့ထားကြတဲ့ ကမ္ဘာမှာ အမှန်ကို အမှားက ထာဝရနိုင်နိုင်စရာ မရှိပါဘူး။ မနိုင်နိုင်ပါ၊ လောကကလည်း ဒါမျိုး လက်မခံ၊ နိယာမကလည်း လက်သင့်မခံဘူး။

ဘုရားသခင်ဟာ ရန်သူတွေ ပတ်လည်ဝိုင်းပြီး သူ့ကို ချောင်ပိတ်လုပ်ကြံခံရတဲ့အခါ ဘာလုပ်သလဲ၊ သူ့အမှန်သစ္စာအတွက် မဟာပထဝီမြေကြီးကို လက်ညှိုးနဲ့ထိပြီး တိုင်တည် သက်သေထူခဲ့တော့ မြေကြီးကပါ မနေနိုင်ပါ၊ ပါဝင်သက်သေထူခဲ့ရတာတွေလည်း ရှိခဲ့ပါတယ်လေ။

ဒါပေမယ့်လည်း လူတွေ သူတွေဟာ တွေလီကောလာ လှေလာစရာတွေ၊ လှေလာစရာပညာရပ်တွေ၊ မှတ်သားစရာတွေ၊ မကုန်မခန်း ရှိကြတာတော့ ဒီလောကမှာ အမှန်ကောင်းမှပဲလေ။ နေစရာမဲ့တဲ့သူတွေ၊ သတ္တဝါတွေ မိမိအိမ်မှာနေချင်နေကြပါစေ၊ ကုသိုလ်တော်င် ရပါတယ်။ စိတ်မှာ မှတ်ပါတယ်။ ပြီးတော့ လောကအကြောင်း တွေးတဲ့အခါ ရယ်လည်း ရယ်ချင်တယ်။ အံ့လည်း အံ့သြတယ်။ တုန်လည်း တုန်လှုပ်တယ်။ ပြီးတော့ စဉ်းစားမိတယ် ဒါကြောင့်-

"ဒါနဲ့ ကိုသန်းနွယ်ရဲ့"

"ဘာလဲဗျ"

"ကျွန်တော် ဒီ ညီမနဲ့ပတ်သက်တဲ့အကြောင်းတွေ စာရေးမယ်ဗျာ"

"ရေးလေ ဘာဖြစ်လဲ ရေးပေါ့"

"ဒါပေမယ့် ခုထိ ဆောင်ရွက်ခဲ့တာ အဖြေလည်း မပေါ်သေးဘူး၊ အောင်မြင်မှုလည်း မရသေးဘူး။ ဒါကို အများပြည်သူကို ဘယ်လိုလုပ် တင်ပြရမှာလဲဗျ၊ ခင်ဗျားသဘောပြောပါဦး"

"ဘာကိုလဲ"

"ဒီလောက (လောကီရေး) လောကအပေါ်မှာ ကျွန်တော့်လုပ်ရပ် ခင်ဗျားထင်မြင်ချက် လိုချင်တယ်၊ ရှုံးလား အောင်လား"

"ကျွန်တော်တော့ ကျွန်တော့်လုပ်ရပ် အောင်မြင်တယ် ထင်တာပဲ"

"ဟုတ်လား"

"ဟုတ်တယ်၊ အဘ(ဘိုးမင်းခေါင်) ကယ်လို့ ကျွန်တော် ခုလို ရပ်တည်နိုင်တာ၊ အစောင့်အရှောက်ကောင်းလို့ ခုလို ဘဝမပျက်တာ"

"ဟုတ်လား"

"ဟုတ်တယ်၊ ခုဒီအိမ်မှာ ခုလို နေနိုင်တာလည်း သူတို့ ကျေးဇူးတွေကြောင့်လို့ ပြောခဲ့တာပဲဗျ၊ ကျွန်တော်ပြောခဲ့တာပဲ ကျွန်တော်တော့ ယုံတယ်"

"ဒါဖြင့် အဲဒါ ကျွန်တော့်ကို ပြောပြဗျာ"

"ကောင်းပြီလေ တစ်နေ့ ပြောကြတာပေါ့ဗျာ"

◆ ◆ ◆

*

Exchange is no robbery.

ဖလှယ်တာဟာ မတရားရယူတာ မဟုတ်ပါ။

*

## မပြေတဲ့ ရန်ငြိုး

*ဤသူသည် ငါ့ကိုဆဲသည်၊ ငါ့ကို ညှဉ်းဆဲသည်၊ ငါ့ကို နိုင်သည်၊ ငါ့ဥစ္စာကို ခိုးသည် စသည်ဖြင့် စိတ်ထဲမှာ အမျက်ရန်ငြိုးထားနေသူများသည် ဘယ်သောအခါမှ ရန်မီးမငြိမ်းနိုင်ပေ။ (.....)*

"လောကမှာ လုပ်တိုင်းဖြစ်တယ်၊ လုပ်ရင်ဖြစ်ရမယ် ဆိုတာ အမြဲတမ်းတော့ မဟုတ်ဘူးဗျ ကိုအောင်ကျော်ရ"

ကိုသန်းနွယ်က စတင် စကားဆိုလာပါတယ်။

"ဟုတ်ပါတယ် ကိုသန်းနွယ်",

"ဒါကို ဘာလို့ပြောရလဲဆိုတော့ ခင်ဗျားစိတ်က နည်းနည်းမာတယ်၊ ဒါကြောင့်ပါ"

"ခု ကျွန်တော် တရားလည်းထိုင်တယ်။ ဘုရားတရားလည်း လုပ်တော့ တော်တော် ပျော့ပျောင်းသင့်သလောက် ပျော့ပျောင်းနေပါပြီဗျာ"

"အဲဒါနဲ့ အဓိကက ကံ စိတ် ဥတု အာဟာရ ဆိုတာ ရှိသလိုပဲ ကံနှာ ဝဋ်နှာ ဘဝဝဋ်ကြွေး အတိတ်ကံအကြောင်းတရားတွေ ပြီးတော့ ကိုယ့်ကြောင့် သူ့ကြောင့်ပါ ဆိုတဲ့ အကြောင်းတရားတွေလည်း အများကြီးပဲလေ"

"ဟုတ်ပါတယ်၊ ဒါဆိုရင် ကံကြွေးချဝါဒကို လက်ခံတာ မဟုတ်ပေမယ့် လောကသဘာဝအရကိုတော့ လက်ခံကြရမယ်ဗျ"

"ဟုတ်ပါတယ်"

"ဒါကြောင့် ခင်ဗျားတို့ ကျွန်တော်တို့ဟာ မိမိတို့ လုပ်သင့်တာတော့ လုပ်ကြရမယ်။ ဒါပေမယ့် လုပ်တိုင်းဖြစ်ရမယ်လို့ မျှော်လင့်မိရင်တော့ မှားမယ်ဗျ။ ဥပမာဗျာ လူတစ်ယောက်ကို ထမင်းကျွေးတယ်၊ သူ့ဆီက

မြန်မြန်စားရမှ ကျွေးမယ် စိတ်ကူးရင် မှားတယ်ဗျ။ မိမိဆန္ဒအရ လိုအပ်လို့ သဒ္ဓါလို့ သူ့ကို ကူညီတယ်။ အမှန်က အဲဒီကာတည်းက ကုသိုလ်ရပြီဗျ။ မိမိစေတနာကို သူ လက်ခံလိုက်ပြီလေဗျာ"

"ဟုတ်တယ် ဒါပဲ၊ သူ ဒီထက်သိတတ်လို့ မေတ္တာတုန့်ပြန်ရင်တော့လည်း အတိုင်းထက် အလွန်ပေါ့ဗျာ"

"ဒါက သဘောတရားပါ။ ခု ကျွန်တော် ခင်ဗျားကို ပြောချင်တာက ခင်ဗျားမေးထားတဲ့ လောကီရဲ့ ကောင်းကျိုး ဆိုတာကိုပါ"

"ဟုတ်ကဲ့ ပြောပါ ကိုသန်းနွယ် ကျေးဇူးတင်ပါတယ်"

"ခု ကျွန်တော့် အိမ်ကို ပေါင်ထားတယ် ဆိုတာ ခင်ဗျားသိတယ်။ အဲဒီလူက အိမ်ကို အတိုးနဲ့ဖြတ်ပြီး သိမ်းဖို့ပဲ။ အဲသလိုလုပ်တဲ့အခါ ကျွန်တော်နဲ့ အခြေအတင် ဖြစ်ကြတယ်။ ဒီတော့ ကျွန်တော်ကလည်း အံဆင်ပြေသလို ဆပ်သွားမယ်။ သူက ချက်ချင်းသိမ်းမယ်။ အဲဒီလိုလုပ်တယ်၊ ဒီကြားထဲမှာ သူ့ညီမက ကြားဝင်ပါလာပြီးတော့ အောက်လမ်းနည်းနဲ့ ကျွန်တော့်ကို လုပ်ထားလိုက်တယ်။ ကျွန်တော် ဒီအိမ်က ဆင်းသွားရဖို့ သူတို့ရဖို့ အတွက်ပဲ"

"အင်း.... အင်း ဆိုပါဦး"

"ဒါနဲ့ ကျွန်တော်ဟာအလုပ်မှ လုပ်လို့မရအောင်ဖြစ်နေခဲ့တယ်။ သူတို့ဘက်ကနေ နှိုတစ်စာ ပေးတယ်၊ ဆွဲချမယ် လုပ်တယ်။ နောက်ဆုံး ကျွန်တော် ကြံရာမရတဲ့အဆုံးမှာ အောက်လမ်းဆရာတစ်ယောက်ဆီကို လောကီနည်းနဲ့ လက်တုံ့ပြန်ဖို့ လုပ်ထားခဲ့ပြီး ဆရာမဒေါ်ထူးဆီ သွားခဲ့တယ်။ အဲဒီမှာ ဒေါ်ထူးနဲ့ ပူးပြီး အဘဘိုးမင်းခေါင်က အဲဒီပစ္စည်း ပြန်သွားယူဖို့ ပြောတယ်။ အကုသိုလ်အလုပ် သူ လက်မခံဘူးပြောလို့ ကျွန်တော် ပြန်ယူခဲ့ရတယ်။ အဲဒီလိုနဲ့ ဒေါ်ထူးက တရားထိုင်ဖို့ မေတ္တာပို့ဖို့ ပြောရင်း ဘုရားတရား လုပ်နေဖြစ်ခဲ့တယ်။

ဒီလိုနေရင်း ရေမေတ္တာပို့ဖို့ တစ်ဦးက ပြောတာကြောင့် ရေမေတ္တာ ပို့ခဲ့တယ်။ အဲဒါက ပစ္စည်းတစ်ခုကို သူ့ကိုယ်စား ရေခွက်ထဲမှာ ထည့်ပြီး မေတ္တာပို့တဲ့နည်းပဲ။ ဒီလိုနဲ့ သူက အေးချမ်းသင့်သလောက်တော့ အေးချမ်းခဲ့တယ်။ ဒါပေမယ့် ကိစ္စက မပြတ်ဘူး။ ကျွန်တော့်မှာလည်း ဘယ်လိုမှ ပေးစရာက မရှိဘူး။ သူတို့ကလည်း တောင်းမြဲ တောင်းနေခဲ့ကြတယ်။

အဲဒီမှာ နယ်က ဒေါ်ထူးရဲ့ဆရာဆီ သွားဖို့စီစဉ်ရတယ်။ ဖြီး သွားခဲ့တယ်။ အဲဒီဆရာဆီရောက်တော့ လိုအပ်တဲ့ အစီအရင် လုပ်ပြီးတဲ့အခါ သူ့အိမ်က လူတစ်ယောက်ဆီမှာ အလုပ်လာလုပ်နေတဲ့လူဆီမှာ ဝင်လာစူးတယ်။ ပထမတော့ ပမာမခန့်ပေါ့။ နောက်တော့ ဆရာနဲ့ ပညာပြိုင်ရင်းက သူရှုံးသွားတယ် ဆိုပါတော့။ ဒီတော့မှာ ဟိုတစ်ဖက်က ပိုက်ဆံရလို့ ဟိုတစ်ဖက်က လုပ်ခိုင်းလို့ လုပ်မိကြောင်း ဝန်ခံရင်းက အဲဒီနိုင်တဲ့ဆရာကာပဲ အိမ်မှာ အစောင့်ချထားတဲ့ပုဂ္ဂိုလ်တွေကို ဘုရားကို ပို့ခိုင်းလိုက်ရတယ်။ အဲဒီနောက်ပိုင်းမှာ အဲဒီပြဿနာလုပ်တဲ့ လူက မိမိကို အဘလို့ခေါ်ပြီး သူမှားကြောင်း ဝန်ခံသလို ဒီကြွေးကိုလည်း ဆပ်နိုင်မှဆပ်ဖို့ ပြောဆိုတောင်းပန်သွားတော့တယ်။ ခု ကျွန်တော် ကြွေးလည်း မဆပ်နိုင်သေးဘူး။ အိမ်လည်း ဘာမှမဖြစ်ဘူး။ ဒါအမှန်ပဲဗျ။ ခု ကျွန်တော် ဘုရားတရားလုပ်တယ်။ မေတ္တာပို့တယ်၊ ပုတီးစိတ်တယ်၊ စိတ်ကောင်း မွေးတယ်။ ဒါဟာ လက်တွေ့ပဲ၊ ခင်ဗျားအမြင်ပဲ"

သူ မိမိကို ရှင်းလင်းပြောဆို သက်သေထူတိုင်တည်ပြခဲ့တယ်။ ဘာမှ မယုံစရာမရှိ ယုံလောက်တယ်။

ခုလည်း မိမိ ကိုသန်းနွယ်ကို ပိုမို ယုံကြည်လို့သွားခဲ့တယ်။ မိမိကိုလည်း တကယ့်စေတနာရင်းနဲ့ ကူညီတယ် ဆိုတာ ပိုမိုယုံကြည်သက်ဝင်လို့ သွားခဲ့ပါတယ်။

"ဒါကြောင့် ခင်ဗျားလည်း စိတ်မပျက်ပါနဲ့ဗျာ၊ တစ်နေ့တစ်လံပုဂံ ဘယ်ပြေးမလဲပေါ့ဗျာ။ အချိန်တန်တော့ နွားပိန်ကန်ရမှာပေါ့ဗျာ။ ခင်ဗျားလည်း တရားထိုင်၊ ဘုရားတရားလုပ်ပေါ့ဗျာ အား... ဟား... ဟား... ဟား"

"ဟင်း... ဟင်း... ဟင်း"

"ပေါ့တော့ မပေါ့နဲ့ဗျ"

သူ အားပါးတရ ရယ်မောပြောဆိုနှစ်သိမ့်လိုက်ပါတယ်လေ။ မိမိလည်း ရယ်မောရပါတယ်။ ဆက်လက် ရင်ဆိုင်၊ ဆက်လက်သွားရပဲပေါ့။

◆ ◆ ◆

## ဗုဒ္ဓဝါဒ

*ဒုက္ခသစ္စာတရားဆိုတာ တဏှာ သမုဒယသစ္စာကို အကြောင်းရင်းခံတယ်။ တဏှာ သမုဒယလျှင် အမြန်အစရှိတယ်။ ထိုဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးတို့၏ ချုပ်ရာချုပ်ကြောင်း ဖြစ်တဲ့ မဂ္ဂသစ္စာကိုလည်း ငါတို့ဆရာ မြတ်စွာဘုရားက ဟောကြားတော်မူတယ်။*

*တရားအားလုံးတို့ ချုပ်ဆုံးရာအမြန် နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကိုလည်း ဟောကြားတော်မူတယ်။ ငါတို့ဆရာ မြတ်စွာဘုရားဟာ ဤသို့သော အယူဝါဒ ရှိတော်မူတယ်။* *(အရှင်အဿဇိ)*

မိမိဟာ အချိန်ရသလောက် တရားထိုင်ဖြစ်ခဲ့တယ်။ အထူးသဖြင့် မိမိ သဲအင်းဂူနည်းကို သဘောကျတယ်။ သူ့နည်းက အနည်းဆုံး တရားစခန်းမှာ တစ်နာရီ ထိုင်နိုင်းတယ်။ တစ်နေ့ (၆) ကြိမ် အနည်းဆုံး ထိုင်ရတယ်။ တချို့စခန်းတွေမှာလို သမထက ဝိပဿနာ ပြောင်းတာ ဘာညာ မရှိဘူး။ တစ်ခါတည်း တောက်လျှောက် ထိုင်သွားရတယ်။

ခုတော့ ကျန်းမာရေးလည်း ကောင်းမွန်လာခဲ့တယ်။ လောကဓံကို ပိုမို ခံနိုင်ရည်လည်းရှိလာခဲ့တယ်။ သည်းညည်းလည်း ပိုမို ခံနိုင်ခဲ့တယ်။ ဒုက္ခလည်း ပိုခံနိုင်လာတယ်။ တချို့က တရားထိုင်တဲ့အခါ တွေ့ကြုံရတဲ့ အတိုက်အခိုက် အနှောင့်အယှက်တွေအကြောင်း ပြောကြတယ်။ အနံ့အသက်တွေ အကြောင်း ပြောကြတယ်။ အဖျက်အဆီးတွေအကြောင်းတွေလည်း ပြောကြတယ်။

ဒီကြားထဲ မိမိတရားစာပေဖတ်မှတ် လေ့လာ လေ့ကျင့်ဖန်များလာတဲ့ အခါ မိတ်ဆွေ ကျော်နန္ဒအောင်ကို ပိုမိုလေးစားလို့လာခဲ့တယ်။ သူ တရားရှာ ခရီးထွက်ခဲ့တာတွေ၊ လေ့လာပွားများခဲ့တာတွေ၊ တရားဓမ္မရှာ၊ သူ့ဘာသာ

သာသနာရေး ဆောင်းပါးတွေကို ဖတ်မှတ် လေ့လာအားကျခဲ့ရတယ်။ မိမိ သူနဲ့ တရားဆွေးနွေးခဲ့ရတယ်။ သူ့ကို အတုယူခဲ့ရမယ်။ ဒါပေမယ့် သူ့လောက်တော့ မလုပ်နိုင်သေးဘူးလေ။

တကယ်တော့ ဘဝမှာ မိရိုးဖလာ ဗုဒ္ဓဘာသာထက်၊ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ် ဆည်းကပ်သူတစ်ယောက်စစ်စစ် ဖြစ်ဖို့ဆိုတာလည်း မလွယ်ဘူး။ ဒီလိုဖြစ်မှလည်း လူ့ဟာ အသင့်အတင့် ဘဝအဓိပ္ပာယ်ရှိတယ်။ ဒါအစွဲကျွတ်ရုံပဲ ရှိသေးတယ်။ တကယ်ကျင့်ကြံပွားများ ကြိုးစားအားထုတ်နိုင်မှ တန်ကာကျရတယ်။

အနုပညာရှင်ထဲက ထွန်းအိန္ဒြာဗိုလ်ကို အားကျဖို့ကောင်းတယ်။ ကိုယ်တိုင်ကျင့်ကြံ အားထုတ်သလို သာသနာပြုလုပ်ငန်းလည်း လုပ်တယ်။ မင်းသမီး တင့်တင့်ထွန်း တို့လည်း ဘာသာရေးနဲ့ သာသနာရေးလုပ်တာမှာ အတုယူ အားကျဖို့ ကောင်းလှပါတယ်။ အရွယ်နဲ့ မလိုက်အောင် လုပ်ဆောင်နိုင်ကြသူတွေကပဲ။

တကယ့်တော့ ဘဝဟာ တိုတိုလေးပါ။ လူ့ဘဝဆိုတာလည်း ရခဲလှပါတယ်။ ရခဲတဲ့ လူ့ဘဝကို ရနေတုန်းမှာ၊ ဗုဒ္ဓသာသနာနဲ့ ကြုံနေရတုန်းမှာ၊ လောကုတ္တရာ နည်းလမ်းအရ၊ ဘဝသစ်တစ်ပင်ရိပ်ဘဝ ဝါးတစ်ပင်အောက်မှာ ဘဝလွတ်မြောက်ရာရှာ တောထွက်သွားနိုင်ရင် အကောင်းဆုံးပါပဲ။ စွန့်နိုင်လေ အကျိုးရှိလေ ကိုယ်ကျိုးစွန့်လေ မြင့်မြတ်လေပါပဲ။

မိမိမှာတော့ သားချင်းမိသားစုတာဝန်တွေ အများကြီးပဲ။ ဒါကို ရှောင်လွှဲလို့ မရသေး ဘူး။ အထူးသဖြင့် မိခင်ကြီးကို မိမိ မငြိုငြင်မိရအောင် မချို့တဲ့ရအောင် ပြုစုဖို့ ကြိုးစားရတယ်လေ။

ဒါဟာလည်း တော်ရုံလူ မရနိုင်တဲ့ ကုသိုလ်ရေးဘဲ။ ဘဝအကြောင်းတရားပဲ။ ကံအခွင့်အရေးပဲ။ မိမိကြည်ဖြူစွာ ပေးဆပ်ဖြတ်သန်းခဲ့ပါတယ်။ တကယ်တော့ လူမှာ မကုန်ခန်းနိုင်တဲ့ ခွန်အားတွေ အစွမ်းတွေ ရှိပါတယ်။

တကယ်ဖြစ်ချင်တာကို ခွန်အားညှစ်ထုတ်ပြီး ဖြစ်အောင်ကြိုးစားရင် ဖြစ်သင့်တာတွေ အားလုံး ဖြစ်တတ်ပါတယ်။ ဖြစ်နိုင်ပါတယ်။ အဓိကတော ကြိုးစားဖို့၊ မဖြစ်မနေ လုပ်ဖို့သာပဲ မဟုတ်ပါလား။

❖ ❖ ❖

## အတော်ဆုံး

*လောက၌ မိမိကိုယ်ကို ဆုံးမ၍ ယဉ်ကျေးပြီးသူများသည် အတော်ဆုံး အမြတ်ဆုံး ဖြစ်သည်။* *(ဗုဒ္ဓ)*

တရားအသိ အသင့်အတင့် ရှိလာတဲ့အခါ မိမိမှာ အဖော်ကောင်း မိတ်ဆွေကောင်းတစ်ဦးနဲ့ အမြဲ ခရီးအတူသွားနေရသလိုပဲ။ ဒေါသဖြစ်မယ်ကြံရင် သတိဝင်လာတယ်။ စိတ်ဆိုးမယ်ကြံရင် သတိဝင်လာတယ်။ အရာရာ သတိရှိနေတော့တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ လွန်ကျူးမှုမရှိ စောင့်စည်းနိုင်လာတယ်။ အားရင် ဂုဏ်တော်တွေ ရွတ်ပွားနေရတာ ကုသိုလ်ရတယ်။ ရသလောက်ထဲက ပရိတ်တရားတွေ ရွတ်ပွားနေရတာ ပီတိဖြစ်ရတယ်။

မိမိကိုယ်ကိုလည်း လုံခြုံစေတယ်။ အန္တရာယ်လည်းမရှိ၊ ဘေးမရှိ ထင်လှတယ်။ ပြီး အများကိုလည်း အကျိုးပြုတယ်။ အကျိုးရှိစေတယ် ခံယူတယ်။ အရာရာဟာ အဆိုးထဲကအာဝနာ၊ အရှုပ်ထဲမှာ တရားရှာရင်း ဘဝမှာ နေသာထိုင်သာ ဖြစ်လာနေခဲ့တယ်။ ဖြစ်အောင်နေတတ်လာခဲ့ပါတယ်။ ကျင့်ကြံကြိုးကုတ်နိုင်လာခဲ့တယ်။ အရှုံးထဲက ဒါဟာ အမြတ်ပဲ။ ဘာနဲ့မှလဲလို့ မရနိုင်ဘူးလေ။ ဘာသာရေးအသိမှာ မိမိဟာ အဝိဇ္ဇာအဖြစ်က လွတ်မြောက်ခဲ့ပါပြီထင်ပါရဲ့။ အဲဒါနဲ့ပတ်သက်ပြီး မိမိဟာ ဆရာဦးဆန်းလွင် ဖြတ်သန်းခဲ့ရတာကို ဖတ်ရင်း ဆင်ခြင် ရင်မောတွေးတောနေမိလိုက်ပါတော့တယ်။

ကိုးကွယ်ခြင်းဆိုသော စကား၏ သဘောအမှန်ကို သိဖို့အတွက် ကျွန်ုပ်သည် အတုအယောင် ကိုးကွယ်မှု အတွေ့အကြုံများစွာကို ဖြတ်ကျော်လွန်မြောက်ခဲ့သေးကြောင်း ဝန်ခံရပေဦးမည်။

မြန်မာနိုင်ငံတွင် ထိုကဲ့သို့ သဘာဝလွန် အစွမ်းသတ္တိထူးတစ်ခုကို ပြ၍ လူအများကို သွေးဆောင်ကာ ယုံ့စပ်က သဘာသနာပြုသည်ဟူသော လှည့်ဖြားသောစကားကို ဆိုကာ ကိုယ်ကျိုးရှာသူတွေကို အနှံ့ ပုထုဇဉ် လောကသား ပရိသတ်တို့က ဘိုးတော် ဟူ၍ သမုတ်ကြပြီး ထိုဘိုးတော်များ ကို ကယ်တင်ရှင်များသဖွယ် မှတ်ယူ ကိုးကွယ်တတ်ကြလေသည်။ (စာ- ၅၀၆)

သူသည် မီးသက်၏ ဗိုက်ထဲမှ ထုတ်သည်ဆိုပြီး တစ်လက်မခွဲ ခြောက်လက်မခန့်ရှိသည့် အရိုးကြီးတစ်ချောင်းကို ထုတ်ယူပေးလေသည်။ မီးသက်သည် ထိုအခါမှစ၍ ထိုဘိုးတော်ကို အကြီးအကျယ် အထင်ကြီး ပေတော့၏။ အကျွန်ုပ်ကား ထိုဘိုးတော်ကို ထိုအခါမှစ၍ မယုံသကာ ဖြစ်မိတော့၏။ သို့ဖြစ်သဖြင့် အကျွန်ုပ်က ထိုဘိုးတော်အား-

"အဘ ကျွန်တော်တို့အတွက် စာတ်ပွဲ့အောင် ဘုရားဖြစ်ဖြစ်၊ အဘ အောင်မင်းခေါင်ပုံဖြစ်ဖြစ် ပင့်ပေးပါ" ဟု ဆိုလေရာ ဘိုးတော်လည်း မကြာ ခတင် ပင့်ပေးလေ၏။ ဘိုးတော်သည် ဘုရားစင်ရှေ့တွင် အကျွန်ုပ်တို့ ဘက်သို့ လှည့်ထိုင်ပြီးနောက် လေထဲတွင် ဆတ်ခနဲ ဖမ်းလိုက်ရာ ဘိုးတော် အောင်မင်းခေါင် ကြေးရုပ်ကလေးတစ်ရုပ် ရောက်လာ၏။ ထိုနေ့က အကျွန်ုပ် တို့နှင့်အတူ မိတ်ဆွေတစ်ဦးကလည်း လိုက်ပါလာရာ ထိုမိတ်ဆွေ ကလည်း စိတ်ထဲက သူနှင့် ထိုက်သော ဆင်းတုတစ်ဆူပေးပါ တမ်းတ လိုက်သည် ဆို၏။ ဤအခြင်းအရာကို အကျွန်ုပ် မသိချေ။ သူပြန်ပြောမှ သိရခြင်း ဖြစ်လေသည်။ သူက ဤသို့ စိတ်ဖြင့်တောင့်တသည်ကို ဘိုးတော် က သိပြီး နောက်ဘက်သို့ လှည့်ကာ-

"ဟော့ စိတ်ဓာတ်ကျနေသလား၊ ဟောဒီမှာကြည့် တော်ဓော်ရောက် နေတာကွ၊ ရော့ နဂါးမှန်းသိအောင် အမောက်ထောင်" ဆိုပြီး ဓာတ်ငွေ့ မီးခြစ်ကို ခြစ်ကာ ထိုမီးတောက်ကို ဆတ်ခနဲ မိတ်ဆွေဘက်သို့ ခါလိုက်ရာ မိတ်ဆွေ၏ ရှေ့တွင် နဂါးရုံဘုရား ကြေးဆင်းတု သေးသေးလေးတစ်ဆူ ကျလာလေ၏။

အပေါ်ယံကြည့်လျှင် အဖြစ်အပျက်သည် လူပြိန်းများအတွက် အလွန် ပင် အံ့ဖွယ်သရဲ အသည်းစွဲစရာ ဖြစ်လာလိမ့်မည်။ သို့ရာတွင် အကျွန်ုပ် အဖို့မူ ဤအဖြစ်သည် မဆန်းကျယ်တော့ပေ။

အဘယ်ကြောင့်ဆိုသော် အကျွန်ုပ်သည် ထိုထက်မက ရှုပြည်မှ စီးကရက်ကို ယူပေးသော ငွေစက္ကူကို လုပ်ပြသော ပရိုက်ခေါက်ရွှေကို လုပ်ပြသော မော်တော်ကားဓာတ်ဆီကုန်သွားသည်ကို ရေဖြင့် ထည့်မောင်းပြသော အောက်လမ်းဆရာတစ်ဦးကို တွေ့ဖူး ကြုံဖူးပြီးသောကြောင့် ဖြစ်သည်။ ထိုအောက်လမ်းဆရာသည် သရဲကို မွေးထားလေသည်။ ထိုအကြောင်းကို ကျွန်ုပ်သည် သူ့အိမ်တွင်နေသူများကို ကပ်ပေါင်းပြီး မေးမြန်းစုံစမ်းသဖြင့် သိရလေသည်။ (.....)

မှဆိုးစိုင်သင် ဆိုသော စကားအတိုင်း အတွေ့အကြုံများက အကျွန်ုပ်ကို သင်ပေးလျက် ရှိလေ၏။ အကျွန်ုပ်သည် ထိုသူများ၏ နောက်သို့ လိုက်နေခြင်း၏ ရည်ရွယ်ချက်မှာ ၄င်းတို့ကို ကိုးကွယ်လို၍ မဟုတ်။ ထိုပညာရပ်၏ အကြောင်းကို သိလို၍သာ ဖြစ်လေ၏။ ထိုပညာရပ်ကို သိလိုခြင်းမှာလည်း ဆိပ္ပပညာကိုသာ မဟုတ်မဟုတ်၊ အမှန်တကယ်ရှိပြီး ဤသဘာဝလွန် လောကီပညာများမှာ အမှန်တကယ် မရှိနိုင်ဟူသော အစွဲအလမ်း ရှိခဲ့သောကြောင့်ပင် ဖြစ်၏။ ကျွန်ုပ်ကဲ့သို့သော တစ်ယူသန် ပုဂ္ဂိုလ်များသည် မဖြစ်နိုင်ဘူး ထင်သည်များကို ကိုယ်တွေ့ကြုံရသောအခါ ထိုမဖြစ်နိုင်ထင်သော အရာများ၏ ဆွဲဆောင်ရာနောက်သို့ ပါသွားတတ်ကြလေသည်။ လောကမှာ ထိုပုဂ္ဂိုလ်များကဲ့သို့သော မှော်ဆရာများသည်လည်း အမှန်ပင် ရှိနေသည်ကို တကယ် အကျွန်ုပ် သိထားပြီး လက်ခံထားသူဖြစ်ခဲ့ပါသည်။ ထိုအရာများကို အထင်ကြီးဖို့ အကြောင်းမရှိ။ ၄င်းတို့အတွက် အချိန်ကုန်ခံဖို့လည်း အကြောင်းမရှိတော့ချေ။

ထိုပုဂ္ဂိုလ်များ အားလုံးသည် လူလိမ်လူညာတွေချည်း ဖြစ်ကြသည်။ ယခုမှ အကျွန်ုပ် ရဲဝံ့စွာ ဆိုရပါ၏။ ထိုသူတို့ကို အနူ ပုထုဇဉ်တို့သည် ယုံကြည်အားကိုးတတ်ကြလေ၏။ ထိုသို့ ယုံကြည်အောင် ၄င်းတို့က မြန်မာဗုဒ္ဓဘာသာဝင်များ နှစ်သက်အောင် ၄င်းတို့သည် သာသနာပြုရန်အတွက် ဖြစ်သည်ဟူသော စကားကိုလည်း ပြောဆိုတတ်ကြပါ၏။ မယုံသင့်။ တချို့က ဟိုမှာ ဘုရားစေတီ တည်ပြ၊ ဒီမှာ ကျောင်းဆောက်ပြ အလုပ်မျိုးကိုလည်း လုပ်ပြတတ်ကြပါ၏။ သို့သော် မယုံသင့်။ ၄င်းတို့သည် သည်ယုံမြင်၍ သည်ချဉ်ထွင်တတ်ကြခြင်း ဖြစ်သည်ဟူသာ နားလည်သင့်လှပါသည်။

အင်းဝိဇ္ဇာ မန္တာန်ဝိဇ္ဇာ ဆိုသူတို့သည် လောကမှာ အမှန်ပင်ရှိကြောင်း အကျွန်ုပ် ကိုယ်တွေ့များစွာ ကြုံခဲ့ရပြီဖြစ်၍ ကျွန်ုပ် ဝန်ခံရန် ဝန်မလေးချေ။ သို့ရာတွင် ထိုသူတို့ကို မကိုးကွယ်ထိုက်။ ထိုသူတို့သည် သတ္တဝါတို့အား အပါယ်ဘေး ဝဋ်ဒုက္ခဘေးတို့မှ လွတ်ကင်းအောင် ကယ်တင်နိုင်သူတွေ မဟုတ်။ သူတစ်ပါးကို ကယ်တင်နိုင်ဖို့ ဝေးစွ၊ ၄င်းတို့ကိုယ်တိုင်ပင် ထောင်မကျအောင် အဖမ်းအဆီး အချုပ်အနှောင် မခံရအောင် ပြုလုပ်နိုင်သူများ မဟုတ်ကြချေ။ သို့ဆိုသောကြောင့် ၄င်းတို့သည် ထောင်ကျ အနှောင်အဖွဲ့ ခံရသည်ကို အမှားပြု၍ အဖမ်းခံရသည်၊ ထောင်ကျသည်ဟု ဝန်ခံလိမ့်မည် မထင်နှင့် ဝဋ်ကြွေးရှိ၍ ဝဋ်ကြွေးကို ကြေလည်အောင် ပေးဆပ်နေရသည်ဟု ဆိုတတ်ကြလေသည်။ စင်စစ် ၄င်းတို့၏ ကံအလျောက် ခံကြရသည်သာ ဖြစ်ပါသည်။

ကျွန်ုပ်သည် ထိုဘိုးတော်များနောက်သို့ လိုက်စဉ်အခါက များစွာသော ဗုဒ္ဓဘာသာဝင်များ၊ မြန်မာလူမျိုးများသည် ထိုအတုအယောင် ကိုးကွယ်မှုများဖြင့် အချိန်ကုန်ခံ လူပင်ပန်းခံ အမုန်းအတီးခံလျက် အချည်းနှီးသော အလုပ်များကို ပြုလုပ်နေကြသည်ကို ကြုံတွေ့ခဲ့ရ၏။ ထိုသူများသည် အဘယ်ရည်မှန်းချက်ဖြင့် ဒီအတုအယောင်ဖုဂ္ဂိုလ် မော်ဆရာများကို ကိုးကွယ်နေကြသနည်း ဆိုသည်ကိုလည်း သိခဲ့ရဖူးပါသည်။

လူသည် ဆင်းရဲကို ကြောက်ကြသည်။ ချမ်းသာကို အလိုရှိကြပါသည်။ ထိုအခါ ဆင်းရဲမှ ကယ်တင်ပြီး ချမ်းသာစီးပွားကို ပေးစွမ်းသည်ဟု ထင်သောသူကို အားကိုးအားထား ပြုတတ်ကြသည်။ အကာအကွယ်ယူတတ်ကြသည်မှာ လူ့မွေ့တာ ဖြစ်ပါသည်။

လူတို့၏ ဘာသာယုံကြည် ကိုးကွယ်ခြင်း အစကလည်း ထိုသို့ပင် ကြောက်ခြင်းဖြင့် စတင်ခဲ့ကြောင်း ပညာရှင်အများ သဘောတူကြလေသည်။

ကမ္ဘာပေါ်မှာ နတ်ကိုးကွယ်မှု စတင်ဖြစ်၍လာရတဲ့ အဓိကအကြောင်းဟာ အကြောက်တရားပဲ။

(လူကရိရှပ်)
စာ-၅၁၉

မည်သို့ပင်ဖြစ်စေ လူသားသည် မိမိအား အန္တရာယ်ဖြစ်စေသော ဆင်းရဲဒုက္ခရောက်စေနိုင်သော တရားများကို ကြောက်လန့်ခြင်း ထိုဆင်းရဲမှ

လွှတ်မြောက်ပြီး ချမ်းသာစီးပွားကို ရလိုခြင်းဖြင့် ဘာသာအယူဝါဒ စတင်ခဲ့သည် ဟူသောအချက်ကို ဗုဒ္ဓမြတ်စွာဘုရားကလည်း အင်္ဂဒတ္တ ရသေ့ကြီးက ဟောကြားဖူးကြောင်း အထောက်အထားများဖြင့် ကျေးဇူးရှင် ချမ်းမြေ့ ရိပ်သာ ဆရာတော်ဘုရားသည် ကလေးမြို့နယ် ခရစ်ယာန်အသင်းတော်များ ကောင်စီတွင် ဟောကြားခဲ့သော ဆင်းရဲငြိမ်းအေးချမ်းသာရေးတရားတွင် ဖော်ပြခဲ့ဖူးလေသည်။ ဖော်ပြပုံမှာ-

ဘုန်းကြီးတို့ မြတ်စွာဘုရားက တစ်ချိန်က ဒီဘာသာအယူဝါဒ ပေါ်ပေါက်လာခြင်းရဲ့အကြောင်းကို ထောက်ပြဖူးတယ်။ ဘယ်လိုလဲလို့ဆိုတော့ မြတ်စွာဘုရားပွင့်တော်မူတာ ဘီစီ ၆ ရာစုမှာ ပွင့်ခဲ့တယ်။ အဲဒီ မြတ်စွာဘုရား မပွင့်မီကာလမှာ မင်းရဲ့ ပုရောဟိတ်ဒါဝကနေပြီး ရသေ့ဝတ်သွားပြီးတော့ ရသေ့တရားတွေကို ကျင့်ကြံပွားများ အားထုတ်နေတဲ့ အင်္ဂဒတ္တ ဆိုတဲ့ ရသေ့ကြီးရှိတယ်။ သူ့မှာ အခြွေအရံ ရသေ့ပရိသတ်တွေ ထောင်ချီပြီး ရှိတယ်။

သူတို့ဟာ တစ်နေရာ တောထဲမှာ ရသေ့တို့ရဲ့အကျင့်ကို ကျင့်နေကြတဲ့ အချိန်မှာ သူရဲ့ ရသေ့တပည့်တွေက သူတို့ဆရာကြီးညွှန်ကြားတဲ့အတိုင်း ကျွန်ုပ်တို့ နေထိုင်ကျင့်ကြံတော့ ချမ်းသာပါတယ်။ ဒီလိုချမ်းသာတာပင် မှန်သော်လည်း ဆရာကြီးထက် ပိုပြီး အားကိုးရတဲ့ အားကိုးစရာရှိသေးတယ်လို့ ကျွန်ုပ်တို့ ထင်ပါတယ်။ ဒါကြောင့် ဘာတွေများ အားကိုးပြု ကိုးကွယ်ရမလဲ မေးတော့ အင်္ဂဒတ္တ ရသေ့သာ သူ့စိတ်ထဲမှာ ထင်ရမြင်ရာ ရသေ့တွေ စိတ်ကျေနပ်အောင် ပြောလိုက်တယ်။ မြစ်ကို ကိုးကွယ်အားကိုးရမယ်၊ သစ်ပင်ကို ကိုးကွယ် အားကိုးရမယ်၊ ဒီလိုပြောလိုက်တယ်။ ဒီလိုပြောလိုက်တော့ ဆရာရသေ့စကားကို တစ်သဝေမတိမ်း လိုက်နာတဲ့ ရသေ့တပည့်တွေဟာ သစ်ပင်ကိုလည်း ကိုးကွယ်ရာအဖြစ် ယုံကြည်ယူမှတ်တယ်၊ တောတောင်ကိုလည်း ကိုးကွယ်ရာအဖြစ် ယုံကြည်ယူမှတ်တယ်။ ဒါပေမယ့် သူတို့ကျင့်တာကတော့ ရသေ့တို့ ကျင့်မြဲဖြစ်တဲ့ သမထကမ္မဋ္ဌာန်းကို ကျင့်ကြံပွားများ အားထုတ်တာပဲ။

မြတ်စွာဘုရားပွင့်တော်မူလာတဲ့အခါကျတော့ ဒီအင်္ဂဒတ္တ ဦးဆောင်တဲ့ ရသေ့တွေကို မြတ်စွာဘုရားက မိမိသိထားရတဲ့ တရားကို ဟောဖို့

အခွင့်ကြုံလာတော့ ဒီရသေ့တွေကို မြတ်စွာဘုရား တရားဟောတယ်။ ဟောတော့ ဘယ်ကစသလဲဆိုတော့-

အို... ရသေ့အပေါင်းတို့ လူတွေဟာ ကြောက်လို့ အားကိုးရှာကြတယ်။ ကြောက်လို့ အားကိုးရာ ကိုးကွယ်ရာရှာကြတဲ့အခါကျတော့ တချို့က မိမိတို့ ဉာဏ်သက်ဝင်ရာကောင်ကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်။ တချို့က သစ်ပင်ကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်။ တချို့ကတော့ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်တွေကို အားကိုးရာ ကိုးကွယ်ရာပဲလို့ ယုံကြည်ကြတယ်။ တချို့ကျတော့ နတ်ကွန်းတွေကို အားကိုးရာမှဲလို့ ယုံကြည်ကြတယ်။ အဲဒီလို အားကိုးရာပဲလို့ ယုံကြည်ပြီးတော့ ကိုးကွယ်ဆည်းကပ်တဲ့ အကြောင်းရင်းက ဘာလဲဆိုတော့ ကြောက်လို့ပဲ။ အဲဒီကစပြီး ဟောတော်မူတယ်။

ကြောက်တယ်ဆိုတာ အကျဉ်းချုံးလိုက်ရင် ကိုယ်ဆင်းရဲမှာ ကြောက်တယ်၊ စိတ်ဆင်းရဲမှာ ကြောက်တယ်၊ အစားအသောက်မလောက်မငရင် ကိုယ်ဆင်းရဲတယ်၊ စိတ်လည်း ဆင်းရဲတယ်၊ ဒါလည်း ကြောက်တယ်။

အဝတ်မပြည့်စုံရင် ကိုယ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲတယ်၊ ဒါလည်း ကြောက်တယ်။

နေစရာ အိမ်ခန်း အိမ်ရာတွေ မပြည့်စုံရင် ကိုယ်ဆင်းရဲတယ်။ စိတ်ဆင်းရဲတယ် ဒါလည်း ကြောက်တယ်။

မိမိနဲ့ သားသမီး ဇနီးခင်ပွန်း ဆွေမျိုးဉာတကာ သေဆုံး ပျက်စီးရင် စိတ်ဆင်းရဲတယ်။ အဲဒီစိတ်ဆင်းရဲလည်း မတွေ့လိုဘူး။ ဒါလည်း ကြောက်တယ်။

မိမိလုပ်တဲ့ စီးပွား မဖြစ်မှာ စိုးရိမ်ပြီး ကြောက်တယ်။ စီးပွားမရမှာကို ကြောက်တယ်၊ အဲဒါလည်း ကြောက်တယ်။

မိမိ ရာထူးကြီးကြီး မရမှာကိုလည်း ကြောက်တယ်။ ရထားတဲ့ ရာထူးကပြုတ်သွားမှာကိုလည်း ကြောက်တယ်။ ရထားတဲ့ ရာထူးကနေပြီးတော့ မတက်ဘဲနေမှာလည်း ကြောက်တယ်။

အဲဒီလို ,အကြောက်မျိုးပေါင်းများစွာဟာ အကျဉ်းချုံးလိုက်တော့ ဆင်းရဲခြင်းကို ကြောက်တာချည်းပဲ။ အဲဒီဆင်းရဲခြင်းကို ကြောက်တဲ့အတွက်

မဆင်းရဲရအောင်ဆိုပြီးတော့ ကိုးကွယ်ရာ အားကိုးရာ ရှာရာကနေပြီးတော့ ဘာသာအယူဝါဒ ကိုးကွယ်စရာတွေ ပေါ်လာတယ်။ မြတ်စွာဘုရားက ဒါကို မိန့်ကြားတော်မူတယ်။

လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော်က ဗုဒ္ဓမြတ်စွာဘုရားက အင်္ဂုတ္တရသေ့ကို လူတို့ဘာသာ ယုံကြည်ကိုးကွယ်ကြသည့် အကြောင်းရင်းကို ဟောရာတွင် အကြောက်တရား (FEAR) ကြောင့် အားကိုးရာ ကိုးကွယ်ရာ ရှာကြပုံကို ညွှန်ပြဟောကြားတော် မူခဲ့လေသည်။ ထိုအချက်ကို နှောင်းခေတ်ပညာရှင်များကလည်း မငြင်းသာ။

ယခု ထိုသို့သဘောရှိဆဲပင် ဖြစ်သည့် နတ်ကိုးကွယ်သူများ၊ ဘိုးတော်နောက် လိုက်နေသူများသည် ဆင်းရဲမည်ကို အလွန်ကြောက်ပြီး လောကီချမ်းသာစီးပွားအရ ဖြတ်လမ်းနည်းဖြင့် ရလိုသူတွေချည်း ဖြစ်ကြသည်။ တစ်နည်း မိမိတို့ပြုသော မကောင်းမှု၏ အကျိုးဆက် ဘေးရန်ကို ဖုံးဖိကာကွယ်လိုသူများနှင့် လောကီချမ်းသာကို တပ်မက်လွန်းသူများသည် နတ်၏အမအစ၊ ဘိုးတော်၏ အမအစကို အားကိုးအားထား ပြုကြလေသည်။

ထိုယုံကြည် ကိုးကွယ်မှုမျိုးကို အကျွန်ုပ်၏ စိတ်တွင် အတုအယောင်ယုံကြည်ကိုးကွယ်မှုဟု ထင်မြင်လာခဲ့လေသည်။ အတုအယောင် ယုံကြည်ကိုးကွယ်မှု ဟုဆိုရခြင်းမှာ ထိုယုံကြည် ကိုးကွယ်မှုမျိုးတွင် ကြည်ညိုခြင်း သဒ္ဒါလည်းမပါ။ ဟုတ်မဟုတ် ရာ မရာ သင့်မသင့် ဖြစ်နိုင် မဖြစ်နိုင် ခွဲခြား သိမြင်သော ပညာလည်း မပါသောကြောင့် ဖြစ်လေသည်။

တစ်နည်းဆိုသော် အသိဉာဏ်ပညာ မဖွံ့ဖြိုးသေးသော ကမ္ဘာဦးလူသားတို့၏ ယုံကြည်ကိုးကွယ်မှုမျိုးသည် အမှန်စင်စစ် လောကီချမ်းသာစည်းစိမ်ကိုလည်း ပေးနိုင်သည် မဟုတ်၊ လောကီဘေးရန် အန္တရာယ်ကိုလည်း ကာကွယ်ကင်းပျောက်စေနိုင်သည် မဟုတ်ချေ။ လောကုတ္တရာ အပါယ်ဘေး ဝဋ်ဆင်းရဲဘေးကို ကာကွယ်ဖို့ ဆင်းရဲငြိမ်းရာ ဘဝ၏ လွတ်မြောက်ရာကို ပို့ဆောင်ဖို့ကား အဝေးကြီးဝေးသော ယုံကြည်ကိုးကွယ်မှုမျိုးသာ ဖြစ်လေသည်။

ပါမောက္ခ ဂျွန်ဘီနော့စ်၊ ပါမောက္ခ ဝီးလ်ဒူးရန့် စသူတို့၏ တင်ပြချက်များတွင် ထိုကြောက်စိတ်ဖြင့် ထင်မိထင်ရာ ကိုးကွယ်သော သဒ္ဒါမပါသည့်

ယုံကြည်ကိုးကွယ်မှုများတွင် မိမိစိတ်ကို လှည့်စားသည့်သဘော Magic (မက်ဂျစ်ခ်) ပြစားတတ်တဲ့ အတတ်များ ပါဝင်ကြောင်း အတိအလင်း ဖော်ပြထားလေသည်။

မန္တ စသော ဂါထာ မန္တာန်အင်းအိုင်ခလုံ့ လက်ဖွဲ့ အဆောင် များသည် Magic (မက်ဂျစ်ခ်) ခေါ် စိတ်ကို လှည့်စားမှု သဘောရှည်းသာ ဖြစ်ကြလေသည်။ သဘာဝစွမ်းအင်အားကို လူ့အလိုသို့ လိုက်ပါအောင် စိတ်ကို လှည့်ဖျားသောနည်းများ ဖြစ်ပေသည်။

ထိုသို့ စိတ်ကို လှည့်ဖြားသောနည်းများမှာ များစွာ ရှိသည်။

လူတို့သည် နတ်များကိုလည်းကောင်း၊ တိရစ္ဆာန်များကိုလည်းကောင်း သဘာဝ၏မျိုးဆက်ပြန့်ပွားမှု၊ ရှင်သန်ကြီးပွားမှုကို အစွဲပြုပြီး လိင်တံနှင့် ယောနိ ခေါ် ဗိုတန်ဆာ မတန်ဆာများကိုပင် ကိုးကွယ်ခဲ့ကြပေသည်။ ယဇ်ကို ကိုးကွယ်ခြင်း၊ သေသွားသောမိဘများကို ကိုးကွယ်ခြင်းလည်း ပြုခဲ့ကြပြီ။

ထိုကဲ့သို့ ထွေရာလေးပါး ကြောက်စိတ် အားကိုးစိတ်ဖြင့် ကိုးကွယ် ခြင်း အားလုံးကို ... အားလုံးကို ဆိုတာပါပဲ။ ရတနာသုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူတစ်ယောက်အကြောင်း (၄င်းစာ ၅၁၁)မှ

*ဂန္ဓာရီ ဝိဇ္ဇာမျိုး ၄ ပါး တစ်နည်း ဂန္ဓာရီနတ်မျိုး၏ အပြား ၄ ပါးကို ဆိုလိုသည်။ (အဘိုလဝိဇ္ဇာမယသိဒ္ဓိကျမ်း)မှ*

*(၁) ဆေးဝိဇ္ဇာ ဂန္ဓာရီ နတ်ဆေးဖြင့် စီရင်သည်၊*

*(၂) ပြဒါးဝိဇ္ဇာဂန္ဓာရီ နတ်ပြဒါးရှင်လုံးဖြင့် စီရင်သည်၊*

*(၃) သံဝိဇ္ဇာ ဂန္ဓာရီ နတ်-သံသေလုံးဖြင့် စီရင်သည်၊*

*(၄) အင်းမန္တာန် သမထဂန္ဓာရီ ဝိဇ္ဇာနတ် ၄င်းတို့၏ တန်ခိုးဖြင့် သိဒ္ဓိပြီးသူများ (သုတေသနရုပ်ပြအဘိဓာန်၊ စာ-၂၂၀)*

မိမိဘဝမှာ ငယ်စဉ် ဆယ်ကျော်သက်ရွယ် လက်နက်ကိုင် တောထဲ တာဝန်ထမ်းဆောင်နေစဉ်က ရဟန်းတစ်ပါးကို ကောင်းကင်မှာ ဖူးမြင်ခဲ့ရတာ မှတ်မိနေပါတယ်။ လက်နက်ကြီးနဲ့ပဲ မမျှော်လင့်ဘဲ မြင်ခဲ့ရတဲ့ ကိုယ်တွေ့ မျက်မြင်ပဲ။

တစ်ခါက ဆရာကြီးတစ်ဦးနဲ့လည်း တွေ့ဆုံခဲ့ရပါတယ်။ သူက မိမိနဲ့ တွေ့စဉ်တုန်းမှာ ဘဝပေါင်း ဘယ်နှစ်ဘဝပြောင်းခဲ့ပြီလဲ မသိပါဘူး။

ဦးလေးတို့က မိမိ(လုပ်နေတဲ့အလုပ်က) အသက်အန္တရာယ်နဲ့နီးပြီး စိတ်ပူလို့ အဲဒီဆရာကြီးကို အပ်ခဲ့တယ်။ ဆရာကြီးက လက်ဖွဲ့တွေ အဆောင်တွေနဲ့ စုတ်နဲ့ဆေးပါ ထိုးပေးခဲ့တယ်။ ပြီးမှ မိမိကို (၁) သူများသားမယား မဖြစ်မှားဖို့၊ (၂) အရက်သေစာ မသောက်ဖို့၊ (၃) အမဲသားမစားဖို့ ကတိတောင်းခဲ့တယ်။ အဲဒီကတည်းက မိမိတစ်သက်လုံး အဲဒါတွေကို ရှောင်ကျဉ်နိုင်ခဲ့ရတယ်။ ထူးခြားတာတွေ အများကြီးထဲမှာ မိမိဘဝမှာ ကိုယ်လုပ်ချင်ရာလုပ်ခဲ့ရာမှာ ဘာမှ အရှုံးပေးခဲ့ရတာ မရှိခဲ့ပါဘူး။

အဲဒ ဆရာကြီးကလည်း သူဟာသူ တပည့်တွေကို အမြဲစောင့်ရှောက်ပေးနေတယ် ပြောခဲ့ပါတယ်။ တကယ်လည်း အားလုံး အဆင်ပြေခဲ့တာချည်းပဲ။

တစ်ခါ မိမိကို တိုက်ပွဲမှာ ထိခိုက်ဒဏ်ရာရတယ်။ ခြေထောက်ဘာညာပြတ်ပစ်ရတယ် သတင်းထွက်ခဲ့ပြီး ဦးလေးတို့ စိတ်ပူနေခဲ့ကြတယ်။ အဲဒီတုန်းကလည်း အဲဒဆရာကြီးက 'ငါ့တပည့်တွေ ဘာဖြစ်တယ်ဆိုတာ ငါသိတယ်။ ဘာမှ မဖြစ်စေရဘူး။ မပူနဲ့' ပြောခဲ့တယ်။ ဒါပေမယ့် ဦးလေးတို့က စိတ်မချခဲ့ဘူး။ မိမိ သူတို့ဆီ မမျှော်လင့်ဘဲ ရောက်သွားတော့ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ မိမိကို ကြည့်နေခဲ့ကြတယ်။ ပြီးမှ မိမိ ဘာမှမဖြစ်တာပြောရင်း ပျော်ခဲ့ကြတာ မှတ်မိနေခဲ့ပါတယ်။

အဲဒီတုန်းက ဆရာကြီးဆီ လာလိုက်ကြတဲ့လူတွေ။ ရေတစ်အိုးနဲ့ ထုံးတစ်ဗူးနဲ့တင် ပြီးစေခဲ့တယ်။ ရေတိုက်တယ်။ ထုံးတို့တယ်၊ အားလုံးက စိတ်ချမ်းသာခဲ့ကြရတယ်။ အဲဒီတုန်းမှာပဲ ဟိုတခြား တစ်နေရာက အဲဒဆရာကြီးတို့ သားသမီးတွေက ရောက်လာခဲ့ကြပြီး ငိုကြွေးကြတာ ဇာတ်ပေါင်းကြတာကို ပြောပြခဲ့ကြတယ်။ သူတို့ဟာ ဒီလိုပဲ၊ တစ်နေရာက တစ်နည်းနည်း ထွက်သွားပြီး၊ တစ်နေရာမှာ ပြန်ပေါ်လာတတ်တယ်။ အဲဒီအခါ တစ်နေရာက ပြန်သိသွားပြီး သူတို့ဟာ တစ်နေရာကို ဇာတ်မြှုပ်လို့ သွားကြပြန်တော့တယ်။

မိမိဘဝမှာ ဘာမဆိုဘဲ ဘာပဲလုပ်လုပ် အချိန်တန်ရင် ဖြစ်ချင်တာ ဖြစ်ခဲ့တာချည်းပဲ။

ဆန့်ကျင်ဘက်တွေကို ယှဉ်ပြိုင်နိုင်ခဲ့တာတွေ စပြီး အသက်အန္တရာယ်ကာကွယ်နိုင်ခဲ့တာတွေ၊ ကိုယ်တွေ့တွေ ရှိခဲ့တယ်။ မိမိဟာ တကယ်တော့

ခရီးလမ်းမှာ လက်ဝဲကို သွားလိုတယ်။ ဒါပေမယ့် လက်ယာဆန်တဲ့ အနှောင်အဖွဲ့က ရုန်းမထွက်နိုင်ခဲ့တာလည်း ဆန်းစစ်လေ့လာမိလာခဲ့ရပါတယ်။

မိမိ ဝါဒအစွဲ၊ ဆန္ဒအစွဲ၊ ယုံကြည်ချက်အစွဲတွေ လွန်ဆွဲအားပြိုင်ခဲ့ရတဲ့ ကာလတွေဟာ အကြာကြီး ဖြစ်ခဲ့တယ်။ ဒါပေမယ့် ကံကောင်းတာက ဘာမှ ကိုယ်ထိလက်ရောက် အစွန်းရောက်လုပ်ဆောင်ခဲ့တာ မရှိခဲ့ဘူး။ မလွန်ကျူးခဲ့ဖူးဘူး။

ခုနေ ပြန်ဆန်းစစ်ကြည့်တဲ့အခါ ကိုယ်ကျင့်တရားမှာ မိမိကိုယ်ကို ကျေနပ်မိသလိုပဲ။ ပြီး ဆရာသမား မိတ်သင်္ဂဟတွေရဲ့ ကျေးဇူးတရားအစောင့်အရှောက်နဲ့ မိမိရဲ့ မိဘရိုးရာ အစဉ်အလာအတွက် စောင့်စည်းခဲ့မှုတို့အပေါ်မှာ ကျေနပ်ပီတိ ဖွမ်းဆီထိပမာ ခုနေမှာဖြစ်ခဲ့မိရတာ အမှန်ပါပဲ။

◆ ◆ ◆

*

Fools and obstinate man make rich lawyers.

*Spanish*

ခေါင်းမာတဲ့၊ ဖွတ်တရွတ်နိုင်တဲ့ လူမိုက်တွေဟာ ရှေ့နေတွေကို ချမ်းသာကြွယ်ဝစေဖို့ရာ ပြုလုပ်ပေးကြသူတွေ ဖြစ်ကြပါတယ်။

*

## ဂန္ထာရီ ဝိဇ္ဇာမျိုး ၂ ပါး

*ဂန္ဓာရီအရကို ငှင်းစိဂြိုဟ်ဖြင့် သိပ်ါတရန် ဉာဏ် ဓာတု တိတိ ဂန္ဓာ ရော ဂန္ဓာရော ယသအဏ္ဍိတသို့ဝါ ဝိဇ္ဇာတိတိဂန္ဓာရီ။*

*(၁) စူဠာဂန္ဓာရီ ဖုတ်ကြီး ၄၀၊ ကဝေ ၉၉ နှင့်တကွ ၃၇ မင်း ဝိဇ္ဇာန်၊ ယက္ခ ဂန္ဓဗ္ဗ စသော အောက်နတ်ပုဂ္ဂိုလ်တို့ကို စွဲ၍ ဖြုလုပ်စီရင်ကြသော အင်းအိုင် မန္တာန်တို့အား မန္တရား လက်ဖွဲ့ ခါးလှဲ့ မှော် စသော ပညာတတ်သူ မှော်ဆရာ၊ ပယောဂဆရာ၊ အောက်လမ်းဆရာ၊ အကြွမ်းဆရာ စသည်မျိုး။*

*(၂) မဟာဂန္ဓာရီ၊ သူရဿတီမယ်တော်ကြီးမှစ၍ ဒေဝီ ၂၁ ပါး၊ သာသနာစောင့်နတ်မင်းကြီး ငါးပါး၊ စတုလောကပါလ နတ်မင်းကြီး လေးပါး၊ ဘိုးတော်သိကြားမင်းမှစ၍ အထက်နတ်ဟူသမျှနှင့် ဝိဇ္ဇာ ဓော်ကျီ တပသီ တို့၏ အဖြစ် ငှင်းတို့နှင့် သက်ဆိုင်ဝတ်သက်၍ရသော သိဒ္ဓိအကျိုးရှိသူ ဟူသမျှကို ဆိုသည်။ ကျမ်းဂန်များ၌ ငှင်းနှစ်ခုသာ မှုရင်းပြသည်။*

*(သုတေသနရုပ်ပြအဘိဓာန်၊ စာ-၂၂၀)*

ဝတ်ဖြူစင်ကြယ်ဝတ်ပြီး အမြဲကြည်လင်နေတဲ့ မျက်နှာနဲ့ အဘဆရာကြီး ပြောခဲ့တာတွေ မိမိ မှတ်မိလို့ နေပါသေးတယ်။ ပထမကမ္ဘာစစ်ဖြစ်တုန်းက ကမ္ဘာကိုပတ်ပြီး စစ်တိုက်ခဲ့တာတွေလည်းပါရဲ့၊ နဂါးတွေကို သူမြင်ဖူးတာတွေရောလည်း ပါရဲ့၊ နိုင်ငံနဲ့အမျိုးအတွက် အမျိုးသားရေးအတွက် လုပ်ခဲ့တာတွေ...

ပြီးတော့ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ခဲ့တာတွေ၊ ငှက်ပျောဖက်ပေါ် တက်အိပ်ခဲ့ရတာတွေ ငယ်ငယ်တုန်းက မိမိဟာလည်း ကွန်မြူနစ်ဆိုတော့ ဒီလိုမျိုး ဒုက္ခတွေကိုရင်ဆိုင်ခဲ့တာဖြစ်လို့ မိမိ သိပ်နားမလည်ခဲ့ပါ။

ခုစဉ်းစားတော့ ရေးတေးတေး အတွေးပေါ်ရုံလောက်ပဲ ရှိခဲ့ပါတယ်။ ပြီး လက်ဖွဲ့တွေ၊ အဆောင်တွေ၊ အင်းတွေ ခု မိမိမှာ ဘာမှမရှိတော့ပါ။ ခုနေ မိမိရှိနေတာ နှစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ ဆရာကြီးအပေါ် ထားခဲ့တဲ့ ကတိသစ္စာနဲ့ ဆရာကြီးထိုးပေးထားခဲ့တဲ့ မိမိရဲ့ ယာဘက်လက်ဖျံမှာ ကြီးလေးကြီး၊ ကကြီး ဃကြီး ဠကြီး လကြီး ဆိုတဲ့ အက္ခရာကြီးလေးလုံးပဲ။ 'မင်း ငါပြောတာ စောင့်စည်းသမျှ ဒါတွေ ထင်းလင်းပေါ်နေမယ်။ ပိုစောင့် စည်းရင် ပိုပေါ်မယ်။ အကြောင်းရှိရင် အဲဒီ အရုပ်ယာလက်ကို ပုတ်ပါ' ဆိုတာပဲ။

စဉ်းစားကြည့်တော့ မိမိ ခုထိ ကတိမပျက်ခဲ့သေးတာ အမှန်ပါ။ မင်းမှာသစ္စာ လူမှာကတိတဲ့၊ မိမိ ကတိတည်ခဲ့တာ စဉ်းစားတွေးတောရင်း မိမိကိုယ်မိမိ ပီတိ ဖြစ်မိရပါတယ်။ ကျေးဇူးကြီးလိုက်ပါဘိ။ လူ့လောကမှာ ဂုဏ်ယူလောက်စရာအတိပါပဲ၊ လေးစားအားကိုးလျက်ပါ ဆရာကြီးရယ်။

❖ ❖ ❖

*

Justice is the constant and peretual wish to render to every man his due.

*Just inian (Roman Emperor)*

တရားမျှတမှုဆိုတာဟာ လူတိုင်း လူတိုင်း အားပေးသင့် အားပေး ထိုက်တဲ့ အခွင့်အရေးကို အစဉ်အမြဲ ပေးချင်နေတဲ့ စိတ်စေတနာပဲ ဖြစ်ပါတယ်။

*

## ဂန္ထိရတရားကြီး ၄ ပါး

*ပိဋကတ်တော်လာ နက်နဲသိမ်မွေ့သောတရားကြီး လေးပါး၊ အဋ္ဌသာလိနီအဋ္ဌကထာ (၁) ဓမ္မဂန္ထိရ အကြောင်းအားဖြင့် နက်နဲခြင်း၊ တရားတော်၏ နက်နဲခြင်း၊ (၂) အတ္ထဂန္ထိရ အကျိုးအားဖြင့် နက်နဲခြင်း၊ အနက်အဓိပ္ပာယ် နက်နဲခြင်း၊ (၃) ဒေသနာဂန္ထိရ အနုလော ပဋိလောမဒေသနာတော်အားဖြင့် နက်နဲခြင်း၊ ဟောပြောပုံ နက်နဲခြင်း၊ (၄) ပဋိဝေဓဂန္ထိရ ထိုးထွင်းသိရခြင်း နက်နဲခြင်း။ (သုတေသနသရုပ်ပြအဘိဓာန်၊ စာ-၂၂၁ မှ)*

ဂန္ထီရဆန်တဲ့ အိမ်လို့ပဲ ပြောကြလေမလားဘဲ။ မိမိအနေနဲ့တော့ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်က ပြောကြတာပါ။ မိမိအနေနဲ့က အိမ်တွင်းရေး ပူလောင်တာ တစ်ခုပဲ။ ညီမလေးကလည်း ငဝေနဲ့ မပြတ်ဘူး။ ဇာတ်လမ်းက ဆက်မြဲ ဆက်နေတယ်။

ငဝေတို့ အဖေ ကိုမောင်မောင် ရပ်ကွက်ရဲ့ ဆယ်အိမ်မှူးကလည်း မိမိကို ရှောင်ဖယ်ဖယ် လုပ်နေတယ်။ မိမိလည်း စိတ်မှာ မကျေနပ်ဘူး။ ဒီ မိမိ အကူအညီတောင်းတာလေးလောက်ကို ဖြေရှင်းပေးနိုင်ဖို့အရေး စိတ်ကူး ထားခဲ့ပါတယ်။ ဘာကြောင့်လဲ ခု သူ မဖြေရှင်းနိုင်ခဲ့ဘူး။ မိမိမိတ်ဆွေ ကိုသန်းနွယ်ကလည်း လူမှုရေးအရ ဖြစ်သင့်တာ ပြောခဲ့တယ်။ ကိုမောင်မောင် က သူ့ကို ရှောင်နေပြန်တယ်။

ကိုမောင်မောင်နဲ့ ဒေါ်ဆွေသင်းတို့ အထူးပေါင်းဖော်နေမိကြတာလည်း ထူးခြားတယ်။ ကိုမောင်မောင့်ဇနီး တင်တင်ပါ တွဲလို့ နေကြတယ်၊ ဘာကြောင့်လဲ။

မထင်ရက်စရာ၊ သူတို့ပါ ကြုံရပါ့ ဖြစ်နေကြပြီလား။ ညီမဆီက ချစ်စား ကပ်စားဘဝမျိုး သူတို့ ဒီလောက် အောက်တန်းကျနေခဲ့ကြပြီလား။ အရှက်မရှိကြတော့ဘူးလား၊ သိက္ခာမရှိကြတော့ဘူးလား။ သူတို့ဟာ ကျိုးနေ တာ မဟုတ်၊ ကမ်းနေတာ မဟုတ်ပါဘဲ မိမိလုပ်အားခ ဘာမှမပါ၊ ဝီရိယ မပါဘဲနဲ့ လူတစ်ဖက်သားဆီက အခွင့်အရေး အပေးအကမ်း အအေ ကို မြူဆွယ် ဖန်တီးနေကြပြီလား။ စဉ်းစားစရာ ဖြစ်လာတယ်။

ဒါဟာ ဂမ္ဘီရပဲ။ မိမိ ဒီလိုမျိုး မကြုံဖူးပါ။ ဆန်းလှချည်လား။ အားလုံး ညီမနဲ့ ပတ်သက်တာ ဒါမျိုး ဖြစ်နေလေသလား၊ အံ့သြစရာပဲ။ ဖြစ်သင့်တာက လူဆိုတာ ပုထုဇဉ်ပဲ။ မမှားတာ မရှိပါဘူး။ အမှောင့် ပယောဂဆိုတာ ပူးကပ်ခံရတာမျိုး၊ ဖမ်းစားတာမျိုး ကြုံဖူးကြတာပဲ။

ဥပမာဆိုပါတော့ ကလေးတစ်ယောက်ဟာ လက်လှမ်းမှီရာ အကုန် လိုက်ကိုင်တတ်တယ်။ မီးပဲဖြစ်ဖြစ်၊ ဓားပဲဖြစ်ဖြစ် သူကိုင်မှာပဲ။ ဒါကို တာဝန်သိတဲ့သူ အသိဉာဏ်ရှိတဲ့သူက တားဆီးကြရမှာပဲ။ လှမ်းမကိုင်နိုင် အောင် ထားကြရမှာပဲ ဖြစ်တယ်။ သူ့ဟာသူဖြစ်ချင်ရာဖြစ် ထားလို့ မရဘူး။

ဒါလည်း ဒီလိုပဲ ဘာကြောင့်ပဲဖြစ်ဖြစ် ညီမလေးမရွှေစာဟာ ဒီလို မျိုး ဖြစ်နေတယ်။ စွဲလမ်းနေတယ်။ ဝေဒနာ ခံစားနေရတယ်။ ဒါကို တချို့က ကဲ့ရဲ့ကြတယ်။ တချို့က ပြစ်ပယ်ကြတယ်။ တချို့က မိမိတို့ကို ဝိုင်းကျည်ကြတယ်။ ဖြစ်သင့်တာက အရေးကြုံတဲ့အခါ လူဆိုတာ ပူးပေါင်း ဝိုင်းဝန်းသင့်ကြတယ်။ ဆွေးနွေး အဖြေရှာသင့်ကြတယ်။ ဒါမှ အဖြေမှန် ပေါ်မယ်။ လက်သည်ပေါ်မယ်။ ရှေ့နစ်သူ ဝါးကူမနှစ်ရဘူး။

ခုတော့ ပတ်ဝန်းကျင် တချို့ကလည်း ညီမဆီ ချေးဖို့လာကြတယ်၊ ငှားဖို့လာခဲ့တယ်၊ တချို့က ပိုးဖို့လာမယ်၊ အောင်သွယ်ဖို့ လာမယ်၊ စားဖို့ လာမယ်။ ဟော သူတို့ အလိုမပြည့်တော့ မလာတော့ဘူး။ တစ်မျိုးလှည့်ပြီး အပြစ်ပြော၊ ကိုယ်လွတ်ရုန်း ထွက်ပေါက်ရှာ ရှောင်ကြဉ်သွားကြတော် ပြန်တယ်။

တချို့ဆို အိမ်မှာ မိမိဟာ အိမ်ထောင်ဦးစီး အကြီးအကဲ ဒါပေမယ့် အိမ်လာသူတွေဟာ မိမိကို ရှိတယ်တောင် မထင်ကြဘူး။ ဝင်ချင်တိုင်းဝင် ထွက်ချင် တိုင်းထွက် နေကြတယ်။ သူတို့ဆန္ဒတစ်ခုပဲ ဖြည့်ဆည်းရေးပါ။ ဒီအိမ်မှာ ဘာဖြစ်နေတယ် မသိကြဘူး။ သိဖို့ရာလည်း သတိမထားကြဘူး။

လူမှာ ငွေကြေးက အဓိက မဟုတ်ပါဘူး။ တကယ်က အကြံဉာဏ်ပဲ၊ အကြံဉာဏ်ကြောင့်သာ လူဟာ လူတန်းစေ့မီလာကြတာ ဖြစ်တယ်။

ခုတော့ လူတွေဟာ အပေါ်ယံဆန်လွန်းလှတယ်။ အတ္တဆန်လွန်းလှတယ်။ အိမ်ဆောက်ပြီးတဲ့နောက်မှာလည်း ပတ်ဝန်းကျင်က အရမ်းကို ပြောင်းလဲသွားတယ်။ တချို့ အိမ်ကြီးလို့ မလာရဲတာ။ မိမိတို့မှာ ဆင်းရဲလို့ မလာရဲတာတဲ့။ မနာလိုသူက ယှဉ်ပြိုင်တဲ့သဘောနဲ့ မယှဉ်ရဲလို့ မလာတော့တာ စတာမျိုးတွေ အကုန်ပဲ။ တချို့က ရွှေငွေ ဝတ်စားနိုင်တုန်း တကူးတက လာပြတယ်။ ဟော မရှိတာနဲ့ မလာတဲ့လူလည်း အပုံပဲ တွေ့နေရတယ်။

တကယ်တော့ ခုနေမှာ မိမိတို့ဟာ အကြီးအကျယ် ဒုက္ခရောက်နေကြရတယ်။ စိတ်သောက ခံစားနေကြရတယ်။ မိသားစုတစ်ခုလုံး မီးလောင်တိုက် သွင်းထားသလို ခံစားနေကြရတယ်။ ဘယ်မှာလဲ မိတ်ဆွေ၊ ဘယ်မှာလဲ ဉာဏ်ရည်မီကူညီတဲ့သူ၊ လမ်းပြရှေ့ဆောင်သူ၊ အကြံဉာဏ် ပေးနိုင်သူ၊ အကြံ ဉာဏ်ပေးချင်သူ။ အဖျက်ဘက် ဦးတည်ကာ ဘယ်လိုဆက်ဖျက်မလဲ အဖျက်က နေးလှချည်လား၊ မြန်အောင် ဝိုင်းကူထိုးပေးရမလား စောင့်စား ချောင်းမြောင်း နေကြသလိုပါပဲလား။

ဆိုးတာက ဒေါ်ဆွေသင်း အပြောလည်းချိုလို့ ချောလို့။ သူဝင်လာရင် အိမ် တစ်ခုခုဖြစ်တော့တယ်။ သူလည်း တစ်ခုခု ရယူပြီးမှသာ ပြန်တတ်တယ်။ ညီမကို မြှောက်ပင့် ဖြားယောင်းသွေးဆောင်လည်း နေတတ်တယ်။

သူမက ဘယ်တော့မှ အတိုက်အခံမပြော၊ အမြှောက်အပင့်နဲ့ ရှုးအောင် လုပ်တတ်သူပေပဲလား။ တကယ်တော့ မြှောက်တာဟာ ကြောက်ဖို့အကောင်းဆုံးပဲ။ ညီမအကြိုက် ဘဝင်ခိုက်အောင် လုပ်နေတတ်တော့တယ်။ နောက်ဆုံး ဘာဖြစ်လာသလဲ။ ဟိုဟာသတစ်ခုလိုပဲလေ။

ကြားဖူးကြတဲ့ ငရဲမင်းကြီးနဲ့ ငရဲသားပုံပြင်ပါ။

ငရဲပြည်သို့ ငရဲသားတစ်ဦး ရောက်လာတယ်။ ဒါနဲ့ ငရဲမင်းကြီးက ငရဲအမျိုးမျိုးရှိတဲ့အနက် ဘယ်ငရဲကို ပို့ရင်ကောင်းမလဲလို့ မှတ်တမ်းတင် စိစစ်မှုတွေ လုပ်ရတယ်။

အဲဒီငရဲသားဟာ လူ့ပြည်မှာတုန်းက လူတကာကို ကပ်ပါးရပ်ပါး၊ မြှောက်ထိုးပင့်ကော် လုပ်စားလာခဲ့သူ ဖြစ်တယ်။ အဲဒီအကြောင်းကို သိတဲ့ ငရဲမင်းကြီးကိုယ်ရံတော်က-

"ငရဲမင်းကြီးခင်ဗျား ဒီလူဟာ လူ့ပြည်မှာတုန်းက လူတိုင်းကို မြှောက်ထိုးပင့်ကော် လုပ်စားလာခဲ့တဲ့ လူလည်ပါ။ ခု အဲဒီအကျင့်ကြောင့် ငရဲကျခံဖို့ ရောက်ရှိလာခဲ့ရတာပဲ ဖြစ်ပါတယ်ခင်ဗျာ။ ဒါကြောင့် ငရဲမင်းကြီးလည်း သတိထား စိစစ်တော်မူပါခင်ဗျား"

သတိပေးလျှောက်ထားတယ်။

ဒီနောက် ငရဲမင်းကြီးက အဲဒီငရဲသားကို စိစစ်မှု စတင်တော့တယ်။

"ကဲ မောင်မင်း ငရဲသား အသင် လူ့ပြည်မှာ ဘာတွေ လုပ်ခဲ့သလဲ မှန်တာကိုပဲ ပြောပါ"

ငရဲသားမှာ ငရဲမင်းကြီးရဲ့ အမေးစကားကို မကြားချင်ဟန်ဆောင်နေလိုက်တယ်။ ငရဲနန်းတော်တစ်ခုလုံးကိုပဲ သူမျက်လုံးဝှေ့ကြည့်လို့ နေတယ်။

"ဟေ့ မောင်မင်းငရဲသား ပမာမခန့်နဲ့ ငါမေးနေတာ မကြားဘူးလားကွ"

ဒီတော့မှ ငရဲသားမှာ သတိဝင်လာဟန်နဲ့-

"ကြား... ကြားပါတယ်အရှင်"

"ကြားရဲ့သားနဲ့ ဘာလို့ငေးနေရတာလဲကွ"

"ဒီလိုပါ ကျွန်တော်မျိုး လူ့ပြည်မှာရှိစဉ်တုန်းက လူတွေက အမျိုးမျိုးပြောကြပါတယ်။ စာတွေပေတွေထဲမှာလည်း အမျိုးမျိုး ရေးကြပါတယ်။ ငရဲပြည်ဆိုတာ အလွန်ကြောက်စရာ ကောင်းတယ်။ ရွံစရာကောင်းတယ်တဲ့။ ပြီးတော့ ဆီပူအိုးတွေနဲ့ ဆူးပင်ဆူးခက်တွေနဲ့ လွှစင်ကြီးတွေနဲ့ အချုပ်အနှောင် နရသိန့်ထောင်ကြီးတွေနဲ့ စာကယ်ကြောက်စရာ လန့်စရာအတိနဲ့ ပြည့်ကျပ်နေတာပဲတဲ့။ အခုတော့ ကျွန်တော်မျိုးတွေ့နေရတာက ငရဲမင်းကြီးရဲ့ နန်းတော်ကြီးဟာ အင်မတန်လှပပြီး ဖိတ်ဖိတ်ကိုလက်လို့ပဲ။ ကျွန်တော်မျိုးတို့ လူ့ပြည်ထက် အဆရာထောင်မက သာယာလှပသန့်ရှင်းနေတာကို တွေ့ရတဲ့အတွက် ကျွန်တော်မျိုးကြီး အံ့ဩ ငေးမောလို့ နေမိခဲ့တာပါအရှင်"

အဲဒီမှာ ငရဲမင်းကြီးရဲ့ ကိုယ်ရံတော်က ငရဲမင်းကြီးကို အသာလေး လက်ကုပ်ပြီး သတိပေးလာတယ်။ မြှောက်နေတာကို သိစေဖို့ပါ။ ဒီတော့ ငရဲမင်းကြီးက စိတ်ဆိုးပြီး-

"နေစမ်းပါဦးကွ သူပြောတာ မဆုံးသေးပါဘူး၊ ကဲ ဆက်ပြောစမ်းပါဦးကွ"

"ကျွန်တော်မျိုးတို့လူတွေဟာ တကယ့်ကို မကောင်းဘူး၊ ငရဲမင်းကြီးဆိုတာလည်း တကယ့်ကို ကြောက်စရာရုပ်ကြီးနဲ့ပဲတဲ့၊ ဘီလူးရုပ်ထက်တောင် ဆိုးတယ်တဲ့ ခင်ဗျ၊ အစွယ်ကြီးနဲ့ ဦးချိုကြီးနဲ့ ဗိုက်ပူကြီးနဲ့ မျက်နှာကပြူးပြဲ ခြေထောက်ထောနင်းကြီးနဲ့တဲ့ အို... စုံလို့ပဲ၊ ရစရာမရှိအောင်ကို ပြောနေလိုက်ကြတာ။ စာတွေ စာအုပ်တွေထဲမှာလည်း တကယ့်ကိုပဲ လန့်စရာကြီးဖြစ်အောင် လုပ်ထားခဲ့ကြတယ်"

ငရဲမင်းကြီးက ဒေါသထွက်သွားကာ-

"ဟေ... ဟုတ်လား၊ ငါ့ကို ဒီလိုပဲ ပြောကြသလားကွ ဟေ"

"ဟုတ်ပါတယ် ယမမင်းကြီးရဲ့၊ အခု ကျွန်တော်မျိုး လက်တွေ့တွေ့ရတာနဲ့တော့ တခြားစီ ဖြစ်နေတော့တာပဲ။ ငရဲမင်းကြီးက ရုပ်လည်း မဆိုးဘူး။ လန့်စရာ ရွံစရာလည်း ဘာမှမကောင်းဘူး။ တကယ့်ကို သန့်လို့ ရှင်းလို့၊ ချောလို့ လှလို့ ကြည်ညို ရိုသေလေးစားထိုက်တဲ့ ဥပမိရုပ်ကြီးနဲ့ ပါပဲ။ ဒါကြောင့် အံ့သြပြီး ငေးမောနေမိတာပါ အရှင်ယမမင်းကြီးခင်ဗျား"

အဲဒီအခါမှာ ငရဲမင်းကြီးရဲ့ ကိုယ်ရံတော်က အဲဒီငရဲသားဟာ ထုံးစံအတိုင်း မြှောက်ပင့် ကပ်ဖားလုပ်နေခဲ့ပြီ ဆိုတာ သိလိုက်တော့တာကြောင့်-

"အရှင်ငရဲမင်းကြီး သတိထားပါ။ ဒီလူဟာ အရှင်မင်းကြီးကို မဟုတ်တရုတ်တွေ ပြောပြီး မြှောက်ပင့်နေတော့တာပါ"

"ဘာကွ"

ငရဲမင်းကြီးမှာ အတူးဒေါသထွက်သွားတယ်။ အသံတွေ လည်း တုန်လို့ပဲ။ ပြီးမှ -

"ကိုယ်ရံတော်ကြီး ဘာပြောလိုက်တယ်၊ မှတ်ထား ဒီလူပြောတာ မြှောက်ပင့်ပြောနေတာ ဘာတစ်ခုမှ မဟုတ်ဘူးကွ။ အမှန်တွေပြောနေတယ် ဆိုတာ ငါသိတာပဲ။ ဘာလဲ မင်းကပါ ငါ့ကို ကြောက်စရာ လန့်စရာ အရုပ်ဆိုး အကျည်းတန်ကြီးနဲ့ ဗိုက်ပူကြီးနဲ့လို့ ပြောချင်တာလား။ တယ် ငါလုပ်လိုက်ရ နာတော့မယ်။ ကဲ... မောင်မင်းဟာ အမှန်တွေကိုသာ ပြောတတ်တဲ့သူ ဖြစ်တယ်။ ဒီတော့ ဒါဟာ သိကြားမင်းက ခွေးသားရေ မှုရိုက်မှာ မှားပြီးမှတ်ထားတဲ့ဟာတွေကို ယမမင်းကြီးက ဘာမှ မစိစစ်ဘဲနဲ့ လွှတ်လိုက်မိခဲ့တာပဲ ဖြစ်မယ်။ ကဲ... ဒီတော့ ဘာငရဲမှ ကျခံစရာမရှိဘူး။ လူ့ပြည်ကိုပဲ ပြန်သွားပေတော့ အမောင်လူသား သွားပေတော့ တော့တာ"

ဆိုတာမျိုး ဖြစ်နေခဲ့ပြီ။ မိမိ ဘာဆက်လုပ်ရမလဲ။ ခုလည်း အများနဲ့ တစ်ယောက် ဖြစ်နေခဲ့ပြီ။ မိမိနဲ့ ထိပ်တိုက်တိုးလို့ နေခဲ့ပါပြီလေ။ စည်းရုံးတော့လည်း သူတို့ချင်းက စည်းလုံးပြီးသားကို ဖြစ်နေကြတော့တယ်။ လှုပ်ရှားတော့လည်း သူတို့ချင်းက ညီညွတ်ပေါင်းစည်းပြီးသား ဖြစ်နေကြတော့တယ်။

လောကမှာ တကယ့် အောက်တန်းစား စိတ်ထားသေးသိမ်သူတွေကြားထဲမှာ ,မိမိဟာ တစ်ကောင်ကြွက်တစ်မျက်နှာပါ ခုတော့ အများနဲ့ တစ်ယောက်အဖြစ်ပါပဲလား။ ခွေးတစ်ထောင်နဲ့ မျောက်တစ်ကောင်အဖြစ်လေလားပဲ… ကဲ။ ကြည့်ကြတော့နေလေ ဖြစ်ပုံနှယ်ပါ။

◆ ◆ ◆

*

The world today has need of truth, not of myth or legend.

*Ismail Kadare*

ယနေ့ကမ္ဘာက အမှန်တရားကို လိုနေပါတယ်။ စိတ်ကူးယဉ်အဖွဲ့အလမ်းတွေ၊ ယုံတမ်းပုံပြင်တွေ မလိုဘူး။

*အယ်လ်ဘေးနီးယန်းစာရေးဆရာ*

*

*"ဥပဒေဆိုတာ ပြည်သူတွေကို ကာကွယ်ပေးဖို့ အစီက ဖြစ်ပါတယ်"*

*(ဒေါ်အောင်ဆန်းစုကြည်)*

## ပညာတော်သင်သွားမယ့်နိုင်ငံ

ညှိခန်းထဲမှာ မိသားစုတွေ စုညီဝိုင်းထိုင် စကားပြောနေတုန်းမှာ သားအရာရှိဖြစ်သူက အပြင်ဘက်က ပြန်ရောက်လို့လာခဲ့တယ်။ (သူက ဝမ်းသာအားရနဲ့ ဖြစ်လို့နေပါတယ်)

**သား** - ဖေဖေနဲ့ မေမေ သားနိုင်ငံခြားကို ပညာတော်သင် သွားရမယ်။ ဌာနက သားကို ရွေးချယ်လိုက်ပြီ။

**မိသားစုတွေ** - (အားလုံးက ဝမ်းသာအားရနဲ့) ဟေ ဟုတ်လား၊ ဘယ်နိုင်ငံသွားရမှာတုံး။ ဒါဆိုရင် သတင်းစာမှာ မွေးနေ့ဆုတောင်း ကောင်းကောင်းထည့်လို့ရပြီပေါ့။

**သား** - ဖင်လန်နိုင်ငံကိုလေ။

**မိသားစုတွေ** - ဟာကွာ ဘယ့်နှယ် သူများတွေလို ဂျပန်တို့၊ စင်ကာပူတို့၊ အင်္ဂလန်တို့ မဟုတ်ဘဲနဲ့ကွာ။ ကဲ မင်းအတွက် ငါတို့ သတင်းစာမှာ မွေးနေ့ဆုတောင်း ဘယ်လိုလုပ် ထည့်ရတော့မလဲ။ ပညာတော်သင် ဖင်လန် ဆိုတော့ လူတွေက ဘယ်လို ပြောကြမလဲတဲ့။

မိမိမှာလည်း ဒီအသိုင်းအဝိုင်း ဒီရပ်ကွက် ဒီလူတွေနဲ့ ဒီပတ်ဝန်းကျင် အကြောင်းပြောရတာဟာလည်း ခုတော့ မိမိပတ်ဝန်းကျင်က ဒီလိုကိုပဲ ဖြစ်နေရပါတော့မယ်။ ဖြစ်နေရစေပါတော့မယ်။ ပြီးတော့လည်း ရှိပါသေးတယ်၊ ဟာသတစ်ပုဒ်ပါပဲ။

"အတု" တဲ့။

လူနှစ်ဦး လမ်းမှာတွေ့ကြတယ်။ ဟိုအကြောင်း ဒီအကြောင်း စကားစပ်ကြရင်းက-

ပထမလူ - ဒါနဲ့ မြမင်းတစ်ယောက် အရက်ထုတွေ သောက်လို့ ဆုံးပြီကွ။

ဒုတိယလူ - ဟော... ဟုတ်လား၊ ဘယ်တုန်းက ဆုံးတာလဲ။ ငါလည်းမသိလိုက်ပါလား။

ပထမလူ - သုံးလလောက်တော့ရှိပြီ အရက်အတုကြောင့်ပဲ။ အေးကွာ အတုဆို ဘာအတုမှလည်း မကောင်းပါဘူးကွာ အလကားပဲ။

ဒုတိယလူ - ဟာ ဒီလိုလည်း အရမ်းမပြောနဲ့လေ သူငယ်ချင်းရဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်သတိထားမှပေါ့။ မင်းမှာလည်း သွားအတု တပ်ထားလို့သာ ခုလို ရုပ်မပျက်ဘဲ စားသောက်အသက်ရှင်နေထိုင်နိုင်ခဲ့တာ ပဲ မဟုတ်လားတဲ့။

'ဗုဒ္ဓေါ၊ မိမိ ဘယ်လိုလုပ်ရမလဲ။ ကြုံဆုံနေရတာတွေက တကယ့် ဘဝပဲ။ ပညာပဲ။ ဂမ္ဘီရပဲ။ လျှို့ဝှက်နက်နဲ၊ ခက်ခဲရှုပ်ထွေးနက်နဲလွန်း လှပါတယ်ကော'

စရိုက်ကမတူ သဘာဝချင်းမတူသူတွေကြားမှာ အယူအဆမတူ၊ သဘာဝတရား မတူသူတွေကြားမှာ၊ ရိုးသားနုံအလှသူ မိသားစုတွေနဲ့ တကယ် ကောက်ကျစ်စဉ်းလဲ ရှုပ်ထွေးပွေလိမ်နေကြသူတွေ။

ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့တာမဟုတ်။ ခုတော့ ဝံပုလွေနဲ့ သိုးငယ် အတွေ့မျိုးပါလား။ မိမိတို့က တကယ်တော့ သိုးသူငယ်တွေ ဆရာတို့တွေ ကတော့ တကယ့် ဝံပုလွေတွေပါ၊ ဟာ တကယ့်ကို မလွယ်ကြောပဲဗျာ။

◆ ◆ ◆

*

Character is a diamond the scratches every other stones.

အကျင့်စာရိတ္တ ဆိုတာဟာ စိန်တုံးတစ်တုံးနဲ့ တူတယ်။ တခြား ဘယ်ကျောက်တုံးနဲ့မဆို ပွတ်တိုက်လို့ ရပါတယ်။

*

# စိတ်ဆိုးစိတ်မိုက် လူနှင့်မလိုက်

*တစ်စုံတစ်ယောက်သောသူသည် မကောင်းတဲ့စိတ်ယုတ်မာနဲ့ ပြောမယ်ကြံစည်မယ်ဆိုရင် ထိုစိတ်ယုတ်မာနဲ့ ပြောဆိုလုပ်ကိုင် ကြံစည်ခြင်းကြောင့် ထိုသူ၏နောက်သို့ လှည်းဘီးကြီးသည်ကို ဝန်ရုန်းသော နွား၏ခြေရာနောက်သို့ အစဉ်လိုက်သလိုပဲ ဆင်းရဲသည် အစဉ်လိုက်လေတော့၏။*

*(စက္ခုပါလ ဝတ္ထု)*

ကြွားရတာကတော့ နားမဆံ့စရာဘဲ။ ရပ်ကွက်ထဲမှာတော့ ညီမလေး မရွှေစာရဲ့ ဇာတ်လမ်းချည်းပဲ။ အိမ်မှာ မိမိရှိရင် တော်သေးတယ်။ မိမိ မရှိရင် တစ်အိမ်လုံးကိုလည်း ပြဿနာ သူရှာတယ်။

အစားအသောက်ဆိုလည်း အကုန်ပေးချင်တာ ချပေးတယ်။ အဝတ်အစားဆိုလည်း ပေးချင်တာ အကုန်ချပေးတယ်။ ငဆေဆိုတဲ့ကောင်ကလည်း မိမိတို့ ငယ်ငယ်တုန်းက ကြားခဲ့ဖူးတဲ့ မအိုစာ ဇာတ်လမ်းလိုပဲ။ မအိုစာ ဇာတ်လမ်းမှာ မအိုစာရဲ့ သားလေးကို ဘုရားပြီးဖို့ ဌာပနာမှာ ထည့်လိုက်တယ်။ ဘုရား မပြီးနိုင်လို့တဲ့။ အဲဒီ မအိုစာသားလေးမှာ လည်းပင်းမှာ ခေါင်းလောင်းလည်ဆွဲလေး ပါသွားခဲ့တယ်။ မိခင်က အပြင်က ငိုတယ်။ သားလေးက အထဲက လျှောက်ပြေးလိုက်နေခဲ့တယ်။ ခေါင်းလောင်းသံလေးကို ကြားလေ မိခင်က ငိုလေ၊ တစ်ဖန် သားက ပြေးလေ မိခင်က ငိုလေ ဆိုသလိုပဲ။

ငဆေက မိမိ မရှိရင် အိမ်ပြင်က အကြောင်းရှာ လျှောက်ပတ်နေတတ်တယ်။ ညီမကလည်း အထဲက ချဉ်းကပ်ဖို့ ကြိုးစားနေတော့တယ်။ သူတို့နှစ်ယောက်ကိုပဲ သနားရမလိုပဲ။ မိမိတို့ တစ်မိသားစုလုံးရဲ့ ဒုက္ခကိုတော့ ဘယ်သူမှ မသိကြသလိုဘဲ။ ဒီထက်ဆိုးတာက ခင်မင်ခဲ့ကြသူ၊ ရင်းပင်းခဲ့ကြသူ၊ မိသားစုတွေချင်း ကြားမှာ ခုတော့ အကျိုးစီးပွားနဲ့ ပတ်သက်နေခဲ့ကြပြီလေ။ မိမိတို့ကို ကိုမောင်မောင်၊ ဒေါ်ဆွေသင်းတို့က ပုရွက်ဆိတ်တွေကြားထဲ ချထားခဲ့တဲ့ ကြံသကာခဲပမာ ပိုင်းစုတ်စားသုံးဖို့ရာ ကြိုးစားနေကြလေသလား။

(ဒါမှမဟုတ်) တစ်ခုမဟုတ်တစ်ခု ညီမဆီက အမြတ်ထုတ်ဖို့ရာ ကြိုးစားနေကြရော့သလားပဲဗျာ။

ခုတော့ ချေးတာ၊ ငှားတာ၊ တောင်းတာ၊ ရမ်းတာ၊ မြူဆွယ်တာ အကုန်ပါနေတော့တယ်။ ငွေနဲ့တွေ့ဖို့၊ ညီမဆီက သူ့အကြောင်းကြားဖို့၊ ညီမဆီက အားလုံး ချူထုတ်၊ ညစ်စုတ်နေကြတော့တယ်။ ကိုယ့်လူ သွေး ဘက်သား၊ ကိုယ့်လူကို သူတို့လက်ရထားတော့လည်း မိမိတို့မှာ ဘာမှမတတ်သာတော့။

ခံခံ လည်စင်းခံ၊ မိမိမှာ ရှာလို့မလောက် ထည့်လို့မလောက်။ ပြီးတော့ ရှင်းလို့မနိုင် လင်းလို့မနိုင်တော့။

**ငှက်ပျောပင်လို။**

ငှက်ပျောသီးသည် ငှက်ပျောပင်ကို ဖျက်ဆီးသလို ပူဇော်သက္ကာရသည် လူယုတ်မာကို ဖျက်ဆီးနေသည်။ (ဒေဝပုတ္တသုတ် ဗြဟ္မသံယုတ်)

ကြည့်ရတာ နောက်ကွယ်က အောက်လမ်းဆရာကိုလည်း တပည့်ငဖော် ပူဇော်ပသရပုံလည်းပေါ်တယ်။ သူ့ကို ဒီလိုမျိုး ထည့်ထားတယ်။ သူက လုပ်ကျွေးရတယ်။ ဒါမျိုးပဲ၊ တစ်ဘဝစံတွေ ကုသိုလ် အကုသိုလ်၊ သူတို့က ကြောက်ဖို့နဲ့ ဝေးလှတယ်။ အားလုံး စားရေး သောက်ရေးပဲ၊ ခုတော့ အားလုံးဟာ အကျိုးစီးပွားနဲ့ ဆက်စပ်သလို ဖြစ်နေတော့တယ်။

မိမိလေ့လာမိတာက သူတို့ အတော်များများဟာ အလုပ်ကို အလုပ်နဲ့တူအောင် မလုပ်ကြတာပဲ။ ဒီလိုပဲ ကြုံရာကျရာမှာ အိုးမကွာ အိမ်မကွာ စားသောက်လို့နေကြတာ တွေ့လာခဲ့ရတယ် ဆိုတာပဲ။

ဒီလို ဒီဝန်းကျင်မှာ ကျင့်လည်ကျက်စားဖို့ရာ လောဘတွေ အလိုတွေ ရမ္မက်တွေ ဒါတွေအားလုံးကို ဘယ်သူက ဖြည့်ဆည်းပေးနိုင်မှာလဲ၊ ဖြစ်ကော ဖြစ်နိုင်ပါ့မလား။ ခုတော့ အားလုံးရဲ့ လိုအပ်ချက်ကို မရှေ့စာဆီက ရယူဖို့ ကြိုးစားနေကြပုံရတယ် ဆိုတာမျိုးပါ။ ရှက်ဖို့ကောင်းလိုက်တာ။ ရေနှစ်အောင် သူတို့က လုပ်တာယ်၊ ခုတော့ ရေနှစ်သူကို ဝါးကူထိုးဖို့ရာ ကြိုးစားနေကြပြန်ပါတော့တယ်။

ဘယ်မှာလဲ မိတ်ဆွေ၊ ဘယ်မှာလဲ ကျေးဇူးတရား၊ ဘယ်မှာလဲ ထောက်ထားစာနာ ညှာတာမှုလဲ၊ တကတည်း မကောင်းမှုမှာ ရဲရင့်လိုက်ကြတာ။ မကောင်းမှုမှာ တက်ညီလိုက်ကြတာ။ မိမိတို့ဟာ ခုတော့ တစ်ဆယ့် အရှုံးမီးဝိုင်းပမာပါပဲ။ အများနဲ့တစ်ယောက်ဝမာပါပဲ။

ဒါပေမယ့် သူတို့တွေ ဘာဖြစ်နေကြတာလဲ။ လူမွေးလူတောင် ပြောင်သလား။ ဝေလာဝေးပဲ။ ပြီးတော့ လူမှုရေးတွေ ရှုပ်ကြ၊ ပေါင်ကြန့်ကြ၊ ခိုးကြဝှက်ကြ၊ ဝေါ်ကြပြတ်ကြ၊ အငယ်အနှောင်းခံကြ၊ အငယ်အနှောင်းထားကြနဲ့ပဲ။ လူကြားလည်း မတိုး၊ လူရှာလည်း မဝင်၊ ဖွတ်သထက်ညစ်ပေနေတဲ့ သူတွေပဲ။ လူပါညစ်ရုံမက စိတ်တွေပါ ညစ်ထေးနေကြသူတွေ။ လူမဟုတ်သူတွေ။

တစ်ဘဝ တစ်ခဏစာစံတွေပါလား လို့တွေ့ရင်းက မိမိ ကြောက်လာမိတယ်။ ခုတော့ တကယ် ကြောက်မိ လန့်မိတော့တယ်။ မလွယ်တဲ့ လူ့မိစ္ဆာတွေပါလား။

"အိမ်ကို မီးရှို့မယ်၊ ကျွန်မ ဒီအိမ်ကြောင့် ဒုက္ခရောက်ရတယ်"

သူလိုချင်တာ မရရင် ညီမက သူများမြောက်ပေးထားလို့ ပြောစကား။ ပြီး မိမိ မြှောက်စားထားခဲ့လို့ ကျေးဇူးဆပ်စကားကို ခုလို ဆိုတတ်တယ်။

ညီမမရွှေစာက ငဝေနဲ့ တွေ့ဖို့ပဲ သိတော့တယ်။ တွေ့ရင် ထပ်တွေ့ဖို့ ဒါပဲ။ ထားပါတော့။ လောကမှာ တစ်ယောက်နဲ့တစ်ယောက် ချစ်ရင် ညားမယ်၊ ညားပြီး ဘာဆက်လုပ်မလဲ။ စားဝတ်နေရေး ရှာကြံ ရုန်းကန်ကြရမယ်။ ဘဝရှေ့ရေး ထူထောင်ကြရမယ်။ ခု သူတို့ဟာ ဒီလိုမျိုး ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ကလေးတွေချင်း လင်မယားလုပ်တမ်းကစားသလို အပြင်ဘဝမှာ ဆော့လို့ လုပ်လို့ မဖြစ်ဘူး။ ဒါက ဆော့ကစားနေတာ မဟုတ်ဘူး။ လူနဲ့ပတ်ဝန်းကျင်နဲ့ အခြေနဲ့အနေနဲ့ ထူထောင်ဖန်တီး ပေါင်းဖက်ကြရတာ။ သင့်တာတော်တာနဲ့ တွဲစပ်လက်တွဲကြရတာ။ ခွေးတစ်ကောင်နဲ့တစ်ကောင်လို၊ ကြောင်တစ်ကောင်နဲ့တစ်ကောင်လို သံဝါသပြုချင်တာနဲ့ ကြုံရာမှာ ပြုလို့ ဖြစ်တာမဟုတ်ဘူး။ လူ့မျိုးဆက်၊ လူ့သမိုင်းပြီး အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အတွက် မျိုးဆက်သစ် ဖန်တီးကြရတာ၊ တာဝန်ထမ်းရွက်ကြရတာ၊ အမွေမျိုးဆက်ထားကြရတာ ဒီလိုဖြစ်ဖို့ရာကို ကြီးသူက ငယ်သူကို လမ်းညွှန်ကြရတာပဲ။

နောက် လူဆိုတာ အချောင်ကပ်ပါး ခိုးစား လိမ်ညာသွားဖို့ရာ တစ်သက်တာ လူဖြစ်လာကြရတာ မဟုတ်ဘူး။ ကြိုးစားဖို့ ရုန်းကန်ဖို့ ဆန်းသစ်ဖို့ တီထွင်ဖို့ တစ်သက်တာ ဖန်တီးဖြစ်ပေါ်လာခဲ့ကြရတာပဲ မဟုတ်လား။ လူသားဘဝ လူသားအနှစ်သာရဟာ ဒါပါ၊ တခြားမဟုတ်ပါဘူးလေ။

❖ ❖ ❖

## ပျက်အစဉ် ပြင်ခဏ

*လူမိုက်များသည် ဘယ်လိုပင် မိုက်မဲဆိုးတေနေစေကာမူ ငါဟာ မိုက်မဲဆိုးတေနေပါလားလို့ သိမယ်၊ သတိတရား ရလာမယ် ဆိုရင် ပညာရှိ ဖြစ်နိုင်သေးတယ်။*

*လူမိုက်များသည် ကမ်းကုန်အောင် မိုက်မဲဆိုးတေနေပါလျက် မိမိကိုယ်ကို လူလိမ္မာကြီး၊ ပညာရှိကြီး၊ လူကောင်းကြီး ထင်နေတယ် ဆိုရင်တော့ လူမိုက်စစ်စစ် ဖြစ်သည်။ ဘယ်သောအခါမှ လူမိုက်လက်စမဆုံး မိုက်တွင်းထဲက မထွက်နိုင်တော့။ (ဗုဒ္ဓ)*

"ကိုသန်းနွယ် ညီမလေး မရွှေစာအဖြစ်ကတော့ ဇာတ်မျောကြီးပဲ ဖြစ်နေခဲ့တယ်။ ကဲဗျာ ဒီတော့ ပြတ်သားဖို့ ကျွန်တော်တို့နယ်က ဆရာမဒေါ်ထူးရဲ့ ဆရာကြီးဆီကို သွားကြမယ်"

"ဟုတ်ကဲ့"

"ဟုတ်တယ်၊ ပိုက်ဆံထပ်ရှာရမယ်ဗျာ၊ ပြီး ကျွန်တော် အားရက်ကြုံရင် ထွက်ကြမယ်"

"ဟုတ်ကဲ့ခင်ဗျား လိုအပ်တဲ့ သွားစာတ်ပုံ အဝတ်အစားလည်း ရှာထားဦးနော် ကိုအောင်ကျော်"

"စိတ်ချပါ၊ အရှုံးပေးလို့တော့ မဖြစ်ဘူးဗျ"

"ဟုတ်တယ် လုပ်စရာကို ဆက်လုပ်ရမှာပဲ၊ လမ်းဆုံးတော့ ရွာတွေ့ရမှာပေါ့ဗျာ"

"ဟုတ်တယ်၊ ဒီလို လူတွေ လူဆိုးလူယုတ်မာတွေကို အရှုံးပေးလိုက်ရင် အားလုံးမှောက်မှား၊ ရာဇဝင်တွေ ရှိင်းကုန်တော့မှာပဲ၊ ခုတော့ ခင်ဗျားလည်း မျက်ခြည်မပြတ် လေ့လာ၊ ကျွန်တော်လည်း နည်းလမ်းသစ်တစ်ခုခု ရှာဦးမယ်။ ခင်ဗျားလည်း ကျန်းမာရေး ဂရုစိုက်ဦး၊ ကိုယ်နေတဲ့ရပ်ကွက်လည်း နာမည်ပျက်မခံနိုင်ဘူး။ ရှက်ဖို့ကောင်းတယ်။ ဒါမျိုး လက်သင့်မခံသင့်ဘူး မဖြစ်သင့်ဘူးဗျ"

"ဟုတ်မြို့ဗျာ၊ ခင်ဗျားလည်း ဦးနှောက်အသုံးချဦး၊ အကြံဉာဏ်က အဓိကဗျ"

"ဟုတ်တယ်ဗျ၊ ခင်ဗျားလည်း စိတ်ဓာတ်မကျပါနဲ့ဗျာ။ ဒါဟာ ကျွန်တော်တို့အတွက် စိန်ခေါ်ချက်တစ်ရပ်ပါပဲ"

"ကဲ စိန်နော်"

"အေး စိန်လိုက်ဗျာ"

"မကြောက်ကြေးနော်"

"ဘာကြောက်စရာရှိလဲဗျာ တကယ် ရဲရဲတောက်ပဲဗျာ စာရေးဆရာသွေးပါဗျ"

"အဲ မိစ္ဆာကမ္ဘာ ချေမှုန်းသုတ်သင်ရာရေး ဉာဏ်ရည်သွေးပွဲပေါ့ဗျာ"

"အံ့စရာဗျာ၊ ဒီလူတွေ တော်တော်ဆိုးတာ။ ရပ်ကွက်မှာ ခံပြင်းဖို့လည်း ကောင်းလိုက်တာ။ လူဖြစ်ပြီးဗျာ လူလိုမကျင့်တာတွေ ထွီ ထွမ်"

"ဟုတ်တယ် ယုတ်မာအောက်တန်းကျတာတော့ ကမ်းကုန်ပဲ။ ဒါကို အားလုံးအတွက် ချေမှုန်းသုတ်သင်ရမယ်။ ပညာပေး ဆုံးမပစ်ရမယ် ကိုသန်းနွယ်ရာ"

"ဟုတ်တယ်"

"စိန်လိုက်ဗျာ"

"စိန်လိုက်တာမှ စိန်စိန်ပဲဗျာ"

"အေး အားလုံး မြေလှန် ချေမှုန်းပစ်ကြမယ်ဗျာ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ"

❖ ❖ ❖

*"ဥပဒေစိုးမိုးမှုရှိရင် ဘယ်သူကမှ ကိုယ့်ကိုကျော်ပြီးတော့ မတရား သဖြင့် အနိုင်ကျင့်လို့ မရပါဘူး၊ ကိုယ့်ကို ဘယ်သူမှ စော်ကားလို့ မရ ပါဘူး"*

*ဒေါ်အောင်ဆန်းစုကြည်*

*

## အိမ်မြေဆိုတာ

အိမ်တွေမြေတွေ ပြီးတော့ နေရာတွေ ဒေသတွေ ရှိုးရာတွေ ထုံးတမ်း ဓလေ့တွေဟာလည်း အရေးကြီးပဲ။ ဒါကို လက်သမားဆရာကတော့ သိတာ ပဲ။ မိမိကတော့ မကျွမ်းပါ။ လေ့လာကြည့်တော့လည်း သိပ်နားမလည်ပါ။ တချို့စာထဲမှာတော့ လေ့လာတော့ မြေခံဆယ်ပါး အကျိုးအပြစ်တဲ့။

| လဆန်းရက် | လဆုတ်ရက် | မြေခံဗြိုလ် | အကျိုးအပြစ် |
|---|---|---|---|
| ၅-၁၅ | ၁၀ | ၁-တနင်္ဂနွေခံ | ဥစ္စာပျက် |
| ၄-၁၄ | ၉ | ၂-တနင်္လာခံ | လာဘ်ရ |
| ၃-၁၃ | ၁ | ၃-အင်္ဂါခံ | ရောဂါ |
| ၂-၁၂ | ၇ | ၄-ဗုဒ္ဓဟူးခံ | ငြိမ်းချမ်း |
| ၁-၁၁ | ၆ | ၅-ကြာသပတေးခံ | အောင်မြင် |
| ၁၀ | ၅-၁၅ | ၆-သောကြာခံ | လာဘ်ရ |
| ၉ | ၄-၁၄ | ၇-စနေခံ | ဆင်းရဲတတ် |
| ၈ | ၃-၁၃ | ၈-ရာဟုခံ | နှောင်ဖွဲ့ခံရ |
| ၇ | ၂-၁၂ | ၉-ကိပ်ခံ | ချမ်းအေး |
| ၆ | ၁-၁၁ | ၁၀-မိတ္တူခံ | အမှုများ။ |

**မြေငါးမျိုးရွေးနည်းတဲ့-**

အဆင်းဖြူပြား၊ မြေပုရွှား စီးပွားဖြစ်တတ်စွာ၊ အဆင်းနီလွင် မြေဘူရင် မင်းလျှင် ဖြစ်တတ်စွာ၊ အဆင်းနက်က မြေဒါသ ဒုက္ခဘေးတွေ လာ၊ အဆင်းဝါဘိ မြေပကတိ သုခီအဝေရာ၊ အဆင်းပြာလှ လျှံကေသပ်

နိုင်ငံတည်ထောင်ရာ၊ မြေမင်းပုဏ္ဏား ကျောင်းအိမ်များ၊ ဆောက်ထား ဇရပ်သာ၊ မြေဒါသမှာ ဥယျာဉ်လယ်ယာ လုပ်ရစ်ပါ။ မြေပကတိကို ရှာန်းဆို နေလို့ကောင်းလှစွာ။

လဆန်းလဆုတ် မြေခံကိုပြခြင်းတဲ့

| လဆန်းရက် | မြေခံ | အကျိုးအပြစ် | လဆုတ်ရက် | မြေခံ | အကျိုးအပြစ် |
|---|---|---|---|---|---|
| ၁ | နယ်ခံ | ဘေးသင့်တတ် | ၁ | ကညာခံ | အောင်တတ် |
| ၂ | ကညာခံ | တွင်းပူဇော် | ၂ | ကျားခံ | သေတတ် |
| ၃ | နွားခံ | ချမ်းသာတတ် | ၃ | နတ်ခံ | ဘေးတွေ့တတ် |
| ၄ | နဂါးခံ | ဘေးသင့်တတ် | ၄ | နွားခံ | စီးပွားတိုးအံ့ |
| ၅ | ဂဠုန်ခံ | လုံးစုံကောင်းလှ၏ | ၅. | ဆင်ခံ | သေတတ် |
| ၆ | ဆင်ခံ | သေတတ် | ၆ | ဂဠုန်ခံ | ချမ်းသာအံ့ |
| ၇ | ဗိန္နောခံ | ပြန့်ပြောအံ့ | ၇ | ဒွန်းစဏ္ဍားခံ | ချမ်းသာအံ့ |
| ၈ | ဒွန်းစဏ္ဍားခံ | ပျက်စီးတတ် | ၈ | မြင်းခံ | စီးပွားများတတ် |
| ၉ | ဘီလူးခံ | သေတတ် | ၉ | ပြဟ္မာခံ | မင်းပူဇော် |
| ၁၀ | ပြဟ္မာခံ | မင်းပူဇော် | ၁၀ | ဘီလူးခံ | သေတတ် |
| ၁၁ | သိကြားခံ | ချမ်းသာအံ့ | ၁၁ | ခွေးခံ | ပျက်စီးတတ် |
| ၁၂ | ခွေးခံ | ပျက်စီးတတ် | ၁၂ | မြင်းခံ | ပြန့်ပြောတတ် |
| ၁၃ | ပြဟ္မာခံ | လာဘ်ရအံ့ | ၁၃ | ဝက်ခံ | သေတတ် |
| ၁၄ | ဂဠုန်ခံ | ချမ်းသာတတ် | ၁၄ | သိကြားခံ | လာဘ်ရအံ့ |
| ၁၅ | သိကြားခံ | ချမ်းသာအံ့ | ၁၅ | ဂဠုန်ခံ | ချမ်းသာအံ့ |

အိမ်ဆောက်နေ့ ရွေးနည်းတဲ့။

အံ့တဲ့နက်တွင်း နေ့လေးပါး အိမ်ဈေးမဆောက်နှင့် ဝမ်းမြောက်သူခေါ် နေ့သုံးဖော် အိမ်နော်ဆောက်လေသင့်။

| | | |
|---|---|---|
| တနင်္ဂနွေ | အိမ်ဆောက်လျှင် | မရှင်စိတ်သောက |
| တနင်္လာနေ့တွင် | အိမ်ဆောက်လျှင် | လွန်စွာ စိတ်ချမ်းသာအံ့ |
| အင်္ဂါနေ့တွင် | အိမ်ဆောက်လျှင် | လာဘ်ကြီးရအံ့ |
| ဗုဒ္ဓဟူးနေ့တွင် | အိမ်ဆောက်လျှင် | လွန်စွာဆင်းရဲ ရန်ခါချမ်းသာရ |
| ကြာသပတေးနေ့တွင် | အိမ်ဆောက်လျှင် | ရောဂါကင်းစင်အံ့ |

သောကြာနေ့တွင် အိမ်ဆောက်လျှင် ရန်ခါ ပူပန်ရ
စနေနေ့တွင် အိမ်ဆောက်လျှင် ဗိုလ်လူ ညွှင်းပန်းကြ

**အိမ်ဆောက်လ ရွေးနည်း-**

တန်ခူးလမှာ အိမ်ဆောက်ခါ ချမ်းသာပြည့်ကြွယ်ဝ
ကဆုန်လကား ဆန်စပါး ပေါများကြွယ်ဝတတ်
ဝါခေါင်လမှာ အိမ်ဆောက်ခါ ဥစ္စာပွားတိုးရ
နတ်တော်လတွင် အိမ်ဆောက်လျှင် ပေါ်ထင်ကျော်စောလှ
ပြာသိုလမှာ လူတကာက များစွာ ချီးမွမ်းရ။
တပေါင်းလဝယ် ချမ်းသာကြွယ် ဆောက်ဖွယ် ဤခြောက်လ။

**တစ်နည်း အိမ်ဆောက်လ ရွေးနည်း-**

ကဆုန် ဝါဆို ပြာသိုလ် တပေါင်း လေးလကောင်း အိမ်ကျောင်း ဆောက်ကုန်ကြ။ ကြွင်းရှစ်လတွင် ဆောက်ခဲ့လျှင် မရွှင်စိတ်သောက။

**တစ်နည်း အိမ်ဆောက်လရွေးနည်း-**

တန်ခူး ဝါဆို တန်ဆောင်ကို ပြာသို တပေါင်း အိမ်နှင့်ကျောင်း ဆောက်ကောင်းမှတ်ပေကြ။ ကြွင်း ခုနစ်လမှာ အိမ်ဆောက်ခါ ဗျာပါများ တတ်၏။

**အိမ်သစ်ဆောက် အသက်တွက်နည်း-**

အိမ်သစ်ဆောက်လို များလူဗိုလ်၊ သက်ကို နှစ်ခုစား၊ တစ်ခုကြွင်းမူ သဒ္ဒေးယူ၊ နှစ်မူ သူကြွယ်ထား၊ လေးခုကြွင်းခြား ရွှေလေ့ခါ ရွှေပြသာဒ်ကား။ သုံးခြောက် ခုနစ် သုံးတဲ့လစ် အိမ်သစ်မဆောက်အပ်။

ကြိုးတင် ပန့်ကိုက်ရွေးနည်း-

| အိမ်ရှင် | ကြိုးကိုင်သူ | ပန့်ကိုက်သူ |
|---|---|---|
| ၁-တနင်္ဂနွေ၅ | နေ့နှင့် ၆ နေ့သား | ၇ နေ့သား |
| ၂-တနင်္လာ | ၆ နေ့နှင့် ၇ နေ့သား | ၁ နေ့သား |
| ၃-အင်္ဂါ | ၇ နေ့နှင့် ၁ နေ့သား | ၂ နေ့သား |
| ၄-ဗုဒ္ဓဟူး | ၁ နေ့နှင့် ၂ နေ့သား | ၃ နေ့သား |

| | | |
|---|---|---|
| ၅-ကြာသပတေး | ၂ နေ့နှင့် ၃ နေ့သား | ၄ နေ့သား |
| ၆-သောကြာ | ၃ နေ့နှင့် ၄ နေ့သား | ၅ နေ့သား |
| ၇-စနေ | ၄ နေ့နှင့် ၅ နေ့သား | ၆ နေ့သား |

**အိမ်ကျောင်းရေပ် စသည့် ပန်းဆွဲနည်း တဲ့**

အိမ်ဆောက်ရာတွင် ပန်းဆွဲလျှင် သိမြင်မှတ်ကုန်ရာ။
အုံးနဲ့ဆွဲလျှင် ဥစ္စာဝင် များပင်ကြွယ်ဝတတ်။
ပဉ္စောင်ဆွဲရိုး မင်းနှင့်စိုး မြတ်နိုးပူဇော်ရ။
ရေသဖန်းလျှင် ဆွဲသည့်တွင် ကြည်လင်စိတ်ချမ်းသာ။
မြေဇာညိုညက် ပန်းဆွဲလျက် အသက်ရှည်တတ်စွာ။
အိမ်ဆောက်ပန်းဆွဲ နည်းဝေခွဲ အမြဲမှတ်ကြရ။

**အိမ်ဆောက် ပူဇော်နည်း-**

ပေါင်းရှူးကဆုန် သုံးလကြို ပြုတုံပူဇော်ရ ပန်းဖြူ ပန်းနီ ဖျင်နှင့်ဆီ အညီပူဇော်ကြ။

နယုန်ဝါဝါ သုံးဖြာလရောက် ပေါက်ပေါက်မြိုင်မြိုင် ခုနစ်တိုင်ဆီ ပုဆိုးနီ ပန်းနီပူဇော်ကြ။

တော်သလင်းနှင့် သီတင်း တန်ဆောင် ပန်းမြောင်ပေါက်ပေါက် ကြွမြွှာက်ပြုကာ ခုနစ်ဖြာသီသာ မီးထွန်းကြ။

နတ် ပြာ တွဲ ကို ထမ်းညို ပန်းညို ပူဇော်ရ။

**အိမ်ကျောင်း မခိုက်အောင်တက်နည်းတဲ့။**

အိမ်သစ်တက်ရာ သပြေသာ ဆောင်ခါတက်အပ်ရာ
ကျောင်းသစ်တက်ငြား သနပ်သား၊ ဆောင်ထားက နိုင်နင်းလှ
အိမ်ကြမ်း ကျောင်းကြမ်း ဘေးရန်ခန်း နိုင်တမ်း ကေတ္တ
လောကီ အလို ကြမ်းကြဆို လူမိုလ်မှတ်ကုန်ကြ။

**အိမ်ကျောင်းဆောက်က မပြုသင့်သည်ကို ပြဆိုခြင်းတဲ့။**

ကျောင်းအိမ်ဆောက်ခါ တိုင်ဟောင်းမှာ ပန်းသာမဆွဲနှင့်
ထုတ်မစွက်ခင် ရက်မတင် ရှောင်ကြဉ်မပြုနှင့်။

ကြမ်းထက် မောက်မို တိုင်တို့ကို ပိုလို့မထားနှင့်။ အိမ်မဆောက်ခင် ဝင်းခတ်လျှင် ရန်ပင်ဘေးတွေ့သင့်။ ကျွန်းတိုင်ပေါ်တွင် ဝါးကိုတင်ဆင်ခြင် မပြုနှင့်၊ ခေါင်လျှောက်ခွတင် မပြီးခင် ကြမ်းတွင် မဖောက်နှင့်။ ကျောင်းအိမ်ဆောက်ရာ တိုင်ချည်းသာ တိခါမစိုက်သင့်၊ ထုတ်စွန်းထက်သာ ခရွေးမှာ ရှည်စွာမထားနှင့် တဲ့။

အိမ်တာညာ၊ မိမိဟာ ရောက်တတ်ရာရာ စာတွေကို ဖတ်မှတ်လို့ နေမိပါတယ်။

ဘဝမှာ မလိုအပ်ဘဲ အရှုံးပေးရတာမျိုးကို မိမိ အလိုမရှိပါဘူး။ ရှုံးသင့်တဲ့အခါ ရှုံးတာ ဘာမှ မဖြစ်ပါဘူး။ တမင်ပဲ အရှုံးပေးရပေးရ ပေးလိုက်ချင်ပါတယ်။

ကြောတာ၊ မမှန်တာကို အမှန်လုပ်ပြီး အနိုင်ယူတာမျိုးတော့ လက်မခံပါဘူး။ နောက် မိမိရဲ့ မသိမိုက်မဲမှုကြောင့် အမှားဖြစ်ရတာမျိုးကိုလည်း မဖြစ်စေလိုပါ။ ဒါဟာလည်း မိမိမှာ တာဝန်ရှိတာပဲ ခံယူပါတယ်။ မသိလို့လို့ ဆင်ခြေပေးလို့ လောကမှာ မရပါ။ အမှားဟာ အမှားပါပဲ၊ ဟုတ်ပါလား။ အကုန်သိတဲ့လူဆိုတာတော့ မရှိပါဘူး။ ဒါပေမယ့် သိသင့်သလောက် သိရမယ်၊ ဒါကိုတော့ သိထားကြရမှာ။

ဒါကြောင့် မိမိဟာ ကိုယ့်လက်လှမ်းမီသလောက် သိအောင် ကြိုးစားပါတယ်။ ပြီးတော့ လုပ်သင့်သလောက် လုပ်သင့်တာကို လက်လှမ်းမီသလောက် လုပ်ဆောင်ပါတယ် ဆိုတာပါပဲ။ စာရေးဆရာဖြစ်ပြီး ဒီလောက်တောင် မသိရကောင်းလားလို့ ပြောကြမယ်။ အဲဒါနဲ့ပဲ အညံ့ခံခဲ့ရင် မိမိရဲ့ ဆရာသမားတွေက မိမိကို ပြစ်တင်ပြောဆိုကြမှာ မလွဲပါဘူး။ ဒါကြောင့်ပါ။

အိမ်တစ်လုံးရဖို့ရာ မလွယ်ပါ။ အိမ်တစ်လုံးဆောက်ဖို့ရာလည်း မလွယ်ပါ၊ အိမ်တစ်လုံးဖြစ်ဖို့လည်း မလွယ်ပါ။ ခုတော့လည်း အိမ်ထိန်းသိမ်းဖို့ရာလည်း မလွယ်ပါဘူးလေ။ ခုတော့ မိမိဟာ အိမ်အကြောင်းတွေ စဉ်းစားလို့နေမိပါတယ်။ အိမ်နဲ့ပတ်သက်တဲ့ စကားစုတွေကိုလည်း ဖတ်မှတ်လို့နေမိတော့ပါတယ်။ ဒီအိမ် တည်တံ့ရေး၊ ဒီအိမ်ကို ထိန်းသိမ်းရေး၊ ဒီအိမ် သာယာသန့်ရှင်းရေးတွေ…

–အိမ်သာလို့ ညွှန်ရောက် ကန်သာလို့ ကြာပေါက်၊

- အိမ်တစ်ဆောင် မီးတပြောင်၊
- အိမ်နီးချင်း ရှိသေအောင် ရုံးတက်၊
- အိမ်မရှိ ခွေးမွေး၊
- အိမ်နီးချင်း ရှိသေအောင် ဟင်းခွက်ကမ်း၊
- အိမ်နီးချင်း မြင်ပြင့်လျှင် မြင်းဝယ်စိုင်း၊
- အိမ်မိုးချင်းထပ် ရပ်ကွက်အတူနေ၊
- အိမ်ရှေ့မှု အိမ်နောက်မချမ်းသာ၊
- အိမ်အိုကျားကန် လူအိုပန်းကန်၊
- အိမ်လာလျှင် ယာဆုတ်၊
- အိမ်ခြေတစ်ရာ ပြည်စိုးအစိပ်၊
- အိမ်အိုမှ စဖိုထုတ်၊
- အိမ်ထောင်မှုတုရားတည် ဆေးမင်ရည်စုတ်ထိုး၊
- အိမ်ရှင်ကို ညှော်မောင်း၊ ယာရှင် မျောက်မောင်း၊

ပြီးတော့ အိမ်နဲ့ပတ်သက်တာ အကုန်လည်း လုပ်ခဲ့ပြီးပြီ။ အိမ်ရှေ့မှန်ထားရမယ်ဆိုလို့ မှန်လည်းထားပြီးပြီ။ အိမ်ရှေ့မှာ ကျားရုပ်ကပ်ရမယ်ဆိုလို့ ကျားရုပ်လည်း ကပ်ထားခဲ့ပြီးပြီ။ ပြီး ဘုန်းကြီးလည်း ဆွမ်းကပ်ပြီးပြီ၊ အိမ်တက်လည်း လုပ်ပြီးပြီ။ ပြီး ပရိတ်နာ၊ ကမ္မဝါလည်း ဖတ်ခဲ့ပြီးပြီ၊ ဘာလိုသေးလဲ၊ ခုလည်း အိမ်ဟာ ပုဏ္ဏက တိုက်နေတာတော့လည်း မဟုတ်ပါ။ မိမိရဲ့ အိမ်လေး၊ နှစ်ထပ်အိမ်လေးဟာ လှပသပ်ရပ်စွာကပဲ။ ဒါပေမယ့် အညီအဟောက်နဲ့ ရမ္မက်တွေ ထုံလစ်နေသူ၊ လူမှုရေး ယွင်းမှားနေသူတွေကြားမှာတော့ ဒီအိမ်မှာ လုပ်ချင်တာလုပ်ရမယ်။ ဒီအိမ်ဟာ သူတို့အတွက် အတားအဆီးပေပဲလား။

မိမိကလည်း သူတို့ လုပ်ချင်တာ မလုပ်ရတဲ့အတွက် ဒီအိမ်ဟာ သူတို့အတွက် အတားအဆီးပေပဲလား။ မိမိဟာလည်း သူတို့ လုပ်ချင်ရာ မလုပ်ရတဲ့အတွက် သူတို့အတွက် အဟန့် အတားအဆီး ရန်သူတစ်ယောက်များ ဖြစ်နေသလား၊ မှားနေတဲ့သူတောင်မှ မလျှော့ကြတာ၊ မိမိက ဘာလို့ အလျှော့ပေးရမှာလဲ။ ပြီးတော့ ဒီခေတ်မှာ အိမ်မှာ ထည့်စရာ ဂြိုဟ်တု

စလောင်း၊ ကွန်ပျူတာ၊ အင်တာနက်၊ အဲယားကွန်း၊ တယ်လီဖုန်း ထည့်စရာတွေ တပုံတပင်တွေမှာ ထည့်ရ လုပ်ရပါဦးမယ် ဆိုတဲ့ စိန်ခေါ်ချက်တွေကို မိမိတွေးရင်း သက်ပြင်းချမိခဲ့ပါတယ်။

အများနည်းတူ လူတန်းစေ့မီရေး၊ ခေတ်မီရေး၊ ကမ္ဘာ့ကွန်ယက်၊ ကမ္ဘာ့ရွာမှာ မိမိ ဝင်ပါဝင်ဆန့်နိုင်ရေးတွေ အိပ်မက်တွေ… အိပ်မက်တွေနဲ့ပါ ပဲလား။

◆ ◆ ◆

ဟုတ်တယ် ညတိုင်း နေ့စဉ်မပျက်ဘဲ မိမိ ချောက်ချားစရာ အိပ်မက်တွေ မက်ခဲ့တယ်။ ဒီလိုနဲ့ နှစ်ဆယ့်တစ်ရာစုကို ရောက်ခဲ့တယ်။

၂၀၀၁ ခုရဲ့ ဇွန်လ ၁၁ ရက်နေ့ တနင်္လာနေ့လား မမှတ်မိဘူး။

အဲဒီနေ့ မောမောနဲ့ စောစောမအိပ်စဖူး စောစောအိပ်ပျော်သွားခဲ့လား မသိဘူး။ ပြီး အိမ်မက် အသစ်တစ်ခုကို မက်နေသလိုပဲ ခံစားခဲ့ရတယ်။ အချိန်က ညဦး ၉ နာရီလောက် ထင်ရဲ့။ အိမ်ရှေ့မှာ ယာဉ်တစ်စီးနဲ့ လူသုံးလေးယောက် ရောက်လာခဲ့ကြတယ် ထင်ရတယ်။ အချိန်မဟုတ် ဧည့်စာရင်းစစ်ဖို့လိုလို ဘာလိုလို ပြောသံကြားရသလိုပဲ။ ဒါဟာ မှုမမှန် မသင်္ကာစရာမို့ မိမိမှာလည်း မလိုသူ အတိုက်အခံတွေ ရှိတတ်တာမို့ မိမိ အတွေ့မခံခဲ့ နောက်ဖေးက ကျော်ဆင်း ရှောင်ပြေးသွားခဲ့တယ်။

ပြီး မိမိ တစ်နေရာ သွားရှောင်နေနေခဲ့တယ်။ (၁၂ ရက် မိုးလင်းတော့) မိမိရဲ့ တာဝန်အပြင် ဆရာနဲ့ တိုင်ပင်ပြီးမှ အိမ်ပြန်ခဲ့တယ်။ မိုးလင်းမှ စိုးရိမ်စိတ်နဲ့ အိမ်ပြန်လာခဲ့ရတယ်။ မိမိဆရာပါ ပါခဲ့တယ်။ ညဦးတုန်းက ဘာဖြစ်ခဲ့လဲ အိမ်ကို မေးကြည့်ရတယ်။ ညီတော်သူ့ကို တစ်နေရာက ရပ်ကွက်ရုံးကို ဆောက်လုပ်ရေးက ခေါ်သွားခဲ့တယ် ပြောတယ်။ မိမိ ပြန်မလာမချင်း သူ့ကိုခေါ်ထားဖို့ လုပ်တယ်။ တော်တော်ညဉ့်နက်မှပဲ သူ့ကို အိမ်ပြန်လွှတ်လိုက် တယ် ပြောတယ်။

မိမိ ဝမ်းသာသွားတယ်။ စတ်လမ်းက လောလောဆယ် ပြီးသွားပြီ ထင်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် ရာအိမ်မှူးကိုမောင်မောင်ကို မိမိက အိမ်ကို ဖိတ်ခေါ်ရတယ်။ သူ တော်တော်နဲ့ ပေါ်မလာဘူး။ မိမိ ခဏလေးနဲ့ အိမ်က ပြန်ထွက်ဖို့ရာပဲ။ တခြားတစ်နေရာမှာ ချိန်းထားတဲ့ဟာ မဝတာဥက္ကဋ္ဌ

သွားရေးအတွက် အချိန်တွေ လစ်ဟာသွားခဲ့တယ်။ အကြာကြီးမှ ကိုမောင်မောင် ရောက်လာခဲ့တယ်။ သူဟာ ဘာမှ မထူးသလိုဘဲ။ သူက ဘာမှ မပြောပါ။ ဒါကြောင့် အပြင်ဘက်က လက်ဖက်ရည်ဆိုင်မှာ စောင့်နေသူ မိမိအကျိုးဆောင် ဆရာဆီ အေးဆေးစွာနဲ့ လာခဲ့မိပါတယ်။ ထိုစဉ်မှာပဲ မိမိဟာ စကြာရှင်ပုံပြင်ထဲက ဘီလူးကြီးကို တော်လှန်ပြီး မိခင်ကို ကယ်တင်နိုင်ခဲ့တဲ့ မောင်နှမပုံပြင်ဇာတ်လမ်းကို သတိရလာခဲ့တယ်။

မိမိနဲ့ မိမိတို့ မောင်နှမတော ဘယ်လိုလဲ။ ရန်သူတွေရဲ့ ထိုးနှက်မှုကြားမှာ အကွဲကွဲ အပြားပြား အလူးလူး အလဲလဲနဲ့ပါလား။ ခု လွန်မြောက်ခဲ့ရပြီလား။ ထိုစဉ်မှာပဲ-

"ဟေ့ ဆရာ ကိုအောင်ကျော် ဆရာ ကိုအောင်ကျော်"

ရပ်ကွက်လူကြီး အဖွဲ့ဝင်လူကြီးတစ်ဦးက မိမိကို လှမ်းတားပြီး ခေါ်လိုက်တယ်။ ပြီး တားဆီးရပ်လိုက်တယ်။

"ခင်ဗျားကို ဟိုထောက်လှမ်းရေး (၂၆)က ခင်ဗျား ဘယ်မှ ဆက်မသွားဖို့ မှာထားခဲ့တယ်"

"ဟင်"

"ခင်ဗျားကို တွေ့ရင် အကြောင်းကြားဖို့ မှာထားတယ်"

"ဟင်"

ဒီကိစ္စတွေ ရာအိမ်မှူး ကိုမောင်မောင် မိမိကို ဘာမှမပြောခဲ့ပါလား။ သူက မိတ်ဆွေ မပီသသူ၊ မရိုးသားသူ၊ ကောက်ကျစ်ယုတ်မာသူ၊ အောက်တန်းကျသူ၊ ကြံရာပါသူပါပဲလား။ ခုတော့ မိမိသိလိုက်ပါပြီ။ သူတို့လက်ဦးသွားပြီ ဆိုတာကို။ ဒီမိစ္ဆာအမှောင်ဖြစ်သူ ရန်သူရဲ့လက်ထဲမှာ ရောက်ရတော့မယ်။ မိမိက ရှုံးရင် ရှုံးနိုင်တယ်၊ သေရင် သေနိုင်တယ်။ လာခေါ်သူက ယမမင်းစေတမန်တွေ၊ လက်ပါးစေ ဘီလူးတွေ၊ သဘက်တွေ၊ မိစ္ဆာတွေ ဆိုတာပါပဲဗျာ။ ဒါပေမယ့် ကြောက်လို့မဖြစ်ဘူး။ ရင်ဆိုင်ရုံမှ၊ မကြောက်မှ၊ ရဲရင့်ပါမှ "အသင် မင်းသား လောကကြီးမှာ လူတွေဟာ အသက်သေရမှာကိုကြောက်တဲ့ လူတွေချည်းဖြစ်တယ်။ အသင်တစ်ယောက်ကတော့ အသက်သေရမှာကို အဘယ့်ကြောင့် မကြောက်သလဲ"တဲ့။

ပုံပြင်တစ်ပုဒ်မှာ ဒီလိုမေးတာကို မိမိ ဖတ်ရှုခဲ့ဖူးတယ်။ ပြီးတော့ တစ်ဘက်က ပြန်ဖြေတာ မှတ်မိခဲ့တယ်။

"ဘီလူး ဒီဘဝမှာ ငါဟာ မကောင်းမှုကို ဘာတစ်ခုမှ ကျူးလွန်တာ မရှိခဲ့ဘူး။ ကုသိုလ်ကောင်းမှု အစုစုကိုသာ ငါတတ်စွမ်းသမျှ ပြုလုပ်အားထုတ်ထားခဲ့တယ်။ ဒီဘဝကသေရင် ငါ ကောင်းရာရောက်မှာ သေချာတယ်။ ဒါကြောင့် သေရမှာကို ငါမကြောက်ဘူး" (အလီနသုတ္တ အိမ်ရှေ့မင်း)

ပြီး နောက်တစ်နေရာမှာ တစ်ပုဒ် မှတ်မှတ်ခဲ့တာ သတိရနေမိပြန်တယ်။

"ငါ့ဘာသာ အလိုလိုသေသွားရင် ဘာမှ ကျေးဇူးမများဘူး။ သင့်အစားခံပြီး သေသွားရင် ငါ့ဖခင်ကို ကျေးဇူးဆပ်ရာလည်း ရောက်တယ်။ သင့်ကိုလည်း အသက်လှူတယ်လို့ ဆိုနိုင်တယ်။ ဒါနပါရမီကိုလည်း ဖြည့်ဆည်းပေးရာ ရောက်တယ်။ ဒါတွေကြောင့် သေရမှာကို ငါမကြောက်"

(ဇယဒိသဇာတ်) မှ

နောက်တစ်နေရာမှာ မိမိ ဖတ်ခဲ့မိတာ မှတ်မိခဲ့ပြန်ပါတယ်။

မိမိ မတုန်လှုပ်မိပါ။ ရင်ဆိုင်ဖို့ အသင့်ပါပဲ။ ပြီးတော့ မျက်စိထဲမှာ ညီမလေးမျက်နှာ ပေါ်လာတယ်။ မိမိအတွက် စိုးရိမ်စိတ်နဲ့ပါ။ ခါတိုင်း အမြဲတင်းမာနေတဲ့ မျက်နှာ။ ခုတော့ ဘီလူးရန်သူ့လက်ထဲက မိမိကို ဝမ်းပန်းတနည်းနဲ့ ကြည့်လို့နေရှာတယ်။ နဂိုက ဖြူစင်စိတ်ကောင်းရှိတဲ့ ညီမလေးရဲ့ နဂိုရုပ်လွှာဟာ ခုတော့ ပြန်လို့ပေါ်လာခဲ့တယ် ဆိုတာ သိလိုက်ရတယ်။ ခုတော့ ချစ်ခင်တဲ့ မောင်နှမသံယောဇဉ်ဟာ ထင်ဟပ်လို့လာခဲ့တယ်။ မကြာပါ။ မိမိကို ထောက်လှမ်းရေးရဲ့ကားနဲ့ တင်ခေါ်သွားတဲ့အခါ ညီမလေး မျက်နှာ အိုစာသွားပြီး ငိုမလို မဲ့သွားခဲ့ရှာတယ်။ ပြီးမှ သူ့စိတ်ကိုသူ သတိထားချုပ်တည်းပြီး အံ့ကြိတ်လိုက်တာတွေ့လိုက်ရတယ်။ ယော ခုတော့ ထောက်လှမ်းရေးယာဉ်စကြာက ရှေ့ကိုသွားနေခဲ့တော့တာပါပဲ။

ဘယ်တုန်းက ပါလာတယ်မသိတဲ့ လက်ထဲက ငွေတချို့ကို မိမိ လက်ထဲ ထည့်လိုက်တယ်။ ပြီး ငိုရှိုက်နေတော့တယ်။

ကဲ ဘဝဟာလည်း ရှေ့ကို သွားနေခဲ့တော့တာပါပဲ။ မိမိ ရှေ့ခရီးတစ်ခုကို ဆက်ရပြန်တော့မယ်။ မိမိဟာ အသစ်သောဇာတ်တစ်ပွဲကို ပြရပြန်ဦးတော့မယ်လေ။

ဇာတ်ပွဲဆိုတာ

"ဖေဖေ၊ ဇာတ်ပွဲဆိုတာ ဘာလဲဟင်"

သားငယ်က မေးလိုက်တယ်။

"ဇာတ်ပွဲလား"

အဖေက အတန်ကြာ စဉ်းစားလိုက်တယ်။ ပြီးမှ-

"အိုဂျာ ဇာတ်ပွဲဆိုတာ လူတစ်ယောက်က နောက်တစ်ယောက်ကို ဓားနဲ့ထိုးလိုက်ရော။ ဒါပေမယ့် ဒီလူက မသေဘဲ အသံကုန်ဟစ်ဟစ်ပြီး သီချင်းဆိုတာကို ခေါ်တာကွဲ့"တဲ့။

"ဟုတ်ကဲ့"

ခုတော့ မိမိဟာ သီချင်းပဲဆိုဖြစ်မလား (ဒါမှမဟုတ်) မိမိဟာ သေပဲသွားမလား ဆိုတာပါ။

ခုတော့ တပ်က ထွက်ခဲ့ပြီး အမှန်တရား မှန်တာကိုပဲ ပြော စာရေးဆရာလုပ်နေခဲ့တဲ့ မိမိကို ခုတော့ စီးပွားရေးနဲ့ လူမှုရေးကို ကိုင်တယ် ဆိုကာ၊ မိမိရဲ့အိမ်ဆောက်တာကို အကြောင်းပြုကာ၊ မိတ်ဆွေတစ်ဦးကို တိုင်စေခဲ့ကာ၊ ခုတော့ ထောက်လှမ်းရေး (၂၆) တပ်ရဲ့ လက်အောက်တစ်ဖန် ကျရာက လိုက်ပါလို့သွားခဲ့ရပြန်ပါပြီကောဗျာ။

ဂမ္ဘီရ မြစ်အိမ်က နရသိန်မြစ်အိမ်သို့ ပါ

ဒါပါပဲ။

အားလုံး ကျန်းမာချမ်းသာကြပါစေ။ လေးစားစွာ...

ဇာနီအောင် (ရမ္မာဝတီ)

၁၉-၄-၂၀၀၇

*

In the presence of the greater, the power of the inferior ceases.

တန်ခိုးအာဏာကြီးသူတွေက တန်ခိုးအာဏာနည်းသူအပေါ်မှာ လွှမ်းမိုးစမြဲသာပဲ ဖြစ်ပါတယ်။

*